www.burmeseclassic.com

စိုးမိုးစာပေ

# ပျူး

သခင်အဖြစ်မြင်ခွင့်ရချင်သည်




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# ဗျူး

## သခင်အဖြစ်မြင်ခွင့်ရချင်သည်

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - Idea Kyaw & Kyaw Oo

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယဉ်အော့ဖ်ဆက်
၆၇၊ စကားဝါလမ်း
အုံဖြိုးမြယ်၊ ရန်ကုန်။

အတွင်းဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကိုသန်းဌေး

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ မတ်လ၊
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃

ဇျူး

သခင်အဖြစ် မြင်ခွင့်ရချင်သည်/ ဇျူး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) သခင်အဖြစ် မြင်ခွင့်ရချင်သည်

BURMESE CLASSIC .com

## အခန်း (၁)

"နာမည်လေးက ရှန်းရှန်းတဲ့၊ အဖေက သဘော်သား၊ အမေက တန်သည်ပွဲစား။ ရေလုံ့တဲ့အသိုက်အဝန်းကနေ၊ မင်း ဖမ်းဉထားလိုက်ပါ သား၊ ငွေတွင်းကို ဖင်ခုထိုင်ထားသလို နှပ်နေလို့ရတယ်"

"ဘာလုပ်ရမှာလဲ၊ ငါ့မှာ မမမိုနာရှိနေတာပဲ"

"ဟာ မင်း မမမိုနာက အခွံကြီးပါကွာ၊ တွေ့လိုက်တိုင်း ကြီး ကြီးကျယ်ကျယ် ဆုံးမစကားတွေပဲ လွှတ်နေတာ၊ သူတော်စင်ဘဝနဲ့ တောခိုချင်စိတ်ပေါက်သွားတယ်၊ တို့အထာနဲ့တော့ အလင်းတန်းပျောက် တယ် သားဦး၊ ချောင်တစ်ချောင်မှာ ကွေးနေတာကမှ အရသာရှိဦးမယ်"

အာကာအောင်က အားမနာတမ်း ပြစ်တင်ရှုတ်ချပြီး သားဦး ဘက်က လက်သီးတစ်ချက်လောက် ဝဲလိုက်လာမလား ဂရုစိုက်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကို လျှင်လျှင်ထားရသေး၏။ မမမိုနာနှင့် ပတ်သက်လျှင် ဒီကောင်က အကဲဆတ်ကာ သူငယ်ချင်းချင်းတောင် သည်းမခံတတ်ပါ။

ဒီနေ့တော့ ဘာတွေ အထာကြည့်နေသလဲ မသိနိုင်ဘဲ ကိုယ့်ပန်းကို လှမ်းပုတ်၍တောင် ပြုံးနေသေးသည်။

"ဒါက မမဆီက အဲလိုအသံလေးတွေ ကြားရတာကို သာယာနေတာကွ။ မမမိုနာ ဆူဆူပူပူ မလုပ်တဲ့နေ့ဆို တစ်ခုခုလိုနေပြီး မပြည့်စုံသလို ခံစားရတယ်"

"မင်းရဲ့နားကို ရွှေချထားဖို့ကောင်းတယ်၊ ငါတို့ကတော့ နားမှ မခံဘူး ကျော့ပုပ်ပဲခံလိုက်တော့မယ်"

"အဲဒါက အချစ်နဲ့ခံစားမှု မတူလို့ပါကွာ။ အချစ်က အရာရာကို အပြစ်မမြင်ဘူးကွ။ မမမှာ ချမ်းသာကြွယ်ဝမှုတွေ မရှိပေမယ့် ရိုးသားသိမ်မွေ့တဲ့ ဂုဏ်တစ်ခုနဲ့ အလှတရားတွေကို ပိုင်ဆိုင်တယ်"

"အဲဒါက အနာဂတ်ကို အထောက်အပံ့ မဖြစ်ပါဘူးကွာ၊ ဘယ်သူမဆို ဘဝကို သက်တောင့်သက်သာပဲ ဖြတ်သန်းချင်ကြတာပါ"

"မိန်းမတစ်ယောက်ကို မှီခိုပြီးမှ တင့်တောင်းတင့်တယ်နေရတာ ပိုရှက်ဖို့ကောင်းပါတယ်၊ မင်းကို ပုတ်ဖတ်တာတော့ မဟုတ်ပါဘူး။ မိသားစုကို အဲလို ကင်းပါးလုပ်ပြီး ရှာမကျွေးချင်တာ အခု ငါလည်းသလို ပွဲစားလုပ်ကျွေးတယ်ဆိုတာ ရိုးရိုးသားသားပဲ မဟုတ်လား"

"မလိုမ့်တစ်ပတ် သူများမျက်နှာမွေးပေါ် စကြဲ့လျှောက်ရတဲ့ အခါမျိုးရှိတာလည်း ထည့်ပြော"





"အဲဒါက ဒီလောကရဲ့အထာလေ၊ မနပ်ရင် ကိုယ်ခံလိုက်ရမှာပေါ့ ဟာ မမ ရုံးဆင်းပြီ၊ ငါ လစ်ပြီ အာကာ"

သားဦးဆိုတဲ့ကောင်က အဲသလို။ မမကိုမြင်သည်နှင့် သူငယ်ချင်းကို စကားဆုံးအောင်မပြောတော့ဘဲ ထလာခဲ့သည်။

ဖယ်ရီကားပေါ်က ဆင်းလာသော မမက အကျီအဖြူ၊ တဘီအပြာရောင်လေးဖြင့် ထမင်းဘူးတွေ၊ ဖိုင်တွေထည့်ထားသော ဆွဲခြင်းလေးကိုဆွဲလျက် သူ့ကိုပြုံးပြသည်။

"မမမိုနာ"

"ဒီနေ့ ပွဲမရှိဘူးလား သားဦး"

"အစောကြီး ပွဲပြတ်လို့ ပြန်လာပြီး မမကိုစောင့်နေတာပေါ့၊ ဒီနေ့ပွဲလှတယ်၊ မမ ဘာစားမလဲပြော"

"အမလေး ကိုယ်တော်ရယ် မနက်ရုံးတက်တိုင်း လက်ဖက်ရည်တိုက်နေတာ တော်ပြီပေါ့၊ မင်းအိမ်စရိတ်ပဲ လုံလုံလောက်လောက် ရှာပေးလိုက်ပါ၊ မမက မင်းဆီက ဘာအခွင့်အရေးမှ မလိုချင်ပါဘူး"

"မမကလည်း မမကို အခွင့်အရေး ယူပါလို့ ပြောနေလို့လား၊ သား အလုပ်ဖြစ်တဲ့နေ့တိုင်း မမကို ကျွေးမွေးပြုစုချင်လို့ပါ၊ မမက ဝန်ထမ်းလစာလေးနဲ့ မအေအိုကြီးကို ပြုစုစောင့်ရှောက်ပေးနေရတယ်၊ လှလှလည်း မဝတ်နိုင်ဘူး၊ ဝဝလည်း မစားနိုင်ဘူး"

"ဟုတ်ပါ့ သူများကိုပဲပြောနေတယ်၊ သားဦးကရော ဘယ်လောက်တောင် အဆင်ပြေလို့လဲ၊ မိသားစုကို တာဝန်ယူပြီး ဘဲ့ရှုံးအောင်



www.burmeseclassic.com

www.burmeseclassic.com



တောင် ပညာမသင်နိုင်ခဲ့ဘူးမဟုတ်လား"

"တနေ့ပြမနေနဲ့ ဘဝတူချင်းဆိုတာ နားလည်တယ်၊ သဒ္ဓါလို့ ကျွေးတဲ့အချိန်လေးတော့ မငြင်းနဲ့ဗျာ၊ လာ ကြေးအိုးသွားသောက်မယ်၊ အပြန်ကျ ဒေါ်ဒေါ်ဖို့လည်း ဝယ်ပေးလိုက်မယ်"

သားဦးက ဆွဲခြင်းကိုယူကာ မိုနာလက်ကိုလည်း တင်းတင်းဆွဲ၍ ကြေးအိုးဆိုင်ရောက်အောင် သွက်သွက်လျှောက်၏။

ဖွတ်တချွတ် ကောင်ဆိုးလေးက တစ်ခါတစ်ရံ ပြောဆိုလို့ မနိုင်ပါ။ ဘယ်နေရာသွားသွား သူမလက်ကို ဆုပ်ကိုင်ပြီး မလွှာပ်တိုင်တက်ပြချင်သည့်အကျင့်ကလည်း မပျောက်။

ဆိုင်ကိုရောက်တော့ ထုံးစံအတိုင်း သူ့အတွက်က အသားနှင့်မြေအိုးပြီးရှည်မှာပြီး သူမအတွက်တော့ ကြေးအိုးမှာပေးသည်။ ပြီးလျှင် သူမ ကြေးအိုးပန်းကန်ထဲက အသားဖတ်တွေ ငုံးဥတွေမှန်သမျှ သူယူစားမှာပဲဖြစ်၏။

"မမမိုနာ"

"ဟင်"

"အလှတွေသိပ်မပြင်နဲ့"

"ဟယ်တော် ကျူပ်က ဘယ်မှာအလှတွေပြင်လို့လဲ"

"မမ မျက်နှာက ဖွေးနေတာပဲ၊ နှုတ်ခမ်းနီလည်း ဆိုးထားသေးတယ်"

"ဪ ဒါက ရုံးဆင်းခါနီး ပတ်(ဖ်)လေးဘာလေး ရိုက်ရသေး





တာပေ့ါ ကိုယ်တော်ရဲ့၊ တစ်နေကုန် ချွေးတွေပြန် အဆီတွေပြန်နဲ့ မြင်မကောင်းရှုမကောင်းလို့ပါ"

"မညာပါနဲ့ မမက လှပြီးသား၊ ဘာမှပြင်စရာမလိုအောင်ကို နဂိုရှိရင်းစွဲအလှက စွဲဆောင်မှုရှိပြီးသား"

"အင်း ဘဝင်မြင့်ချင်စရာပဲ ပြောပါဦး"

"အဲဒါကို မမက ရုံးစာရေးတွေ၊ အပြင်ကကောင်တွေ ငမ်းကြောထအောင် ပဲများနေတာ"

"ဟဲ့"

တခြားစားပွဲဝိုင်းတွေမှာ ညည်သည်အချို့လည်းရှိနေတာမို့ ပြောရဲဆိုရဲရှိလွန်းသော သားဦးကို အလန့်တကြားပင် ဟန့်တားရ၏။ ဒီကောင်လေးက မမြင်ရတာတောင် မဟုတ်မဟပ် စွပ်စွဲသဝန်တိုတတ်တာလည်း သွန်ရော။

"မင်းပါးစပ် စည်းကမ်းမရှိ ပြောထွက်တယ်နော်၊ ငါက အဲလိုနှင့်ကြောဆွဲပြီး သိက္ခာမရှိတဲ့မိန်းမလား"

"မမကို သားက အဲလိုပြောလို့လား။ မမလှတာကို သူများတွေ ငိုင်းကြည့်မှာကို မကြိုက်တာ၊ မမကိုချစ်လို့ သဝန်တိုတာပေါ့ဗျ၊ ဒါလေးတောင် မသိဘူးလား"

"ငါကပဲ မှားပါတယ်လို့ တောင်းပန်ရဦးမှာလား၊ သားဦးနော် မျက်နှာသာပေးတယ်ဆိုပြီး မရောင့်တက်နဲ့ မင်းထက်ငါ အသက်ကြီးတယ် မလေးမစား ပြောတတ်တာ မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဝေးတယ် မမရာ၊ သားက မမကို အဲလိုတွေ ပြန်ပြောစေချင်တာ မဟုတ်ဘူး။ မမရဲ့အလှက မင်းတစ်ယောက်တည်းအတွက်ပါ၊ ဘာညာ အဲလိုတွေ ချွဲစမ်းပါ၊ ယောကျ်ားတွေက မိန်းကလေးတွေရဲ့ အဲလိုစကားတစ်ခွန်း ရင်ကိုထိအောင် ပစ်သွင်းလိုက်ရုံနဲ့ တစ်သက်လုံး လူပျိုဘဝကို နှစ်မွှန်းခံလိုက်ကြတာ မမရဲ့"

"တော်တော် မင်း ပေါက်ကရတွေ ပြောနေရင် ငါ ထပြန်မှာနော်၊ ငါက ယောကျ်ားတွေကို အဲလို ပလီပလာတွေနဲ့ မသိမ်းသွင်းတတ်လို့ အပျိုကြီးဖြစ်နေတာ၊ မင်း ငါ့ကို နားရှက်စရာတွေ လာမပြောနဲ့"

ကြည့် မမပြောပုံက ဘယ်လောက် အထာမညက်လိုက်သလဲ။ တွေ့လိုက်တိုင်း ရင်ခုန်ချိန်မရအောင် ဘုနဲ့ဘောက်။

တစ်ခါတလေ သူ့အကြိုက်လိုက်ပေးပြီး ဒီလိုလေးပြောပေးတော့ ဘာဖြစ်မှာမို့လို့လဲ။ ဘဝတွေက ကြမ်းတော့ စကားလုံးတွေလည်း မနူးညံ့ပေ။

ဒါပေမဲ့ ဒီအနေအထားလေးကိုပင် သာယာရင်းဖြင့် အချိန်ကြာကြာစိတ်ဆိုး စိတ်ကောက်တယ်ဆိုတာလည်း မရှိကြ။

"ရော့ စားလေ၊ ငုံးဥတွေ မမက မကြိုက်ဘူး"

"စားမှာပေါ့၊ မပူနဲ့ ဒီမှာ မကုန်သေးလို့"

အနည်းငယ် စိတ်ကောက်ချင်ဟန်ကြောင့် လေသံမာဆတ်ဆတ်ဖြစ်နေသည်ဆိုတာ မိနှာ သဘောပေါက်သည်။ သူမကိုယ်တိုင်က ကိုယ့်ထက်ငယ်သော သားဦးအပေါ် ကယုကယင် မလုပ်တတ်တာ အရှက်





အကြောက်ကြီးသည့် အားနည်းချက်ကြောင့်လား။

ဘဝပေးအခြေအနေအရ ရင့်ကျက်တည်ငြိမ်စွာ ထိန်းသိမ်းနေခဲ့တာကြောင့်လား။ ထိုမေးခွန်းတွေဖြင့် သားဦးအပေါ် အလုံးစုံ ဖြည့်ဆည်းမပေးနိုင်တာတော့ ကိုယ့်ကိုယ်ကိုယ် သိသည်။

ဒါပေမဲ့လည်း ဒီနေ့အချိန်ထိ အချစ်တစ်ခုတည်းနှင့် ရပ်တည်နေနိုင်ခြင်းဟာလည်း ကံတူအကျိုးပေးကြောင့်ပေါ့။

အိမ်ပြန်လမ်းမှာ ထုံးစံအတိုင်း သူမလက်ကလေးကို သားဦးက ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်လို့ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟော သမီး လက်ထဲမှာ ပါဆယ်ထုပ်နဲ့ သားဦးဝယ်ပေးလိုက်ပြန်ပြီထင်တယ်"

"ဟုတ်တယ် အမေ၊ အမေကြိုက်တဲ့ ကြေးအိုးဝယ်ပေးလိုက်တာ၊ သမီး ပြင်ပေးမယ်နော်၊ ပူတုန်းလေး တစ်ခါတည်းစားလိုက်"

"အေး အေး စားတာပေါ့၊ သမီးရော စားခဲ့ပြီလား"

"ဟုတ်ကဲ့ အမေ"

အိမ်ရှေ့စားပွဲဝိုင်းလေးမှာပင် အမေ့အတွက် ပန်းကန်လုံးထဲမှာ ကြေးအိုးတွေထည့်ပြီး ဇွန်းတပ်ပေးလိုက်သည်။ အမေက အသက်ကြီးလာတော့ စွပ်ပြုတ်တို့ အရည်တို့ဆိုလျှင် အလွန်ကြိုက်သည်။ အသားငါးဆိုလည်း ငယ်ငယ်က မစားခဲ့တာတောင် မြိုးမြိုးမြက်မြက်လေး မက်တတ်လာ၏။

"အမေ ကောင်းလားဟင်"





"ကောင်းပါ့ကွယ်၊ ဒီလို အာဟာရဖြည့်ဆည်းပေးတဲ့အတွက် သားဦး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အလုပ်အကိုင် အဆင်ပြေလို့ ကြီးပွားတိုးတက်ပါစေတော်"

အမေက ဤသို့ ဆုတောင်းမေတ္တာပို့ရင်း မြိန်ရေယှက်ရေ စား၏။ အမေ့အတွက် သောက်ရေအိုးက ရေတစ်ခွက်နှင့် လက်သုတ်ပဝါလေး စားပွဲပေါ်တင်ပေးကာ

"အမေ သားဦးကို သမက်တစ်ယောက်အဖြစ် သဘောကျ လက်ခံပေးနိုင်လားဟင်"

"အမှန်အတိုင်း ပြောရရင် နှုတ်ခမ်းပဲ့ချင်းမီးမှုတ်ရမယ့် အဖြစ်မျိုး သမက်တစ်ယောက်အဖြစ်တော့ အမေ မကြည်ဖြူရှင်ဘူး သမီး"

"ရှင်"

"သူက သားကြီး၊ အစ်ကိုကြီး၊ မိသားစုအတွက် ပင်ပင်ပန်းပန်း ရုန်းကန်နေရတာ၊ သူ့အိမ်သူ့မိသားစုအတွက်တောင် သူ ဝိုလျှံအောင် လုပ်နိုင်ဖို့ မလွယ်ဘူး သမီး၊ ဒါကို သမီး အသိဆုံးပါ၊ အိမ်ထောင်ကျရင်ရော သူ ခွဲထွက်လာလို့ရမယ်ထင်လား၊ ရခဲ့ရင်တောင် သူ့မိသားစုကို မထောက်ပံ့ဘဲ နေလို့ ဖြစ်မလား"

နားလည်သိရှိပြီးသားကိစ္စတစ်ခုလို သူမ အမေ့စကားကို အသာ ခေါင်းညိတ်၍ ထောက်ခံမိ၏။ အမေက ကြေးအိုးကို တစ်ဇွန်းလောက် ခပ်သောက်ပြီးမှ ဇွန်းကိုပြန်ချကာ

"အမေ သားဦးကို မမုန်းပါဘူး၊ စိတ်ရင်းစေတနာကောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အလိုက်သိလို့လည်း သားအရင်းလေးတစ်ယောက်လို ချစ်တယ်၊ ဒါပေမဲ့ အမေတို့သားအမိ မှီခိုအားကိုးလို့ရမယ့်သူ မဖြစ်နိုင်ဘူး။ အမေတို့က ဝန်ထမ်းမိသားစုပါ၊ ရရစားစား ဝါးဝါးမျိုမျိုဆိုပေမယ့် အမေ လောဘ တက်နေတာလည်း မဟုတ်ပါဘူး''

''သမီး နားလည်ပါတယ် အမေ''

''နားလည်တယ်ဆိုရင် ဒီထက် သံယောဇဉ်တွေ ရစ်ပတ်ချည် နှောင်ဖို့ မကြိုးစားသင့်ဘူးထင်တယ်''

''သူက လက်ထပ်ဖို့ မလောသေးပါဘူး အမေ၊ သူ့ညီမလေးနဲ့ ညီလေး ပညာတွေစုံပြီး အလုပ်အကိုင်တွေရမှပါ''

''ဒီကြားထဲမှာ ဖြစ်ပျက်ပြောင်းလဲမှုတွေ ရှိလာရင်ရော''

''ဘာကိုပြောတာလဲ အမေ''

''ရှန်းကန်ရင်းနဲ့ နစ်မွန်းသွားတတ်တာတွေလည်း ရှိတတ်လို့ အကြောင်းတရားတွေကလည်း ဒီအတိုင်း တစ်သမတ်တည်း မဟုတ်ဘဲ ပြောင်းလဲသွားတဲ့ အခြေအနေတွေလည်း ရှိနိုင်တာပဲ''

''သူရော သမီးရော ငွေကြေးမပြည့်စုံကြပေမယ့် တစ်ယောက် အပေါ် သစ္စာရှိကြပါတယ် အမေ''

''အေးလေ ဒါက အပြောင်းအလဲဆိုတာကို မကြုံသေးလို့ သစ္စာဆိုတဲ့စကားကို ပြောနေကြတာပေါ့၊ အမေကတော့ ဒီအတိုင်း လက်မထပ်သေးဘဲ ချစ်နေကြမယ်ဆိုလည်း ကျေနပ်ပါတယ်၊ ဒါပေမဲ့ ဘဝက အချိန်အကန့်အသတ်ရှိတယ် သမီး''





အမေက အတွေးများသူပီပီ ကြိုမမြင်ရသော အရာတွေထိ ချင့်ချိန်တွက်ဆနေ၏။ သူမကလည်း အမေ့အမွေကို ရထားသူလို တွက် ချက်စဉ်းစားလွန်းခဲ့တာကြောင့် လက်ထပ်ဖြစ်ဖို့ မလွယ်ကူသေးပေ။

ဒါပေမဲ့ သားဦးကို အလေးအနက် မချစ်လို့လားဆိုတော့လည်း မဟုတ်။ ဒီထက် ဆင်းရဲပင်ပန်းသောဘဝမှာ အတူရင်ဆိုင်ကြရင်းဖြင့် အချစ်တွေ ကုန်ဆုံးရပ်တန့်သွားမှာစိုးရိမ်လို့ပင်။

အမေက ဒါကို သဘောပေါက်ကာ ကြေးအိုးပန်းကန်လေးကို တစ်ဖက်တိုးရွှေ့ကာ မသိမသာ ပြုံးပြီး

''အမေ့သမီးက ပညာတတ်ပဲ၊ အိမ်ထောင်တစ်ခုကို နှလုံးသား နဲ့ မရွေးချယ်ဘဲ ဦးနှောက်နဲ့ဆုံးဖြတ်မယ်ဆိုတာ အမေ သိပါတယ်''

''အချိန်အကန့်အသတ်ဆိုတာ ဘာကိုပြောတာလဲ အမေ''

''သမီး အသက်အရွယ်၊ အခု အသက်နှစ်ဆယ့်ငါး၊ နောက် ငါးနှစ်ဆိုရင် အိမ်ထောင်ဘက်ကို နှလုံးသားနဲ့ရော ဦးနှောက်နဲ့ရော ကိုယ်က ရွေးချယ်ခွင့် အခွင့်အရေးမရှိတော့ဘူး သမီး၊ အဲဒီအချိန်ကျရင် သားဦးကရော ပွဲစားပီပီ အရှုံးအမြတ်ဈေးတွက်တွက်မလာနိုင်ဘူးလို့ ပြောနိုင်မလား''

''သမီးကို သူချစ်ပါတယ်''

''သမီးကလည်း သူ့ကိုချစ်တာပဲဆိုတာ အမေ သိတယ်၊ သားဦး က သမီးထက် သုံးနှစ်လောက်ငယ်တယ်၊ ပညာလည်း နည်းတယ်၊ ဒါ ပေမဲ့ ဟော့ရမ်းမိုက်ကန်းနေတဲ့သူ မဟုတ်ဘူးဆိုရင်တောင် သမီးတို့



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ကြတော့လို့ အမေ တိုက်တွန်းမိမှာပါ၊ ပစ္စည်းဥစ္စာနေ မပြည့်စုံပေမယ့် အလုပ်ကို ကြိုးစားမှုရှိတဲ့လူတော်တစ်ယောက်လို့ ပြောလို့ရပါတယ်"

အမေ့ရဲ့စိတ်က ဘာဖြစ်ချင်နေသည်ဆိုတာ ခန့်မှန်းလို့ မရပေ။ သားဦးနဲ့သဘောတူခဲ့တာလား၊ မတူဘူးလား။ အချိန်နှောက်ကျမှ လက်ထပ်မှာစိုးရိမ်နေတာလား၊ အခုဖြတ်တောက်စေချင်နေတာလား။

ဒါပေမဲ့ သားဦးကို မေတ္တာမပျက်တာတော့ သူမသိနေသည်။ အမေက စားလက်စကိုရပ်ပြီး ဘုရားစင်ရှေ့ကိုသွား၏။ သူမက အလိုက်တသိပင် ဘုရားဆီမီးထွန်း၊ သောက်တော်ရေလဲပေးလိုက်၏။

အမေ ဘုရားရှိခိုးနေချိန်မှာ သူမ အိုးခွက်ပန်းကန်ဆေး၊ ချိုင့်ဆေး၊ အိမ်သန့်ရှင်းရေး အကုန်အမြန်ပြီးအောင် လုပ်ပစ်လိုက်၏။

သွေးတိုးအတက်အကျမြန်၍ ဗိုက်အောင့်ရောဂါရှိသော အမေ့ကို သူမ ဘာအလုပ်မှ မလုပ်နိုင်းဖြစ်ပါ။ အိမ်ဝေယျာဝစ္စ ချက်ပြုတ်ဈေးသွားတာကအစ ရုံးမသွားခင်အမြန်ပြီးစီးအောင် လုပ်သည်။ ပြီးမှ အမေ့အတွက် ခူးခပ်ပြင်ဆင် ဖွတ်လျှော်ကာ ရုံးသွားဖို့ပြင်ဆင်ရ၏။

ဒါဟာ နိစ္စဓူဝအလုပ်။

သားဦးနှင့် လက်ထပ်လိုက်လျှင် တာဝန်တွေပိုလာနိုင်သလား။ ဒီအတိုင်း ပျော်နေရတာလေးနှင့်ပင် ကျေနပ်ရောင့်ရဲနေလိုက်ရင်ရော ဟူး တွေးလိုက်တိုင်း ရင်မောရတာ ဒီကိစ္စက ...။

■ ■ ■



## အခန်း (၃)

"သားနယ်ကွယ် အမေက အာကာကိုမြင်ပြီး၊ သား ပြန်ရောက်မလာသေးလို့ ရင်မောနေတာ၊ ဘယ်တွေဝင်နေလို့ ဒီလောက်ကြာနေတာလဲ သား"

သိရဲ့သားနဲ့ဟု မထေ့ငေါ့ချင်တော့ဘဲ အိမ်ပေါက်ဝမှာ ပိတ်ရပ်ပြောနေသော အမေ့ကို ရှောင်ကွင်း၍ ဘုရားစင်ရှေ့က သင်ဖြူးဖျာပေါ် ဝင်လှဲချလိုက်သည်။ အမေက သူ့အနားဝင်ထိုင်ကာ

"မိုနာ ရုံးဆင်းတာ သွားကြိုနေတာလား သား"

"အထူးအဆန်းလုပ်ပြီး ဘာလို့မေးနေတာလဲ မေမေရာ၊ အလုပ်နောက်ကျတာမျိုး မဟုတ်ရင် မမိုနာကို ဝင်ကြိုနေတာပဲပေါ့၊ သားမှာ ဒီတစ်ခုလေး စိတ်အပန်းဖြေစရာ ရှိပါတယ်"

"သြော် မေမေက အပြစ်ပြောနေလို့လား သားရယ်၊ အချိန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်မရောက်လို့ စိတ်ပူမိတာပါ''

''ညီလေး ကျူရှင်လခ အချိန်နဲ့ပေးရမှာမို့မဟုတ်လား၊ ဒီနေ့ရအောင်ရှာခဲ့မယ်လို့ သား ကတိပေးသွားတာပဲ''

''သား မင်းပြောပုံကြီးက 'မေမေက လူကို စိတ်ပူတာမဟုတ်ဘဲ ငွေကိုမျှော်နေသလိုကြီးပဲ၊ အေး ဟုတ်ပါတယ် မင်းလုပ်စာ မျှော်စားနေရတော့ မအေက မေတ္တာနဲ့မေးတာတောင် ဂရုစိုက်ရမှန်း တန်ဖိုးထားရမှန်း ဘယ်သိပါတော့မလဲ''

''မေမေက သားကို ငဲ့ပေးနေပြီ၊ သား ပြောချင်တာကို သဘောထားကွဲလွဲအောင် သဘောထားတွေ မပြောင်းပစ်ပါနဲ့ မေမေရယ် ဘာမဟုတ်တာလေးနဲ့ အခြေအတင်ဖြစ်ပြီး မေမေ ထမင်းမစားဘဲမစား စိတ်မကောင်းဖြစ်တော့မယ် မဟုတ်လား။ ကဲပါ မေမေရယ် သား ထမင်းဆာလာတယ် ထမင်းခူးကျွေးနော်''

''ခူးခပ်ကျွေးရမှာပေါ့တော်၊ ကျုပ်တို့က တော်သခင့်ကြည်ဖြူ...''

''မေမေ''

လူးလဲထကာ မေမေ့ခါးကို လှမ်းဖက်၍ ထွေးငေါ့ရွဲ့စောင်းခြင်းတွေ ရပ်တန့်အောင် လုပ်လိုက်ရ၏။ တစ်ခါတစ်ရံ မေမေက မိန်းမပီသလွန်းစွာ အထွေအငေါ့ အရွဲ့အစောင်းလေးများဖြင့် စိတ်ကောက်တတ်သေး၏ ဒီလို ဖက်တွယ်ကာ မချော့မချင်း တဗျစ်ဗျစ်တောက်တောက် ဆောင့်အောင့်နေတာ ရပ်လိမ့်မည် မဟုတ်။

''ဖယ်စမ်းပါ မအေ ဘာပြောပြော အကောင်းထင်တာ မဟုတ်





ဘဲနဲ့''

လက်ကိုပုတ်ချကာပြောတော့ မရမက ပြန်ဖက်ကာ ထမင်းစားခန်းဘက်ထိ ခေါ်လာခဲ့ရသည်။

''မဟုတ်ပါဘူး မေမေရာ၊ သားက မေမေ့ကို ဘာတွေများပြောမိလို့လဲ၊ သားက လုပ်ငန်းခွင်ထဲမှာ အာကာတစ်ယောက်ကိုပဲ အပေါင်းအသင်းလုပ်ပြီး ရပ်ကွက်ထဲမှာတော့ မမနဲ့ပဲ တွဲတာမဟုတ်လား''

''မေမေ သိပါတယ်၊ ဒါပေမဲ့ ချစ်သူဘဝမှာ ဟိုတွေ့ဒီတွေ့ စည်းတွေကျော်ပြီး မယူမဖြစ် အခြေအနေမျိုးရောက်လို့ ပေါ့ပေါ့တန်တန်ဖြစ်သွားမှာတော့ မေမေ စိုးရိမ်တယ်''

''အဲဒီအတွက်တော့ မစိုးရိမ်ပါနဲ့ မေမေ၊ မမက ကိုယ့်ကျင့်တရား ထိန်းသိမ်းတတ်တဲ့ ပညာတတ်တစ်ယောက်ပါ၊ သားကလည်း ကိုယ်လက်မထပ်နိုင်သေးဘဲနဲ့ စည်းကျော်လောက်အောင် အောက်တန်းမကျပါဘူး မေမေ''

''အေး မိဘဆိုတာကတော့ ဘာဖြစ်ဖြစ် စိုးရိမ်တတ်တာချည်းပဲ''

''မေမေက မမမိုးနဲ့သားကို သဘောမတူဘူးလား''

မေမေပြင်ပေးသော ထမင်းဝိုင်းမှာထိုင်လျက်၊ သူမေးတော့ မေမေက လက်သုတ်ဝတ်လေး စားပွဲပေါ်တင်လျက် သူ့အနားဝင်ထိုင်ကာ

''မေမေ သဘောမတူလို့ ဒီစကားပြောနေတာ မဟုတ်ပါဘူး။ မိုးနှာက ပြည့်စုံမှုမရှိတာကလွဲရင် မိဘတိုင်း လက်ခံနိုင်တဲ့အရည်အသွေးရှိပါတယ်၊ ပညာတတ်တယ်၊ ရုပ်ရည်အဆင့်အတန်း ရှိတယ်၊ မိန်းမပီပီ



www.burmeseclassic.com

www.burmeseclassic.com



သသ သိမ်မွေ့တယ်၊ ဒါပေမဲ့''

မေမေ့ဒါပေမဲ့ကြောင့် ထမင်းလုတ်က လည်နှင်လျက် ဘာပြောမလဲ နားစွင့်မိ၏။ အေးချမ်းတည်ငြိမ်လှသော မေမေ့မျက်ဝန်းများက အလေးအနက်။

''မေမေတို့က သားကို မှီခိုအားထားနေရတာ အမိကကျတယ် သား၊ မိုနာက အခုချိန်မှာ သူ့ရဲ့ဝန်ထမ်းလစာလေးနဲ့ မအေကို သင့်တင့်မျှတအောင် ကျွေးမွေးစောင့်ရှောက်နိုင်သေးတယ်ဆိုပေမယ့် သားနဲ့ အိမ်ထောင်ကျတဲ့အခါ သူတို့လည်း သားကို မှီခိုအားကိုးချင်ရှာမှာပဲ''

''ဟုတ်ပါတယ် မိန်းမသားတွေ အိမ်ထောင်ပြုတာ အားကိုးရှာချင်လို့ပဲ၊ သားကလည်း ဒီဘက်မှာ ဝန်ပိနေတယ်၊ ဟို သားဆိုလိုတာက ဒီတာဝန်တွေ မထမ်းချင်တာမဟုတ်ဘူးနော်၊ သားက သားအကြီးဆုံး အစ်ကိုအကြီးဆုံးဖြစ်လို့ ဒီတာဝန်တွေကို ကျေကျေနပ်နပ် ယူနေတာပါ အိုကြီးအိုမနဲ့ ပင်ပင်ပန်းပန်း ဆိုက်ကားနင်းပြီး ရှန်းကန်ရှာဖွေကျွေးသွားတဲ့ ဖေဖေ့နေရာကို သားရတာ ဂုဏ်ယူပါတယ်''

''အေးလေ သားအဖေက မိသားစုအပေါ် သူ့တာဝန်ကျေ[illegible] ပါတယ်၊ သူဆုံးတဲ့အချိန်မှာ သားက ဒီတာဝန်ကို ဆက်ယူတော့ သား ကိုလည်း မေမေ ကျေးဇူးတင်တယ်၊ သား ဒီလိုမျိုး ကြိုးစားပေးလို့လည် ညီလေးနဲ့ညီမလေး ပညာကောင်းကောင်းသင်နိုင်တာ''

''အဲဒါကို ညီလေးနဲ့ညီမလေး နားလည်ရင် ကောင်းမှာ မေမေ''





သားဦးပြောမှ သားလတ်အိမ်ပြန်မရောက်သေးတာကို သတိရသည်။ အငယ်မ အခန်းထဲကလည်း စာကျက်သံ တိတ်ဆိတ်နေ၏။

''သူတို့ကို မေမေ နားလည်အောင် ပြောထားပါတယ်၊ သားကလည်း အစ်ကိုကြီးတစ်ယောက်အနေနဲ့ ဆုံးမသွန်သင်လို့ရပါတယ်''

''သားပြောတာကို သူတို့လက်ခံသလား မေမေ၊ အလတ်ကောင်က အသက်သိပ်မကွာတော့ မေမေ့လိုပဲ စကားနာထိုးချင်တယ်၊ ကိုကို လုပ်စာစားပြီး ပညာသင်နေလို့ နေရာတကာ ဆရာလုပ်တာလားတဲ့၊ ရှစ်တန်းကိုနှစ်ခါဖြေတယ်၊ ဆယ်တန်းကို နှစ်ခါဖြေတယ်၊ အခု အဝေးသင်တက်ပြီး ဘွဲ့ယူပါဆိုတော့လည်း မဟုတ်ဘူး၊ ဒေးတက်ပြီး စာမေးပွဲ နီးတာလည်း အိမ်မကပ်ဘူး၊ စာမကျက်ဘူး၊ အိမ်မှာစာကျက်မရလို့ဆိုပြီး ကျူရှင်က တက်သေးတယ်၊ တကယ်ဆို သင်တန်းတွေတက်ပြီး အလုပ်တစ်ခုခုရအောင် လျှောက်တာကမှ တော်သေးတယ်''

''မေမေလည်း အဲလိုဖြစ်စေချင်တာပါ၊ သူက ဘွဲ့ရပြီးမှ သင်တန်းတက်၊ ပြီးရင် ဘွဲ့လက်မှတ်သင်တန်းအောင်လက်မှတ်တွေနဲ့ အလုပ်လျှောက်တော့ နေရာကောင်းကောင်းရတာပေါ့တဲ့၊ မေမေကတော့ သူပြောတာတွေ သိပ်နားမလည်ပါဘူး''

''သားကလည်း ကိုယ်က ရှာဖွေတာဝန်ယူနေတဲ့သူမို့ အနိုင်ကျင့်နေသလို ဖြစ်မှာစိုးလို့ မပြောတာ မေမေ၊ သူတို့ဘက်က သိတတ်ရင် ဒီထက်ပိုပင်ပန်းလည်း သား မညည်းညူပါဘူး''

အငယ်မ ခြေလှမ်းမမှန်တော့တာသိလျှင် သားဦး ဒီထက်



www.burmeseclassic.com

www.burmeseclassic.com



တောင် စိတ်ဓာတ်ကျသွားမလားမသိ။ သူ့ကွယ်ရာမှာ သိုသိုသိပ်သိပ် ပြောဆိုဆုံးမနေရတာ ကိုယ့်မှာလည်း ပင်ပန်းလှသည်။

"သားရယ် သူတို့တွေ မရင့်ကျက်ကြသေးလို့ပါ။ သား အသက် အရွယ်ရောက်လာရင် သူတို့လေးတွေလည်း နားလည်လာမှာပေါ့"

"အသိတရားက အသက်အရွယ်နဲ့ဆိုင်သလား မေမေ၊ ဒါဆို လူကြီးဖြစ်လာမှ အမှားမလုပ်ကြတာပေါ့၊ အခုခေတ် မှားနေကြတဲ့လူကြီး တွေကို ကလေးစိတ်မို့ဆိုပြီး ခွင့်လွှတ်ပေးရမှာလား။ မရင့်ကျက်ရတဲ့ အကြောင်းအရင်းက မသိတတ်တာနဲ့ဆိုင်တယ် မေမေ"

ထမင်းကို ဆက်မစားတော့ဘဲ သူပြောတော့ လက်ဆေးရေလုံ လေး ရှေ့တိုးပေး၍ မေမေ သက်ပြင်းချမိ၏။ သူကျောင်းထွက်ပြီး အလုပ် လုပ်ခဲ့ရစဉ်က ညီလေး အသက်အရွယ်တောင် မရှိသေးတာ မေမေ သိ ပေလိမ့်မည်။ ရှစ်တန်းအောင်တာတောင် ကျောင်းဆက်မတက်ရဘဲ ဖေဖေ့ တာဝန်တွေကို ပခုံးလွှဲပြောင်းတာဝန်ယူခဲ့ရတာ။

"မေမေ သိပါတယ် သားကြီးရယ်၊ သားသာ အဲဒီအချိန်က တာဝန်ယူဖို့ အသိတရားမရှိခဲ့ရင် မေမေတို့ ဒီလိုတောင် ရပ်တည်လို့ ရမှာမဟုတ်ပါဘူး။ မေမေက ဘာမှမလုပ်တတ် မကိုင်တတ်၊ အငယ်တွေ ကလည်း အရွယ်မရောက်သေး။ တချို့ကလေးတွေလိုသာဆိုရင် သားကြီး လည်း ကိုယ်လွတ်ရုန်း ပျက်စီးဖို့အလွယ်လေးပဲ"

"အဲဒီတာဝန်ကြီး ပိနေတယ်ဆိုပြီး သား ဘယ်တုန်းက အပေါ် စီးကာနေ မမောက်မာခဲ့ပါဘူး မေမေ၊ ချစ်သူရှိနေပေမယ့်လည်း





လွှတ်ရာ လွှတ်ကြောင်း ရှာထွက်ဖို့ စိတ်မကူးခဲ့ပါဘူး၊ သားက သားစုမောင်နှမ တွေ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးပဲ နေချင်တာ၊ အစ်ကိုကြီး မောလာတာပဲဆိုပြီး အိမ်ဝကနေ ရေတစ်ခွက်လောက် ထိုးတိုက်ရင်ပဲ တစ်နေကုန်ပင်ပန်းသမျှ အမောပြေနေပါပြီ"

ဒါလည်း ဟုတ်ရှာမှာပဲဟု ရင်မှာစာနာနားလည်ရ၏။ အငယ် နှစ်ယောက်က တာဝန်ဝတ္တရားရှိလို့ လုပ်ပေးနေတာ ကျေးဇူးတင်စရာ လိုဘူးဟု တွေးထားပုံရသည်။ မိုးလင်းမိုးချုပ် စားစရာရှိတာစား၊ ဝတ်စရာရှိတာဝတ်၊ ကျောင်းတက်စရာရှိတာ ကျောင်းသွားတက်ဖြင့် အမေ့အပေါ်ရော၊ အစ်ကိုအပေါ်ရော နွေးထွေးမှုမရှိကြပါ။ သူတို့မှာ တာဝန်ဝတ္တရားမှုမရှိသလို အနေစိမ်းလွန်းကြသည်၊ ဒါကြောင့်လည်း သားဦး နှင့် မိဘက တစ်ယောက်နှင့်တစ်ယောက် ဖေးမနားလည်ရင်းဖြင့် အနေရင်း ကြတာ။

တစ်ခါတစ်ရံ ဘက်တိုက်၊ စိတ်ဆိုးစိတ်ကောက် ချော့မော့စ ရာတ်။ တစ်ခါတလေတော့လည်း ဒီလိုမျိုး စိတ်သက်သာအောင် ရင်ဖွင့် ကြပေါ့။

"သားကြီး အိပ်တော့မလား။ မေမေ ခြင်ထောင် ထောင်လိုက် မလေ"

"မအိပ်ချင်ဘူး မေမေ၊ မမတို့တက် ခဏလျှောက်လိုက်ဦးမယ်၊ ဝတ်လည်း ပြန်မလာသေးဘူး မဟုတ်လား"

"အေး မလာသေးဘူး။ သား သွားချင်သွားလေ၊ သိပ်ညဉ့်နက်



www.burmeseclassic.com

www.burmeseclassic.com



စေနဲ့နော်၊ ကိုယ့်ချစ်သူအိမ်သွားတာဆိုပေမယ့် ဟိုက မိန်းမသားတွေ
ချည်းပဲ မသင့်တော်ဘူး၊ သားရဲ့"

"ဟုတ်ကဲ့ပါ မေမေ၊ မမနဲ့ ခဏတစ်ဖြုတ် စကားပြောပြီး
ပြန်လာမှာပါ"

ခုနကပဲ အတူတူစကားပြောပြီး ပြန်လာတာမဟုတ်ဘူးလား
မထုတ်ဝံ့ချင်တော့။ အငယ်တွေကြောင့် စိတ်ပင်ပန်းရတာ မြေမျှော
ချင်သည့်ဆန္ဒတို့ကို မတားဆီးချင်တော့ပေ။ အလတ်ကောင် ပြန်လာ
နှင့်ဆုံလျှင် အခြေအတင် ပြဿနာတက်နိုင်သေးတာမို့ ဒီအတိုင်းပေ
ပဲ. . .။

■ ■ ■



## အခန်း (၄)

"ကလောင် ကလောင်"

"အိမ်ရှေ့က တံခါးဖွင့်သံကြားတယ်၊ ဘယ်သူလဲ ထွက်ကြည့်ဦး သမီး"

"ဒီအချိန် သားဦးပဲလာမှာပေါ့၊ သူ့ဘာသာ ဝင်လာပါလိမ့်မယ် အမေရယ်"

"အေး ဒီကလေးလည်း၊ နေ့ညမရှောင် လာနေတာ၊ မသင့်တော်မှန်း နားမလည်ဘူးထင်တယ်"

"အမေကလည်း သမီးတို့က ဟိုနေရာတွေ ဒီနေရာတွေ အမြင်မတော်တာ လုပ်နေတာမှမဟုတ်တာ၊ သူလည်း ကြာကြာမနေပါဘူး အမေရယ်၊ ခဏနေပြန်မှာပါ၊ ဘာမှမပြောနဲ့တော့နော် အမေ၊ သူ့အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာပြီ''

အမေ့ကို ခပ်အုပ်အုပ် သတိပေးပြီး အိမ်ရှေ့ထွက်လာခဲ့၏။ သားဦးက အိမ်ရှေ့ကွပ်ပျစ်မှာ ထိုင်ချလိုက်တာ ခြေပစ်လက်ပစ်။

''ဘာဖြစ်လာတာလဲ''

တစ်ခုခု စိတ်ထိခိုက်လာလျှင် ဒီလိုပုံစံမျိုးဖြစ်တတ်တာသိလို့ မေးတော့ သားဦး ခပ်ဖြည်းဖြည်း ခေါင်းရမ်း၏။ ဒုက္ခအပူတွေကို မျှဝေမပေးချင်သည့် သားဦး စိတ်လေးကတော့ မဆိုးပေ။

''ဒေါ်ဒေါ်ရော နေကောင်းလား''

''ဒီလိုပါပဲ သွေးတိုးသမားက အစားရှောင်နေရင်းနဲ့လည်း တက်ချင်တက်၊ ကျချင်ကျသွားတာပဲ၊ မျက်လုံးကလည်း သိပ်မကောင်းချင်တော့ ကောင်းတယ်ရယ်လို့ သိပ်ပြောလို့ မရပါဘူး။ ဒါနဲ့ သားဦး အိမ်မှာ တစ်ခုခုဖြစ်လာတယ်မဟုတ်လား''

''အသေးအဖွဲလေးတွေပါ၊ မမကိုတွေ့ချင်လို့ လာတာ''

''စိတ်ပြေလက်ပျောက် ထွက်လာတာလို့ ပြောစမ်းပါ သားဦးရယ်၊ ခုနလေးကမှ တွေ့ပြီးပြန်သွားတာကို တွေ့ချင်လို့ဆိုတာ ဖြစ်နိုင်ပါ့မလား''

''အဟင်း မမက သိသားပဲ၊ သားက မမကို ဘာမှပြောမပြချင်လို့ပါ၊ ဒီအတိုင်း မမနဲ့ စကားစမြည်ပြောပြီး ပြန်သွားရင် မမစိတ်မညစ်ရတော့ဘူးပေါ့''

''တို့လည်း အဲလိုအပူတွေတော့ မကြားချင်တာ အမှန်ပဲ၊ ကိုယ့်





မှာလည်း အခက်အခဲတွေနဲ့ပဲလေ၊ ဒါပေမဲ့ အဲလိုတွေ စိတ်ညစ်ပြီး သားဦး အရက်သောက်ဘာညာနဲ့ ပျက်စီးသွားမှာတော့ စိုးရိမ်တယ်''

''သားက ငပျော့ညံ့ မဟုတ်ပါဘူး၊ စိတ်ညစ်စရာရှိတိုင်း အရက်နဲ့လောင်းကစားနဲ့ အပျော်အပါးနဲ့ ဖြေသိမ့်တတ်တဲ့လူမျိုးလည်း မဟုတ်ဘူး၊ မမမျက်နှာလေးကို မြင်ပြီး စကားလေးတစ်ခွန်းနှစ်ခွန်းလောက် ပြောလိုက်ရရင် ပြေသွားပြီ''

အဲဒါ အမှန်တရားဟုတော့ ကျိန်တွယ်မပြောချင်ပေ။ တစ်ခါတစ်ရံ နွေးထွေးမှုကို ဆာလောင်သည့်အချိန်မျိုးမှာ မမဆီရောက်လာတတ်တာတော့ အကျင့်လိုဖြစ်နေခဲ့သည်။

မမက ပူပင်သောကတွေကို မျှဝေမခံစားချင်ဘူးဆိုပေမယ့် ရင့်ကျက်တည်ငြိမ်မှုရှိသူပီပီ စာနာဖြေသိမ့်မှုမျိုးရှိခဲ့တာတော့ အမှန်ပဲဖြစ်၏။ ခုလည်း သူ့ခေါင်းက ဆံပင်တွေကို လက်ချောင်းသွယ်သွယ်များဖြင့် ဆွဲဖွနှစ်သိမ့်လိုက်သည်နှင့် သက်ပြင်းမောတွေ မှုတ်ထုတ်မိကာ စိတ်သက်သာသွား၏။

''မမ ဒေါ်ဒေါ်ရော အိပ်နေပြီလား''

''မအိပ်သေးပါဘူး၊ ခုနကပဲ မမနဲ့စကားပြောနေတာ၊ ဟော ဟိုမှာ ထွက်လာပြီ''

ဒေါ်တင်တင်ဝေ အိမ်ရှေ့ထွက်လာသည်နှင့် သားဦး ငုတ်တုတ်ထထိုင်လိုက်ရ၏။

''ဒေါ်ဒေါ် နေကောင်းလား''



www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းပါတယ်ကွယ်၊ မင်းအမေ မမြသီရော နေကောင်းတယ် မဟုတ်လား။ တစ်ရပ်ကွက်ထဲနေပြီး မတွေ့တာတောင်ကြာပြီ"

"ဟုတ်ကဲ့ ကောင်းပါတယ်၊ မေမေက ဈေးဘက်တော့ ထွက်တယ်၊ ဒေါ်ဒေါ်က မမ ဈေးဝယ်ပေးနေတာနဲ့ မတွေ့ဖြစ်လို့ဖြစ်မယ်"

"အင်း မတွေ့ဖြစ်ဆို ကျန်းမာရေးက သိပ်မဟုတ်ချင်ဘူးလေ၊ တော်ကြာ ဆေးခန်းပြ၊ ဗမာဆရာပြနဲ့ အသက်ကြီးလာတော့ ဘာရောဂါဖြစ်ဖြစ် ခံနိုင်ရည်က မရှိတော့ဘူး"

"မေမေလည်း အဲလိုပဲ စိတ်ပင်ပန်း စိတ်ညစ်သိပ်မခံနိုင်တော့ဘူး။ စိတ်ဆောင်နေပေမယ့် ဇရာက စကားပြောတယ်တဲ့၊ မေမေ့ကို သနားတာနဲ့ သားတစ်ယောက်တည်း တာဝန်တွေ ပိုပိသွားတာပေါ့"

"မင်းက မိဘအားကိုးရတဲ့ သားလိမ္မာပါ"

မိဘတွေအတွက် သားကောင်းသားလိမ္မာက ဖနီးမယားအတွက် လင်ကောင်းတစ်ယောက် မဖြစ်နိုင်ဘူးဆိုသည့် စကားကို ထုတ်မပြောချင်ပေမယ့် လက်ထပ်ဖို့အစီအစဉ် မရှိကြသေးဘူးဆိုတာကြောင့် ဒေါ်တင်တင်ဝေ ရေငုံနှုတ်ပိတ်နေလိုက်ရသည်။

ဒါပေမဲ့ ရင်ထဲမှာ တခြားမေးခွန်းတွေလည်း ရှိနေ၏။

"သမီး သားဦးကို ကျွေးဖို့ လက်ဖက်လေးသွားသုပ်ပါလားကွယ် ခြင်းထဲမှာ ဂေါ်ဖီနဲ့ငရုတ်သီးစိမ်းလည်းရှိတယ်၊ ဈေးသုပ်လေးသုပ်လိုက်ပေါ့"





"ဟုတ်ကဲ့ အမေ၊ သားဦး ခဏနော်"

ဒေါ်တင်တင်ဝေ ရှောင်နိုင်းလိုက်တာ သတိမထားမိဘဲ မိုနာအိမ်နောက်ဘက် ဝင်သွားသည်။ ဒေါ်တင်တင်ဝေက သားဦးအနားတိုးဆိုင်ကာ

"သားတို့လက်ထပ်ဖို့ အစီအစဉ်ရော ရှိနေကြပြီလား"

"ဗျာ မရှိသေးပါဘူး ဒေါ်ဒေါ်၊ နှစ်ဖက်လုံးအဆင်မပြေသေးတော့ တင့်တောင်းတင့်တယ် မင်္ဂလာပွဲမဖြစ်မှာစိုးရိမ်လို့ပါ၊ မမဂုဏ်သိက္ခာကလည်း ရှိသေးတယ်လေ"

"ဟုတ်တယ် သမီးက အစိုးရဝန်ထမ်း ရုံးစာရေးမဆိုတော့ မင်းပြောသလို ဂုဏ်သိက္ခာက အရေးကြီးတယ်၊ အဲဒါကြောင့် လက်မထပ်ဖြစ်သေးရင်လည်း အနေအထိုင် အသွားအလာ ဆင်ခြင်ကြတာ ကောင်းမယ်"

"ဟုတ် ဟုတ်ကဲ့"

"သားတို့ကိုယ်ကျင့်တရားကို မယုံလို့မဟုတ်ပါဘူး၊ ပတ်ဝန်းကျင်အမြင်က လူတစ်ယောက်ရဲ့ကိုယ်ကျင့်တရားနဲ့ သိက္ခာကို အရောင်မှိန်းထင်သွားနိုင်တယ်၊ သား နားလည်တယ် မဟုတ်လား"

"နားလည်ပါတယ် ဒေါ်ဒေါ်"

တိုးတိတ်စွာ ထောက်ခံမိရင်း ဆက်ထိုင်နေဖို့တောင် စိတ်ကမလုံတော့။ မလာစေချင်ဘူးလို့ ပြောလိုက်တာထက် ပိုထိရောက်သည် မဟုတ်လား။ ဒေါ်တင်တင်ဝေက ဤသို့ပြောရတာကို အားနာနေသလို



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး မမမိုနာ မသိစေချင်တာကြောင့် မလုံမလဲဖြင့် နောက်ဘက်ကို လှည့်လှည့်ကြည့်၏။

"သမီးကတော့ မှန်တယ်ထင်ရင် ပတ်ဝန်းကျင်ကို သိပ်ဂရုစိုက်ချင်တာ မဟုတ်ဘူး။ မင်းရဲ့ကိုယ်ကျင့်တရားကိုလည်း သူ ယုံကြည်တယ်၊ ဒါပေမဲ့"

"လက်မထပ်ဖြစ်သေးဘဲ လူသိရှင်ကြား တွဲနေတာ မသင့်တော်ဘူးလို့ ဒေါ်ဒေါ် ပြောချင်တာမဟုတ်လား။ သား ဆင်ခြင်ပါ့မယ် ဒေါ်ဒေါ်၊ လက်ထပ်ဖို့အတွက်လည်း အမြန်ဆုံး ကြိုးစားမှာပါ"

"အဲဒါ ဒေါ်ဒေါ် အလေးအနက် ပြောချင်တယ်၊ အခြေအနေမကောင်းဘဲ ဖြစ်သလို လက်ထပ်လိုက်ကြရင် အိမ်ထောင်ကျပြီးမှ ပိုပြီးခက်ခဲသွားနိုင်တယ်၊ သားက မိသားစုတာဝန်ကို အပြည့်အဝ ယူနေရတာမဟုတ်လား။ အိမ်ထောင်ပြုပြီးရင် ကိုယ်လွတ်ရုန်းထွက်လာနိုင်သလားသား"

"ဒေါ်ဒေါ် အဲဒါက"

စကားကို အဆုံးသတ်ထိ ပြောချိန်မရ။ မမက လက်ဖက်သုပ်ပန်းကန်လေးကိုင်ကာ ပြန်ထွက်လာသည်မို့ ဒေါ်တင်တင်ဝေလည်း အသံတိတ်သွား၏။

"သားဦးက လက်ဖက်သုပ်ဆို ကြက်သွန်ဖြူလေးနဲ့မှ ကြိုက်တတ်လို့ ကြက်သွန်ဖြူနွှာနေတာနဲ့ နည်းနည်းကြာသွားတာ၊ ပျင်းနေပြီလား သားဦး"





"ဟုတ် ဟုတ်ကဲ့ ဟို မမ ကျွန်တော် ပြန်တော့မယ်နော်"

"ဟင် ဘယ်လိုဖြစ်တာလဲ၊ လက်ဖက်သုပ် စားသွားဦးလေ"

"အလတ်ကောင် အိမ်ပြန်မရောက်သေးလို့ မမရဲ့၊ သွားပြီနော်"

"ဩော် ဒီကောင်လေးနယ် လက်ဖက်တွေသုပ်ပြီးမှ"

မမ နားမလည်နိုင်အောင် ဖြစ်ကျန်ခဲ့ပေမယ့် သူ ဘာမှလည်း ပြန်ရှင်းပြမနေချင်တော့။ ခြေလှမ်းသွက်သွက်လှမ်းကာ မမအိမ်က ထပြန်လာခဲ့သည်။

ရင်းနှီးမှုကို အခွင့်အရေးယူပြီး အလိုက်မသိသည့်လူတစ်ယောက်တော့ မဖြစ်ချင်။ မမအမေကလည်း သူ့အမေလိုပဲ မလိုလားတာမျိုးမဟုတ်ပေမယ့် မကြည်ဖြူနိုင်ရသည့် အကြောင်းအရင်းတွေ ရှိနေသည်ပဲ။

အိမ်ပြန်လမ်းရဲ့ခြေလှမ်းတွေဟာ ယိုင်နဲ့လေးကန်လို့ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဒါက ဘယ်လိုဖြစ်လာတာလဲ၊ ခြေလှမ်းတောင် မှန်မှန် မလှမ်းနိုင်ပါလား၊ မင်း အရက်တွေသောက်လာတာလား အလတ်ကောင်"

"ကျွန်တော့်အသက် ဆယ့်ရှစ်နှစ်ပြည့်ပြီးပြီ၊ အပေါင်းအသင်းတွေတိုက်လို့ တစ်ခွက်တစ်ဖလား သောက်တာ ထူးဆန်းလို့လား မေမေရာ ပူညံပူညံ မလုပ်ပါနဲ့၊ ကျွန်တော် အိပ်တော့မယ်"

"ဟဲ့ နေဦး ဒီကိုလာ"

အိပ်ခန်းထဲဝင်ဖို့ပြင်နေသော အလတ်ကောင်ကို ဒေါ်မြသ် လက်မောင်းရင်းကနေ ဆုပ်ကိုင်၍ အိပ်ရှေ့ဆွဲခေါ်လာခဲ့သည်။ ဆက်တီ ခပ်နွမ်းနွမ်းမှာ ခပ်ဆောင့်ဆောင့်ထိုင်စေ၍





"မင်း အတတ်ကောင်းတွေ တတ်နေတယ်ပေါ့၊ ဟုတ်လား ...လတ်ကောင်၊ မင်းတို့ပညာကောင်းကောင်း သင်နိုင်ဖို့ မင်းတို့အစ်ကို ...ယ်လောက် ပင်ပန်းလဲ သိလား"

"သိပါတယ်ဆိုပြီး ပညာရေးကို ရပ်တန့်ပစ်လိုက်စေချင်တာ ...း မေမေ၊ ကျောင်းထွက်အလုပ်လုပ်၊ မင်းအစ်ကိုကို မီနိုးမယူနိုင်းလိုက် ...ာ့လို့ ပြောစေချင်တာလား"

"ဟဲ့ ငါ ပြောတာက"

"သူ ဖေဖေ့ကို အငယ်တွေ ပညာစုံတဲ့အထိ အလုပ်ကိုယ်စီ ...တဲ့အထိ တာဝန်ယူပါ့မယ်လို့ ကတိပေးလိုက်တာ မေမေလည်း အသိပဲ"

"အေး အဲဒီကတိကို သူက တည်တယ်၊ မင်းတို့က နားလည်မှု ...ရှိ ကြိုးစားမှုမရှိလို့ တစ်နှစ်တစ်တန်း မှန်အောင် မလုပ်ကြတာပေါ့၊ ...ညာဆို ပညာတစ်ခုကလွဲပြီး ကျန်တာအလိုက်ကန်းဆိုးလည်း မသိ၊ ...ာဝန်ယူမှုလည်းမရှိ၊ ညီအစ်ကိုရင်းဖြစ်ပေမယ့် အားနာသင့်တယ်လို့ ...င်းတို့ မတွေးမိကြဘူးလား"

"အဲဓါပဲ အဲဒါပဲ မေမေ၊ မေမေက အဲဒီသားကြီးကိုပဲ အားကိုး ...း အကောင်းမြင်နေတာ၊ ကျွန်တော်တို့ကိုတော့ မှိုမှိုနေတဲ့သူတွေဆိုပြီး ...မေက အပြစ်မြင်နေတာ မဟုတ်လား၊ မကြည်ဖြူဘူး မသင့်ခါဘူးဆို ...ည်း ပွင့်ပွင့်လင်းလင်း ပြောပါ၊ ဒီအိမ်က ထွက်သွားပြီး ကိုယ့်ခြေ ...ထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားမယ်"

"ဘာ သားလတ် မင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြသီ ရင်ဘတ်ဖိကာ စိတ်ထိခိုက်သွားသည်။ ကိုယ်ပြောချင် တာ တစ်မျိုး၊ သူတို့နားလည်နေတာတစ်မျိုး။ အိမ်က ထွက်သွားမည် ဆိုတာမျိုးနဲ့တောင် စိန်ခေါ်နေပါရောလား။ ခြေရာချင်းတူလို့ တိုင်းချင် လာတာ၊ ကျွေးမွေးပြုစုခဲ့ရသည့် အချိန်တွေအတွက် ရင်နာစရာကောင် ၏။ သားကြီးသာသိလျှင် ရင်ထုမနာ ဖြစ်မှာမလွဲ။

တွေးနေဆဲမှာပင် သုန်မှုန်တင်းမာနေသော မျက်နှာနှင့် သား ကြီး ရိပ်ခနဲ ရောက်လာသည်။

"သားလတ် မင်း ဘယ်လိုပြောလိုက်တာလဲ၊ မေမေ့ကိုတော မင်း အဲလို စိတ်ဆင်းရဲအောင် မပြောသင့်ဘူး"

"ဟိုလူက မသင့်ဘူး၊ ဒီလူကလည်း မသင့်ဘူးနဲ့ မှိုနီနေရဲ ဘဝက အနေအစား ကျပ်လွန်းတယ်၊ ကျွန်တော်တို့က ဘယ်လိုစာ ဘယ်လိုနေပေးရမှာလဲ ကိုကို"

"မင်းတို့ကို ဘာတွေများ ချုပ်ချယ်ကန့်သတ်ထားလို့လဲ၊ ဖြ သင့်ဖြစ်ထိုက်တာလေး ဆုံးမတာတောင် မင်းတို့ မနာခံနိုင်ဘူးလာ အဲဒီ ပညာရေးဆိုတာလည်း ငါတို့က ကိုယ်ကျိုးမျှော်ကိုးပြီး သင်ပေးေ တာ မဟုတ်ဘူးကွ၊ မင်းတို့အနာဂတ်အတွက် ရပ်တည်ချက်ကောင်းေ ချင်လို့ ဖေဖေတို့ မေမေတို့ ငါတို့ ပညာမတတ်လို့ ဆင်းဆင်းရဲရဲ ပင် ပန်းပန်း ရုန်းကန်ရတယ်၊ ကိုယ်တိုင်အရင်းအနှီး မထုတ်နိုင်လို့ သူမျ ကို အတိုးအရင်းပေးပြီး လုပ်ငန်းလုပ်ရတယ်၊ အကျိုးအမြတ် ကိုယ်ခံစ သင့်သလောက် မခံစားရဘူးလို့ ပြောတာ"





"ပြောလည်း ကျွန်တော်တို့နားမလည်ဘူး ကိုကို၊ စီးပွားရေး လုပ်နေတာ မဟုတ်ဘူး၊ ကျောင်းတက်နေတာ၊ ပညာသင်နေတာ"

"အေး အဲဒါဆိုလည်း ပညာကိုကောင်းကောင်းသင်ပေါ့ကွ၊ မင်းတို့ဘာလိုတယ်ဆို လိုတယ်၊ ညာလိုတယ်ဆိုလိုတယ်၊ ဖြစ်အောင် ဖြည့်ဆည်းပံ့ပိုးပေးနေတာပဲ၊ မေမေ့ကိုတော့ စိတ်ဆင်းရဲအောင် မလုပ် ကြပါနဲ့"

"ကျွတ်"

သွားကြားထဲက စိတ်မရှည်သလို ကျွတ်ခနဲ မြည်သံနှင့်အတူ ခေါင်းကိုခါ၍ ညီလတ် အခန်းတွင်းဝင်သွားသည်။ ပမာမခန့် မထီမဲ့မြင် လုပ်ရပ်မှ လက်သီးဆုပ်က တင်းခနဲ ဖြစ်သွားပေမယ့် မေမေ့ကိုငဲ့ကာ သက်ပြင်းပူတွေအဖြစ် ပြောင်းလဲသွား၏။

"သား"

"သား ဘာမှမဖြစ်ပါဘူး မေမေ၊ ညီလတ် ဒီလို ဆက်ဆံသွား သို့လည်း သား မငြိုငြင်ပါဘူး၊ မေမေသာ စိတ်ထဲမှာ ဘာမှ ခံစားမနေ ပါနဲ့"

"ကျေးဇူးတင်ပါတယ် သားရယ်၊ ဒါနဲ့ သား မိုနာတို့အိမ်က ပြန်လာတာ မြန်လှချည်လား၊ မိုနာနဲ့ မတွေ့ခဲ့ဘူးလား သား"

"တွေ့ခဲ့ပါတယ်၊ ကြာကြာ မနေချင်လို့ ပြန်လာတာ"

"ဘာဖြစ်လို့လဲ သား"

"ဘာမှမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆက်တီခုံကို ကျောကပ်မှီထိုင်ရင်း ပြောတော့ လေသံတွေပါ လျော့ကျအားနည်းသွားသည့်ထင်၏။ မေမေ မျက်နှာနှစ်ခု အနည်းငယ် တွန့်ချိုးသွားကာ

"မိုနာက ညဘက်ကြီး မလာစေချင်ဘူးလို့ ပြောလိုက်လို့လား"

"မဟုတ်ပါဘူး မေမေရယ်၊ စိတ်ထဲမထားပါနဲ့၊ မေမေ အိပ်တော့နော်၊ သားလည်း မနက်ဖြန် မြေပိုင်ရှင်တစ်ယောက်နဲ့ ချိန်းထားလို့ သန်လျင်ဘက်သွားရဦးမယ်"

"အင်း ဒါဆို သားလည်း အိပ်ရာဝင်တော့လေ"

"ဟုတ်ကဲ့"

မေမေ့ရှေ့က အရင်ထ၍ အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ ဒီနေ့ တစ်နေ့လုံး စိတ်တိုင်းမကျစရာတွေချည်း ကြုံတွေ့နေရတာလည်း သူ့ဘက်က လိုအပ်ချက် ချွတ်ယွင်းချက်တွေ ရှိနေလို့ပဲလား။

ရင်ထဲမှာ တင်းကျပ်လှောင်ပိတ်နေသလိုဖြင့် တကယ်တမ်းတော့ ဟာလာဟင်းလင်းပြင်။

■ ■ ■





## အခန်း (၆)

"အတိုးအလျှော့တော့ ဘယ်လိုမှမလုပ်နိုင်ဘူး၊ ကြိုက်ဈေး ခေါ်ထားတယ်ဆိုပေမယ့် မင်းတို့ကိုလည်း ပွဲခပေးရမယ်၊ ဝယ်လက်ကို လည်း ဈေးလျှော့ရဦးမယ်ဆိုတာ မဖြစ်သင့်တာပဲ၊ မင်းတို့ တကယ် အလုပ်ဖြစ်ချင်ရင် မင်းတို့ပွဲခ လျှော့ယူလိုက်"

"ဟာ အဲလိုလုပ်လို့တော့ ဘယ်ဖြစ်မှာလဲ ဦးလေးရယ်၊ ကျွန်တော်တို့ရတာ နှစ်ပဲခြောက်ပြားပါ၊ ဦးလေးတို့ အရောင်းအဝယ်ဖြစ်အောင် လို့ ဟိုဘက်ကို အစားအသောက် ကုန်ကျစရိတ်တင် မနည်းမနော ပုံထားရတာပါ၊ အခု ဈေးတည့်ပြီးမှ ဦးလေးက ဒီလောက်တော့ လိုချင်တယ်၊ တိုးပေးပါဆိုပြီး ဖြစ်သွားတာလေ၊ မြေရောင်းတယ်၊ အဆောက်အဦး ရောင်းတယ်ဆိုတာ လုပ်ငန်းကြီးလုပ်နေတာပါ၊ ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောလို့တော့ ဘယ်ဖြစ်မှာလဲ ဦးလေးရယ်"

"အေး အဲဒါဆိုလည်း ငါ့မြေကို ငါ မရောင်းတော့ဘူး။ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ချင်လဲ''

မျက်နှာချင်းဆိုင် ရင့်ကြော့ကြော့နှင့် စိန်ခေါ်ခံရတော့ ရင်ဘတ်ကြီးရော လက်သီးဆုပ်ရော တင်းခနဲ ဖြစ်သွား၏။ ဒါပေမဲ့ ပွဲစားပီပီ မျက်နှာကအပြုံးတုကိုတော့ အလွယ်တကူ ခွာချဖို့ စိတ်မကူးဖြစ်။

ရှူးခနဲ အသံဖြင့် ဒေါသအလျှောက် မြန်းခနဲ ထရပ်လိုက်သော အာကာအောင် လက်ကို တင်းတင်းလေးဆွဲ၍ ပြန်ထိုင်နိုင်းလိုက်ကာ

''ဦးလေးရယ် ဟိုဘက်ဒီဘက် ကတိတွေနဲ့ စကားတွေ ကျွံပြီးမှ ညှိနှိုင်းမှုမရှိ လွှတ်ချတာတော့ မကောင်းပါဘူး။ အရင်ပြောထားတဲ့ သိန်းရှင်ရာထက် ဦးလေးကို ပိုးပေးမယ့်သူ ရှိနေလို့လား ခင်ဗျာ ကျွန်တော်တို့က ဦးလေးကို ဒီဘက်ပေါက်ဈေးထက် အမြင့်ဈေးရအောင် တင်ပေးထားတာပါ''

''ဒီမှာ ငါ့တူတို့ ဦးပိုင်တဲ့မြေကို ဦးရောင်းချင်တဲ့သူကို ရောင်းမယ်၊ မရောင်းချင်ရင် မရောင်းဘူး။ အေး အခု မင်းတို့ သိန်းတစ်ထောင် တိုးပေးတောင် မရောင်းတော့ဘူးကွာ''

''ဗျာ ဟာ ဦး အဲဒါတော့ လွန်သွားပြီ အစကတော့ ငွေအရမ်းလိုလို့ အမြန်ထုတ်ပေးပါဆို၊ ကျွန်တော်တို့က ကြေးအများဆုံးပေးနိုင်မယ့် ဝယ်လက်ကို ရှာပေးထားတာပါ၊ ဒီနေ့ဈေးဖြတ်ပြီး စရံသတ်ဖို့လည်း ပြောလိုက်ပြီးသား။ ဦးလေးနဲ့ ညှိနှိုင်းပြီးဈေးပြတ်တာနဲ့ သူ့ကိုဖုန်းဆက်လိုက်ရင် ငွေလာချတော့မှာ''

''အလုပ်မဖြစ်ဘူးလို့ပဲ သဘောထားတော့ကွာ၊ ဦးလည်း သွား





ရာရှိသေးတယ်''

သွယ်ဝိုက်သလိုနှင့် အတိအလင်း နှင်ထုတ်ခံရတာမို့ သူ့ဘက်က သည်းခံမှုအတိုင်းအတာ ကုန်ဆုံးသွားသည်။

''ဦးလေးရဲ့ ဒီနေရာကို ဘယ်သူက ဈေးပိုပေးတာလဲ၊ ကျွန်တော်တို့ကို ပွင့်ပွင့်လင်းလင်း ပြောပါဦးလေး''

''မင်းတို့ကို အဲဒါ အစီရင်ခံစရာလား။ ဘယ်သူကပိုပေးပေး၊ ငါ့ဘာသာ ဘယ်သူ့ကိုရောင်းရောင်းပေါ့ကွ''

''မဟုတ်သေးဘူး၊ ကျွန်တော်တို့ လောကမှာလည်း လူ့စည်းဘီးလူးစည်းဆိုတာ ရှိပါတယ်၊ သူများစားပေါက်ပိတ်တာ ထမင်းလုပ်ဖုတ်ချတာမျိုး လုပ်လို့မရပါဘူး''

''ကြီးကျယ်လိုက်ကွာ၊ မင်းတို့ပွဲစားတွေ ကိုယ့်အတွက် မြိုးမြိုးမြက်မြက်ကျန်အောင် လေနဲ့လုပ်စားနေကြတာ လျှင်တဲ့သူက ဦးအောင်စည်းကျော်နေတာ အပိုတွေမပြောပါနဲ့''

''ဟုတ်ပါပြီ ဦးလေး ဘယ်လိုပဲထင်ထင်ပါ ဟိုဘက်က ဘယ်လောက်ပိုပေးလို့ ဦးလေးဒီလို ခါးခါးသီးသီး ငြင်းဆန်ရတယ်ဆိုတာလောက်တော့ ပြောပေးပါ''

''ဟား တော်တော်ခေတ်တဲ့ကောင်တွေ ကိုယ့်ပစ္စည်းနဲ့ကိုယ်တောင် ဇာလားဆောလေး လုပ်နေတယ်၊ မင်းတို့သိချင်သလောက် မသိရနိုင်ပေမယ့် ငါပြောတာကို သေချာနားထောင်၊ အဲဒီဘက်က မင်းတို့ပေးနိုင်တဲ့ ဈေးထက် နှစ်ဆယ်ရာခိုင်နှုန်း တိုးပေးမယ်ဆိုလား၊ ရှစ်ရာဆိုရင် သူ့ဘာစ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပေးမယ်၊ တစ်ထောင်ဆိုရင် ထောင့်နှစ်ရာ မင်းတို့က ထောင့်နှ
ရာဆိုရင်''

''တော်တော် ဒါပေါက်ဈေးလည်းပေဟုတ်တဲ့ တမင်သက်သ
ပွဲပျက်အောင် ဖျက်တာ၊ ငွေရှိတဲ့သူတွေ စီးပွားလုပ်နေတာက တို့
လူတန်းစားတွေရဲ့ ထမင်းလုတ်ကို ပုတ်ချနေတာနဲ့ အတူတူပဲ၊ တော
မကျေနပ်ဘူးကွာ၊ အာကာ အဲဒီလူတယ်ကမ္ဘာကြီး ဘယ်ဆောက်လုပ်
ကလဲ မြေကွက်တွေကို ဈေးကစားနေတဲ့ လုပ်ငန်းရှင်လား သေချာစုံစ
ကွာ တကွေ့ကွေ့ကြုံရင် ပြန်ဖိုက်မယ်''

တစ်ခါမှ မဖြစ်ဘူးသော မခံချင်ဒေါသများဖြင့် လူဆ
ဆတ်တုန်လို့နေသည်။ ဒီနေ့သာ အလုပ်ဖြစ်လိုက်ပါက တစ်ယောက်ဆ
သိန်းဆီဆိုတာ အသာလေး။

ကားပွဲစား ဆိုင်ကယ်ပွဲစားလုပ်တာထက်တော့ ပို၍အလု
ဖြစ်သေးသည်။ အခုတော့ အချိန်တွေငွေတွေ လေတွေ ရင်းနှီးမြှုပ်
ခဲ့တာ အလကားဖြစ်သွား၏။

''စရံချမထားမိတာ တို့ဘက်က တစ်ပန်းရှုံးတာပဲ၊ အဲလိုမှန်း
ကိုယ်နေတဲ့ အိမ်ရောင်းပြီး သိန်းတစ်ရာလောက် စရံထားလိုက်ပါတယ်
ဟိုဘက်က ဈေးပိုပေးပြီး ယူသွားလည်း ကိုယ့်အတွက် မြိုးမြိုးမြက်မြ
အမြတ်စွန်းကျန်ခဲ့မှာ''

''မစားရဝကမန်း ပြောမနေနဲ့တော့ တိုက်စစ်ဆင်ဖို့သ
စဉ်းစားထား၊ အိမ်မှာအဆင်မပြေ ဖြစ်လို့ ငွေလိုတဲ့အချိန်မှာ ပိုပြီးခံ





ခတ်တယ်၊ လုပ်စမ်းကွာ ကိုစိုးကြီးတို့ဆီ လှမ်းချက်ကြည့် ဘယ်သူဖြစ်
နိုင်လဲလို့''

အိမ်ပြန်လမ်းမှာ ဒေါသတွေက တနင့်တပိုး။ ထိုင်လေ့ထိုင်ထ
အိပ့်မရှိသော စားသောက်ဆိုင်ထဲသို့ပင် ဝင်ခဲ့ကြသည်။ ကိုယ်က
အသောက်အစား ကင်းသည်ဆိုပေမယ့် အာကာအောင်က ဘီယာတစ်
ချားတောင် မှာလို့နေ၏။

''ဒီလောက်ကျွတ်လာတာ ချကွာ''

''အား မလုပ်ချင်ဘူး''

''ကျွတ် မိန်းမလိုကျင့်မနေနဲ့ မင်းတင်းလာတယ်မဟုတ်လား၊
အရည်ဖျော်ပစ်လိုက်၊ လန်းသွားရင် ကျွတ်သမျှတွေ ပျောက်သွားလိမ့်
မယ်''

''မလုပ်ပါနဲ့ကွာ အာကာ''

ဂျားထဲကဘီယာတွေက ဖန်ခွက်ထဲရောက်ပြီး သူ့ပါးစပ်ထဲ
လောင်းထည့်ဖို့ အာကာအောင် ဖွတ်တရွတ် ဖြစ်နေ၏။ မထူးတော့ဘူး
ဆိုပြီး နှာခေါင်းကိုပိတ်၊ မျက်လုံးကိုမှိတ်ပြီး ဖန်ခွက်တစ်ဝက်ခန့် မျိုချ
လိုက်၏။

''ဟား ပူပူခါးခါးနဲ့ မင်းဘာတွေအရသာ တွေ့ပြီးနေ့တိုင်း
သုပ်နေလဲ အာကာရာ၊ ခွီးတဲ့ ငါကထန်းရည်ချိုလောက် သောက်ဖူးတာ''

''ယောက်ျားပဲ အယ်လ်ကိုဟောလ် အနည်းအများ ညှိမနေနဲ့
ဒီထဲမှာထွက်ပေါက်တွေရှိတယ်၊ စိတ်ခတ်ကျမနေနဲ့ နောက်ထပ် တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတာပဲ''

''အချိန်ကွ အချိန်၊ နောက်ဝွင်တစ်ခုရဖို့ အချိန်တွေငွေတွေ ထပ်ရင်းနှီးရဦးမယ်၊ အသေအချာ ပိုက်ရတော့မယ့် ဒငွေတွေလည်း ဆုံးရှုံး သွားတယ်၊ အခုရက်က ငွေတာအားလိုနေတာ၊ အလတ်ကောင်က သူလိုတဲ့ ငွေတမ်ပတ်အတွင်းမရရင် သူ့ခြေထောက်ပေါ် သူရပ်တည်ဖို့ ကျောင်းထွက်မယ်တကဲကဲ၊ အငယ်မကလည်းဆယ်တန်းကို အနီးကပ် ဘော်ဒါတက်ချင်တယ်တဲ့၊ မေမေကလည်း စိတ်ထိခိုက်စရာတွေများလို့ ဆေးခန်းပြပေးရမှ ဖြစ်မှာ''

အာကာအောင် ဘီယာတစ်ခွက်လုံး မော့သောက်ပြီး နှာခေါင်း ရှုံ့၏။ အာကာအောင်လိုပင် သူလည်းထပ်မော့လိုက်သည်။ တစ်ကိုယ်လုံး ရှိန်းတိန်းဖိန်းတိန်းဖြင့် ထူထူပူပူကြီးဖြစ်လာ၏။ လည်ပတ်နေသေ သွေးတွေလည်း ပွက်ပွက်ဆူဝေနေသလိုပင်။ ထိုအချိန်မှာ အာကာအောင် ခါးကြားက ဖုန်းသံမြည်လာသည်။

အာကာအောင်က ဝင်လာသော ဖုန်းမက်ဆေ့ချ်ကို ကြည့်ပြီ

''ကိုစိုးကြီးကွ ဒီစားသောက်ဆိုင်ကစောင့်နေ သူဝင်လာခဲ့မယ် တဲ့''

''ပြီးရော ဒါဆိုငါတော်ပြီ တော်ကြာစကားပြောနိုင်ဘဲ ဖြစ်နေဦး မယ်''

အာကာအောင် သဘောပေါက်သလို ခေါင်းညိတ်၏။ အပြေ ပန်းကန် သူ့ရှေ့တိုးပေးပြီး





''မတရားလုပ်ခံရတယ်လို့ တွေးပြီး မင်း မခံမရပ်နိုင်ဖြစ်နေ တယ် မဟုတ်လား''

''ဘယ်လောက် အကောင်ကြီးကြီး လက်တုံ့ပြန်ချင်နေတာ''

''မင်းမှာ ဘာအင်အားရှိလို့လဲ''

''ကိုစိုးကြီး ရှိနေတာပဲ၊ ဖိုက်လို့ရအောင် နည်းလမ်းရှာမယ်''

''ဆင်ကျိုစားရာ ဆိတ်မခံနိုင်ဖြစ်မနေပါနဲ့ကွာ၊ ကိုစိုးကြီးက လည်း အမြဲတမ်းတို့အပေါ်က တစ်ကွက်ကျော်ရိုက်နေတာပါ''

''သူက နောက်ခံကောင်းတယ်လေ၊ ဝယ်လက်ကောင်းကောင်း ရှာပေးနိုင်တယ်၊ ဝွင်တည်ပေးနိုင်တယ်၊ သူ့ကိုဖြုတ်ချလိုက်ရင် ငါတို့ ခံသွားရမှာပေါ့၊ လှေကြီးပေါ် လှေငယ်တင်ပြီး လိုက်ခွင့်ပေးနေတာပဲ အာဖူးတင်''

''မင်းအပေါ် သပ်သပ်ကောင်းထားတာရှိလို့လား၊ ငွေနဲ့ပတ် သက်ရင် ကိုစိုးကြီးလည်း ညှာတာတတ်တဲ့လူ မဟုတ်ပါဘူး၊ သူ့အတွက် အဆင်မပြေရင် သွားကြားထိုးတံတောင် ရက်ရောတဲ့သူမဟုတ်ဘူး''

အာကာ ပြောတာလည်း မှန်နေသည်မို့ ခေါင်းညိတ်ထောက်ခံ လိုက်ရသော်လည်း

''သူလည်း သူ့အလုပ်သူ လုပ်နေတာပဲ၊ သူက ဒီလောကမှာ ခိုင်ခိုင်သမ္မာရင့် ဘယ်လိုလူမျိုးကို ဘယ်လိုချုပ်ရမယ်ဆိုတာ အထာသိနေ တဲ့အတွက် ငါတို့ သူ့ကို အားကိုးနေရတာပဲ မဟုတ်လား၊ ရှူး တိုးတိုး ဟိုမှာ ကိုစိုးကြီး ဝင်လာပြီ''



www.burmeseclassic.com

www.burmeseclassic.com



စတိုင်ကျကျ ဟန်းဖုန်းတကားကားဖြင့် မျက်မှန်အမည်းကြီး တပ်ကာ ကိုစိုးကြီး ဝင်လာသည်။ အနားရောက်မှ မျက်မှန်ကိုချွတ်ကာ စားပွဲပေါ်ပစ်တင်၍ ဝင်ထိုင်၏။

သူက အလိုက်တသိပင် ကိုစိုးကြီးအတွက် ဘီယာထည့်ပေး လိုက်ပြီး

"ကိုစိုးကြီး အတွက်ပါ၊ ပေးလိုက်ရတာ စိတ်မကောင်းဘူး ဘယ်သူမသွားတာ ဖြစ်နိုင်လဲ၊ ကိုစိုးကြီး သိလား"

ကိုစိုးကြီးက ဘီယာခွက်ကို ကောက်မော့၍ မျက်နှာကို တင် ဆက်တည်း ရှုံ့ချထားကာ

"မင်းတို့ ဖုန်းလှမ်းဆက်ကတည်းက ငါ သဘောပေါက်လိုက် တယ်"

"ဟင် ကိုစိုးကြီး သိတယ်၊ ဘယ်သူလဲ ဘယ်လုပ်ငန်းရှင်လဲ"

"ဟိုတစ်ခါ ခံလိုက်ရတဲ့ဂွင်ကို သိတယ်မဟုတ်လား။ ဒဂုံတက် မြေကွက်၊ အခု အဆောက်အဦးအကြီးကြီးတောင် ဆောက်ပြီးသွားပြီ ပြီးတော့ လူနေတိုက်ခန်း"

"ဒါဆို ရွှေနန်းတော်ဝင်ပဲပေါ့"

ကိုစိုးကြီးနှုတ်က မဖြေ။ ခေါင်းညိတ်ပြရင်း ဘီယာကောက်သေ ၏။ သူ လက်သီးကို တင်းတင်းဆုပ်လျက် အံကြိတ်တက်ခေါက်မိသည်

"ဒီမိန်းမကြီး ငွေရှိတယ်ဆိုပြီး တော်တော်စည်းကျော်တာ နေရာတကာ လက်တံရှည်ရှည်နဲ့ ဆွဲစိနေတာ၊ အရှုံးအမြတ်လည်းမတွေ





ဲ ကျွန်တော်တို့ တစ်ပိုင်တစ်နိုင် ပွဲစားလေးတွေကို ဖြုတ်ချနေတာ"

"ဒဏ်မခံနိုင်တဲ့သူတွေကို အရည်အချင်းရှိတယ်ဆိုရင် သူ့ က်အောက်မှာ နိုင်းစားဖို့ ဖမ်းဥနေတာလို့လည်း ကြားတယ်"

"တောက် ယောကျ်ားချင်းသာဆို အဲဒီနေရာမှာတင် သူသေ ိုယ်သေ မိုက်ပစ်တယ်"

"နောက်ကြောင်းမအေးဘဲ စကားလုံးတွေ မဖောင်းပွစမ်းပါနဲ့ ာ ပြိုင်ဖိုက်ဖို့ တို့မှာ ဘာအင်အားမှ မရှိဘူး၊ သူ့လက်အောက်ကနေ သာယာယာပဲ လွှပ်ရှားကြမလား။ အဲဒါပဲ စဉ်းစား၊ သူက နိုင်ငံတကာ ှိုင်နိုင်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းကြီး တိုးချဲ့ဖို့အတွက် ပညာရှင်တွေ ောင်းနေတာ"

"တော်စမ်းပါ"

သားဦး တကယ်ကို စိတ်ဆိုးဒေါသထွက်နေသည်။

လက်ထဲရောက်လာတော့မည့် ငွေတွေ လုယူသလိုအဖြစ်မို့ မာန် ာနများက တဖျဉ်းဖျဉ်း ဆူဝေနေ၏။

"ငွေရှိတိုင်း ဒီလိုလုပ်လို့ မရဘူး၊ ကျွန်တော်တို့ကရော သူ ုပ်သမျှ ခံပြီး ငေါ်ပြတ်သေသွားမှာလား၊ တစ်နေ့နေ့ အဲဒီ ဒေါ်မြ ောင်ခြယ်ဆိုတဲ့ မိန်းမကြီးကို ထိပ်တိုက်တွေ့အောင် ကြိုးစားမယ်"

"မင်းက ဘာလုပ်မှာလဲ"

"အပြတ်ကောပစ်မှာပေါ့၊ လိုအပ်ရင် အသက်ချင်းလဲရင် လဲ ပါစေ၊ သူများထမင်းလုပ် ပုတ်ချနေတာ သိအောင်ကို ပြောရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ သူက ငွေရှိလို့လုပ်နေတာ၊ သူ့စီးပွားရေးကို သွားပြီး ပိတ်ပင်လို့ရမလား။ စီးပွားရေးဆိုတာ ငွေနဲ့ပြိုင်ကြတာ၊ အတိုက်အခိုက် အဖျက်ဆိုတာ ရှိမှာပဲ၊ မီးများမီးနိုင်၊ ငွေများငွေနိုင်"

"ကိုကိုးကြီး ခင်ဗျားမှာလည်း နောက်ခံတောင့်တောင့်တင်းတင်း ရှိနေရဲ့နဲ့ ပြိုင်ဖိုက်ရဲတဲ့ အစွမ်းအစ"

"မရှိလို့ မဟုတ်ဘူး၊ ငါ့ရဲ့သူဌေးတွေကလည်း သူတို့အတွက် အကျိုးအမြတ် များများရလို့ ငါ့ကို အသုံးချနေတာ၊ ငါ့အနေနဲ့လည်း သာတဲ့ဘက်ပြေးကပ်ဖို့ အဆင်သင့်ပြင်ထားရမှာပဲ"

"ဘာ ခင်ဗျားဆိုလိုတာက အခြေအနေမကောင်းရင် ဒေါ်မြ ရောင်ခြယ်လက်အောက်မှာ ခေါင်းလျှိုဝင်မယ်ပေါ့"

ကျောကော့သွားကာ တအံ့တသြပင် မေးယူရ၏။ အာကာ အောင်က အေးဆေးငြိမ်နေသလောက် သားဦး ဘီယာဖန်ခွက်ကိုင် အသံမြည်အောင် ဆောင့်ချမိ၏။

ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထား၊ သစ္စာမရှိသည့်သူတွေပါလား

"ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုယ် မရှက်ကြဘူးလား၊ မာနမရှိ ဘူးလား၊ သူက အောင်မြင်တဲ့လုပ်ငန်းရှင်ကြီးဖြစ်ဖို့အတွက် ငါးစာ တာ၊ ခင်ဗျားတို့က သူ့ငါးမြှားချိတ်မှာ အနာခံပြီး သွားဟပ်မလို့လား ကိုယ့်ဘာသာ ကြိုးစားမှ တစ်နေ့မှာ သူတို့လို လုပ်ငန်းရှင်တစ်ယော ဖြစ်လာမှာပေါ့"

"အဲဒီစကားက ပါးစပ်က ပြောထွက်ရတာ အရမ်းအ





ရှိတယ်၊ တကယ့်လက်တွေ့မှာ ငွေအင်အားကြီးတဲ့သူကို ပခုံးချင်းယှဉ် ကြည့်ဖို့တောင် မလွယ်ဘူးကွ၊ လုပ်ငန်းရှင်တိုင်းက ငါတို့လို ငွေအင်အား လိုက်နိုင်တဲ့ ပွဲစားဖွတ်ကျားလေးတွေဆီက သူခိုးလက်က သူဝှက်လု သလို ခေါင်းပုံဖြတ်နေကြတာ၊ ငါတို့ကရော မသိလို့လား၊ လုပ်ကွက်ရှိ ပြီး ငွေမရှိတော့ သူတို့ကို ထိုးအပ်ပြီး မသဒ္ဒါရေစာ လက်ဝါးဖြန့်တောင်း နေရတာပဲ"

"အဲဒါတော့ ဟုတ်တယ် သားဦး၊ သူတို့ကျဉ်လိုက်ရင် ဘယ် လုပ်ကွက်ကို လက်ညှိုးထိုးရောင်းစားပြီး အကျိုးအမြတ်ခံစားမှာလဲ၊ ငွေ ရှိရင် မာနလည်း မထားတာကောင်းတယ်၊ ငွေမရှိရင် ဘယ်သူကမှ လိုပွဲစားတွေကို ယုံကြည်ကြတာမဟုတ်ဘူး၊ အခုကိစ္စမှာပဲကြည့် စရံ နိုင်တဲ့အင်အား မရှိလို့ ကိုကိုးကြီး သူဌေးတွေဆီက ခေါင်းညိတ်တာကို ဆောင့်ရင်းနဲ့ ဟိုက ဖြတ်အုပ်သွားတာကို မအီမလည် ခံလိုက်ရတယ်"

ပြောနေပေမယ့် အာကာအောင်အသံက စိတ်ပျက်ညစ်ညူး သလို အင်အားမဲ့လို့နေသည်။ ဒီကောင်လည်း ကြိတ်မနိုင်ခဲမရ မခံမရပ် ခံစားနေတာ အသိသာကြီးပါ။

သူရော ဘာတတ်နိုင်မှာလဲ၊ ဆန္ဒရှိသလို ဖြစ်ချင်သလိုဖြစ်မလာ တာက ငွေမရှိလို့ပင်။

ဒါဆိုရင် မာနတွေကရော ဘယ်နေရာမှာ အသုံးကျလို့လဲ။

တစ်ခါမှ မမြင်ဘူးသေးသော ဒေါ်မြရောင်ခြယ်ဆိုသည့် မိန်းမ ကို မျက်စိထဲမြင်ယောင်ကာ လက်သီးကို တင်းတင်းဆုပ်လို့ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"မမပုံနာ"

ခေါ်သံလေးကိုကြားရမလား နားစွင့်နေမိပေမယ့် ဟိုနေရ ဒီနေရာက ဖြုန်းခနဲ ပေါ်မလာတော့တာ ဘယ်နှစ်ရက်ရှိသွားပြီလဲ။

လက်ချိုးရေတွက်နေတာမျိုး မဟုတ်ပေမယ့် ခလေ့ထုံးစံလေ ပျက်ကွက်နေတာတော့ ရင်ထဲမကောင်းလှပေ။ အိမ်ကိုလည်း မလာ လမ်းမှာလည်း မတွေ့၊ ရုံးမှာအလုပ်လုပ်ရတာတောင် စိတ်မဖြော ဖြစ်လာတော့ ဒီကောင်လေး နေနိုင်လှချည်လားဟု စိတ်ဆိုးချင်လာသည်

"မိုနာ"

"ဩော် ဆရာ"

ကိုယ့်ရဲ့အထက်အရာရှိမို့ ရိုသေလေးစားစွာ ထိုင်ခုံလေး ကပျာကယာ ထရပ်ပြီးသား ဖြစ်သွားရ၏။ နေဖော်ထက်က လက်ကာ





သူမရှေ့က ထိုင်ခုံမှာဝင်ထိုင်ပြီး

"ကျွန်တော် ခဏထိုင်မယ်၊ အနှောင့်အယှက် မဖြစ်ပါဘူးနော်"

"ဟုတ်ကဲ့ မဖြစ်ပါဘူး ဆရာ"

"မိုနာလည်း ထိုင်ပါ၊ တစ်ခုတောင်းဆိုချင်တယ်၊ တစ်ရုံးတည်း ၌အတူတူလုပ်နေကြတာ ဆရာလို့ မခေါ်ပါနဲ့လား"

"ကိုယ့်ရဲ့အထက်အရာရှိကို ဆရာလို့ မခေါ်လို့ ဘယ်လိုခေါ် ရမလဲ ဆရာ"

"နာမည်ခေါ်တာ ပိုပြီး ရင်းနှီးမလာနိုင်ဘူးလား၊ မိသားစုတွေ လို နွေးထွေးမှုရှိတာ ပကာသနကင်းပါတယ်"

"ဩော် ဟုတ်ကဲ့"

မိုနာ ဘာပြောရမှန်းမသိအောင်ပင် စိတ်ထဲမှာ တစ်မျိုးဖြစ် ...း အထက်အရာရှိ အပြောင်းအလဲမှာ နေဖော်ထက် ရောက်လာက ...က ဒီလို တရင်းတနှီး တစ်ခါမှ စကားမပြောခဲ့ဖူးဘူးထင်သည်။ ...ော်ထက်က တည်တည်ငြိမ်ငြိမ်နှင့် အနေမှန်သည်။ စည်းကမ်းကြီး ...ာ အုပ်ချုပ်မှုကောင်း၏။

အသက်အရွယ်က မိမိထက် သုံးလေးနှစ်သာ ကွာနိုင်သော် ...း ရာထူးတိုးဖြင့် ဒီကိုရောက်လာခဲ့တာ သုံးလဝန်းကျင်လောက်တော့ ...ည်ထင်သည်။ ဘယ်သူနှင့်မှ စကားများများပြောပြီး တရင်းတနှီး ...ဘူးသော နေဖော်ထက်က သူမကို ဘာတွေလာပြောနေတာလဲ။

တစ်ရုံးလုံးက လေးစားရသူမို့ မျက်နှာကိုပင် စေ့စေ့မကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဘူးသေးပါ။ ကွယ်ရာမှာတော့ ကြီးကျယ်သည့်လူ၊ ဘဝင်မြင့်သည့်လူ မျက်နှာကြောတင်းကာ အထာကိုင်သည့်လူဟု တီးတိုးအတင်းတုတ် သည့်အထဲမှာ မိမိလည်းပါသည်။

အခုလည်း တစ်ရုံးလုံးက မျက်လုံးပေါင်းများစွာက နေဇော် ထက်လာထိုင်သော သူ့မစားပွဲဆီမှာ စိတ်ဝင်တစား စပ်စုနေကြသည်

"မိုနာ"

"ရှင် ဆရာ အဲ ကိုနေဇော်ထက်"

"ဟင်း ဟင်း အဲလိုခေါ်တာ ကောင်းတယ်၊ ဆရာဆိုတာထ ပိုပြီး ရင်းနှီးသွားတာပေါ့၊ ဒါနဲ့ ကျွန်တော် လာထိုင်တာ အနှောင့်အယှ မဖြစ်ဘူးဆိုပြီး ဘာလို့ ဘာမှမပြောဘဲ ငြိမ်နေတာလဲ"

"ရှင်"

ရုံးကိစ္စလက်မှတ်ထိုး၊ သူ အစည်းအဝေးလုပ်သည့်အခါ န ထောင်ပေးရုံပဲ ရှိဖူးတာမို့ ဘာတွေပြောရမှန်း မသိတာကို ဘာပြော လဲ၊ သူမမှာတော့ ကွက်ကြည့်ကွက်ကြည့် အတင်းတုတ်နေသည့် ဝန်ထ တချို့ကြောင့် အနေကျပ်ကာ မလုံမလဲ ဖြစ်နေရသည်။ နေဇော်ထက် ဒါကို သဘောမပေါက်စွာဖြင့်

"ဒီကဝန်ထမ်းတွေအားလုံး ကျွန်တော့်အပေါ် အရမ်းသူစိ ဆန်ကြတယ်နော်"

"ကိုနေဇော်ထက်က အနေတည်လွန်းလို့ ရိုသေလေးစားနေ တာပါ"





"ဒါက နားထောင်ကောင်းအောင် ပြောတာမဟုတ်လား၊ ယ်က ရွံကြောက်ကြီးဖြစ်နေကြတာ"

မိုနာ မသိမသာ ပြုံးမိသွား၏။ သူလည်း သူ့ကိုယ်သူ သိနေ ပဲ၊ နေဇော်ထက်က ရှက်ကိုးရှက်ကန်း လိုက်ပြုံးကာ

"ကျွန်တော် ဒီကဝန်ထမ်းတွေနဲ့ ရင်းနှီးအောင် မျက်နှာကို င်ဆုံးပြင်ရမလား၊ ဒင်နာတစ်ပွဲလောက် လိုက်ကျွေးရမလား"

"နှစ်ခုစလုံး တစ်ချိန်တည်းလုပ်နိုင်ရင် ပိုအဆင်ပြေတာပေါ့"

တိုင်ပင်သလို ပြောလာတော့ သူမလည်း ရင်းနှီးစွာပင် ထောက် ဆိုက်၏။ ပိရိသေသပ် ထောင့်ချိုးညီနေသော နေဇော်ထက် နှုတ်ခမ်း ာ အပြုံးများ ပို၍ပီပြင်လာကာ

"အဲလို ပွင့်ပွင့်လင်းလင်း တိုက်တွန်းတာ ကျေးဇူးတင်တယ်၊ န်တော်က အရာရှိတစ်ယောက်ဆိုပြီး ထည်ထည်ဝါဝါ နေချင်လို့မဟုတ် ဘူး၊ နဂိုတည်းက မွေးချင်းမောင်နှမ အခြွေအရံမရှိ တစ်ယောက်တည်း ခဲ့ရတော့ ပြုံးဖို့တောင် မေ့နေခဲ့တာ၊ ဘယ်သူ့ကို ဘယ်လိုဆက်ဆံရ ယ်ဆိုတာလည်း သိပ်မသိဘူး"

"မိဘတွေကလည်း ဒီလိုအနေအေးဆေးသူတွေပဲလား"

"ဆိုပါတော့ ခွေကြီးမျိုးကြီးမို့ ဘုရားထူးခံဘဝနဲ့ နေလာကြ တော့ သူများတွေရဲ့ရိုသေလေးစားမှုတွေရရင်း ဂုဏ်သိက္ခာအကြီးကြီး ည်ထည်ဝါဝါဖြစ်နေကြတယ်၊ အရာထမ်းဝန်ထမ်းမျိုးရိုးမို့ ရာထူးကြီး ကြီးတွေရဲ့ လောင်းရိပ်မိနေတဲ့ ကျွန်တော့်အဖြစ်ကလည်း အထီးကျန်တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောရမလားပဲ''

''ကျွန်မတို့လို လူတန်းစားတွေလောက် ပျော်ရွှင်မှုတွေ မခံစား ရဘူးလို့ ဆိုလိုတာလား''

''ဂုဏ်ဒြပ်တူချင်း ပါတီတွေကျင်းပ၊ နိုက်ကလပ်တွေတက်ကြ တာမျိုးတော့ ရှိပါတယ်၊ ဒါပေမဲ့ ရာထူးဂုဏ်သိမ်တွေကြောင့် ထိန်းချုပ် တာတွေက များလွန်းတယ်၊ ဥပမာပြောရရင် ဝိုင်သောက်ရင်တောင် နှုတ်ခမ်းဖျားလေးနဲ့ ထိကပ်ပြီး ဣန္ဒြေရရ သောက်ရတာမျိုးပေါ့၊ ပါးစပ် လှုပ်ရုံ ခေါင်းတညိတ်ညိတ် နှုတ်ဆက်နေရတာ၊ စားပွဲကျင်းပတဲ့အခါ ပန်းကန်သံဇွန်းသံမကြားအောင် ထိန်းချုပ်နေရတာ၊ ကပွဲကြည့်လို့ ရယ် စရာပါတာတောင် ဣန္ဒြေမဲ့ အသံကျယ်ကျယ်မရယ်ရတာ''

''သြော်''

ရာထူးကြီးခံစားပြီး ဂုဏ်သိက္ခာတွေ ထည့်ဝါပေမယ့် အနေကျပ် အစားကျပ် လွတ်လပ်မှုမရှိပါလားဟု ကိုယ်ချင်းစာမိသွား၏။ ဒါတွေ ဘာကြောင့် ပြောပြနေသလဲဆိုတာတော့ မိုနာ နားမလည်ပါ။

သူမစားပွဲမှာ ကြာကြာထိုင်ပြီး စကားတွေအများကြီး လာပြော နေတာပဲ သူမမှာ အနေခက်နေရသည်။ ကိုယ့်ရဲ့အထက်အရာရှိမို့ ထသွား ရှောင်သွားလို့လည်း မဖြစ်။ သူပြောတာကို နားမထောင်ချင်သလို စိတ် မဝင်စားသလို နေလို့လည်း မဖြစ်။ မျက်လုံးပေါင်းများစွာကြောင့် သက် ပြင်းသာ အသာချမိရင်း

''ဒါက အထက်တန်းစား လူ့ယဉ်ကျေးတွေရဲ့ ကျင့်ဝတ်ပဲလေ





အသိုက်အဝန်းမှာ ပေါက်ဖွားလာရင် ဒီလိုတွေနေရတာ စိတ်ပျက်စရာ မဟုတ်ဘဲ''

''စိတ်မပျက်ပေမယ့် ပတ်ဝန်းကျင်နဲ့ သဟဇာတမဖြစ်ဘူးလေ၊ ကျွန်တော်က နွေးထွေးမှုလိုချင်တယ်၊ မေတ္တာငတ်တယ်''

''ဒါဆို ခုနက ကျွန်မပြောသလို''

''အဲဒီကိစ္စဖြစ်မြောက်အောင် ကျွန်တော် လုပ်မှာပါ၊ ဒီရုံးက ဝန်ထမ်းတွေကိုလည်း ကျွန်တော့်ကို တသီးတသန့် ကြောက်ကြောက်ရွံ့ ရွံ့ကြီး မဆက်ဆံအောင် မိုနာက ကူညီပေးပါ''

''အဲဒါက ကိုနေဖော်ထက်က အမိန့်ကျမယ်ထင်တယ်၊ ဘာ ဆို မှန်တစ်ချပ်ကိုကြည့်သလို ကိုယ်ပေးတဲ့အတိုင်း ပြန်ရမှာလေ၊ ရန်သူ တွေ မဟုတ်ကြပေမယ့် အရိုန်အဝါကိုကြောက်ပြီး ကိုနေဖော်ထက်ဘက်က သိုက်လျောညီထွေ မရှိဘဲ သူတို့ တရင်းတနှီး ဆက်ဆံရဲကြမှာမဟုတ်ဘူး''

''မိုနာပြောတာ ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော့် ဘက်က အရင်ပြောင်းလဲနိုင်အောင် ကြိုးစားမယ်၊ မိုနာကလည်း ကျွန် တော့်ကို အရမ်းကြီး သူစိမ်းမဆန်ပါနဲ့''

ခွေမျိုးတွေမှမဟုတ်တဲ့လို့ ရင်ထဲက စောဒက တက်မိပေမယ့် အလိုက်အထိုက် ခေါင်းညိတ်လက်ခံလိုက်ရသည်။ နေဖော်ထက်က ယော ကျ်ားဆို။ စတစ်လည်ကတုံးတိုက်ပုံအင်္ကျီနှင့်မို့ ရင့်ကျက်သော လူလတ်ပိုင်း ဟု ထင်ရပေမယ့် အသက်က နှစ်ဆယ့်ခြောက် နှစ်ဆယ့်ခုနစ် ဝန်းကျင် လောက်သာရှိပေလိမ့်မည်။ ဘယ်လိုအကြောင်းကြောင့် ရာထူးကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



ရနေသည်ဆိုတာတော့ မသိ။ မိဘအရှိန်အဝါကြောင့်ဆိုလည်း သူ့ဘက်က ကြိုးစားမှုမရှိလျှင် ဖြစ်မှာမဟုတ်။

"ဟိတ် မိုနာ"

"အမလေး"

နေဖော်ထက် ထွက်သွားပြီး အတွေးနယ်ချဲ့၍ ကျန်ခဲ့စဉ်မှာ ရုံးစာရေးမ မကေသီရဲ့ အနားဝင်ထိုင်ကာ ခေါ်လိုက်မှုကြောင့် မိုနာ လန့်ဖျပ်တုန်ဟက်သွားရသည်။

"အပျိုလေး ဘာတွေများတွေးနေလို့ ခေါ်တာတောင် လန့်ဖျပ် သွားရတာလဲ၊ လူပျိုကြီးက ရင်ခုန်အောင် လုပ်သွားလို့မဟုတ်လား"

"အို မဟုတ်ပါဘူး။ မကေသီကလည်း ကိုနေဖော်ထက် တစ်ရုံးလုံးနဲ့ ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေချင်တယ်လို့ ပြောသွားလို့ပါ"

"ကြည့်စမ်း ဆရာ မဟုတ်တော့ဘူး။ ကိုနေဖော်ထက်တဲ့ ဘာတွေနဲ့ နာမည်တောင် ခေါ်လို့ပါလား။ စကားရော့ဖောရော့နဲ့ ဘာတွေ သိမ်းသွင်းသွားတာလဲ၊ မှန်မှန်ပြော"

"ပြော် ဒီက ပြောတာ နားထောင်ပါဆို၊ ဘာမှ မရိုးမသား မဟုတ်ဘူး"

"မရိုးသားဘူးဆိုရင် ဘာလို့ မင်းအနားမှာ တတွတ်တွတ် ထိုင်ပြောနေတာလဲ၊ ငါတို့နဲ့ မတူမတန်လို့လား၊ မင်းကိုပဲ ခင်ချင်တာလား ဒါပေါ့လေ မင်းက ရုပ်ချောချောလှလှ အပျိုလေးစာရင်းဝင်၊ ငါတို့က ရုပ်ဆိုးဆိုး ပုပုအိုင့်အိုင့် အပျိုကြီးစာရင်းဝင်"





"မကေသီ ကဲ"

သူမ စိတ်မရှည်စွာ မကေသီ လက်မောင်းကို ဆွဲလိမ်ပစ်လိုက်ည်း မကေသီ ရှုံ့မဲ့တွန့်လိမ်လျက် ပါးစပ်ပိတ်သွား၏။ ဒီလောက် ပြနေတာတောင် လိုရာဆွဲတွေးနေတာ မျက်စောင်းလည်း ထိုးပစ် လိုက်၏။

"တစ်ရုံးလုံးကို ဒင်နာကျွေးပြီး ရင်းနှီးမှုရအောင်လုပ်ချင်လို့တဲ့ တီးမဆွဲဘူးလား"

"သေချာရင် ရှေ့ဆုံးကပေါ့၊ ဒါနဲ့ ပြောင်းလာခါကစနေ ဒီနေ့ မျက်နှာတည် မျက်နှာထားနဲ့ အထာကိုင်နေပြီး ဒီနေ့မှ ဘယ်လိုဖြစ် တာလဲ"

"အဲဒါတော့ နောက်ကြုံမှပဲ သူ့ကိုမေးကြည့်တော့၊ ဒီမှာတောင် ည့်နေပါတယ်ဆိုမှ"

"အေးဟဲ့ ဒါပေမဲ့ သူ့ဘက်က ပြောင်းလဲလာတာ ဝမ်းသာစရာ အထက်လူကြီးပျော့ပျောင်းမှ တို့တွေ အနေချောင်မှာ၊ မဟုတ်ရင် တောင် ကျယ်ကျယ်မပေါက်ရဲဘူး"

"မကေသီ"

"ဟုတ်တယ်လေ ဘူတွမ်နဲ့မချရဲလို့ ဖွတ်ရွတ်နဲ့ပဲ ပြီးလိုက်ရတာ၊ ပြောင်းလာကတည်းက အခုတော့ လွတ်လွတ်လပ်လပ် ကျယ်ကျယ် ာင်လောင် လွှတ်လို့ရပြီ၊ မောင်မင်းကြီးသား ကျန်းမာပါစေ၊ ချမ်းသာ တူသောအကျိုးရပြီး သူလည်း ကျယ်ကျယ်လောင်လောင် လွှတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါစေ''

မိုနာ ဟန်ဆောင်ဖို့ မေ့လျော့စွာ ဟက်ဟက်ပက်ပက်ပင် ရယ်

လိုက်သည်။ မကေသီက အဲလို ဗရွတ်ရွတ်ငါ ပြောတတ်၍ ရုံးမှာနေရ

ပျင်းစရာတော့ မကောင်းပါ။

ပြောမနာ ဆိုမနာ မိသားစုလိုဖြစ်နေကြ၍ တစ်ယောက်နှင့်တ

ယောက် သံယောဇဉ်လည်း ကြီးကြသည်။

သားဦးကို သတိရသည့်စိတ်လေးတောင် မေ့ပျောက်လုလု

■ ■ ■



## အခန်း (၈)

မေ့လို့မရပေမယ့် စိတ်ကို ထိန်းချုပ်၍ မမမိုနာဆီ မသွားဖြစ်အောင် နေခဲ့မိသည့်ရက်တွေတောင် လက်ချိုးရေတွက်လို့ ရနေပြီဖြစ်၏။ မုန်းလို့မဟုတ်၊ သတိမရလို့မဟုတ်။

လွမ်းတဲ့အခါတွေလည်း ရှိသလို အကျင့်ပါနေသော ခြေလှမ်းတွေက မမမိုနာ ရှိနေမည့်နေရာတွေကို ကျူးကျော်မိသည့်အချိန်တွေလည်း ရှိသည်။ ဒါပေမဲ့ သူ့မှာ လူမြင်တော်အောင် ချက်ချင်းလက်ထပ်နိုင်သည့်အင်အားတွေ မရှိတာကြောင့် စောင့်စည်းနေရတာ စိတ်တော့ ထင်ပန်း၏။

''သားဦး''

''ဟင်''

အာကာအောင် ပခုံးပုတ်ခေါ်တာကြောင့် နောက်လှည့်ကြည့်တာ ဟင်ခနဲထူးလိုက်၏။ ပြီးမှ ခြေလှမ်းဆက်ပြင်တော့ အာကာအောင်



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကိုဆွဲထားပြီး

"အိမ်ဘက်ပဲ ခြေဦးလှည့်နေတာလားဟ၊ မမိုနာ ရုံးဆင်းချိန်နဲ့ ကွက်တိပဲဟာ၊ သွားမကြိုဘူးလား"

"အေး"

"ဘာတွေအုံးစားနေတာလဲ၊ ဟိုနေ့ကကိစ္စ မပြေလည်လို့ အတ မကြေဖြစ်နေတာလား"

သူ ခေါင်းရမ်းမလို ခေါင်းညိတ်မလိုဖြင့် ဘာမှမဖြေဖြစ်။ ထို အချိန်မှာ သူတို့အနီးသို့ အနီရောင်လွင်နေသော ကားတစ်စီးက ကပ်ဖြင် မောင်းသွားပြီး မှန်တွေကာရံထားသော ကော်ဖီဆိုင်ရှေ့ ထိုးရပ်သွား ပြီးတော့ အနက်ရောင်ကြိုးသိုင်း ဒေါက်မြင့်ဖိနပ်လေး စီးထားသော ခြေထောက်လှလှလေး တစ်စုံ။

"ဟာ ရှန်းရှန်းစိုက္ခ၊ ဟော ကားပေါ်က ဆင်းလာတာ သူ့အ ဖြစ်မယ်"

ဖြူဝင်းနေသော အသားအရေက အနက်ရောင်ဖစ်ဆိုက် ကို ကျပ်များဖြင့် သစ်လွင်တောက်ပ ကျော့ရှင်းနေ၏။ အသက်လေးဆယ် ကျော် အမျိုးသမီးကြီးကတော့ ငွေကြေးချမ်းသာကြွယ်ဝသူပီပီ တစ်ကို လုံးမှာ စိန်ရောင်တဖျပ်ဖျပ် လက်လို့။

"ဟိတ်ကောင်တွေ"

"ဟာ ကိုစိုးကြီး ဘယ်လာတာလဲ"

အာရုံက ဆိုင်ထဲဝင်သွားသော ထိုသားအမိဆီမှ ကိုစိုးကြီး





ရောက်သွားကြ၏။

"ဟိုမှာလေ ဒေါ်မြရောင်ခြယ်နဲ့ ချိန်းထားလို့ အချိန်မီလာရ တာ၊ အဘွားကြီးက အချိန်အတိအကျနဲ့ အရမ်းစည်းကမ်းကြီးတာ"

"ဘယ် ဘယ်လို ဟိုကောင်မလေးနဲ့ ဝင်သွားတဲ့ ဘွားတော် ကိုပြောတာလား"

ကိုစိုးကြီး မေးငေါ့ပြရာ လည်လိမ်ကာ လိုက်ကြည့်ပြီးမှ ကပျာ ကယာ မေးခွန်းထုတ်မိ၏။ ကိုစိုးကြီးက သေချာအောင် ခေါင်းညိတ်ပြပြီး

"အဲဒါ ဒေါ်မြရောင်ခြယ် သမီးလေ၊ ရှန်းရှန်းစိုတဲ့၊ မအေတူ သမီး ချောတယ်မဟုတ်လား၊ မော်ဒယ်သင်တန်းတွေဘာတွေတောင် တက်နေတယ်ဆိုလား"

"ကျွန်တော်တို့ ကိုစိုးကြီးနဲ့ အဲဒီဆိုင်ထဲ လိုက်ခဲ့မယ်"

"ဘာ ဟိတ်ကောင်"

သူ့ရဲ့ ရုတ်တရက် ဆုံးဖြတ်မှုအပေါ် အာကာအောင် အံ့အား သင့်ကာ အိတ်ကပ်ကို အထိတ်တလန့် စမ်း၏။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ အဲဒီဆိုင်က ကော်ဖီတစ်ခွက်ကို နှစ်ထောင် သုံးထောင်ရှောင်းတာ၊ မုန့်ပါစားလိုက်ရင် သောင်းဂဏန်းထိမယ်၊ ငါတို့က ရောက်တလော အလုပ်မဖြစ်လို့ ရေပြတ်ပြီး အပြန်လမ်းစရိတ်တောင် မနိုင်နိုင်"

"ကိုစိုးကြီး ရှင်းမှာပေါ့ကွာ၊ လာပါ ကိုစိုးကြီး အကြွေမှတ်



www.burmeseclassic.com

www.burmeseclassic.com



ထားနော်၊ ပွဲဖြစ်ရင် အတိုးပါပေးမယ်''

''အာ ဒီကောင် ဘယ်လိုဖြစ်နေတာလဲ''

သူ ရှေ့ကလျှောက်တော့ ကိုစိုးကြီးနှင့် အာကာအောင် ခေါ်

ကုတ်ဖင်ကုတ်ဖြင့် စိတ်ရှုပ်စွာ နောက်ကလိုက်လာကြ၏။ ဆိုင်အဝင်

သူ ခြေလှမ်းတွေ တုံ့ခနဲ ရပ်တော့ ကိုစိုးကြီးတို့လည်း ရပ်သွားကြသည်

''ဘာလဲဟ''

''အာကာ ငါ ရွှန်းရွှန်းစိုကို စိတ်ဝင်စားသွားပြီ''

''ဘာ''

''ဟုတ်တယ် ဟိုတစ်ခါ ငါ့ကို ဖမ်းဥထားလိုက်ပါလားလို့

ပြောဖူးတယ်နော်၊ ရေလှုံ့တဲ့အသိုက်အဝန်းကဆိုပြီး တိုက်တွန်းဖူးတယ်

''အေး ဟုတ်ပါတယ် အဲဒီတုန်းက''

''အဲဒီတုန်းက စိတ်မဝင်စားဘူး။ ဒါပေမဲ့ အခု ဒေါ်မြ

ခြယ်သမီးဖြစ်နေလို့''

''ဟင် သားဦး မင်း''

''မင်း ပြောတုန်းက သူ့အမေက ကုန်သည်ပွဲစားအ

လောက်ပဲရှိတာ၊ အခုက တို့လုပ်ကွက်တွေကိုတောင် အပိုင်ကျုံး

နိုင်အောင် ချမ်းသာမှန်း သိသွားပြီ ဟင်း ဟင်း''

''သားဦး မင်း ဒေါ်မြရောင်ခြယ်ကို မကျေနပ်တာနဲ့ ဘာ

ကြံစည်မလို့လဲ''

အာကာအောင် အထိတ်တလန့် မေးပေမယ့် ကိုစိုး





သဘောပေါက်သလို ပြုံးစိစိ။ အာကာအောင်ကိုလည်း မေးငေါ့လိုက်ကာ

''ဒီကောင်ကို မင်းပညာတွေ သင်ပေးလိုက်တော့ အာကာ၊

ဒေါ်မြရောင်ခြယ်ကို မကျေနပ်တာနဲ့ သူ့သမီးကို ဆွဲစိတော့မယ် ထင်

ယ်၊ ဟုတ်တယ်မဟုတ်လား သားဦး''

''ကောင်မလေးကလည်း ချောပါတယ်၊ အရှုံးမရှိပါဘူး။ သား

အိုးထမ်းလာတာဖြစ်ဖြစ် မုတ်ဆိတ်ပျားစွဲတာပဲဖြစ်ဖြစ် ကြိုက်သလို

ဆလို့ရတယ်''

''ရည်ရွယ်ချက် ကောင်းပါတယ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်

ဒေါ်မြရောင်ခြယ်ကို လက်စားချေခွင့်ရမယ်၊ သူ့ငွေသမက်လည်း

မယ်၊ ဒါနဲ့ မင်းမမိုနာကို ဘယ်လိုလုပ်မှာလဲ''

သူ တစ်ချက်ငိုင်သွားသော်လည်း ပေါ့ပေါ့ပါးပါးပင် ပြုံးလိုက်

ည်။

''အဲဒီအကြောင်းကို နောက်မှစုံစမ်းမယ်၊ အခု ကိုစိုးကြီးက

တော့်ကို ဒေါ်မြရောင်ခြယ်နဲ့ မိတ်ဆက်ပေး။ သာသာထိုးထိုးလေး

အညှိအချင်းတွေကို ဒေါ်မြရောင်ခြယ် စိတ်ဝင်စားလောက်အောင်

ရောင်တင်ပေးဗျာ၊ ကျေးဇူးမမေ့ပါဘူး''

''အိုကေ''

လက်ဝါးခြင်းရိုက်ကာ ဆိုင်ထဲဝင်လာခဲ့ကြ၏။ ကိုစိုးကြီးက

မြရောင်ခြယ်တို့သားအမိ ထိုင်နေသော စားပွဲဝိုင်းရှိရာ ဦးဆောင်

သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ"

"ပြော် အေး"

"သူငယ်ချင်းတွေကို ဝင်ခေါ်နေတာနဲ့ ကျွန်တော် နည်းနည်း နောက်ကျသွားတယ်၊ ဟို ဒီလိုပါ ဒီသူငယ်ချင်းက သားဦးပါ အန်တီ သူက ပုဂံဘက်က ဟိုတယ်ဆောက်လို့ အဆင်ပြေမယ့် မြေကွက်တွေ ရထားလို့"

"ပြော် ထိုင်ကြလေ၊ ဘာစားမလဲ၊ ဘာသောက်မလဲ၊ မှာ အန်တီက ပုဂံကမြေကွက်တွေကို အရမ်းစိတ်ဝင်စားနေတာ"

တည်တင်းမအေးစက်နေသော မျက်နှာက ချက်ချင်းပင် အ ရောင်ပြောင်းသွား၏။ ရွှန်းရွှန်းစို ဆိုသော ကောင်မလေးရဲ့နှုတ်ခမ်းဖူး လေးကလည်း သူတို့ဝင်ထိုင်တာကို အသိအမှတ်ပြုသလို ပြုံးယော ယောင်။

အာကာအောင်က ကော်ဖီတွေ မုန့်တွေ စိတ်ကြိုက်မှာ၍ ဆွဲ ဒေါ်မြရောင်ခြယ်က မျှော်လင့်ချက်များဖြင့် မိတ်ဖြစ်ဆွေဖြစ် ကျေး ညှော်ခံတော့မည် မဟုတ်လား။ သူကတော့ အငမ်းမရ ပုံစံမဖြစ်အော ဣန္ဒြေရစွာ တည်ငြိမ်စွာပင် နေလိုက်၏။

ကိုစိုးကြီး ပြောသော ပုဂံက မြေကွက်ဆိုတာ သူ အ ကြားဖူးတာ။ ဒါပေမဲ့ ကိုစိုးကြီး ခင်းသော အကွက်ပေါ် သူ အလိုက် နင်းလျှောက်ဖို့တော့ နည်းပရိယာယ်တွေ နားလည်နေသည်။

"မင်း ရထားတယ်ဆိုတာ ဘယ်လိုမြေကွက်အမျိုးအစာ





ဟိုတယ်ဆောက်ဖို့ အဆင်ပြေပါ့မလား"

"ဟုတ်ကဲ့ ကျွှင်းတောင်ဘက်မှာလည်း ရှိတယ်၊ မြင်ကပါမှာ လည်း တစ်ကွက်တွေ့ထားပါတယ်၊ အန်တီ စိတ်ဝင်စားကယ်ဆိုရင် ကျွန်တော် လှမ်းချုပ်ထားလိုက်ပါ့မယ်၊ အရောင်းအဝယ်ကတော့ အရှင် နော် အန်တီ၊ အဲဒီဘက်မှာ ဈေးမြောက်သလို ဝယ်မယ့်သူတွေကလည်း ရှု့ထက်ငါ ဈေးပိုပေးပြီး အပြိုင်အဆိုင်ဖြစ်နေကြတာ"

"သဘောပေါက်တယ်၊ စီးပွားရေးမှာ လက်ဦးမှုမယူနိုင်ရင် နောက်ကျကျန်ခဲ့မှာပေါ့၊ အန်တီတောင် သုံးလေးကြိမ်မက ခံခဲ့ရပြီးမှ နားလည်လာတာ၊ အခုရော မင်းတို့က အန်တီ့အတွက် စေတနာနဲ့ ညှပ်ပေးချင်လို့ လာဆက်သွယ်ကြတာလား"

"အကျိုးအမြတ်အတွက် အလုပ်လုပ်နေကြတာပဲ၊ အဆင်ပြေ မယ်ဆိုရင် ပူးပေါင်းကြည့်ချင်ပါတယ် အန်တီ"

ကိုယ့်အတွက် အကျိုးအမြတ်မရှိလျှင် သစ္စာမခံနိုင်ဘူးဆိုတာ ဆိုသာစေလျက် ဒေါ်မြရောင်ခြယ် မျက်ခုံးနှစ်ခု ပင့်တက်သွားတာကို နုံထဲက ကြိတ်ပြုံးလိုက်မိ၏။

တချို့လုပ်ငန်းရှင်ကြီးတွေက အလွယ်တကူ ကတိပေးသစ္စာခံ ချက်ထိုးပင့်ကော်၊ အထက်ဖားအောက်ဖိ လုပ်တတ်တာမျိုး မကြိုက်ဘူး ဆု သူ သိထားသည်။

"မင်း မဆိုးဘူး၊ အန်တီက အန်တီ့အတွက် စေတနာနဲ့လုပ် တာပါ၊ ကျွန်တော်တို့အတွက် သိပ်မကျန်ပါဘူး၊ မရပါဘူး၊ အန်တီ့



www.burmeseclassic.com

www.burmeseclassic.com



ကို အမြတ်အစွန်းရစေချင်လို့ အောင်မြင်စေချင်လို့ပါဆိုတာမျိုးတွေနဲ့ တွင်တွင်ဖားနေတာမျိုးတွေ မကြိုက်ဘူး။ မင်းပြောသလို မင်းတို့အတွက် အကျိုးအမြတ်ရှိမှ ပူးပေါင်းကြည့်ချင်တယ်ဆိုတာ တကယ် လက်တွေ့ ကျကျ အလုပ်လုပ်ချင်တဲ့သူတွေ ရှိသင့်တဲ့မာနပဲ''

''မာနရယ်လို့တော့ မဟုတ်ပါဘူး အန်တီ၊ မိသားစုစားဝတ်နေ ရေးအတွက် တိုက်ပွဲဝင်နေရချိန်မှာ အကျိုးအမြတ် မရှိရင် မှိုခိုနေရတဲ့ သူတွေ ဒုက္ခရောက်သွားမှာပေါ့၊ ဒီမှာ အဆင်မပြေရင် အဆင်ပြေတဲ့ နေရာမှာလုပ်ရမှာပဲ''

''ဒါလည်း မှန်တယ်၊ မင်းကို မှီခိုနေတဲ့သူတွေအတွက် မင်းက မားမားမတ်မတ် ရပ်တည်ရဲတဲ့သတ္တိ ရှိနေမှဖြစ်မှာ၊ ဒါနဲ့မင်းက အိမ် ထောင်နဲ့လား''

''မရှိပါဘူး အန်တီ၊ အဖေဆုံးလို့ မုဆိုးမအမေနဲ့ ညီလေး တစ်ယောက်၊ ညီမလေးတစ်ယောက်ရှိပါတယ်၊ သူတို့က ပညာသင်နေ ကြတုန်းပါ''

''အင်း မင်းမှာတာဝန်တွေ အများကြီးပဲ၊ ကောင်းပြီလေ အန်တီကလည်း အန်တီနဲ့လက်တွဲချင်တဲ့သူတွေကို အရည်အချင်း စစ်ပြီး မှ လက်ခံတတ်တယ်၊ မင်းတို့ ဘယ်နှစ်ခုလောက် လုပ်ပြနိုင်လဲ စောင့် ကြည့်မယ်၊ ကံကောင်းရင် အန်တီ့ရုံးခန်းမှာ ခံစားခွင့်ရှိတဲ့ဝန်ထမ်းအဖြစ် ရွေးချယ်ရမှာပေါ့''

ဒေါ်မြရောင်ခြယ်ကလည်း စီးပွားရေးအမြင်ကျဉ်းသူ တစ် ... တော် မဟုတ်။ သူ့အတွက်လုပ်မပေးနိုင်လျှင် ယုံယုံကြည်ကြည် ပူး ... မှာမဟုတ်ဘူးဆိုတာ သေချာအောင် တပ်လှန့်လိုက်သည်။ ဘာတွေ ... ပြနိုင်မလဲ။

ကိုယ့်ကိုယ်ကိုယ် ပြန်မေးရ၏။ ကိုယ့်မှာငွေကြေးမပြည့်စုံတော့ ... ဟန်မှုမရှိတာ။

လက်တွေ့ကျကျ ကတိပေးဖို့ ခဲယဉ်းနေသည်။ ဒေါ်မြရောင် ... က အခုမှ ကိုစိုးကြီးဘက်လှည့်ကာ

''မင်းတွေ့ပေးမယ်ဆိုတာ သူတို့နှစ်ယောက်လား''

''မဟုတ်ပါဘူး အန်တီ၊ နိုင်ငံခြားသား လုပ်ငန်းရှင်နှစ်ယောက် ... ဟိုတယ် သီးသန့်ခန်းထဲမှာ ဘွတ်ကင်လုပ်ထားပါတယ်၊ အန်တီ့ ... ကို ခေါ်လာရင် တခြားလုပ်ငန်းရှင်တွေ သတင်းရသွားမှာစိုးလို့ပါ၊ သူတို့က မြန်မာပြည်က အိမ်ခြံမြေဈေးကွက်မှာ ရင်းနှီးမြှုပ်နှံမယ့်သူတွေ ... တော့ စက်မှုဇုန်တည်ဆောက်ဖို့လည်း စိတ်ဝင်စားတယ်''

''တန်ဖိုးမဖြတ်နိုင်တဲ့ မင်္ဂလာသတင်းပဲ၊ ကျေးဇူးတင်တယ်၊ ... အတွက် မြိုးမြိုးမြက်မြက် အကျိုးရှိအောင် အန်တီပေးမှာ''

''ဟုတ်ကဲ့ ချိန်းထားတဲ့အချိန်ပဲ အန်တီ၊ သူတို့ ရောက်လောက် ... သွားကြမလား''

''သွားတာပေါ့၊ သမီး ဒီမှာနေခဲ့နော်၊ မာမီ ဆွေးနွေးတိုင်ပင် ... ခဏလေးနဲ့ ပြန်လာမယ်၊ ညှော် မင်းတို့ မပြန်ကြသေးဘူးမဟုတ် ... သမီးကို အဖော်လုပ်ပေးလိုက်ပါဦး''







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျ၊ အန်တီ့လုပ်ငန်းတွေ အောင်မြင်ပါစေ"

အာကာအောင်က နှုတ်သွက်လျှာသွက် အခုမှ စကားဝင်ပြော

၏။ အကောင်းဆုံးအခြေအနေတစ်ခုနှင့် ကျန်ခဲ့ချိန်မှာ ရွှန်းရွှန်းစို ဆိုသော

ကောင်မလေးကို စေ့စေ့စူးစူးပင် တမေ့တမော ငေးကြည့်လိုက်၏။ ရွှ

ရောင်လို ဝင်းဝါတောက်ပနေသော သူမရဲ့အလှက သူ့ရဲ့နှလုံးသား

တည့်တည့်ကို သိမ့်သိမ့်လေး လှုပ်ခတ်စေလျက်..။

■ ■ ■



အခန်း (၉)

"သားဦးပါ"

"မီးက ရွှန်းရွှန်းစိုပါ၊ ဟို သူ့ကို မြင်ဖူးသလိုပဲ"

အာကာအောင်ကို မေးငေါ့ပြလျက် ပြောတော့ အာကာအောင်

က အံ့ဩဟန်မပြဘဲ

"မိုးမိုးအစ်မ မင်္ဂလာဆောင် လာတုန်းက ကျွန်တော့်ကို မိုးမိုး

က ရွှန်းရွှန်းစိုနဲ့ မိတ်ဆက်ပေးဖူးတယ်လေ"

"ဪ ဟုတ်ကဲ့၊ မီးက အဲဒါကို အမှတ်တမဲ့ဖြစ်နေတာ၊ မြင်ဖူးသလို ဖြစ်နေပေမယ့် ဘယ်မှာမြင်ဖူးမှန်းလည်းမသိဘူး၊ ဆောရီး

နော်"

"ရပါတယ် ခင်ဗျ၊ ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ ကျွန်တော်ကတော့ ရွှန်းစိုရဲ့ ထင်ပေါ်တဲ့အလှကြောင့် မှတ်မှတ်ထင်ထင် သတိထားမိနေ

တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြှောက်ပင့်နေပြန်ပြီ၊ အဲလိုမပြောလည်း အခု စားသော
ထားတာတွေ မာမီက ရှင်းပေးမှာပါ"

အာကာအောင် စကားကို ရှက်ကိုးရှက်ကန်း ဖြစ်မသွား
ရွှန်းရွှန်း အတည်ပေါက်နှင့် ပြန်နောက်၏။

"ဒါနဲ့ မိုးမိုး မိတ်ဆက်ပေးတုန်းက သူ့ကို ပရိုပိုစ်လုပ်ထ
တယ်လို့ ပြောသလားလို့၊ အခု အဆင်ပြေကြတယ်မဟုတ်လား"

"ဟုတ်ကဲ့ နည်းနည်းတော့ သူ့မိဘတွေဘက်က ကန့်သ
ချက်တွေ ရှိနေတယ်၊ ကျွန်တော် ဒီလို ပွဲစားအလုပ်လုပ်နေတာ
မကြိုက်ဘူး။ အတည်တကျလုပ်ငန်းတစ်ခုလုပ်မှ တင့်တောင်းတင့်တ
ဖြစ်မှာတဲ့၊ အဲဒါကြောင့် ကျွန်တော်လည်း ငွေစုနေတာ"

"ဪ ရှင်လည်းပွဲစားလုပ်တာပဲလား။ သူကရော"

"အတူတူပဲ၊ သူငယ်ချင်းတွေ"

"ဪ စကားနည်းတယ်နော်"

"မနည်းပါဘူး၊ မရင်းနှီးသေးလို့ပါ၊ ကြာကြာပေါင်းကြည့်
ကျွန်တော် စကားများလို့ အမြင်ကတ်လာလိမ့်မယ်"

"အဲလိုလား။ အခုကြည့်တော့လည်း မထင်ရဘူး"

သူမ ရွှတ်နောက်နောက် ပြောနေသော်လည်း သားဦးဆို
လူက နှုတ်ခမ်းလေးလှုပ်ခတ်၍ ပြုံးရုံသာ ပြုံးသည်။ ဟက်ဟက်
ပက်ပြုံးဖို့တောင် ဒီလူ တွန့်တိုလှချည်လား။ သူမကို ကြည့်သော မျက်
များကတော့ ရွှန်းစိုတောက်ပလို့ပါ။





တစ်စုံတစ်ရာ ညှို့ငင်မှုများ ပျော်ဝင်နေသလို ဘာကို အဓိပ္ပါယ်
ဆောင်နေသလဲဆိုတာ သိကျွမ်းမှုအစမို့ ခန့်မှန်းလို့လည်းမရ။ ကော်ဖီ
ခွက်ကို နှုတ်ခမ်းဖျားနှင့် တို့ထိသောက်လိုက်၊ ပြန်ချထားလိုက်လုပ်နေ
သကိုက စတိုင်ကျနေသလိုလို။

"ကျောင်းပြီးသွားပြီလားဟင်"

စကားစရှာကာ သူမမေးတော့ မတုန်မလှုပ် ခပ်လေးလေးပင်
ခေါင်းရမ်းပြပြီး

"အငယ်တွေရဲ့ ပညာရေးကို ဦးစားပေးပြီး ကျွန်တော်ကျောင်း
ထွက်လိုက်ရတယ်၊ ဖေဖေဆုံးတော့ မိသားစုတာဝန်တွေက ကျွန်တော့်
ခေါင်းပေါ် အားလုံးရောက်လာတာပေါ့၊ အဲဒီတော့ ကျွန်တော်လည်း ကြုံရာ
လုပ်ငန်းလုပ်စားနေရတာ"

"ဒါလည်း တာဝန်သိစိတ်ကြောင့်ပါ၊ မသိတဲ့သူဆို တာဝန်ယူ
စိတ်လည်းမရှိဘဲ မိသားစုကို ဥပေက္ခာပြုနေတဲ့သူတွေလည်း ဒုနဲ့ဒေးပါ"

"ရွှန်းရွှန်းစိုလို မိန်းကလေးက ဘဝစကားတွေ မပြောတတ်
ဘူထင်တာ"

"အခုလည်း နားလည်လို့ ပြောနေတာ မဟုတ်ပါဘူး၊ ကြားဖူး
နားဝနဲ့ ရမ်းအုပ်နေတာ၊ ဒက်ထိပဲမဟုတ်လား"

အင်းဟု သူ စိတ်ပါလက်ပါ ခေါင်းညိတ်ပြမိ၏။ ချမ်းသာကြွယ်ဝ
သော အတန်းအစားကဆိုပေမယ့် ရွှန်းရွှန်းစိုက ပေါ့ပျက်ပျက် စရိုက်
တော့ မရှိပေ။ အရာရာ အလေးအနက်ဟန် မတွေ့ရပေမယ့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းလေးတွေကတော့ ဖြူစင်ရှိုးသားဟန်တွေအပြည့်။

ဒေါ်မြရောင်ခြယ်ကို မကျေနပ်နိုင်သမျှ ဒီကောင်မလေးကို အသုံးချရမှာတော့ အားနာစရာကောင်းတော့မည် ထင်သည်။

"မင်းအခု ဘာသင်တန်းတွေ တက်နေလဲ"

"ကွန်ပျူတာနဲ့ ကျောင်းပြီးလို့ အခု ဘာသာစကားနှစ်မျိုး ထပ်တက်နေတယ်"

"မင်းအမေ အလုပ်တွေ ဝါသနာမပါဘူးလား"

"ဝါသနာမပါဘူး။ ဒါပေမဲ့ အဆောက်အဦးဆောက်တဲ့အခါတော့ လိုအပ်ရင် ဒီဇိုင်းကူဆွဲပေးပါတယ်၊ ခေတ်လူငယ်ရဲ့အတွေးအမြင်က ပိုပြီးဖေါ်ပါက်တယ်လေ"

"အဖေက မရှိတော့ဘူးလား"

"သင်္ဘောနဲ့ကမ္ဘာပတ်နေတာ၊ တစ်နှစ်တစ်ခေါက်၊ တစ်ခါတ လေလည်း နှစ်နှစ်သုံးနှစ်လောက်ရှိမှ တစ်ခေါက်ပြန်လာတယ်၊ မိသား နဲ့အတူနေရတာ နည်းတယ်၊ တစ်အိမ်လုံးမှာ အိမ်အကူအလုပ်သမာ တွေကလွဲရင် မီနဲ့မာမီ နှစ်ယောက်တည်းရယ်၊ အရမ်းခြောက်သွေ့တာပဲ"

"ချစ်သူတွေဘာတွေရှိရင် လက်ထပ်လိုက်ပေါ့၊ အဲဒါဆို ပျော် စရာကောင်းသွားမှာ"

သက်ဆိုင်သူရှိနေမလားဟု သွေးတိုးစမ်းသော သူ့ရဲ့မေးခွန်း မှာ သူမက ရယ်စရာမပါဘဲ ဟွန့်ခနဲ တစ်ချက်ရယ်၏။

"မီက လက်ထပ်ဖို့မပြောနဲ့ အပျော်ရည်းစားတောင် မထား





အိမ်ထောင်ကျတဲ့ သူငယ်ချင်းတွေရဲ့အဆင်မပြေမှုတွေကို မြင် လန့်နေလို့လေ"

"တကယ့်အချစ်စစ်နဲ့ မတွေ့ဖူးသေးလို့ပါ၊ တွေ့များတွေ့ရင် ည်းမကြောက်၊ ဒုက္ခလည်းမကြောက်၊ ပိုးဖလံမျိုး မီးကိုတိုးဆိုတာ ဖြစ်သွားမယ်"

"ဟုတ်လား အဲလို ဖြစ်တတ်တယ်ပေါ့"

ကလေးလို ရိုးရိုးသားသားပင် မျက်လုံးဝိုင်းဝိုင်းလေးနှင့် ပြန် တော့ သူ အသေအချာ ခေါင်းညိတ်ပြလိုက်၏။ သူ့ရဲ့သိမ်းသွင်းမှုတွေ ကောင်မလေး ယုံကြည်မှုဖြစ်မည်။

အချစ်ကို မသိသေးလျှင် သိအောင်သင်ပေးရုံပေါ့။

"မင်းအမေနဲ့မသက်ဆိုင်ဘဲ လမ်းမှာတွေ့ရင်ရော နှုတ်ဆက်လို့ "

"အင်း ရပါတယ်၊ မီးဂျ ခင်တတ်တယ်၊ သံယောဇဉ်ကြီးလွယ် မွေးချင်းမောင်နှမ ပေါ်တော့လေ၊ ဟို သူနဲ့လည်း စကားပြောရတာ ပြေသလိုပဲ"

"အဲဒါ ဒီကောင်က ရွှန်းရွှန်းစိုကို မြင်မြင်ချင်း အရမ်းခင် စကားတွေ ဒီလောက်ပြောနေတာ၊ တစ်ခါတလေ ကျွန်တော်တို့ ချင်းတွေကိုတောင်မှ ဟုတ်တိပတ်တိ စကားပြောချင်မှ ပြောတာ"

"ဩော် အဲဒါဆို မီးက ဂုဏ်ယူရမှာပေါ့နော်"

အာကာအောင်က မိန်းမကျမ်းကျေသူမို့ အတွန်းအပို့ကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနေနဲ့လည်း မမနှင့်အတွေ့အကြုံ ရပြီးသားမို့ မိန်းကလေးတ ယောက်ရဲ့ အကြိုက်ကို အလိုက်အထိုက် ဆက်ဆံရတာ သိပ်မခဲယ လှပေ။ မျက်လုံးများကို ရီဝေစွာ ညို့ငင်ထားပြီး နှုတ်ခမ်းလေး မလှ တလှုပ်ဖြင့် စကားပြောညင်သာ သိမ်မွေ့ခြင်းများဖြင့် ဖြားယောင်း လိုက်၏။ သူမရဲ့ဟန်ပန်အမူအရာလေးများကို ချစ်စရာ မြတ်နိုးစရာ များဟု အာရုံထားကာ

"မီးလို ပြောတတ်တာ တခြားသူတွေနဲ့မတူဘဲ ဆွဲဆော ရှိတယ်၊ အပျော်ရည်းစားတောင် မထားဖူးဘူးလို့ပြောတာ မယုံနိုင်စရာ ပရိုဖို(စ်)လုပ်ပြီး ချည်းကပ်နေတဲ့သူတွေတော့ တောင်လိုပုံနေမှာ

"သိပ်လည်းအထင်မကြီးပါနဲ့ မီးက တစ်ခါငြင်းလိုက်ရင် ဘ သူမှ ဖွဲ့ရှိရှိနဲ့ တောင့်မခံနိုင်ကြဘူး"

"ဟုတ်လား၊ ချစ်စရာ ဒီလောက်ကောင်းတာ၊ ဒီကောင် အရမ်း မိုက်မဲကြတာပဲ၊ ကျွန်တော်သာဆို မင်းကုသထုံး နှလုံး မီးအချစ်ကို မရမချင်း နေရာက မထတော့ဘူးလို့ ပေကပ်နေမှာ"

"ကိုသားဦးကလည်း ဘာတွေပြောနေမှန်း မသိဘူး တက

ဒီတစ်ခါတော့ ရွှန်းရွှန်းစို ရှက်သွားဟန်တူသည်။ သူ့ မောင်းကိုတောင် မမှိတမိ မထိတထိ လှမ်းထုကာ မျက်နှာလေ ပန်းသွေးရောင်ပြေးလျက် ငုံ့ကျသွား၏။

မင်းရင်ကို တည့်တည့်ထိအောင် ပစ်မှာ ရွှန်းရွှန်းစို...။

■ ■ ■



အခန်း (၁၀)

"ထိမနေနဲ့၊ ဟိုမှာ ဟိုကားပေါ် ပါသွားတာ မင်းမမမိုနာ"

"ဟင်"

ချာခနဲ လှည့်လိမ်သွားရင်း အနက်ရောင်ပြောင်လက်နေသည့် ဘီဒီကားပေါ် ပါသွားသော မမမိုနာကို မြင်လိုက်ရသည်။ ခဏချင်းမှာ င် တစ်ကိုယ်လုံး စီးဆင်းလည်ပတ်နေသော သွေးတွေ တဆစ်ဆစ် ဖျင်းဖျင်း ဆူဝေသွား၏။ ကားမောင်းနေသောသူက မမမိုနာနှင့် မတိမ်း သိမ်း။ ပလက်ဖောင်းပေါ် လွယ်အိတ်စလွယ်သိုင်း၍ လျှောက်နေသော သူ့ကို မမမိုနာ မမြင်ဘူးလား။

"ဟိတ်ကောင် အဲဒါ ဘာလဲမသိဘူး အိမ်တက်ကို ရွှေတာနော်၊ ိမ်အပြန်လိုက်ပို့တဲ့အခြေအနေက"

"တော်စမ်းပါ အတွေးက အဆုံးစွန်ပဲ၊ ဘရိတ်အုပ်ထားဦး သွားအလာကျဲပေမယ့် ငါတို့ ပတ်သက်မှုတွေ တရားဝင် မပြတ်သေးဘ



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး''

''လှေနံ့နှစ်ဖက်နင်းမလို့လား''

''ရွှန်းရွှန်းစိုကို ငါ မချစ်တဲ့အတွက် ပြောင်းလဲမှုရှိခဲ့ရင်တောင် အဲဒါ အပြစ်ကျူးလွန်နေတာ မဟုတ်သေးဘူး''

''ကောင်မလေးကို ရောဂါပေးရုံဆိုရင်တော့ အခိုင်အမာ အုတ် မြစ်မချပါနဲ့ကွာ၊ ခြေစုံပစ်ပြီးရွေးလည်း မင်း နစ်နာတာ ဘာမှမရှိပါဘူး''

''မမမိုနာအိမ် ငါလိုက်သွားမယ်''

''ဟ ဘာသွားလုပ်မှာလဲ''

''ဘယ်လို ပတ်သက်တာလဲ သွားမေးရမှာပေါ့''

''ဘလိုင်းကြီးတော့ ရှေ့တည့်တည့်မှာ သွားမခွပ်နဲ့လေ၊ ဒီလူ ပြန်သွားပြီးမှ ရိပ်ဖမ်းသံဖမ်း မေးကြည့်ရုံဆိုတော်သေးတယ်၊ ဘာလဲ သဝန်တိုနေတာလား''

''အရင်တည်းက မမမိုနာ ဘယ်သူနဲ့မှ ပတ်သက်ဖူးတာ မဟုတ် ဘူး၊ ယောက်ျားလေးတွေနဲ့ စကားပြောတာ ငါ မကြိုက်ဘူးဆိုတာ သူ သိတယ်''

''ချုပ်ချယ်ထားတာလား''

''ချစ်သူတွေဖြစ်ပြီးမှ စည်းတစ်ခုအနေနဲ့ ကန့်သတ်ထားတာ ငါလည်း ဘယ်မိန်းကလေးနဲ့မှ ရင်းရင်းနှီးနှီး မနေရဘူး''

အာကာအောင် ဟွန့်ခနဲ သရော်သလို ရယ်၏။ သူ့ရဲ့ခြေလှမ်း တွေကို အမြန်လိုက်ရင်း ပခုံးကနေ ဆွဲလှည့်ပစ်ကာ





''သားဦး မင်း ရှုးရှုးရှားရှားနဲ့ တဖွတ်တိုး သွားပြီး သွေးမဆု ...ပျက်ရင် လက်ကျန်သံယောဇဉ်တွေ ပြတ်တောက်သွားမယ်နော်၊ ...မှာ အမေက မင်းကို ဆင်ခြင်ဖို့ သတိပေးထားတယ် မဟုတ်လား''

သူ တွေခနဲဖြစ်လျက် ခြေလှမ်းတွေ နှေးကျသွား၏။ ဆန္ဒတွေရဲ့ ...တ်မှာ ထိန်းချုပ်ဆင်ခြင်ရမှာတွေက အများအပြား။

''မင်းပြန်တော့ကွာ''

''ဟ ခုနက အိမ်လိုက်ခဲ့ဦးဆို၊ ဒေါ်မြရောင်ခြယ်အတွက် ပုဂံ ...ခြောက်ကိစ္စတွေ''

''ငါ အခု အိမ်မပြန်သေးဘူး''

''ဘာ''

''ငါ ဒီနေ့ မမနဲ့မတွေ့ရရင် ပြိုင်းသွားလိမ့်မယ်၊ ဘာလဲဆိုတာ ... အဖြေရမှဖြစ်မှာ''

''အရက်ဆိုင်မှာ သွားကျိုးမလား''

''အသည်းခွဲခံရတာမှမဟုတ်သေးတာ မလိုသေးပါဘူး၊ မနက် ...ယ်၊ ကိုစိုးကြီးနဲ့ ဆုံနေကျ လက်ဖက်ရည်ဆိုင်ကစောင့်''

''ပြီးရောကွာ''

အာကာအောင် စိတ်ရှုပ်သလို လှည့်ထွက်သွားသည်။ သူက ...တို့အိမ်နားက အုတ်ခုံမှာ ခပ်ပေပေပင် သွားစောင့်နေလိုက်၏။ ...ရှေ့မှာ ရပ်ထားသော မာစီဒီးကားကြီးကို အုတ်ခဲကျိုးများဖြင့် ...တ်အမွှာမွှာ ကွဲကြေအောင် ထုပစ်လိုက်ချင်စိတ်များကို လက်...



www.burmeseclassic.com

www.burmeseclassic.com



ကိုဆုပ်ပြီး ထိန်းချုပ်နေရတာ အတော်ကိုပင်ပန်း၏။

စက္ကန့်ပေါင်း မိနစ်ပေါင်းများစွာ ကုန်ဆုံးပြီး တစ်နာရီနီးပါး… ကားပိုင်ရှင် ပုဂ္ဂိုလ် ပြန်ထွက်လာသည်။ မမက ပေါ်များပိုလျှံနေသော… အပြုံးများဖြင့် ကားနားအထိရောက်အောင် လိုက်ပို့၏။

အိမ်ထဲမှာ တစ်နာရီနီးပါး စကားတွေပြောခဲ့တာတောင် အ… မှာ ဘာစကားတွေပြောဖို့ ကျန်နေသေးသည်မသိ။ ခဏကြာမှ ကား… ဖြည်းဖြည်းချင်း လိမ့်ထွက်သွားသည်။

"မမ"

အပြုံးများဖြင့် လက်ပြ၍မဆုံး ရှိနေသော မမအနားကို သ… ခနဲရောက်သွား၏။ မမကတအံ့တသြ မျက်လုံးလေးပြူးလည် ဝိုင်းစ… သည်။

"သားဦး မမြင်ရတာကြာလို့ ရုပ်တောင်မနည်း ဖမ်း… နေရပါလား။ ဘာတွေအလုပ်ရှုပ်နေလို့ မမကိုမေ့ထားရတာလဲ"

တစ်ပြုံကြီးမေးခွန်း ပြန်ထုတ်နေသောမမက ကားနှင့်… လာသောလူနှင့် အရေးတယူ မဟုတ်ကြောင်း သက်သေပြချင်ဘ… ဒါမှမဟုတ် ဖုံးကွယ်ထားချင်တာများလား။

သူကလည်း မမမေးခွန်းကို ဖြေဖို့ဆန္ဒမရှိသေးပါ။

"ခုနကားနဲ့လူက ဘာလာလုပ်တာလဲ ဘယ်သူလဲ ဘယ်…

"ဟယ် မေးခွန်းတွေက များလိုက်တာ မျက်နှာကြီး… ရှုပုတ်လို့ ဘာဖြစ်ရတာလဲ အဲဒါက"





"သားကို မေးခွန်းတွေ ပြန်ပြန်ထုတ်မနေနဲ့ သားမေးတာပဲဖြေ"

"ဟဲ့ လမ်းမကြီးမှာ ရပ်စကားပြောနေရမှာလား။ အိမ်ထဲ… …လ"

"ဟင့်အင်း မဝင်တော့ဘူး"

"ဘာဖြစ်ရပြန်တာလဲ၊ စိတ်ကောက်တာလား"

"မဟုတ်ပါဘူး"

"မေမေကတောင် မေးနေတာ၊ အခုတလော သားဦး အိမ် …ည်း မလာဘူး၊ သမီးနဲ့ရောအပြင်မှာ တွေ့ကြသေးလားတဲ့"

အဲဒါ အခြေအနေ စုံစမ်းကြည့်နေတာဟု မမ စိတ်မကောင်း …အောင် မပြောဖြစ်။ ကိုယ့်ဘက်က ဆင်ခြင်နေဖြစ်တာက လက်ထပ်ဖို့ …ဆင်သင့် မဖြစ်သေးတာရှိသလို ရွှန်းရွှန်းစိုနှင့်ပတ်သက်ဖို့ ကြိုးစား …တာကြောင့်လည်း ပါသည်။

ဒီနှစ်ခုလုံးက မမကိုပြောလို့မဖြစ်သည့် အကြောင်းအရာတွေ။

"မမ သားနဲ့ အအေးဆိုင် ခဏစကားသွားပြောရအောင်"

"ဟဲ့ အိမ်ထဲဝင်ပြီးစကားပြောလည်း ရတာကို၊ ဘာလို့ အပြင် …ာလဲ၊ အိမ်မှာ အမေတစ်ယောက်တည်း"

"အဲဒါဆို ဒီနားမှာပဲ ပြောမယ်"

"သားဦး၊ မင်း ဘယ်လိုဖြစ်နေတာလဲ၊ အိမ်ထဲဝင်ဖို့ပြောတာ …င် ဆားနဲ့တို့သလို တွန့်တွန့်လူး ငြင်းနေရလား၊ လာ အိမ်ထဲဝင်"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကို ဆောင့်ဆွဲခေါ်သော မမလက်ကို သူ ပြန်
အုပ်မိုးဆုပ်ကိုင်လိုက်သည်။ မမပခုံးကိုလည်း ခပ်ဆတ်ဆတ်ပင် သူ့ဘ
ဆွဲလှည့်လိုက်၏။

"ခုနလူနဲ့ ဘယ်လိုပတ်သက်တာလဲ သားကိုပြော"

"ကျွတ် သားဦးရယ်၊ မင်းတကယ် ဖွတ်တရွတ်ပဲ၊ အေးအေး
စကားပြောရအောင်ဆိုလည်း မဟုတ်ဘူး။ ကဲ အဲလောက်သိချင်နေ
ပြောမယ်၊ သူ့နာမည်က နေဖော်ထက်တဲ့၊ မမရဲ့အထက်အရာရှိ"

"သူက ဘာလို့ အိမ်လိုက်ပို့တာလဲ"

"ခတ္တာလမ်းထဲက သူ့ဆရာအိမ်လာတာ၊ လမ်းသင့်နေတ
ဝင်ပို့သွားတာ"

"အဲဒီလူက အိမ်ထောင်နဲ့လား လူပျိုလား"

"ကဲ သားဦး"

"သားမေးတာပဲဖြေ"

ကလေးဆိုးကြီးလို ဖြစ်နေသော သားဦးကိုကြည့်၍ မိ
စိတ်မဆိုးနိုင်ဘဲ ရယ်ချလိုက်မိသည်။

"မမ ဘာရယ်တာလဲ"

"မင်းသဝန်တိုနေတာလား"

"ဟုတ်တယ်"

သွယ်ဝိုင်မနေဘဲ တုံးတိပြေ၏။ ဒူးအောက်ရောက်ရုံ ကွာ
နှင့်စပို့ရှပ်အဝါရောင်လေးကို ဝတ်ထားသော သားဦးက တကယ့်လူ





လေးအတိုင်း။ ဟန်ဆောင်ထိန်းချုပ်မှုမရှိ၊ ပွင့်လင်းလွန်းတာပေည်း ရိုး
သားဖြူစင်မှုတွေ အပြည့်။

ဒါကြောင့်လည်း ဒီကောင်လေးကို နက်နက်ရှိုင်းရှိုင်းပင်
သံယောဇဉ် တွယ်မိခဲ့တာ။

"ကဲ အဲဒီမျက်နှာကြီးကို ပြင်စမ်းပါ၊ ဘာမှမဟုတ်ဘဲနဲ့ စိတ်
ကောက်နေတယ်"

"ခုဘာမှ မဟုတ်သေးဘူးဆိုပေမယ့် အဲလောင်ရင်းနှီးနေရင်
ဆင်နေ့နေ့ ဒီထက်ပိုတဲ့ ပတ်သက်မှုတွေ ဖြစ်မလာနိုင်ဘူးလား"

"မင်းအဲလောက်ထိ တွေးနေတာ မမအချစ်ကို အထင်သေး
နေတာပဲ၊ သူကတော့ ဒီရက်တွေအတွင်း လူကိုတောင်လာမတွေ့ဘဲနဲ့"

"မတွေ့ဖြစ်တာ အကြောင်းရှိလို့ အလုပ်တွေများလို့ပေါ့ မမရာ၊
ဘယ်အချိန်တုန်းက မမကို မတွေ့ဘဲနေနိုင်လို့လဲ"

"အဲဒါကြောင့် ထူးဆန်းနေတာပေါ့ အရင်ကလမ်းမှာ မတွေ့ရ
ရင် အလုပ်ပြန်တော့ အိမ်ကိုလာတွေ့ဖြစ်အောင် တွေ့တာပဲမဟုတ်လား"

"မမ သားကို လွမ်းလို့လား"

"အဲဒါကျုပ်ကို မေးစရာလား။ တော်ကရော"

"လွမ်းတယ်"

သားဦးတို့က အဲလိုချစ်စရာကောင်းအောင် တိုတိုတုတ်တုတ်
ဖြေတတ်တာ။ မိုနာက သားဦးပါးလေးကို မနာအောင်ဆွဲလိမ်လိုက်ပြီး

"မင်းအဲလိုဆိုးရင် ကိုယ့်ကိုယ်ကို အသတ်ပိုကြီးသွားတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ထင်မိတယ်၊ လူတစ်ယောက်နဲ့ တစ်ယောက် ပတ်သက်ဆက်နွယ်ရ

အကြောင်းတရားတွေရှိတာ မင်းနားလည်ရမှာပေါ့''

''ပစ္စည်းမဲ့ လူတန်းစားက မနာလိုခွင့် သဝန်တိုခွင့် မရှိရတော့

ဘူးလား၊ ခုချက်ချင်းလက်ထပ်ဖို့ အဆင်သင့်မဖြစ်သေးတာနဲ့ မမ

ဘယ်သူနဲ့ ဘယ်လိုနေနေ တားဆီးချုပ်ချယ်ပိုင်ခွင့် မရှိတော့ဘူးလာ

မသိချင်ယောင်ဆောင်ပြီး လျစ်လျူရှုပေးရမှာလား မမ''

''မင်းအခုပြောတဲ့ စကားတွေက ဘာမှစည်းမကျော်ရသေး

မမကို အပြစ်တင်စောနေတယ်လို့ မထင်ဘူးလား''

''မသိဘူးဗျာ၊ သားမကြိုက်ဘူး။ မမအဲဒီလူကြီးနဲ့ အနေ

ဆင်ခြင်၊ ဆက်ဆံရေးတွေ ဒီထက်တိုးမလာစေနဲ့''

''ဟယ်တော် အဲလောက်ဒေါသတွေ ထွက်နေတာ အံ့သြစ

ခနဲ့သလိုကို သူမပြုံးမိလိုက်တာ။ ဒီကောင်လေးက အကဲ

မှန်သိလို့ ဘယ်သူနဲ့မဆို ရောနှောပတ်သက်အောင် မနေခဲ့ဘူး

နေဇော်ထက်ကတော့ ကိုယ့်ရဲ့အထက်အရာရှိ လည်းဖြစ်သလို အိမ်

လိုက်ပါရစေဟု တတွတ်တွတ် တောင်းဆိုနေတော့ အကြောက်အ

ငြင်းလို့လည်းမရ၊ အမေအတွက် ဓာတ်စာတွေ ဆေးတွေဝယ်လာ

တာလည်း မနည်းမနောမို့ အမေကလည်း တဖွဖွကျေးဇူးတွေ တ

သည်။

''သမီးရေ''

''အမေခေါ်နေပြီး လာလေ အမေ့ကိုတွေ့သွားဦး''





''ဟင့်အင်း မနက်မှလက်ဖက်ရည်ဆိုင်က စောင့်နေမယ်''

ဒါပဲပြောပြီး လှည့်ထွက်သွားသော သားဦးကို နားမလည်နိုင်

အောင်ဖြစ်ကာ ကျန်ခဲ့၏။ သားဦး အရင်ကဒီလိုမဟုတ်။

အမေရှင်ခွင်ထဲဝင်ပြီးတော့တောင် ချွဲနွဲ့ချင်သေးတာပါ။ သူမ

လည်း ဟိုဟာလုပ်ကျွေးနိုင်၊ ဒီဟာလုပ်ကျွေးနိုင်ဖြင့် ဘာမှမရှိဘူး

ရှင် လက်ဖက်ထမင်းလေးဖြစ်ဖြစ် သုပ်ကျွေးလိုက်ရတာမျိုး။

အခုဘယ်လိုဖြစ်ပြီး သူစိမ်းဆန်သွားရတာလဲ။ အမေကိုလည်း

လေးတစား ဝင်တွေ့မသွားတာမို့ စိတ်လည်းဆိုးချင်သည်။

ဒါပေမဲ့ သဝန်တိုတာလေးကိုတော့ ကြည်နူးမိသား . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သားလတ် မင်းအဲဒါဘာလုပ်တာလဲ"

တီဗီတွေ အောက်စက်တွေ ခွဲဖြုတ်နေတာမို့ ဒေါ်မြသီ အံ့ ... တလန့်ပင် သားလတ်အနားရောက်သွား၏။ သားလတ်က လှည့်ကြည့် ... ပင်မရဘဲ သူဖြုတ်စရာရှိတာ ဖြုတ်နေသည်။

"သားလတ် မေးနေတယ်လေ၊ ဘာလုပ်တာလဲလို့"

"မေမေရာ ဖြုတ်နေတော့ မြင်ရဲ့သားနဲ့ မေးနေရလား"

"ဟဲ့ ဖြုတ်တာမြင်တယ်၊ ဘာလုပ်ဖို့လဲလို့မေးနေတာ"

"ရောင်းမလို့"

"ရောင်းမလို့"

သံယောင်လိုက်ရေရွတ်မိရင်း ဟိုက်၍ထိတ်လန့်သွားရ၏။





သားကြီးက အိမ်ကမိသားစု အပြင်းပြေကြည့်လို့ရအောင် မရှိမဲ့ ...ပြီး ဝယ်ပေးထားရှာတာ။

"သားလတ် ဒါမင်းပိုက်ဆံနဲ့ ဝယ်ထားလို့ မင်းပစ္စည်းမို့ ...ာင်းမယ်လို့ ပြောနေတာလား"

"ဘာဖြစ်လဲ ကိုကို့ကို စာအုပ်ဝယ်ဖို့နဲ့ သင်တန်းကြေး တောင်း ...တာ အခုချိန်ထိမှ မပေးသေးတာ၊ ညီမလေးလည်း ကျူရှင်လခပေး ...ယ်တဲ့၊ ဒါကိုရောင်းပြီး ဖြေရှင်းမှရတော့မှာပေါ့"

"ဪ သားရယ် သားအစ်ကို အခုတလော အလုပ်တွေအ ...မပြေသေးလို့ပါ၊ ဒါလေးတော့ မလုပ်ပါနဲ့ကွယ် သားအစ်ကိုပြန်လာ ... အမေရှာခိုင်းပေးပါ့မယ်"

ဒေါ်မြသီ ပြောနေလည်း သားလတ်က ဂရုမစိုက်ပေ။ တီဗီနှင့် ...အောက်စက်ဖြုတ်ကာ အိမ်ရှေ့ထုတ်ထားပြီး အပေါ်အင်္ကျီထပ်ဝတ် နေ၏။ ...ယ်မကလည်း အခန်းထဲကထွက်လာကာ

"အမေက ရှေ့ကနေ ပိတ်ပင်မနေနဲ့ သမီးတို့လည်း ကျောင်း ...ရတာ ဘယ်လောက်မျက်နှာငယ် အောက်ကျရတယ်ထင်လဲ၊ သူများ ...သလို မသုံးနိုင်၊ သူများဖြုန်းသလို မဖြုန်းနိုင်၊ စားသောက်ဆိုင်တွေ ... သူငယ်ချင်းတွေ လိုက်ကျွေးတာတောင် ကိုယ့်မှာပြန်မကျွေးနိုင်ဘူး"

"အမြင့်ကို မျှော်မကြည့်ဘဲ ပညာကိုကြိုးစားသင်ကြပေါ့ကွယ်၊ ...သူ့တာဝအခြေအနေ ကိုယ်သိရင် ရောင့်ရဲမှုနဲ့နေကြစမ်းပါ။ နင်တို့အစ်ကို ... တွင်းထဲက ငွေသွားနှိုက်ယူနေတာမှ မဟုတ်တာ၊ သူများတွေလို



www.burmeseclassic.com

www.burmeseclassic.com



ပညာနဲ့ ငွေအရင်းအနှီးနဲ့ လုပ်စားနေရတာလည်း မဟုတ်ဘူး၊ နင် တွေအတွက် ကျောင်းထွက်အလုပ်ပင်ပင်ပန်းပန်းလုပ်ပြီး ရှာကျွေး တာ''

''သိတယ် အဲဒါကို ထပ်တလဲလဲပြောမနေနဲ့ အမေ၊ ကျွန်ုပ် တို့ပညာတတ်တွဲ့ရပြီး အလုပ်လုပ်ပြီဆိုလည်း ကိုကိုနဲ့မေမေ အိမ်မှာ နဲ့ ထိုင်စားကြမှာပဲ၊ ဒါကို ရင်းနှီးမြှုပ်နှံတယ်လို့ သဘောထားပြီး စုံအောင်တော့ လုပ်ပေးသင့်တာပေါ့''

''သွားလတ်''

''ဟင် သွားဦး''

ပန်ကွဲတွေအားလုံး သွားဦးကြားပြီးဝင်လာတော့ ဘာပြဿ တွေ ဆက်ဖြစ်ကြဦးမလဲ ဒေါ်မြသီ စိုးရိမ်ထိတ်လန့်ရပြန်၏။

''တောက်''

တံခါးတွေ အပြင်ထုတ်ထားတာမြင်ပြီး သွားဦး အံကြိတ် ခေါက်၏။

လက်သီးဖြင့် ထိုးလားကြိတ်လား မဖြစ်အောင် ထိန်း နေတာလည်း သိသာသည်။

''မင်းတို့ကွာ ဒီရက်ကလေး ငါအလုပ်အဆင်မပြေတာကို မခံတတ်ကြပါလား၊ ငါပေးတဲ့ငွေတွေသာ မင်းတို့ချွေတာ သုံးတတ်ကြ ဆိုရင် ဒီနေ့လို ပစ္စည်းချရောင်းလောက်အောင် အခြေအနေ မဟုတ်ဘူး''





''ဒီဘက်ခေတ်မှာ ချွေတာဖို့ဆိုတဲ့ စကားလာမပြောနဲ့ ကိုကို၊ လည်း ကိုကိုမျက်နှာကြည့်ပြီး မျှော်စားရတာ သိမ်ငယ်ဖို့တောင် ကောင်းတယ်''

''မင်းတို့ ဘယ်လောက်တောင် ချို့တဲ့နေလို့လဲ၊ ပညာသင်စရိတ် ဆိုင်းသာဆို လောက်ငုံမကဘူး ပိုလျှံနေပါသေးတယ်၊ အခုက ရုပ်ရှင် ကြည့်တယ်၊ ပိုက်ဆံချမ်းသာတဲ့ သုံးနိုင်ဖြုန်းနိုင်တဲ့သူတွေနဲ့ပေါင်းပြီး ပင်ထွက်တယ်၊ သူတို့က သိန်းကျော်တန်လောက် ဝယ်ပြီး ကိုယ်က ောင်းကျော်တန်လောက် ဝယ်နိုင်တာကို မျက်နှာငယ်တယ်၊ အောက် ကျတယ်လို့ ထင်နေကြတယ်''

''မဟုတ်လို့လား အဲဒီအတိုင်းပဲကို''

''ဟ ကိုယ့်ဘဝနဲ့တန်ရာတန်ရာ နေတတ်စားတတ်ရတယ်ကွ၊ ့ဘဲ ဝိလုပ်ပြီး အမြင့်ကိုမျှော်ကြည့် မတင်းတိမ်တော့ ပြည့်စုံအောင် ပေးနိုင်တဲ့ ငါ့ကိုအပြစ်မြင်ကြတာပေါ့''

''အပြစ်မြင်တာမဟုတ်ဘူး၊ ဖြစ်သင့်တာကို ညီမလေးတို့က ပြောတာပါ၊ ကိုကြီးကရော ဘယ်ချိန်တုန်းက အပိုအလျှံပေးဖူးလို့လဲ၊ ကျူရှင်ခ၊ ဒါက မုန့်ဖိုး၊ စာအုပ်ဖိုးနဲ့ ဝေမျှသုံးစွဲခိုင်းနေတာ''

''ညီမလေး နင် တော်စမ်း၊ နင်က အငယ်ဆုံး မိန်းကလေး၊ ကြမ်းပျက်နေတာတွေ ငါ့နားနဲ့ဆတ်ဆတ်ကြားနေရတယ်နော်၊ ငါ့ စိနဲ့မြင်လို့ကတော့ နင် မလွယ်ဘူးမှတ်''

ကြိမ်းမောင်းလိုက်တော့ အငယ်မ အီးခနဲ အော်ငိုချ၏။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ခြေဆောင့်ကာ အိမ်ထဲဝင်သွားသည်။ သားလတ်က တီဗီကို ကောက်ထမ်းဖို့ ပြင်လိုက်သည်မို့ သားဦး ကပျာကယာ ပြန်ဆွဲထားရ

"ငွေ အမြန်ဆုံးရအောင် ငါ ရှာ‌ပေးမယ်၊ အဲဒါကို မလုပ် သူ့နေရာနဲ့သူ ပြန်ထားလိုက်၊ ငါ ရှိနေရဲ့နဲ့ ပစ္စည်းတွေပေါင်နှံရောင်း နေရတယ်ဆိုတာ မဖြစ်သင့်ပါဘူးကွာ"

"ရှိတာနဲ့ဆာ၊ မရှိဝမ်းဆာပေါ့၊ ကျွန်တော် အလုပ်ရရင် ဆယ်လုံ လောက် ပြန်ဝယ်ပေးမယ်"

"စကားကို လက်လွတ်စပယ် အလွယ်တကူ ပြောမထွက်စ ပါနဲ့ကွာ၊ မင်းတို့ဆီက ငါ ဘာမှပြန်မမျှော်လင့်ဘူး။ တီဗီလေးရှိတော့ အိမ်မှာတစ်ယောက်တည်း ကျန်ကျန်နေခဲ့ရတဲ့ မေမေ တရားနာလို့ တယ်၊ ဇာတ်ကားလေးတွေကြည့်ပြီး အပျင်းပြေ စိတ်ပြေလက်ပျော ဖြစ်တယ်၊ မင်းတို့နားလည်မှပေါ့ကွာ"

"ဒါဆို ဘယ်နေ့ရမှာလဲ၊ အတိအကျပြော ကိုကို"

"အမြန်ဆုံးရစေရမယ်၊ ရစေရမယ်ကွာ ပြီးရောမဟုတ်လား"

သားလတ် အခုမှ စိတ်ချသွားသလို တီဗီတွေကို နေရာတ ပြန်ထားပြီး ကြိုးမတပ်တော့ဘဲ အပြင်ထွက်သွားသည်။ သူ ဆက်တ ပေါ် ဖုန်းခနဲ ပစ်ထိုင်ချရင်း သက်ပြင်းမောတွေ မှုတ်ထုတ်မိသည် မေမေက သူ့အနားဝင်ထိုင်ကာ

"သား စိတ်ပင်ပန်းနေပြီလား၊ အငယ်တွေ မသိတတ် အမေ စိတ်မကောင်းပါဘူး သားရယ်"





"အမေက ဘာစိတ်မကောင်းဖြစ်စရာလိုလို့လဲ၊ သားက တာဝန် ကျေအောင် မကြိုးစားနိုင်တာပါ၊ သူတို့အနေနဲ့လည်း ပညာသင်ချိန်မှာ သင့်မှုရှိမှာပေါ့ မေမေ"

"သားရယ် သားနားလည်မှုရှိလို့ မေမေ ကျေးဇူးတင်ပါတယ်၊ ငယ်လေးတွေလည်း တဖြည်းဖြည်း ရင့်ကျက်တည်ငြိမ်လာကြတော့မှာ

"အဲလိုပဲ မျှော်လင့်ပါတယ် မေမေ"

"ဒါနဲ့ သားအခုတလော အလုပ်တွေဆက်တိုက်ဆိုသလို အဆင် ပြေဖြစ်နေတယ်နော်၊ ဘာတွေ အခက်အခဲ ရှိနေလဲ သား"

ဒေါ်မြရောင်ခြယ်ကြောင့်လို့ ပြောလိုက်ရမလား။

ဟင့်အင်း ဒါတွေပြောလို့ မေမေ နားလည်လိမ့်မည် မထင်။

"ဒီလိုပါပဲ မေမေ၊ အဆင်ပြေတော့မှာပါ၊ အခိုက်အတန့် ကာသိ အောက်ဖြစ်တဲ့အချိန်လေးတော့ ခံနိုင်ရည်ရှိမှဖြစ်မှာပေါ့ မေမေ"

"အေးပါ သားရယ်၊ အဆင်ပြေပါစေလို့ မေမေ ဆုတောင်းပေး မယ်"

မေမေကတော့ သားသမီးတွေအလယ်မှာ စိတ်ပင်ပန်းနေပေ မည်။ သူကတော့ ဒီပြဿနာတွေ ဖြစ်ရခြင်းရဲ့နိဒါန်းအစဟာ ဒေါ်မြ ရောင်ခြယ်ကြောင့်ဟု တစ်ထစ်ချ စိတ်စွဲသွား၏။ ဘာကြောင့် သူတို့ကို ဒုက္ခပေးပြီး စိတ်ဒေါက်ပိတ်အောင် လုပ်ရတာလဲ။

ပစ္စည်းမဲ့လူတန်းစားကို ခနအင်အား ငွေအင်အားကြီးမားသူ



www.burmeseclassic.com

www.burmeseclassic.com



က အနိုင်ကျင့်လို့ ရစတမ်းလား။ ဒီအတိုင်း အရှုံးပေးဖို့တော့ မစဉ်းစာ
ပါ။ အဲဒါတွေအားလုံး တစ်နည်းနည်းနှင့် ပြန်ရအောင်ယူမည်။

■ ■ ■

ဝိုးဝိုး၀၁၁၀၀

## အခန်း (၁၂)

“ယူမယ်ဆိုလည်း ယူလေ၊ ငါကမင်းအတွက် ဂွင်ဖမ်းပေးတာ၊ အောင်မဖမ်းဆုပ်နိုင်ရင်တော့ မင်း ဂွမ်းမှာ”

“အဲဒါ မပူနဲ့ ပုဂံဟိုတယ်တစ်ခုမှာ မန်နေဂျာလုပ်နေတဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်၊ သူနဲ့အဆက်အသွယ်ရလို့ အားလုံးအိုကေသွားပြီ ဒေါ်မြရောင်ခြယ် အကြိုက်တွေ့မှာပါ”

“ဒါဆို သူ့ကုမ္ပဏီမှာ သွားတွေ့လိုက်လေ၊ ဟိုနေ့က ငါ လုပ်ပေးတဲ့ကိစ္စတော့ ငါ့အတွက် အချိုကြီးရလိုက်တယ်၊ သူ့အတွက် အကျိုးအမြတ်ရှိရင် စွန့်ကြဲတာလည်း ရက်ရောတယ်နော်၊ ဒါကြောင့်လည်း ပုဂံနားမှာ သစ္စာတော်ခံတွေ လက်သပ်မွေးဖို့ အင်အားရှိနေတာပေါ့”

ကိုစိုးကြီးရဲ့ ချီးကျူးမှုကို သားဦး နှာခေါင်းရှုံ့ကာ ခေါင်းတစ်ချက် ရမ်း၏။ အထင်မကြီးဘူးဆိုတာ သိသာစေချင်လို့။

ဝိုးဝိုး၀၁၁၀၀

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ သူ့ကို ကယ်တင်ရှင်ကြီးဆိုပြီး ကျေးဇူး မတင်နိုင်ဘူး ကိုစိုးကြီး၊ နေရိပ်ထဲ ကျုံးသွင်းခံရဖို့ နေပူထဲမှာ ဒုက္ခခံ တဲ့အချိန်တွေက နည်းတာမဟုတ်ဘူး"

"အာဃာတမထားပါနဲ့ကွာ၊ အခုလည်း ကိုယ်လုပ်ပေးနိုင်ရင် ပေးနိုင်သလောက် ကိုယ့်အတွက် ခံစားခွင့်တွေ ရှိနေတာပဲ၊ အခိုက်အတန့် မပြေလည်မှုကို သူ့အပေါ် အပြစ်ပုံချနေလို့ ဖြစ်မလား၊ ဒီဘက်မှာ လှုပ်ရှားနေကြတဲ့ အချိန်တွေတုန်းကလည်း အချိန်ကုန်လှုပ်မ လမ်းစရိတ် မပါလို့ အိမ်ပြန်မအိပ်ရတဲ့နေ့တွေတောင် ရှိသေးတာပဲ"

"ဟုတ်သားပဲ သားဦးရာ၊ ကဲပါ မင်း ဒေါ်မြရောင်ခြယ်ဆီ သွားမယ်ဆို ငါ လိုက်ခဲ့မယ်"

"ဝေစုကတော့ အရိုးအရင်းပဲ ရမယ်နော်၊ ဒီကိစ္စက ကိုစိုးကြီး တည်ပေးတာဆိုပေမယ့် ဟိုဘက်မှာရိုက်ဖို့ ငါ့ဘာသာ ကြိုးစားခဲ့တာ ပြီးတော့ ဟိုဘက်ကလည်း အလျှံခံထားသေးတယ်"

"ငါ နားလည်ပါတယ်၊ မင်းတို့ချင်း အဆင်ပြေတယ်ဆိုရင် ငါလည်း တစ်ပွင့်ရှာမှာပေါ့"

"ပြီးရော"

စိတ်မရှည်သလို တုံးတိပြောကာ ဒေါ်မြရောင်ခြယ် ကုမ္ပဏီ တက္ကစီငှားစီး၍ လာခဲ့ကြသည်။ ဒေါ်မြရောင်ခြယ် ကုမ္ပဏီက ကျွန်း သုံးလွှာမှာရှိ၏။ ဒေါ်မြရောင်ခြယ်က ဒီရုံးခန်းကို မန်နေဂျာအဆင့် နှင့်လွှဲထားပြီး တစ်ခါတစ်ရံမှသာ လာသည်ဟု ပြော၏။ ဒါက ရုံး





ရှင် ဒီထက်ကြီးမားသော ကုမ္ပဏီအဆောက်အဦးကြီး ရှိသေးသည် ဆို။

ဒါကြောင့်လည်း ဒီလောကကို လက်ဝါးကြီးအုပ် လွှမ်းမိုးဖို့ ကြိုးစားနိုင်တာကို။ အစကတော့ ဒီအခြေအနေမျိုးနှင့် စတင်ခဲ့ဟန် ပေ။ ငွေအင်အားနှင့် စည်းရုံးသိမ်းသွင်းတတ်မှု၊ ကြိုးစားမှုများကြောင့် အောင်မြင်တိုးတက်မှုတွေ ပိုင်ဆိုင်ခဲ့သည်ပဲ။

"ခဏလေးစောင့်ပါ ခင်ဗျာ၊ သူဌေး ဆယ်မိနစ်အတွင်း ရောက် လာပါလိမ့်မယ်"

ဖုန်းကြိုဆက်ထားတာတောင် စောင့်ရဦးမည်ဆိုတော့ စိတ်မရှည် ချင်သလို ဖြစ်သွားရ၏။ ရုံးဝန်ထမ်းတွေကတော့ တာဝန်ကျေပါသည်။ အအေးအသောက်များ စီမံပေးပြီးမှ ပြန်ထွက်သွားကြ၏။ ခမ်းနားကျယ်ပြန့် လှသော ဧည့်ခန်းကြီးထဲမှာထိုင်ပြီး ငါတို့စိတ်ကူးတောင် ယဉ်မကြည့်ရဲ သော ချမ်းသာကြွယ်ဝမှုတွေပဲဟု အားကျမိသလိုရှိ၏။

"သားဦး ရှုန်းရှုန်းစိုကို အမိဖမ်းလိုက်ရင် တစ်ဦးတည်းသော ဖြစ်လို့ မင်း ဒါတွေအားလုံးပိုင်ရမှာ၊ မင်းသူဌေးသမက်ဖြစ်အောင် ကြိုးစား ဟိတ်ကောင်"

"ရှူး တိုးတိုး၊ စက်တွေတပ်ထားရင် ဘယ်လိုလုပ်မလဲ၊ ကျွန်တော့်ကို စေပါ"

"အေးပါ"

အာကာအောင် ငြိမ်သွားသည်။ ဒီကောင်က ဒါမျိုးဆို သိပ်



www.burmeseclassic.com

www.burmeseclassic.com



မက်မောတတ်တာ။ မိုးမိုးဆိုသော ကောင်မလေးကိုလည်း ဒါကြော တွဲနေပြီး ရသမျှ ချူကာ အလုပ်တောင်ကောင်းကောင်းလုပ်တော့ မဟုတ်။

''ရောက်နေကြပြီလား''

''ဟုတ်ကဲ့ မင်္ဂလာပါ အန်တီ''

ဒေါ်မြရောင်ခြယ် ဝင်လာတော့ နှစ်ယောက်လုံး မတ်တပ် ကာ နှုတ်ဆက်ရ၏။ ဒေါ်မြရောင်ခြယ်က ရှေ့ဆိုဖာခုံကြီးကို ဝင်ထို သူတို့ပြန်ထိုင်ရသည်။

''မင်္ဂလာသတင်း ယူလာနိုင်လို့ အန်တီ့ဆီ ရောက်လာတ ဆိုတာ အန်တီ သိပါတယ်၊ စိုးကြီးကလည်း ဖုန်းလှမ်းဆက်တ မင်း ဟိုဘက်ကကိစ္စ အောင်မြင်တယ်ဆို''

''ဟုတ်ကဲ့ သုံးရက်အတွင်း ငွေချမယ်လို့ ကတိပေးထာ တယ်၊ ဒီမှာ ဖုန်းနံပါတ် အန်တီ သေချာအောင် ဆက်သွယ်ကြည့်လို ပါ''

ဒေါ်မြရောင်ခြယ်က ရပါတယ်လို့ အားနာစကားမဆို၊ ရှေ တိကျမှုများဖြင့် သေချာအောင် ဟိုနေရာ ဒီနေရာ ဖုန်းကွန်တက်ရ ကြည့်၏။ ရုံးခန်းအပြင်ထွက်ပြီး ဘာတွေလုပ်နေမှန်း မသိတာလ အကြာကြီး။

ခဏနေမှ အပြုံးလွှင်လွှင်ဖြင့် ပြန်ဝင်လာကာ

''ပထမဆုံး လက်တွဲကြည့်တာဆိုပေမယ့် မင်း အဆင်





ဖြ လုပ်နိုင်သားပဲ၊ ဒီက ဆင်းသွားတဲ့ လုပ်ငန်းရှင်တွေ မလွယ်ကူတာ ကို မင်း ရအောင်လုပ်နိုင်သားပဲ''

''အဲဒီက လူတွေက သစ္စာရှိတယ်၊ ရိုးသားတယ်၊ လူတိုင်းကို ည်း မယုံကြည်ကြဘူး၊ အဲဒီမှာ သွားလုပ်နေတဲ့ သူငယ်ချင်းက နယ်ခံ ဖြစ်သွားတော့ သူ့ကိုယုံကြည်အားကိုးပြီး လုပ်လိုက်ကြတာပါ၊ သူတို့ က သူတို့နဲ့ ရင်းနှီးပတ်သက်တဲ့သူမဟုတ်ဘူးဆိုရင် အလိမ်ခံရမယ်လို့ပဲ ထဲ အရိုးစွဲနေကြတာလေ၊ တော်တန်ရုံလူက ဘယ်လောက်ပေးပါမယ် ပြောလည်း မက်မောကြတာ မဟုတ်ဘူး''

''မင်းနဲ့လက်တွဲကြည့်မယ်လို့ ဆုံးဖြတ်လိုက်တာ အန်တီ မှန် သွားတာပေါ့၊ အခုလည်း မင်းကို ထိုက်ထိုက်တန်တန် ပေးဖို့ အန်တီ ဆုံးဖြတ်ထားပါတယ်၊ မနက်ဖြန်ကျရင် မင်းအိမ်ကို အန်တီ့သမီးလေးကို ထွတ်လိုက်မယ်''

''ဗျာ''

''ဒီနေ့ ဘဏ်ပိတ်တယ်၊ မနက်ဖြန် ဘဏ်ဖွင့်လို့ ငွေထုတ်ပြီး င် အန်တီ မန်နေဂျာတွေကို ပွဲငွေချေဖို့ ဆင်းခိုင်းလိုက်မယ်၊ သမီးကို ဆီ ငွေပို့ခိုင်းလိုက်မယ်''

''ပွဲကို ကျွန်တော်လိုက်သွားရဦးမှာလား အန်တီ''

''မလိုတော့ဘူး။ ခုနကပဲ အန်တီ အချိတ်အဆက်အားလုံး လိုက်တယ်၊ ဟိုတယ်က မင်းသူငယ်ချင်းကိုလည်း အန်တီက ကောင်းကောင်းပေးမှာလို့ ပြောပြီးပါပြီ''



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုများ ကျော်ဖို့စဉ်းစားနေသလားလို့ ရင်ထဲ ဒိတ်ခနဲ
တုန်လှုပ်သွား၏။ ဒါမျိုးဆိုလျှင်တော့ အသက်နဲ့ရင်းပြီး တုံ့ပြန်ဖို့ ဆုံးဖြ
ထားလိုက်သည်။

"ကော်ဖီတွေ အေးကုန်ပြီ၊ သုံးဆောင်ကြပါဦး"

"ဟုတ်ကဲ့"

"ဒီတစ်ခေါက် အဆင်ပြေသွားတဲ့ကိစ္စက အန်တီအတွ
အကြီးမားဆုံးပဲ၊ မင်းနာမည် သားဦးနော်၊ အေး အန်တီကတော့
တစ်ယောက်ကို ယုံကြည်ရပြီဆိုရင် ရှေ့ဆက်လက်တွဲချင်တယ်၊ မင်း
လို ငွေမရှိတဲ့ ပွဲစားအသေးလေးတွေနဲ့ အရင်က အန်တီတွဲလုပ်ဖူးတ
တစ်နပ်စားညဏ်နဲ့ ကွက်ကျော်ရိုက် ဝင်ကျော်သွားတာတွေ အန်
တော်တော်ခံလိုက်ရတယ်"

"ငွေမရှိပေမယ့် လူတိုင်း အဲလို စိတ်ဓာတ်အောက်တန်း
ကြတာ မဟုတ်ပါဘူး အန်တီ၊ ငွေကြေးအင်အားရှိတဲ့သူတွေလည်
အနည်းနဲ့အများ ယုတ်မာကောက်ကျစ်တဲ့သူတွေ ရှိကြတာပါပဲ"

"ဟင်၊ ဟင်း ဟုတ်ပါတယ်၊ ဒါဆိုလည်း အန်တီ ဧည့်သည
ချိန်းထားလို့"

အားမနာစွာနှင်ထုတ်ပြီမို့ အလိုက်တသိပင် ထရပ်လိုက်
သည်။

"ခွင့်ပြုပါဦး အန်တီ"

"အေး အေး နောက်လည်း လုပ်ငန်းတွေအဆင်ပြေပါ





သူတို့နှစ်ယောက် အပြန်တစ်ကြိမ် မငှားနိုင်တော့ဘဲ လိုင်းကား
စီးပြန်လာကြရသည်။ လမ်းထိပ်မှတ်တိုင်ရောက်မှ ကားပေါ်မှ ဆင်း
ကြကာ အိတ်ကပ်ထဲ လက်ကျန်ငွေစမ်းကြည့်ပြီး လက်ဖက်ရည်ဆိုင်
ထဲ ဝင်ခဲ့ကြသည်။

"သားဦး မင်း မျက်နှာ ဘယ်လိုဖြစ်နေတာလဲ"

"ဒေါ်မြရောင်ခြယ် ဘာအချိုးချိုးတာလဲ"

"မင်းက ဘာကိုပြောချင်တာတုန်း"

"ငါ တည်ပေးတဲ့ပွဲကို ငါလိုက်စရာတောင်မလိုဘဲ အပြီးရိုက်
င်တယ်ဆိုတာက"

"သူ့မှာ အဆက်အသွယ်တွေရှိတယ်၊ မင်းတို့ငါတို့က ပမ္မား
သေးသေးလေး အသုံးချခံရတယ်ဆိုပေမယ့် တန်ရာတန်ကြေးတော့ ရမယ်
ထင်ပါတယ်"

"အဲဒါ မနက်ဖြန်စောင့်ကြည့်ရမှာ၊ နှစ်ပဲခြောက်ပြားလောက်နဲ့
ပြီးသိမ့်မယ်ဆိုရင်တော့ ဒီပွဲကို ငါ မရရအောင် ပြန်ဖျက်မယ်"

"စောင့်ကြည့်ပါဦးကွာ၊ မနက်ဖြန် ရွှန်းရွှန်းစိုကို လွှတ်လိုက်မှာ
ပဲတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ် အခွင့်အရေးကို လက်လွှတ်မခံနဲ့"

"မင်းကလည်း ပြောတော့မယ်"

"အားပေးနေတာ ဟိတ်ကောင်၊ မပြေလည်မှုတွေကို အားလုံး
ပြီးသားဖြစ်သွားလိမ့်မယ်"

"မင်းရော မိုးမိုးနဲ့အခြေအနေ"



www.burmeseclassic.com

www.burmeseclassic.com



“ဘဏ်မှာ ဂါနာမည်နဲ့ငွေစုပေးထားတယ်၊ လုပ်ငန်းကြီးကြ
တစ်ခု အကောင်အထည်ဖော်လို့ရအောင်တဲ့၊ ဒါမှ သူ့မိဘတွေက ငါ့
သဘောတူမှာ”

“မင်းက လက်ထပ်ဖို့ထိ ရည်ရွယ်ထားတာလား”

“ကခြား မိန်းကလေးတွေထက် ရက်ရောလို့ အစီစဉ်ထော
ရှိပါတယ်”

“မင်းဟာက ဘယ်လိုကြီးလဲ”

“အချစ်ဆိုတာ ငွေရှိမှ သာယာတာ၊ တူနှစ်ကိုယ်တဲအိုပျက်
နေရ၊ ထမင်းရေအတူလျက်ရဆိုတဲ့ စကားတွေက အရင်ခေတ်မှာ ကျ
ပြီး ငွေမရှိရင် အချစ်က အချိန်တိုတိုလေးနဲ့ ခြောက်ကပ်ပျက်စီးသ
တတ်တာမျိုးကွ၊ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုတာ ရည်းစားဘဝ
စိတ်ကူးယဉ်လို့ကောင်းတယ်”

အာကာအောင် ပြောတာ ဟုတ်နေမလား၊ စိတ်ထဲမှာ ဖော
ပင် ဖြစ်သွားရ၏။ သူ့ရဲ့မပြည့်စုံလိုအပ်မှုတွေကြောင့် မမအမေကထေ
သူ့ကိုမလိုလား မကြည်ဖြူဘူးမဟုတ်ပါလား။ မေမေကလည်း သူ့
ပို၍ နစ်မွန်းသွားမှာစိုးရိမ်နေသည်။

ဒါဟာ ငွေကြောင့်ပဲ။ ငွေမရှိလို့ ဆန္ဒတွေ အချစ်တွေက ဖော
ရောက်သွားခဲ့ရတာ။

ငွေမရှိလို့တဲ ညီငယ်ညီမငယ်တွေရဲ့ လေးစားမှုမခံရတာ
မရှိလို့ဘဲ လုပ်ငန်းလုပ်ရတာ အောက်ကျသိမ်ငယ်ရတာ။ သူ့





ကြွင်းအကျန် အရိုးအရင်းပေးစာကမ်းစာ စားနေရတာ။

ဒါဆို သူ ဘာလုပ်ရမလဲ။ အာကာအောင် ပြောသလို။

ဟင့်အင်း ဆန္ဒဆိုးဆိုးနှင့် ဒွိဟဖြစ်ကာ ကိုယ့်ကိုယ်ကိုယ်လည်း
သချာစွာဖြင့်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သေချာပါ့မလား။ ရွှန်းရွှန်းစိုကို လွှတ်လိုက်မည်ဟု ဒေါ်မြ

ခြယ်က အတိအကျ ပြောလွှတ်လိုက်တာ။

ဒေါ်မြရောင်ခြယ် ကလိန်ကကျစ်ကျသလားဆိုသည့် အ

လည်း ဝင်နေတာကြောင့် ညကလည်း အိပ်မပျော်။ မနက်က

အိပ်ရာစောစောထဖြစ်ပြီး စိတ်ရောလူရော ဂနာမငြိမ်။ ညီလေး

မလေးအတွက် မနက်စာ လုပ်ပေးနေရင်း သူ့ကိုစားဖို့သောက်ဖို့

ခေါ်တာလည်း သူ့မှာ မစားနိုင်။ ဒီနေ့သာ ငွေရှာမပေးနိုင်ရင် ညီ

တို့နှင့် ပြဿနာအကြီးအကျယ် တက်တော့မှာကို တွေးပူပြီး သူ့မှာ

ထိုင်မသာဖြစ်နေရတာ။

"ကိုကို အိမ်ရှေ့မှာ ညှော်သည်ကားအမိုက်စားနဲ့ ကောင်





လည်း အလန်းစယား"

"ဟင်"

ညီလတ်ရဲ့ လှမ်းအော်သံကြောင့် သူဖျတ်ခနဲ အိမ်ရှေ့ပြေးထွက်

လာခဲ့သည်။ ညီမလေးက အခန်းထဲကနေ ခေါင်းပြူကြည့်ပြီး မေမေက

လည်း မီးဖိုခန်းထဲကနေ ထွက်လာ၏။

"သားဦး"

"ရွှန်းရွှန်းစိုလာ မင်းကိုမျှော်နေတာ"

အနီရောင်လွှင်နေသော ကိုယ်ကျပ်အင်္ကျီလေးပေါ်မှာ ငွေစကုတ်

လေးထပ်ဝတ်လျက် ဆလင်းဘက်(စ်) အိတ်ခပ်ကြီးကြီး လွယ်ထားသည့်

ရွှန်းရွှန်းစိုကို ဆက်တီခုံမှာနေရာပေးရင်း ဟန်ဆောင်ဖို့မော့လျော့ကာ

အလောတကြီး ပြောမိ၏။ သူမက သူ့အိမ်လေးကို ငေ့ဝဲအကဲခတ်ပြီးမှ

အနားမှာလာရပ်သော မေမေကို ပြုံးပြ၏။

"မေမေသူက ရွှန်းရွှန်းစိုတဲ့ သားအခုအလုပ်လုပ်နေတဲ့ သူဌေး

ရဲ့သမီး"

"အေးကွယ် အိမ်ရောက်လာတာ ဘာမှလည်း ဧည့်ခံစရာ

မရှိဘူး။ မေမေ လမ်းထိပ်က လက်ဖက်ရည်သွားဝယ်လိုက်ရမလား သား"

"ဟို နေပါစေအန်တီ၊ မီး မသောက်တော့ပါဘူး"

"အပြန်မှ သားလိုက်ပြီးဧည့်ခံလိုက်ပါ့မယ် မေမေ၊ ညီလေးနဲ့

ညီမလေးကျောင်းသွားဖို့ပဲ ပြင်ပေးလိုက်ပါ"

"အေးအေး ဒါဆို သမီးလေး အန်တီကို ခွင့်ပြုဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အေးဆေးလုပ်စရာရှိတာ လုပ်ပါအန်တီ"

ရွှန်းရွှန်းစိုလို သူဌေးသမီးက မာနကင်းစွာ မေမေအပေါ်ထေ
စားမှုနှင့် ဆက်ဆံတာမြင်ရတော့ အံ့သြရသေး၏။ ရွှန်းရွှန်းစိုက အိတ်ထ
နေ ငါးထောင်တန်အထပ်လိုက် ဆွဲထုတ်ကာ စားပွဲပေါ်တင်တော့ ပိုတော
အံ့သြမိရပြန်သည်။

"မာမီက ရှင့်အတွက်ပွဲခဆိုပြီး သိန်းသုံးဆယ်ပေးခိုင်းလို
တယ်၊ စစ်ကြည့်ပါဦး"

"ဗျာ"

ဒီလောက်ငွေအများကြီး ပေးမည်မထင်တာကြောင့် သူယုံ
မယုံနိုင်။ ပါးစပ်က ဖုန်းနဲ့လှမ်းပြောရုံနဲ့ လုပ်ပေးရတာ။ ကိုယ်တိုင်သွားပြေ
အခြေအတင်ညှိနှိုင်း ဈေးဆစ်၊ ဒါမျိုးတွေလည်း ဘာတစ်ခုမှလုပ် မပေ
ပါဘဲ။

"ပုဂံက ရှင်သူငယ်ချင်းကိုလည်း သုံးဆယ်ပေးလိုက်တယ်
ပြောတယ်၊ ဟိုကဘာဏ်နဲ့ပဲ လွှဲပေးလိုက်တာ၊ မနေ့က ရှင်တို့ပြန်သွား
ကတည်းက စာချုပ်ဖို့ ဘာညာတစ်ခါတည်း လုပ်လိုက်တာတဲ့"

"မြန် မြန်လှချည်လား"

"ငွေရှိရင်အားလုံးက အလွယ်တကူပြီးသွားတာတွေ ချည်းပါ
နေရာကောင်းရလို့ဆိုပြီး မာမီကရှင့်ကိုရော၊ ရှင့်သူငယ်ချင်းကိုရော ကျေ
ဇူးတွေတင်နေတာ၊ မြေက မာမီလက်ထဲတောင် မရောက်သေးဘူး။ မ
ရသွားတယ်ဆိုတာ ပေါက်ကြားပြီး၊ မတန်တဆဈေးပိုပေးပြီး ပြန်ဝယ





ကြတယ်"

"ဩော်"

သူဘာယ်လို ပြောရမှန်းပင်မသိတော့ပါ။ စားပွဲပေါ်မှာ သူ့အတွက်
ပြီး ပုံပေးထားသည့် ငွေတွေကိုကြည့်ကာ ရင်တွေ တလှပ်လှပ်တုန်
အောင် ဝမ်းသာကြည်နူးနေမိသည်။ သူ့ဘဝသက်တမ်း တစ်လျှောက်
း ဒီလောက်ငွေများများ မမြင်ဘူး မကိုင်ဘူးပါ။

လက်ထဲမှာ ငွေအရင်းအနှီး မရှိတာကြောင့် ဆိုင်ကယ်တို့ကား
တို့ ပွဲစားလုပ်ဖူးသော်လည်း လက်ထဲကို ငွေလေးငါးဆယ် သိန်းတောင်
ပြည့် ရောက်ဖူးတာမဟုတ်။

မြေကွက်ဆိုလည်း ဒီအတိုင်းပါပဲ၊ သိန်းသုံးလေးဆယ် ငါးဆယ်
န်မြေကွက် အရောင်းအဝယ်မှာ ပွဲစားလုပ်တာမို့ ကိုယ့်လက်ထဲကိုင်
ကျှင် အလွန်ဆုံး နှစ်သိန်းခွဲ သုံးသိန်း။

အခုတော့ ဒေါ်မြရောင်ခြယ် ပေးလိုက်တာ၊ ရက်ရက်ရောရော
သိန်းသုံးဆယ်တဲ့။

"လှုခင်ရင် ငွေရေရတယ်တဲ့ ရေကြည့်လေ သားဦး"

"ဟို ရပါတယ် မရေတော့ပါဘူး၊ ခုလိုအိမ်တိုင်ရာရောက်
ပေးတာ ကျေးဇူးတင်ပါတယ်၊ ငွေရှိတဲ့သူတွေကျတော့လည်း ငွေကို
နဲ့ရင်းပြီး ရှာတာ မြန်လိုက်တာနော်၊ ကျွန်တော်တို့ကျတော့လည်း
ချမ်းကို ခက်ခဲပင်ပန်းတာပဲ"

"သားဦးက အရည်အချင်းရှိတယ်လို့ မာမီက ချီးကျူးပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပေါ့ တစ်နေ့ကျ မာမီ့ထက်ကျော်တဲ့ လုပ်ငန်းရှင်ကြီးတောင် ဖြစ်ချင်ဖြစ်သွားနိုင်တယ်''

''အားပေးတာလား၊ လှောင်တာလား''

''ဟင့်အင်း သရော်တာ''

အတည်ပေါက်နှင့် နောက်တတ်သော သူမရဲ့ရင်းနှီးမှုကြောင့် သူစိတ်ပေါ့ပါး ပျော်ရွှင်သွားရသည်။

''ခဏနော် ဒီငွေတွေ မေမေ့ကို သွားအပ်လိုက်ဦးမယ်၊ မင်း တစ်ခုခု လိုက်ညှော်ခံပါရစေ''

အင်း အဲဒါဖြစ်သင့်တယ်၊ မာမီက ရှင့်ဆီကိုလွှတ်တော့ ဝ သာပြီး ဘာမှစားမလာခဲ့ဘူး''

''ဘာဖြစ်လို့''

''အဲဒါ ရှင်မေးစရာလား၊ ဘာဖြစ်ဖြစ်ပေါ့''

သူမပြောသည့်စကား ဘယ်လိုအဓိပ္ပါယ် သက်ရောက်သွားသ ဆိုတာ သိပုံမပေါ်၊ သူပြန်မေးတော့လည်း ရက်ရွှံ့ဟန်မရှိဘဲ ခပ်တည် တည်ပင်။

ငွေတွေကို ကြွပ်ကြွပ်အိတ်ထဲထည့်၍ မီးဖိုခန်းထဲက မေမေ သွားပေးတော့ ညီလေးနှင့် ညီမလေးလည်း အပျော်လွန်ကာ ထခုန်ခေ သည်။

''အမလေး သားရယ်၊ သားအလုပ်လုပ်တာ ကြာကြာလှ ဒီလောက်ငွေတွေ အများကြီးတစ်ခါမှ မရဖူးဘူး။ မိုးပေါ်က နတ်သမီးလေ





ဘောင်ဖန်ဆင်းပြီး လာပေးလိုက်သလိုပါပဲ၊ သူဌေးသမီးကလည်း နတ် လေးလားကို ထင်ရလောက်ပါတယ်''

''ဟုတ်တယ်ကိုကို ကိုကို့ကို ဆက်ဆံတာလည်း မာနလည်း ဘူး။ အလွှာတွေဘာတွေ ခွဲခြားတာလည်းမရှိဘူး။ တရင်းတနှီးပဲ''

''ကိုကို အဲဒီ မမကြည့်ရတာ အလန်းလေးနော်၊ ချစ်စရာ င်းတယ်၊ မမမိုနာနဲ့ တခြားစီပဲ၊ ရအောင်ပိုးပါလားဟင်''

''ကဲ မင်းတို့လိုသလောက် မေမေ့ဆီက တောင်းသွားကြ၊ အပို ဲသုံးဖို့ ဖြုန်းဖို့တော့ မလုပ်ကြနဲ့ဦးနော်၊ ဒါကို အရင်းအနှီးလုပ်နိုင် ဒီထက်မက ပိုရလာမှာ''

''ကိုကိုရာ သူဌေးသမီးသာ အပိုင်သိမ်းလိုက်၊ ဘာမှ အပင်ပန်း ရာတောင် မလိုတော့ဘူး''

''သားလတ် မင်းပါးစပ်ပိတ်ထားလို့ ငါပြောနေတယ်''

သူလေသံ ခပ်မာမာနှင့် အော်ပစ်လိုက်မှ သားလတ် ဖက်က ကာ ပါးစပ်ပိတ်သွား၏။

ဘာကြောင့်များ ဒီငွေနှင့် ချမ်းသာကြွယ်ဝမှုတွေက ဒီလောက် င် အရေးကြီးနေတာလဲ။ ငွေရှိတဲ့သူကိုပဲ ချည်းကပ်မှိုစေချင်နေကြ ဲ။

ငွေတွေအများကြီးမြင်လိုက်ရတော့၊ သူလည်းစိတ်တွေ လှုပ်ရှား က်အောင် ပျော်သလိုလို ကြည်နူးသလိုလို . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

မိန်းကလေးမောင်းသော ကားပေါ်ထိုင်လိုက်မိခြင်းက၊ သူ့
သိမ်ငယ်စိတ်တို့ ဖြစ်ပေါ်စေ၏။ သူကို အိမ်နီးနားချင်းနှင့် ရပ်ကွက်ထဲ
လူအချို့ကွက်ကြည့် ကွက်ကြည့် အတင်းတုတ်နေကြသလားအထင်
ခေါင်းကိုလည်း မဖော်ဝံ့။

"ဟိုရှေ့က လက်ဖက်ရည်ဆိုင်မှာ ရပ်လိုက်မယ်နော်"

"ဟင် မြို့ထဲက ဆိုင်ကြီးတွေကို မောင်းလေ၊ ဒီနေ့ဘယ်လော
ဈေးကြီးတာဖြစ်ဖြစ် ရှန်းရှန်းစိုကို ကျွန်တော် ဧည့်ခံနိုင်ပါတယ်"

"သိပါတယ်၊ ဒါပေမဲ့ ဒီလိုရပ်ကွက်လေးက ဆိုင်မှာတစ်
မထိုင်ဘူးလို့ ထိုင်ကြည့်ချင်လို့ပါ၊ ဟိုမှာ မုန့်ဟင်းခါးလည်းရတယ်
ရေးထားတယ် စားချင်လို့နော်"

သူမကပင် တောင်းပန်ခယနေသေးတော့ သူဘာမှမတတ်နိုင်





ခေါင်းညိတ်လိုက်လျှာရသည်။ ဒီဆိုင်မှာ ထိုင်နေကျလူတွေက သူ ဘာ
ကောင်လဲဆိုတာ သိနေကြပြီးသား။

ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းသော သူဌေးသမီးလေးနှင့်
အတူ တွဲဝင်လာတာကို အချဉ်ဖမ်းတာ ချူစားတာ၊ ပိုင်းလုံးဘာညာ
ဘစ်မျိုးတစ်မည် ဝေဖန်ရှုတ်ချနေကြမှာတော့ အမှန်ပင်။

"မုန့်ဟင်းခါးတစ်ပွဲ၊ အိုးဘဲဥနဲ့ပဲကြော်နဲ့၊ လက်ဖက်ရည်ကျ
နဲ့တစ်ခွက်၊ ပြီးတော့၊ ဟင် ရှင်လည်းမှာလေ"

"ရတယ် မင်းစားချင်တာပဲမှာပါ၊ ကိုယ့်အတွက်တော့ ဘာလုပ်
ပေးရမယ်ဆိုတာ သူတို့သိတယ်"

"ဒီဆိုင်ကို ရှင်အမြဲတမ်း လာထိုင်နေကျလား"

"အင်း"

"နောက်ဆို မီးလည်းလာထိုင်မယ်"

"ဘာ"

"ဒီလိုစားပွဲ ခုံပုလေးတွေနဲ့ လွတ်လွတ်လပ်လပ် ထိုင်ရတာကို
ကြိုက်တယ်၊ ပြီးတော့ တီဗီသံ ဘောက်(စ်)သံ လူသံတွေနဲ့ အုန်းအုန်း
ကျက်ကျက် ဆူညံနေတာ၊ သဘာဝကျတယ်လို့ထင်တယ်၊ ကိုယ့်အိမ်မှာ
ညည်းတစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်၊ ဟိုတယ်တွေ သီးသန့်
ခန်းထဲတွေမှာလည်း တိတ်ဆိတ်ငြိမ်သက်လို့ဆိုတော့ ကိုယ့်ကိုယ်ကို ပိုပြီး
အထီးကျန်သလို ခံစားရတယ်၊ အဲဒါကြောင့်"

"ဒီလိုရပ်ကွက်က ဒီလိုဆိုင်မျိုးကို သဘောကျတယ်ဆိုပါ

www.burmeseclassic.com



တော့"

ရှင်းရှင်းစိုက မုန့်ဟင်းခါး တစ်ဇွန်းနှစ်ဇွန်း ခပ်စားရင်းက ပြုံးကာ ခေါင်းညိတ်၏။ ဒီကောင်မလေး ဟန်ဆောင်မှုကင်းကာ ပွင့်လင်းလွန်းသည်။ စားသောက်နေတာလည်း ရွံရှာရှုတ်ချတာမျိုး မရှိ။

"မုန့်ဟင်းခါးက ကောင်းသားပဲနော်၊ ဟိုတယ်ကြီးတွေမှာ စေ့ ကြီးပေးစားရပြီး ဒီလိုအရသာမတွေ့ဘူး၊ ဟင် ရှင်က ထမင်းကြေ မှာစားတယ်၊ အိမ်မှာထမင်းမစားရဘူးလား"

"အိမ်မှာ မစားဖြစ်တဲ့အခါ၊ ဒီလိုပဲ စားနေကျပေါ့၊ ပြီးရင် လက်ဖက်ရည်လေး တစ်ခွက်သောက်လိုက်၊ တစ်နေကုန် ဘာမှထပ်မစာ လည်း အဆင်ပြေတယ်"

"ဒါနဲ့ ရှင့်မှာ ညီလေးတစ်ယောက် ညီမလေးတစ်ယော ရှိတယ်နော်"

"အင်း မင်းမြင်ခဲ့တယ် မဟုတ်လား"

"မြင်တယ်၊ ဒီအရွယ်ကြီးတွေတောင် ရောက်နေပြီ၊ မောင်နှ တစ်တွေ ဆုံတဲ့အခါ အရမ်းပျော်စရာ ကောင်းမှာပေါ့နော်"

"အဟင်း ပျော်စရာကောင်းတဲ့ အချိန်ဆိုတာ သိပ်မရှိပါဘူ ငွေအတွက်နဲ့ပဲ အမြဲတိုက်ပွဲဖြစ်နေတာ၊ ပြည့်စုံအောင် ရှာမပေးနိုင်တဲ့ ကိုယ့်မှာ အပြစ်ရှိတာပေါ့"

"ဩော် ငွေမရှိရင် မိသားစုများလည်း ပျော်စရာ မကောင်းဘူး လား"





"ဟုတ်တယ် ငွေကမှ မိသားစုမွေးချင်း မောင်နှမ ဆွေမျိုးသား ချစ်သူရည်းစား၊ သူစိမ်းတစ်ရံစာ၊ အားလုံးကို ပျော်ရွှင်မှုတွေ ...တွေ နားလည်မှုတွေ လေးစားမှုတွေ အကုန်ဖန်တီးပေးနိုင်တာ၊ ...ကြေးချမ်းသာပြီး တစ်ယောက်တည်းနေရတာလည်း မင်းပြောသ ...ထီးကျန်ပြီး လိုအပ်မှုတွေ ရှိနေတာပေါ့လေ"

သူမက သူပြောတာတွေ နားထောင်ရင်းဖြင့် အစားအသောက် ...ပျက်။ တစ်ခုခုကိုလည်း အလေးအနက် စဉ်းစားဟန်ဖြင့်

"ငွေကြေးပစ္စည်းဥစ္စာလည်း ပြည့်စုံမယ်၊ မွေးချင်းမောင်နှမ ...ည်း ရှိမယ်ဆိုရင် အရမ်းပျော်စရာကောင်းမှာပဲနော်၊ အခုသားဦး ...ယင်ပန်းမှာပေါ့နော်"

"မင်းလာပေးတဲ့ငွေကြောင့် တော်တော်အသက်ရှုချောင်ပြီး ...သာရပါတယ်၊ ညီလေးနဲ့ညီမလေးလည်း ပျော်သွားတယ်၊ မေမေ ...ဆို ကြည်နူးပီတိတွေနဲ့ ပြုံးနေတာပဲ၊ ဒီလောက်များတဲ့ငွေ ကိုယ်တို့ ...သားစုလုံး တစ်ခါမှ မကိုင်ဖူးဘူးလေ"

သူမ ရင်ထဲ နင့်ခနဲစိတ်မကောင်း ဖြစ်သွားရသည်။ ဒီလောက် ... သူမ တစ်ခါတစ်ရံ ဖန်ကောက်ကို ရှောပင်ထွက်လိုက်လျှင် တစ်နေ့ ...း ဟိုလူဒီလူ မင်္ဂလာဆောင်လက်ဖွဲ့၊ မွေးနေ့လက်ဆောင်၊ ပေးရ ...တောင် အနည်းဆုံး လေးငါးသိန်းဖိုးမက။

သားဦးတို့ မိသားစုအတွက်တော့၊ တန်ဖိုးကြီးလွန်းလှပါလား။

"စားလေ တော်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူမ ငြိမ်သက်သွားတာကို၊ ရီဝေဝေ မျက်ဝန်းများဖြင့် ငေ
ကြည့်ရင်း သားဦး သတိပေး၏။ သားဦး မျက်နှာက ယောက်ျားပီပီသ
ရှင်းသန့် ကြည့်ကောင်းပါသည်။

အဝတ်အစားဆိုလည်း တခြားယောက်ျားတွေလို ဖစ်ဆို
ကိုယ်ကျပ်တွေမဟုတ်။ အဖြူလိုလို ပေါ့ပေါ့ပါးပါးပဲ ဝတ်တတ်ပြီး ကိ
ကြီးခန်းကြီး ထည်ဝါစွာလည်း မနေ။

သူမ ကြိုက်နှစ်သက်သော စတိုင်ဟု တစ်ထစ်ချ ယုံကြ
လိုက်သည်။

"စားလို့ကောင်းတယ်၊ ဒါပေမဲ့ တော်ပြီ မီးက စားစရာတစ်
ကို အများကြီးမစားတတ်ဘူး၊ ဟိုဟာနည်းနည်း ဒီဟာနည်းနည်
နဲ့အမျိုးစုံအောင် စားချင်တာ၊ ဟို ရှင့်ထမင်းကြော်နည်းနည်း ကျေ
ပါလား"

"မင်းကတော့"

အပြစ်ပြောချင်တာမျိုး မဟုတ်ပါ။ မရှိမရှာ တရင်းတနှီး ဆ
ဆံခံရတာကိုပဲ ကိုယ်က မနေတတ် မထိုင်တတ်ဖြစ်နေရတာ။ အာ
အောင်သာသီလျှင် ဒီလောက်လိုက်လျောနေတာ အမိဖမ်းပစ်လိုက်
လားဟု အားမလိုအားမရ တိုက်တွန်းပေလိမ့်ဦးမည်။ တကယ်လည်
လွယ်လင့်တကူ နူးယူလို့ရနေပြီဆိုတာ သူသိသည်။

ဒါပေမဲ့ ယောက်ျားတစ်ယောက်ရဲ့ စိတ်က အဲလို အောက်ထ
ကျသင့်ရဲ့လား။ ဒေါ်မြရောင်ခြယ်အပေါ် သို့အောင်အပြစ်မြင်လာခဲ့သေ





တ်တို့ကလည်း ငွေတွေကိုမြင်လိုက်ရသည်နှင့် အားလုံးကြွက်ပျောက်
က်ပျောက်သွားသလိုပင်။

မေမေရဲ့အပြုံး ညီနဲ့ညီမတို့ရဲ့ အပျော်တွေကြောင့် သူ့ရင်ထဲမှာ
ာမှမကျန်တော့အောင် ရှင်းလင်းနေ၏။

ဒါပေမဲ့ ဒါဟာ ဒီငွေတွေမကုန်ခင် အခိုက်အတန့်ပဲလား ငွေရှိမှ
ပြုံးတွေအပျော်တွေက ရေရှည်တည်တဲ့ နိုင်ငံမြန်နိုင်မှာ။

"ဟူး"

သူမရဲ့ ဆံနွယ်လေးတွေ သူ့ရဲ့လေပူများနှင့် ထိတွေ့ကာ လှုပ်
တ်သွားတော့၊ သူမ ဆတ်ခနဲ မျက်လွှာပင့်ကြည့်၏။

"ဘာဖြစ်တာလဲ"

"ဘာမှမဟုတ်ဘူး၊ မင်းဘယ်သွားချင်သေးလဲ ဘာလုပ်ချင်သေး
လဲ ကိုယ်လိုက်ပို့ ဖြည့်ဆည်းပေးမလို့ပါ၊ ဒီနေ့ကိုယ့်အတွက် အရမ်း
ဆင်ပြေနေတော့ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေရထိုင်ရတာ ခြေ
ထောက်နဲ့ မြေကြီးမထိလောက်အောင်ကို ဘဝင်တွေမြင့်ပြီး ပျော်နေ
တယ်"

"ပြောတော့မယ် ရှင်ကတော့ အဲလိုတွေမပြောစမ်းပါနဲ့ မီးရင်ထဲ
ကောင်းလို့"

"ဘာဖြစ်လို့ မကောင်းရတာလဲ"

"မပြောချင်ဘူး၊ အခု မီးဘယ်သွားသွား လိုက်ပို့မယ်လို့ ပြော
ားတယ်မဟုတ်လား၊ လာ သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လဲ"

"မမေးနဲ့ အခု မီး စားသောက်ထားတာတွေ ရှင်ရှင်းမှာမပ

လား မီး ဘာတွေ ပြန်ဝယ်ပေးပေး ရှင်မငြင်းရဘူး"

ပြောပြီး သူမက အရင်ထရပ်ကာ ထွက်သွား၏။ သူမှာ က

ကယာ ပိုက်ဆံရှင်းပြီး နောက်ကလိုက်ရသည်။ သူမက ကားရှေ့တံခ

အဆင်သင့် ဖွင့်ပေးထားသည်။

"ဘာလုပ်နေတာလဲ၊ ကားပေါ်တက်လေ"

"မင်းဘာလုပ်မလို့လဲ"

"အရမ်းစကားများတာပဲ မမေးပါနဲ့ဆို၊ အမေးအမြန်းထ

ယောကျ်ားလေးဆို အရမ်းမုန်းတယ်"

သူ ပါးစပ်ပိတ်ကာ ကားပေါ်တက်လိုက်ခဲ့ရသည်။ သူမက

တစ်လမ်းလုံး စကားမပြောတော့ဘဲ ကုန်တိုက်ကြီး တစ်ခုဆီကို ေ

အောင်မောင်း၏။

ဟိုရောက်တော့ သူမလက်ညှိုးထိုး ဝယ်ခြမ်းနေသမျှ သ

ပေးလိုက်ရတာ မနည်းမနော။ ဘာတွေများ ဒီလောက်တောင် ဘယ

အတွက်တနင့်တပိုး ဝယ်နေရသည် မသိ။ အသီးအနှံ အသားငါးက

ပါသည်။

"ကဲ ရှင်တက္ကစီနဲ့ ပြန်လိုက်နော်၊ မီး လိုက်မပို့တော့

အဲဒီ ပစ္စည်းတွေအားလုံး ရှင်အားလုံးသယ်သွား"

"ဟင်"





"ဘာလို့ဝယ်ပေးတာလဲလို့ မေးခွန်းမထုတ်နဲ့ဦးနော်၊ ရှင့်မိသား

အတွက်ပါ မီး စေတနာရှိလို့ ဝယ်ပေးတာ၊ ရှင့်အတွက် အဝတ်အဝတ်

အစားငါးစုံ အိတ်တစ်လုံးထဲမှာ ပေါင်းထည့်ထားတယ်၊ ကျန်ဟာ ရှင့်ညီ၊

ညီမနဲ့ အမေအတွက်ရောပဲ၊ တက္ကစီခတော့ ကိုယ့်ဘာသာ ပေးလိုက်တော့၊

မီး သင်တန်းချိန် နီးနေလို့လစ်ပြီ"

"ဟာ ရှုန်းရှုန်းစို"

သူဘာမှ ပြောချိန်မရလိုက်။ သူမ ကားလေး ရှောခနဲ လိုနဲ့ထွက်

သွားပြီး သူက ပစ္စည်းတွေ တနင့်တပိုးနှင့် ကျန်ရစ်ခဲ့သည်။ ဒါကြောင့်

အဝတ်အစား ဝယ်သည့်နေရာမှာ အရောင်းဝန်ထမ်း ကောင်လေးကို

သူကိုလှမ်းလက်ညှိုးပြ၍ အဝတ်အစားတွေ ရွေးနေခဲ့တာကိုး။

ဘာလုပ်ရမှန်း မသိတတ်နိုင်ဘဲ နေရာမှာအချိန်ကြာမြင့်စွာ

ရပ်နေမိလျက် ခြေလှမ်းရွှေ့ဖို့ ရှက်ရွံ့တုန်လှုပ် ချောက်ချားနေသလို

သို ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟား ဒီလောက်အများကြီးတော့ ဝယ်ပေးလိုက်တယ်၊ အံ့ဩ
စရာပဲ၊ ကိုကို ဒီကောင်မလေး ကိုကို့အပေါ် ဆက်ဆံတာမရိုးသားဘူးနော်"

"တော်စမ်းပါကွာ၊ ဒါတွေဝယ်ပေးတာ ငါတို့မပြည့်စုံတာသို
သနားလို့နေမှာပေါ့ကွ၊ ကိုယ့်ကိုယ်ကို အထင်ကြီးစရာမှ မဟုတ်တာ
သိမ်ငယ်ရမှာ ရှက်ရမှာ"

"ဝေးပါ့ ကိုကိုရာ၊ မိန်းကလေးတစ်ယောက်က သာမ
မိတ်ဆွေအဆင့် ခင်ရုံလောက်နဲ့ ဒီလိုလိုက်လျှောမှုတွေ မလုပ်ဘူး ကို
သူ့ဘက်က မရိုးသားတာ ထုတ်ပြောမရလို့၊ လက်ဆောင်ပဏ္ဍာတွေ
သက်သေပြလိုက်တာ၊ ကိုကိုတက် ချမ်းသာတဲ့သူဌေးသမီးနော်၊ မမိုနာ
နှိုင်းယှဉ်မရအောင် အဆပေါင်းများစွာသာတယ်၊ စိတ်ကူးမလွဲနဲ့"

"ဟင်"





မမိုနာဆိုမှ မနက်ဖြန်စောင့်နေမယ်ဆိုပြီး သူ တစ်ခါမှ သွား
ရသေးပါလား။ အလတ်ကောင်နှင့် အငယ်မ နားပူနားဆာ ပြသနာ
နေတာကြောင့် ငွေအတွက်ပဲ အာရုံရောက် လုံးပမ်းနေမိတာ။

ဒီနေ့တော့ မမိုနာ ရုံးအပြန်၊ မဖြစ်မနေသွားစောင့်နေရမည်။
ဘက်ငွေများများ ရလိုက်တာကို မမိုနာလည်း ဝမ်းသာနေမှာပါ။
ရောင်ခြယ်နဲ့ အလုပ်တွဲလုပ်နေပါက လက်ထပ်ဖို့လည်း အဆင်ပြေ

"ဟယ် ကိုကို ဒီအဆင်လေးက ညီမလေးအတွက် ထင်တယ်၊
လိုက်တာ၊ သူဌေးသမီးတွေမှ ဝတ်နိုင်တဲ့ ဈေးအရမ်းကြီးတာတွေ
ပေးလိုက်တာပဲ၊ မေမေအတွက် ဝယ်ပေးလိုက်တာတွေလည်း အရမ်း
သရေရှိတယ်"

"ငါ့ဖို့ ဝယ်ပေးလိုက်တာတွေလည်း မိုက်ပါတယ်ဟ၊ စိုးလင်း
ကြွားရမယ်၊ သူတို့က ဝတ်နိုင်စားနိုင်တော့ ငါ့အရမ်းမျက်နှာ
ခဲ့ရတာ၊ ငါတို့အစ်ကို ကောင်းမှုကြောင့် တန်ဖိုးကြီးတာတွေ မြင်ဖူး
ဝတ်ဖူးသွားပြီ"

"သူတော်ကောင်းမလေး ကျန်းမာချမ်းသာပါစေတော်၊ ဒီတစ်
ဒီလိုအဝတ်အစားမျိုး၊ အစားအသောက်မျိုး မဝတ်ရ မစားရတော့
ဆင်တာ၊ ကျေးဖူးရှင်မလေးကို ကျေးဖူးတင်လိုက်တာ"

တစ်ယောက်တစ်ပေါက် အဝတ်အစားတွေကြည့်၊ ပြောဆိုနေ
ာ ဝမ်းသာရမှာလား၊ ကြည်နူးရမှာလား။ တကယ်တမ်းတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မသက်မသာဖြစ်ပြီး မျက်နှာတွေတူူ ရှက်ရွံ့သလို ဖြစ်နေ၏။ မိန်း
လေးတစ်ယောက်ပေးသော လက်ဆောင်တွေဖြင့် သူ့ကုတ်မတင့်တယ်
ပါ။

ဒါပေမဲ့လည်း သူ့စိတ်တွေ မွန်းကျပ်လှောင်ပိတ်နေသလို ခံ
နေရသည်။ သူ့အဝတ်အစားလဲကာ အာကာအောင်ဆီ လမ်းလျှော
ဖြင့် ဆက်ကာ လက်ဖက်ရည်ဆိုင်မှာ ချိန်းလိုက်၏။

ဒီကောင်က မိုးမိုးရဲ့ အကြောင်းရေစက်နှင့် ဖုန်းကိုင်နိုင်
သည်။

"မိန်းကလေးတစ်ယောက်ဆီက အဲလိုလက်ဆောင်တွေ ယူ
တာ မင်းမရှက်ဘူးလား"

အဲလိုတောင် ရှုတ်ချကာ မေးဖူးခဲ့သေးသည်။ သူမှာ
ဒီလိုပြော မိလို့ ဝင့်လိုက်တာများလား။ မိုရိချင်စိတ်များပြီး ယော
တစ်ယောက်ရဲ့ ခွန်အားတွေတော့ မပျောက်ဆုံးချင်ပါ။

"ဟိတ်ကောင် သားကြီး"

"ဟင်"

အာကာအောင် ပခုံးပုတ်ခေါ်မှ ပုံ့လွင့်နေသော စိတ်တွေ
ပြန်စုစည်းရ၏။

"မင်းက အချိန်ကြီးရလိုက်တာတောင် လက်ဖက်ရည်ဆိုင်
ချိန်းရလား"

"မင်း ဘယ်လိုလုပ်သိလဲ"





"မင်းအဆက်အသွယ် လုပ်မလားစောင့်နေရင်း ကိုကိုကြီးဆီက
ဖုန်းဝင်လာတာ၊ ဒေါ်မြရောင်ခြယ်က ပြောလို့နေမှာပေါ့"

"ဟုတ်မှာပါ၊ ထိုင်ကွာ ဒီနေ့ မမကိုစောင့်ချင်လို့ ဒီမှာထိုင်ရ
အောင်၊ နောက်နေ့မှ မင်းကြိုက်တဲ့ဆိုင်ကွာ၊ ကြိုက်သလောက်သောက်၊
ကိုကိုကြီးကိုပါခေါ်ပြီး ငါ ဒကာခံပါ့မယ်"

"အဲလောက် သိတတ်ရင် မဆိုးပါဘူး၊ ဒါနဲ့ ရွှန်းရွှန်းစိုကို
ထိသက်အောင် ကြိုးစားမယ်ပြောပြီး မမကိုစောင့်မယ်ဆိုတာက ဘာလဲ"

"ကဏ္ဍတွေက တခြားစီပါ၊ မမကိုမုန်းလို့မဟုတ်သလို ရွှန်းရွှန်းစို
ကိုလည်း ချစ်လို့မှ မဟုတ်ဘဲ၊ ပြီးတော့ ရွှန်းရွှန်းစိုကို မချစ်ဘဲနဲ့ ရှေ့
ဆက်တိုးရမှာလည်း တစ်မျိုးကြီးကွာ၊ ဒီနေ့ သူဝယ်ပေးလိုက်တဲ့ လက်
ဆောင်တွေယူပြီး မလုံမလဲ ဝေဒနာကြီးနဲ့ မလန်းပါဘူး"

"ဘာ ရွှန်းရွှန်းစိုက မင်းအတွက် လက်ဆောင်တွေ ဝယ်ပေး
လိုက်တယ် ဟုတ်လား"

"ဟုတ်တယ် မေမေနဲ့ ညီလေး ညီမလေးတွေ အတွက်ရောပဲ"

"ဟား ဘာမှတောင် ကြိုးစားစရာမလိုဘဲ ပြိုကျလာတာပဲ၊
မင်းအထာလေးနဲ့သာ နှစ်နေလိုက် ဒီထက်ပိုပြီး ကြွေကျလာလိမ့်မယ်"

အာကာအောင် အားတက်သရော ပြောနေပေမယ့် သားဦး
ဆက်ကြွလန်းဆန်းမှု မရှိပေ။ စားပွဲထိုးလေး လာချပေးသော လက်ဖက်
ရည်ကို ငွပ်ခနဲ မော့သောက်၍ ထိုင်ခုံနောက်မှီမှာ ကျောကပ်ကာ သက်
ပြင်းရှိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



“မိန်းကလေးတစ်ယောက်ကို လှည့်စားရမှာ ယောက်ျားသိက္ခာ ကျတယ်လို့ ထင်တယ်”

“မရှိမာနနဲ့ ခေါင်းပေါ်တက်မနေစမ်းပါနဲ့ကွာ၊ အခြေမနိုင်တဲ့ အသိုက်အဝန်းမှာ နေတာသူလည်း သိတာပဲ”

“အဲလိုသိပြီး သနားလို့ ပေးစားကမ်းစာ မျှော်လင့်နေတာ ဘယ်လောက်ရက်ဖို့ကောင်းလဲ”

“အဲဒါ မင်းတစ်ယောက်တည်း တွေးနေတာ၊ ကိုယ့်ဘာ အမြင့်ရောက်ဖို့ လှေကားထစ်တစ်ခုလို့သာ သဘောထားလိုက်”

“မိုးမိုးကို မင်းအဲလို စိတ်မျိုးနဲ့ပတ်သက်ခဲ့တာလား”

“အစက ဟုတ်တယ်၊ အခုတော့ သူကိုယ့်အပေါ် တကယ် ကောင်းမှန်းသိတော့ ကိုယ်ဘာပြန်လုပ်ပေးရမလဲဆိုပြီး သံယောဇဉ် တွေးတတ်လာပြီ”

“ဩော်”

စွန့်လွှတ်တာမှ မဟုတ်တာ ဘာထူးလို့လဲဟု အာကာအောင် မခန့်ဖြစ်။ ကိုယ်တိုင်က ဘာမှမသေချာ မရေရာသလို ရှေ့တိုးရမလား နောက်ဆုတ်ရမလား၊ ဒွိဟဖြစ်နေဆဲပင်။ ရက်ရောလွန်းသော ဒေါ် ရောင်ခြည်ယံဆီကလည်း ဘယ်လိုမှရုန်းထွက်ဖို့လည်း မဖြစ်တော့တဲ့ အခြေ အနေ။

“သားဦး ဟိုမှာ မင်း မမ”

“ဟင်”





အာကာအောင်ပြောမှ ဖယ်ရီကားပေါ်က ဆင်းလာသော မမကို မြင်ကာ စားပွဲပေါ် လက်ဖက်ရည်ဖိုးပစ်တင်ခဲ့ပြီ

“မနက်ဖြန်ဆုံမယ် အာကာ ငါလစ်ပြီ”

အာကာအောင် ပြုံးကျန်ခဲ့လား၊ မှဲ့ကျန်ခဲ့လား နောက်ဆံမတင်း တော့ဘဲ မမဆွဲခြင်းလေးကို အပြေးကူဆွဲလိုက်သည်။

“မမ”

“ဖယ်ပါ”

မမက ဆွဲခြင်းကို ခပ်မြန်မြန်ပြန်လုသည်။ မိတ်ကပ်ပြေပြေ ည်ခမ်းနီ ပါးပါးနှင့် တစ်နေ့တခြား မမကပိုလှနေ၏။ ရည်ရွယ်ချက်တစ် နှင့် ပြင်းထန်လွန်းသော မမမျက်စောင်းက သူ့မျက်နှာထက်မှာ ဒိုင်းခနဲ။

“ဘာတွေ အလိုမကျဖြစ်နေတာလဲ၊ ဟိုနေ့ကချိန်းပြီး ကျွန်တော် မမတွေ့လို့လား၊ သားစိတ်နဲ့ကိုယ်နဲ့ မကပ်လောက်အောင် အလုပ်တွေ ပ်နေလို့ပါ မမရာ”

“မနက်က ကားနဲ့တင်ခေါ်သွားတဲ့ ကောင်မလေးက ဘယ်က

“ဗျာ”

“ဝင်တာရော ထွက်တာရော အစအဆုံး ငါမြင်တယ်၊ နင်ပြန် တော့လည်း တက္ကစီကားနဲ့ အထုတ်အပိုးတွေ ဆွဲဝင်လာတာဆို၊ ဒီကောင်မလေးက လက်ဆောင်ပေးလိုက်တာလား”

“ဟာ မဟုတ်ပါဘူး မမ”



www.burmeseclassic.com

“ပတ်ဝန်းကျင်က ပြောလို့ အမေသိတယ်၊ အမေကငါ့ကို ဖုန်းဆက်ပြောတယ်”

“သတင်းကလည်း မြန်လိုက်တာ ၊အဖြစ်မှန်ကို သား ရှင်းပြ မယ်”

မရပ်တန့်သော ခြေလှမ်းတွေကို တုံ့ခနဲဖြစ်သွားအောင် မ လက်ကိုဆွဲထားလိုက်သည်။ မမမျက်နှာက ခုချိန်ထိ မပျော့ပျောင်းသေး

“မမ”

“မပြောနဲ့၊ ငါ့ဆီမလာနိုင်တာ၊ အဲဒီကောင်မလေးအတွက် အချိန်ပေးနေရလို့ မဟုတ်လား”

“မဟုတ်ပါဘူး မမရယ်၊ အဲဒီကောင်မလေးက သားအလုပ်လုပ် နေတဲ့ သူဌေးရဲ့သမီးပါ၊ ဂွင်တစ်ဂွင်ကောင်းကောင်းမိသွားလို့ သာ အတွက် ဝန်ဆောင်ခလာပေးတာ သိန်းသုံးဆယ်ဆိုတော့ သူသမီး ကိုယ်တိုင်ပေးနိုင်းလိုက်တာ”

“ဘာ ပွဲခက သုံးဆယ်တောင်ရတယ်”

မမ မျက်လုံးလေးဝိုင်းကာ အံ့ဩတကြီးမေး၏။ သားဦး ရသ ထဲမှာ ဒီတစ်ခါ အများဆုံးကြားရတာ။

“လာပါ မမရာ၊ လမ်းကြီးမှာ မကောင်းပါဘူး၊ ကြေးအိုး သွားသောက်မယ်၊ သားတို့ရှေ့ရေးအတွက်လည်း တိုင်ပင်ကြမယ်”

မမဆီက ဘာအဖြေမှမရသေးခင်မှာပင် မမလက်ကိုဆွဲက လမ်းကြောင်းပြောင်း၍ ကြေးအိုးဆိုင်ဘက် ထွက်လာခဲ့သည်။





စားပွဲထိုးလေးက မှာစရာမလိုတဲ့ သူတို့အတွက် တစ်ယောက် ချိုးစီ မြေအိုးမြီးရှည်နှင့် ကြေးအိုးလာချပေးသည်။

မမက စိတ်မပါလသို တို့ကနန်းဆိတ်ကနန်း။ သူ့ကတော့ တို့ မတို့ထိရသေးပေ။

“မမ သားလေ အခုသူဌေးနဲ့ ဆက်အလုပ်လုပ်ဖြစ်မယ်ဆို အဆင်ပြေတော့မှာ၊ ညီလတ်ကျောင်းပြီးတာနဲ့ လက်ထပ်ရအောင် မ”

“အငယ်မ ပညာရေး တာဝန်မယူတော့ဘူးလား၊ မိသားစု တ်နေရေးရော မထောက်ပံ့ရတော့ဘူးလား”

“မဟုတ်ဘူးလေ မမရဲ့ အဲဒါက”

“နှစ်အိမ်ထောင်တာဝန်ကို မင်းဘယ်လိုလုပ် ထမ်းနိုင်မှာလဲ ထပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်သေးပါဘူး”

“ဟင် မမ”

တရားဝင် ငြင်းချက်ထုတ်လိုက်တာလားဟု မေးဖို့တောင် ဆွံ့အ အရင်တုန်းက မဖြစ်နိုင်ပါဘူးဟု တစ်ခါမှ မငြင်းဘူးခဲ့။ စောင့်ရဦးမှာပေါ့လို့ နှစ်ယောက်သား ညှိနှိုင်းခဲ့ကြတာ။

တကယ်ဆို သူ့ဘက်က ချင့်ချိန်နေခဲ့သည်ဆိုက မှန်ပေလိမ့်

“မမ ဘယ်လိုကြီးဖြေလိုက်တာလဲ၊ အရင်ထက်စာရင် အဆင် ယ့်လမ်းကြောင်းပေါ် ရောက်နေလို့ သားဒီစကားပြောတာ”

www.burmeseclassic.com



"ဒီလောက်ငွေက အိမ်ထောင်နှစ်စုကို လုံလောက်အောင် ဖ

ပေးနိုင်မယ်လို့ ထင်လို့လား"

"မမ ဘာကြောင့် ပြောင်းလဲသွားတာလဲ"

ရွေးချယ်မှု မမှားချင်ဘူးဟုတော့ ပြောမထွက်ရက်ပေ။ ဒီရေ

တွေအတွင်းမှာ သူမကို နေဇော်ထက် ပရိုပိုစ်လုပ်လာသည်။

အိမ်တစ်ဆောင် မီးတစ်ပြောင်ထားပြီး တင့်တောင်းတင့်တ

လက်ထပ်ပါ့မယ်ဟု ကတိပေးလာ၏။

မေမေ့အတွက် အသုံးအဆောင် ဆေးဝါး အိမ်အတွက်ပရိဘော

ဂ ဘာမှလိုလေသေးမရှိအောင် ဖြည့်ဆည်းပေးသည်။ နောက်လထဲ

သူ့မိဘတွေနဲ့ တွေ့ပေးပါရစေလို့လည်း တောင်းဆိုထား၏။

"မမ"

"ဟင်"

လူကစိတ်နဲ့ကိုယ်နဲ့ မကပ်။ လွင့်ပျံ့နေသောစိတ်တို့က မပြည်

ကိုသာ အာရုံရောက်နေသည်။

လောကမှာ အချစ်က အရေးကြီးသလား။ လူနေမှုအဆင့်

တန်းက အရေးကြီးသလား။ ဒွိဟစိတ်တို့ဖြင့် မပြတ်မသားတွေ

နေရခြင်းဟာ ချို့တဲ့မှုကြောင့်သာ ဖြစ်နိုင်၏။

"ကဲ ပြောပါဦး မင်းနဲ့ဟိုကောင်မလေးနဲ့ ပတ်သက်မှုက"

"ဘာပြောရမှာလဲ သူ့အမေနဲ့ အလုပ်လုပ်နေတာပါဆို"

"လက်ဆောင်ပစ္စည်းကရော သူ့အမေက ဝယ်ပေးနိုင်





သား"

"အင်း"

သူ့ရဲ့အင်းသံက အားမပါဘူးထင်သည်။ တိုးလျှော့ မလုံမလဲနှင့်

ခေကြေးအိုး ပန်းကန်ထဲက ငုံးဥတွေ ဖွန်းနှင့်ခပ်စားလိုက်၏။ မမက

ည့်မှုမရှိသော မျက်စောင်းဖြင့်

"မင်းလည်း မင်းသူငယ်ချင်း အာကာအောင်လို လူစားမျိုး

ဖြစ်နေပြီလား"

"မမ စကားပြောတာ ကြည့်ပြော သားက"

"မင်းကို အပြစ်မပြောပါဘူး၊ မင်းနဲ့ငါက လက်မထပ်ရသေး

ဘဲအတွက် ကိုယ်နဲ့သင့်တော်ရာ ရွေးချယ်ပိုင်ခွင့် ရှိကြတာပဲ"

"ဟာ မမ ဒီလိုစကားတွေ သုံးနှုန်းတာ အရမ်းသူစိမ်းဆန်

ဆယ်နော်၊ သဝန်တိုတာဆိုရင်တောင် ကြည်နူးလို့ရသေးတယ်"

"ကလေးမှ မဟုတ်တော့တာ အချစ်က လူနေမှုဘဝလောက်

အရေးမပါတော့ပါဘူး"

"ဟား"

ရင်မှာ ကသိကအောက် ခံရခက်သွားသည်။ အရင်က မမဒီလို

ကားတွေ မသုံးနှုန်းဘူးပါ။ သူ့ရဲ့ယောကျ်ားမာနကို မမထိပါး စော်ကား

နေခြင်းလား။

"မမ အားကိုးရလောက်တွေ့နေလို့ သားကို ကန့်လန့်တွေပြော

တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက်လည်း အားပေးတိုက်တွန်းချင်တာပါ၊ မမတို့မိသားစု နှစ်စုလုံး မပြည့်စုံကြဘူး သားဦး၊ ဘယ်အချိန်ထိ လူးလိမ့်ရုန်းကန်ကြမှာလဲ၊ လောကဓံကို ရင်ဆိုင်ရင်းနဲ့ ပဋိပက္ခဒဏ်ကို မခံနိုင်ရင် အချစ်က နိမိတ်ဆိုးတွေနဲ့ ပျောက်ဆုံးသွားမှာ"

"အဲလိုဖြစ်မှာကြောက်ပြီး မမ တွေးပူနေတာလား၊ အရင်က ရင်ဆိုင်ဖို့ ခွန်အားမရှိဘူးလို့ တစ်ခါမှ မပြောဖူးဘူးထင်တယ်နော်၊ သားကို အင်အားမဲ့အောင် မမ ဖိအားပေးနေတာလား"

မမ မဖြေ။ ငုံးဥနှင့်အသား ဖတ်လေးတွေရွေးပြီး သူ့ပန်းကန်ထဲကို စိတ်ရှည်လက်ရှည် ထည့်ပေးနေသည်။

သူ စားချင်စိတ်လုံးဝမရှိ။ ဇွန်းခပ်ရင်းကို အသံမြည်အောင် ပစ်ချရင်း ပန်းကန်ကို တစ်ဖက်တိုးရွှေ့လိုက်သည်။

"မမ"

"ဘာလဲ သားဦးရယ်"

"သား မေးနေတယ်လေ"

"ဘဝကို လက်တွေ့ကျကျပဲ စဉ်းစားရအောင် သားဦးရယ်၊ မမအရမ်း စိတ်ပင်ပန်းနေတယ်"

"သား ဒီလောက်ငွေတွေရတာ သားအတွက်ပျော်မပေးဘူးလား ဂုဏ်မယူဘူးလား"

"ဘဝတစ်ခုတည်ဆောက်ဖို့ လုံလောက်တဲ့ငွေမှ မဟုတ်ဘဲ သားဦးရယ်၊ တို့လိုလူတန်းစားအတွက် မက်မောလောက်တဲ့ ငွေဆိုပေမယ့်





ဘဝစာ ဖူလုံနိုင်လောက်အောင် မများပါဘူး"

"မမရယ်"

နေဖော်ထက် တစ်နေ့တည်းနဲ့ အဲဒီလောက်မကအောင် အိမ်ကျွက် ဖြည့်ဆည်းပေးသွားတယ်လို့ မပြောရသေးတာတောင် သားဦးနေဟန်ရှိသည်။ သားဦးကို မဖြေသိမ့်ချင်။ မဖျောင်းဖျချင်။

ရည်ရွယ်ခဲ့တာ ဒီလိုမဟုတ်ဘူးဆိုတာ သိနေလျက်နှင့် မျက်လုံးတ် ယောင်ဝါးဝါး လုပ်နေခဲ့ရတာ။

"မမ ပြန်တော့မယ် သားဦး၊ အမေ့ကို ဆေးခန်းလိုက်ပို့ရဦး"

"နေဦး ဒေါ်ဒေါ်အတွက် ကြေးအိုးဝယ်ပေးလိုက်ဦးမယ်၊ ပြီ စတိုးဆိုင်မှာ မုန့်ပုံးဖြစ်ဖြစ် ဝင်ဝယ်ရအောင်"

"နေပါစေ အမေစားမှာ မဟုတ်ဘူး"

အိမ်မှာ နေဖော်ထက် ဝယ်ပေးထားတာ အပြည့်လို့မပြောဖြစ် သားဦးကို အားနာလို့ပင်။ ခဏနေ ရေမိုးချိုးပြီးလျှင် အမေကိုခန်းလိုက်ပို့ဖို့ နေဖော်ထက် ကားနှင့်အိမ်ရောက်လာပေလိမ့်မည်။

သားဦးနှင့် တွေ့ဖို့တောင် အချိန်လုံလုံလောက်လောက် မပေးတော့။

"မမ"

ထရပ်လိုက်သော သူမလက်ကို သားဦးက ကမန်းကတန်း ဆွဲထား အရင်ကလို လက်တွဲလျှောက်ချင်သည့် သားဦးရဲ့ ဥာဉ်ဆိုးလေး။



www.burmeseclassic.com

www.burmeseclassic.com



သူမ မသိမသာလေး ဖယ်ချလိုက်ကာ

"ပိုက်ဆံရှင်းလိုက်ဦးလေ စားသောက်ထားပြီး ပိုက်ဆံမပေး
ထွက်ပြေးမလို့လား"

"မမကလည်း"

သူမ နောက်လိုက်တာကို ပြုံးရယ်ဖို့မေ့ကာ သားဦး က
ကအောက် ဖြစ်သွားဟန်တူ၏။ ပိုက်ဆံရှင်းပေးပြီးမှ ရှေ့ကလျှော
လာသော သူမ လက်ထဲက ဆွဲခြင်းလေးကို ပြန်ဆွဲယူပြီး

"မမ အရမ်းသူစိမ်းဆန်သွားတယ်၊ ဟိုကောင်မလေးနဲ့ ပ
သက်ပြီး သားကို စိတ်ကောက်နေတာလား"

"မဟုတ်ပါဘူး"

"ဟုတ်တယ်လို့ ပြောပါလား မမရာ၊ အရင်ကဆို ဘယ်ကော
မလေးနဲ့မှ မတွဲရဘူး မခင်ရဘူးလို့ မမ သဝန်တိုတယ်လေ"

"ကလေးတွေ မဟုတ်တော့ဘူးလို့ ပြောပြီးပြီလေ"

"ချစ်သူဘဝမှာ ကလေးလူကြီး ခွဲနေရဦးမှာလား၊ အချစ်
တွေ့ရင် အားလုံး နုပျိုလန်းဆန်းသွားကြတာပဲ ဥစ္စာ၊ ချစ်သူဘဝ
သဝန်တိုတာတို့ စိတ်ကောက်တာတို့ရှိမှ ရင်ခုန်နှုန်းတွေက သစ်နေတာ

"အမေ ကျန်းမာရေး မကောင်းလို့ မမ စိတ်ညစ်နေတာ
သားဦး"

"သား မမတို့အိမ်လိုက်ပြီး ဒေါ်ဒေါ်ကို လူနာသတင်းမေး
ရဦးမလား"

ဝိုး မိုး ၁၁၉ပ



"ဟင့် ဟင့်အင်း ရတယ်၊ မင်းငွေတွေရထားတော့ ညီတွေ
တွေအတွက် စီမံစရာတွေ ရှိဦးမှာပဲ ငွေတွေတော့ အလာဟာသ
စေနဲ့၊ ဒီလိုအခွင့်အရေးမျိုး နောက်တစ်ခါဆိုတာ ရချင်မှရမှာ၊
အမေလည်း အသက်ကြီးပြီး စိတ်ချမ်းသာအောင်ထားပေါ့၊ မိဘဆို
အစားထိုးမရတဲ့ အရာပဲ"

"ဟုတ်ကဲ့"

ဘယ်လို အဓိပ္ပာယ်နှင့် ပြောနေမှန်းမသိပေမယ့် မမဆုံးမ
တွေပြောတိုင်း မလွန်ဆန်ဘူးတာမို့ ခေါင်းညိတ်၍သာ ခံလိုက်ရ
၊ ဒီနေ့တော့ မမက အိမ်ရှေ့ထိတောင် လိုက်ပို့ဖို့မခေါ်ပါ။

စိတ်အလိုမကျမှုများဖြင့် သူ့ရဲ့အိမ်ပြန်ချိန်တွေဟာ အဓိပ္ပာယ်
...။

■ ■ ■

ဝိုး မိုး ၁၁၉ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"အဲဒါတော့ အမေလည်း မတတ်နိုင်ဘူး၊ သားဦးကို အ
မုန်းပေမယ့် အိမ်ထောင်ဖက်အနေနဲ့ အမေလက်ခံမပေးနိုင်တာ
တစ်ယောက်ရဲ့ အတ္တမုန်း အမေသိပါတယ်၊ သားဦးနဲ့သာ လက်
ရင် အမေအသေဖြောင့်မှာ မဟုတ်ဘူး သမီး"

"အမေရယ် အဲလိုကြီး မပြောပါနဲ့"

"အမေက သေမင်းခံတွင်းဝကို ရောက်တဲ့သူပါ၊ သမီးအ
နောက်ဆံမတင်းဘဲ အမေသွားပါရစေ၊ မောင်နေဇော်ထက်နဲ့သာ
အမေစိတ်ချရမှာပါ၊ ချမ်းသာမှုတွေကို မက်မောလို့မဟုတ်ပါဘူး
တဲ့တဲ့ ရှင်သန်ခဲ့ရတဲ့ သမီးလေးဘဝကို အမေ မသေခင် ပြည့်စုံ
တင့်တယ်နေတာကို အမေ မြင်သွားချင်လို့ပါ"





အမေ့စေတနာဟု နားလည်ပေမယ့် ချက်ချင်းကြီး ပြောင်းလဲ
နိုဆိုတာတော့ မဖြစ်နိုင်သေးပေ။ သိသိကြီးနှင့် သားဦးကို မိုက်မိုက်မဲမဲ
ဆက်ထပ်ဖို့ ဆုံးဖြတ်ချက် မချဖြစ်သေးသော်လည်း နေဇော်ထက်ကို
လက်ခံဖို့ဆိုတာက

"သူ့အသိုက်အဝန်း ချမ်းသာတာကို သိပေမယ့် မက်မောပြီး
ဆုံးစားချင့်ချိန်မနေဘဲ မြန်မြန်ဆန်ဆန် လက်ခံလိုက်တာမျိုးတော့ မဖြစ်
ချင်ဘူးအမေ၊ သူရော သူ့မိဘတွေရော အထင်သေးမသွားနိုင်ဘူးလား"

"သမီးရယ် ဟိုက သူ့မိဘတွေနဲ့ တွေ့ပေးပါ့မယ်၊ မိဘတွေက
လည်း တွေ့ချင်နေပါတယ်ဆိုမှ သမီးက ဘာတွေ အတွေးချော်နေတာလဲ၊
သားဦးကို နောက်ဆံတင်းနေတာ မဟုတ်လား သမီး"

"မဟုတ်ဘူးလို့ ပြောရင် ညာတာပဲဖြစ်မှာပေါ့ အမေ၊ သားဦး
နဲ့က သံယောဇဉ်တွေ ခိုင်မြဲပြီးသားပါ၊ လက်ထပ်ဖို့ မဖြစ်တဲ့ အခြေအနေ
မှာ ဒီလောက်အချိန်တွေ အများကြီးကို စတေးထားခဲ့ရတာ၊ သူနဲ့ လက်
ထပ်ဖြစ်သေးရင်တောင် သစ္စာမဖောက်ဘဲ နေသွားချင်တာပါ အမေ"

"အမေမရှိတော့ရင် သမီးတစ်ယောက်တည်း ဘယ်လိုရုန်းကန်
မလဲ၊ သားဦးကိုရော မှီခိုလို့ရမှာလား သမီး၊ မောင်နေဇော်ထက်က
အားကိုးခံချင်နေတာ၊ သူ့ခမြာအခု လောလောဆယ်မှာ အမေတို့ သား
အမိနှစ်ယောက်ကို ဖြည့်ဆည်းပေးနေတာ နည်းသလား၊ သံယောဇဉ်
တို့ အချစ်တို့ဆိုတာ လူ့ဘဝမှာ မဖြစ်မနေ အရေးကြီးတာတွေ မဟုတ်
ဘူး၊ သမီးက ပညာတတ်ပဲ အဓိကနဲ့သာမညကို ခွဲခြားသိမှာပါ



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်အမေဟု တိုးတိုးပြောလျက် ရစ်ဝိုင်းပြည့်လျှံလာ
သော မျက်ရည်စက်တို့ကို အမေမမြင်အောင် ပွတ်သုတ်လိုက်၏။ သာ
ရှေ့မှာ ဟန်ဆောင်တင်းခံထားသမျှ မျက်ရည်တွေ အမေ့ရှေ့မှာလည်
ကျခွင့်မရှိပါလား။

"အမေကတော့ သမီးကို ဒုက္ခန္တံထဲ နစ်မှာမကြည့်ရက်ဘူ
အမေကိုအလုပ်အကျွေး ပြုနေရတာနဲ့တင် အမေ့သမီး ပင်ပန်းလှ
သားဦးတို့ မိသားစုဒဏ်ကို သမီးက ဝေမျှခံချင်သေးလို့လား"

"သားဦးနဲ့ လက်ထပ်ဖို့ မရည်ရွယ်ရသေးပါဘူး အမေ"

"မောင်မနေဇော်ထက်နဲ့ လက်ထပ်ဖို့တော့ အမေ မသေ
ဆုံးဖြတ်ချက်ချရလိမ့်မယ် သမီး၊ သူ့ရဲ့ပိုင်ဆိုင်မှုတွေကို လောဘနဲ့ မ
မောနေတာ မဟုတ်ပေမယ့် သားစဉ်မြေးဆက် တင့်တောင်းတင့်တ
နေရဖို့တော့ မိခင်နေရာရောက်လာမယ့် သမီးရဲ့ ရွေးချယ်မှုက အရေး
ဆုံးပဲ"

"မေမေ"

"ဟုတ်တယ် အခုချိန်မှာ အချစ်ကို ဦးစားပေးပြီး နှလုံးသာ
ဆန္ဒကို ရှေ့တန်းတင်ပြီး သမီးဆုံးဖြတ်ချက်မှားလိုက်မယ်ဆိုရင် ကို
မွေးလာမယ့် သားသမီးတွေက သမီးတို့သားဦးတို့လို လောကအလယ်
မပြည့်မစုံ ချို့ချို့တဲ့တဲ့ပဲ ကြီးပြင်းလာကြရမှာ"

မမြင်ရသေးတဲ့ ရှေ့ရေးတွေအထိ အမေကြိုတင် စိုးရိမ်
နေပါလား။ သူမ ဒီလောက်ထိ အတွေးမနက်ဘူးပါ။ လတ်တလော





ထပ်ဖို့ မဖြစ်နိုင်သေးတဲ့ အခြေအနေတစ်ခုအတွက်ပဲ တွန့်ဆုတ်
တာ။

ကိုယ့်ရင်သွေး သားသမီးတွေအတွက် မွေးဖွားမလာခင်တည်း
မိခင်မေတ္တာ ထားနိုင်းနေတာဟု ယူဆကာ သူမရဲ့အတွေးတွေ
ကလျား ဖြစ်သွားရ၏။ တည်ငြိမ်အောင် စုစည်းဖို့ အချိန်တစ်ခု
က်လိုဦးမလား။

"သမီး စဉ်းစားပါ၊ တွေးပါ၊ အမြန်ဆုံး ဆုံးဖြတ်ချက်ချပါ၊
က သမီးကို အချိန်အကြာကြီး စောင့်ကြည့်မနေနိုင်တော့ဘူး"

"အမေရယ် သမီးဝမ်းနည်း အားငယ်အောင် အဲလိုတွေ မပြော
အခု ကိုဇော်ထက်က အမေကျန်းမာရေးကို အထူးကု သမားတော်
တွေနဲ့ ကုသပေးနေတယ် မဟုတ်လား"

"အေးလေ အဲဒါကြောင့် သူ့ကို သမီးကျေးဇူးတင်ရမှာပေါ့၊
နဲ့သမီး အတူတူအကြာကြီးနေနိုင်အောင် သူလုပ်ပေးနေတာ မဟုတ်
အရင်လို သမီးရုံးကပြန်လာရင် အမေ ကျန်းမာရေးကောင်းလျက်
က်ရှင်လျက် မြင်ရပါ့မလားလို့ စိုးရိမ်နေစရာ မလိုတော့ဘူး၊ လစာ
တဲ့အချိန် အမေ့ဆေးဖိုး အိမ်စားစရိတ် တွက်ချက်ချင့်ချိန်နေစရာ
တော့ဘူး"

အဲဒါနဲ့ပဲ နေဇော်ထက်ကို လက်ထပ်ရတော့မှာလား အမေ့လို့
တက်ဖို့ အင်အားမရှိတော့ပါ။ ကတိမပေးရသေးသော်လည်း
ိုင်း ဆုံးဖြတ်ချက်ချရတော့မှာ အသေအချာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ပွမ် ပွမ်"

"ဟော မောင်နေဖော်ထက်ကား ရောက်လာပြီ၊ စကားပြေ

ကောင်းနေတာနဲ့ ဆေးခန်းသွားဖို့တောင် ဘာမှမပြင်ဆင်ရသေးဘူ

ထွက်ကြိုက်လိုက်ပါဦး၊ သမီးရယ်၊ အမေ အဝတ်အစား လဲလိုက်ဦးမယ်"

အမေက မှာတမ်းချွေပြီး အခန်းတွင်းဝင်သွားသည်။ သူမ

အိမ်ရှေ့ထွက်လာကာ နေဖော်ထက်ကို ခရီးဦးကြိုပြုရ၏။

"ထိုင်းဦး ကိုနေဖော်ထက်၊ အမေက အခုမှ အဝတ်အစား

သွားလဲတယ်"

BURMESE CLASSIC .com

"ဟုတ်ကဲ့ ခုနစ်နာရီမှ ပြရမှာ အေးဆေးပါ၊ ညစာထ

စားမနေကြနဲ့နော် အပြင်မှာစားရအောင်"

"ဩော် အားနာစရာ ကိုနေဖော်ထက်ရယ်၊ ပိုက်ဆံတွေ အ

ကုန်နေလို့ ကိုနေဖော်ထက်ကိုတောင် အိမ်မှာကျွေးဖို့ စီစဉ်နေတာ"

"ဆန်းဒေးမှပေါ့၊ အချိန်ကြာကြာနေလို့ရအောင် ကျွန်တေ

သီးသန့်လာစားပါ့မယ်၊ ဖြစ်တယ်မဟုတ်လား"

"အင်း ဟုတ်ကဲ့ ဖြစ်ပါတယ်"

"ကျွန်တော့်မိဘတွေနဲ့ လိုက်တွေ့ဖို့ရော ဖြစ်တယ်မဟုတ်လာ

သူမ မဝံ့မရဲလေး ခေါင်းညိတ်ပြမိ၏။ ဒါဟာ နေဖော်ထက်

မငြင်းဘူးဆိုသည့် သက်သေပဲမဟုတ်လား။

နေဖော်ထက်က မျက်နှာကြီးတစ်ခုလုံး ဝင်းပချိုအီနေတာ

"ဝမ်းသာလိုက်တာ မိုနာရယ် ကျွန်တော့်မိဘတွေကို ကျွန်တေ





ကြောင်းပြန်လိုက်တော့မယ်နော်၊ မေမေတို့က ကျွန်တော့်ကို လက်ထပ်

ချင်နေကြပြီ"

"ရှင်တို့အသိုက်အဝန်းက မိုနာလို အညာတရေ အဆင့်အတန်း

မိန်းကလေးကို လက်ခံချင်ကြပါ့မလား"

"မေမေတို့ကို ကျွန်တော်ပြောပြထားပါတယ်၊ ရိုးသားဖြူစင်ပြီး

ယ်ကျင့်တရားကောင်းတယ်ဆို မေမေတို့က ဆင်းရဲချို့တဲ့တာကို နား

ည်ပေးကြပါတယ်"

ဝမ်းသာအားရ ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ရမှာလား။

တို့စေးထန်လို့ ရင်ထဲမှာ မတင်မကျ ဖြစ်နေဆဲပင်။

ဘဝတူကောင်လေးကို ဒီလိုမျိုး စွန့်ခွာရမှာ ရင်ထဲဆို့နှင့်နင့်

ဖြင့် ဝမ်းနည်းမိသည်။

"သမီး အဝတ်အစားလဲဦးမယ် မဟုတ်လား။ သွားလေ မောင်

ဖော်ထက်ကို မေမေ ညှော်ခံထားလိုက်ပါ့မယ်"

"ဟုတ်ကဲ့ ကိုနေဖော်ထက် ခဏလေးနော်"

သူမ အခန်းတွင်းဝင်ကာ ပေါ့ပေါ့ပါးပါး ပန်းနုရောင် အပါးသား

က်စကလေးကိုပဲ ဝတ်လိုက်သည်။ ကျောလယ်အထိ စင်းကျနေသော

ယ်တွေကို ခေါက်ကလစ်လေးဖြင့် ညှပ်တင်လိုက်ပြီး မျက်နှာကို

ည်းငယ်သာ ပပ်ဖိရိုက်လိုက်၏။ အလှန်အကျွံ အလှအပတွေ ခြယ်မှုန်း

တာမြင်လျှင် သားဦး သဝန်တိုနေဦးမည်။

ဟင့်အင်း သားဦး ဒီလိုဖြစ်လည်း မသက်ဆိုင်သလို မေးချင်



www.burmeseclassic.com

www.burmeseclassic.com



ယောင် ဆောင်နေရတော့မှာပဲ။

ဒါဟာ မပြည့်စုံသော ဘဝရဲ့ အလှည့်အပြောင်းကြောင့်ဆိုလျှင်

အချစ်ဟာလည်း . . . ။

■ ■ ■



BURMESE CLASSIC .com

## အခန်း (၁၇)

"တောက်"

"ဒုန်း"

"ဟာ ဘာဖြစ်တာလဲ"

တက်ခေါက်သံ ကျယ်ကျယ်ဖြင့် စားပွဲခုံကို ဒုန်းခနဲထုလိုက်တာကြောင့် အာကာအောင် လန့်ဖျပ်ကာ မေးလိုက်သည်။ သားဦးက မျက်ခုံးကြီးများ တင်းရင်းလျက် မျက်ခုံးနှစ်ခုက မကျေမနပ်မှုများကြောင့် တွန့်ချိုးမှုန်ကုတ်နေ၏။

ခဏနေတော့ ဘီယာဘူးကို ဖောင်းခနဲဖောက်၍ ဒီအတိုင်း မော့သောက်လိုက်ပြီး အခွံချည်းကျန်သည့် ဘီယာဘူးခွံလေးက ဒေါသများဖြင့် ဖိဆုပ်ညှစ်လိုက်သော သားဦးလက်ထဲမှာ တွန့်လိမ်ကွေးကောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အသည်းကွဲလာတာလား"

"ခံရခက်နေတာ ပြောင်းလဲသွားတာကို မခံစားနိုင်တာ"

"ဘယ်သူ့ကြောင့်လဲ"

"မမိုးနှာ"

အာကာအောင် မျက်ခုံးပင့်သွား၏။ မမိုးနှာနှင့် ပဋိပက္ခဖြ
တယ်ဆိုတာ တစ်ခါမှမကြားဘူးတာမို့ အံ့ဩနေတာ။ ဒီလောက်
ပေါက်ကွဲနေတာ ဘယ်လိုအခြေအနေဆိုးကြောင့်လဲ။

"ငါ့ကိုနည်းနည်း ရင်ဖွင့်ကွာ အုံးစားပေးမယ်"

"နောက်တစ်ယောက်နဲ့ တွဲနေတယ်"

"ဘာ"

"လက်ထပ်ဖို့တောင် ဟိုတက်က မိဘတွေနဲ့ သွားတွေ့ပြီးပြီတဲ့"

"ဟ အဲလောက်တောင် ကျွံသွားပြီလား။ ကြားထဲမှာ သတင်
ဆိုး တစ်ခုခုတောင် မကြားမိသလိုပဲ"

"ဒီရက်ထဲမှာ မင်းရောငါရော အလုပ်တွေရှုပ်နေတာ၊ ရပ်ကွက်
ထဲက အတင်းအဖျင်းတွေ ဘယ်လိုလုပ် ကြားမှာလဲ၊ ငါကတော့ မင
သံသယဖြစ်နေခဲ့တာ ကြာပြီ၊ ဒါပေမဲ့ ဒီလိုအခြေအနေမျိုး ပြောင်းလ
သွားပြီး မြန်မယ်လို့ မထင်မိဘူး"

"မင်း မမိုးနှာက မရိုက်လိုက်တာ၊ ငါက ရွှန်းရွှန်းစိုနဲ့ ပတ်သက်
ပြီး မင်းအရင် ပြောင်းလဲမယ်ထင်တယ်၊ ဒါနဲ့ မမိုးနှာ ဖမ်းလိုက်တာ
အကောင်လား"





"ဟုတ်တယ် အကြီးကြီးပဲ ဆွေမျိုး အသိုက်အဝန်း ငွေကြေး
ညီညွှာ ဂုဏ်ဒြပ် အားလုံး တောင့်တင်းတယ်"

"မထင်ရဘူး မင်းမမိုးနှာ အဲလောက်ငွေမက်မယ်လို့ သံယော
ဇဉ်တွေ အနိုင်အမာ ဖြစ်နေကြပြီးမှ မင်းကို ထားခဲ့နိုင်တာက အံ့ဩစရာ
မိန်းမတွေလည်း အချစ်ထက်ငွေကို မက်ကြတာပဲလား"

"ရွှန်းရွှန်းစိုကို ငါရအောင်လက်ထပ်မယ်"

"ဟ သားဦး မင်း"

အာကာအောင် အံ့ဩပြီးရင်း အံ့ဩရင်းက သားဦးရဲ့ ရုတ်
တရက် ဆုံးဖြတ်ချက်ကို နားမလည်နိုင်အောင် ဖြစ်သွားရ၏။ ဘာမှ
ဆက်ပြောရသေးဘဲ လူက မှုးချင်သလိုလိုတောင် ဖြစ်သွား၏။

"မမိုးနှာ လက်ထပ်မှာနဲ့ ရွှန်းရွှန်းစိုကိုရအောင် လက်ထပ်
မှာမယ်ဆိုတာက ဘယ်လိုအဓိပ္ပာယ်လဲ"

"သူလက်ထပ်မယ့် ယောက်ျားထက် ချမ်းသာတဲ့ မိန်းမကို
ယူပြမလို့"

"ဟ ဒါအိမ်ထောင်ရေးနော်၊ အပျော်ကစားလို့ မရသလို၊
မိုးနှာကို မကျေနပ်တာနဲ့ ရွှန်းရွှန်းစိုကို အသုံးချလို့ရော ဖြစ်မလား၊
အခုက ဒေါ်မြရောင်ခြယ်ကို မကျေနပ်လို့ ရွှန်းရွှန်းစိုကို ရအောင်လိုက်
မယ်လို့ မင်းပြောဖူးတယ်၊ နောက်တော့ မမိုးနှာကို သစ္စာမဖောက်ချင်
တာနဲ့ မင်းတွေဝေသွားတယ်"

"ဒါက ဒေါ်မြရောင်ခြယ် ထိုက်ထိုက်တန်တန်ပေးလို့ စိတ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပါ''

''အေး အဲဒါကိုပြောချင်တာ၊ မင်းက စိတ်မာမလိုလိုနဲ့ ချေ
လွန်းတယ်၊ အလွယ်ပြောရရင် မရက်စက်ပေဘာ၊ မယုတ်မာရဲတာ
ချိုးမွမ်းရမလား၊ ဒါမှမဟုတ် ယောက်ျားမာန ထိပါးခံရမှာ စိုးရိမ်
ပဲလား''

''မင်းထင်ချင်သလိုထင် အခုငါ့ရင်ထဲမှာ နာကျင်နေတာ
ရှိတယ်၊ ငါက မချမ်းသာလို့ မပြည့်စုံလို့ ချို့ဟဲ့ဆင်းရဲလို့ မိန်းမ
ယောက်က အထင်မကြီးနိုင်ဘဲ စွန့်လွှတ်ခံရတာ၊ သစ္စာဖောက်ခံရတာ''

''ဦးနှောက်နဲ့ ရွေးချယ်သွားတာ ထင်ပါတယ်၊ ဒါဖြစ်သင့်တာ
တစ်သက်လုံး ရင်ဆိုင်ရမယ့် ဘဝဆိုတာ ခဏတာလေးမှမဟုတ်တာ
အချိန်ဘယ်လောက်ကြာကြာ အချစ်ကို ရေ့တန်းတင်နိုင်မှာလဲ''

အာကာအောင် ဖျောင်းဖျတာကို သားဦး လက်မခံ။ ခေါ
တခါခါနှင့် စားပွဲခုံကို ဖြန်းခနဲပုတ်ပြီး

''အဲဒါငါပြောခဲ့ဖူးတဲ့ စကားတွေပါ၊ ငါနားလည်တယ်၊ သိတယ်
အဲဒါကြောင့်လည်း လက်ထပ်ဖို့ ဖွတ်အမြဲ မတောင်းဆိုခဲ့တာပေါ့၊ အေ
ပြေနိုင်မယ့် အချိန်တစ်ခုထိ နှစ်ဦးသဘောတူ နားလည်မှုယူထားခဲ့
တယ်၊ မမပေါ် လက်မထပ်နိုင်သေးလို့ ဘာအခွင့်အရေးမှလည်း မယ
ဘူး၊ မမကို သစ္စာဖောက်ပြီး ရွှန်းရွှန်းစိုကို ပြစ်မှားရမှာတောင် မလုံ
ဖြစ်ခဲ့တယ်၊ ဒွိဟစိတ်တွေနဲ့ ကိုယ့်ကိုယ်ကို ဆုံးမပြင်ဆင်ခဲ့တယ်''

''ငါ့ဒီလောက် အားပေးခဲ့တာတောင် မင်းမတုန်လှုပ်တာ ငါ





ပါတယ်၊ အခြေအနေတစ်ခုဆိုတာ ကိုယ်မျှော်လင့်ထားသလို ကိုယ်ဖြစ်ချင်
သလို ဖြစ်တာမဟုတ်ဘူး၊ စိတ်ရဲ့စေရာအတိုင်း ထင်သလို လုပ်လို့မရဘူး၊
ဖြစ်လာတဲ့ ကံကြမ္မာအပေါ် ရောင့်ရဲလိုက်ပါကွာ၊ ရွှန်းရွှန်းစို အပေါ်ပဲ
စိတ်တွေကို စုစည်းပစ်လိုက်၊ မင်းနစ်နာရမယ့် အတိုင်းအတာမျိုးမှ
မဟုတ်တာ''

ဘီယာကို ခပ်မြှုင်းမြှုင်းစုပ်သောက်ရင်း သားဦး ခေါင်းတစ်ချက်
ညိတ်၏။ ဒီတစ်ခါ အာကာအောင် ပြောတာကို သူလက်ခံသည်။ သူ့
အတွက် စိတ်ဖြေစရာ ဒီတစ်ခုပဲရှိ၏။

လွမ်းလောက်လို့လား။

နှလုံးသားတွေတော့ တစ်စစီ ဖြစ်ကာ မွမွကြေလို့ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"သားညက အရက်တွေ မသောက်စဘူး မူးလာတယ်၊ မိ
သတင်းတွေကြောင့်လား သား"

သူ မဖြေ။ ထိုးကိုက်နေသော နားထင်ကို လက်ညှိုးနှင့်
သူ ငြိမ်နေလိုက်၏။ မေမေက သူ့ရှေ့မှာ ထမင်းကြော်ပန်းကန်
ချပေးပြီး

"ညက သားထမင်းမစားဘူး။ စားလိုက်ဦး အစာမရှိ
အရက်ပိုမူးတတ်တယ်၊ ဒါလေးစားပြီး ဆေးသောက်လိုက်ရင်
သက်သာသွားမှာပါ"

"အိမ်မှာ ပျားရည်မရှိဘူးလား မေမေ"

"ဈေးကြီးလို့ အမေ ဝယ်မထားဖြစ်တာကြာပြီ၊ အခု
လက်ထဲမှာ သုံးဖို့ခွဲဖို့ ပိုပိုလျှံလျှံလေးရှိနေတော့ မေမေ မှာထားပါတ
နောက်နှစ်ရက်လောက်ဆို ပျားရည်စစ်စစ် ရမှာပါ"





ဒါလည်း ချို့တဲ့မှုကြောင့်ပဲ။ ငွေရှိလို့ ပျားရည်သာဝယ်ထားနိုင်
ရောက်ချက်အေးလေးနှင့် ဖျော်သောက်လိုက်ပါက အရက်မူးတာတွေ
ပျောက်သွားနိုင်သည်။

အခုတော့ နောက်နှစ်ရက်လောက်မှ ဝေဒနာသက်သာနိုင်တော့
လား။

"ကော်ဖီခါးခါးလေး မေမေ လမ်းထိပ်သွားဝယ်ပေးရမလား
"

"နေပါစေ မေမေ၊ ခဏနေ ရေမိုးချိုးပြီးမှ အပြင်ထွက်ရင်
ာက်လိုက်ပါ့မယ်"

"အေးပါ စိတ်ချမ်းသာအောင်တော့ နေပါ သားရယ်၊ မိုနာနဲ့
သက်ပြီးလည်း စိတ်ထဲက ထုတ်ပစ်လိုက်ပါတော့"

"မေမေ"

"ချစ်တိုင်းမညား၊ ညားတိုင်းမချစ်ဆိုတာ လောကနိယာမမှာ
သားပဲ၊ ချမ်းသာပြည့်စုံတဲ့သူနဲ့ ပေါင်းဖက်ရမှာ သူ့အတွက် မုဒိတာ
လိုက်ပါ"

"သူ ယူမယ့်ယောကျ်ားထက် ချမ်းသာတဲ့မိန်းမကို ရအောင်
မယ် မေမေ"

"သား"

"ဒီဘဝထဲမှာ နှစ်မွန်းတာချင်းအတူတူ သားကိုထားပြီး သူ
ွက်ရက်တာ အံ့ဩတယ်၊ သားကယောကျ်ားလေးပဲ ဥပေက္ခာပြု



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ကြိုးစားမှာ''

''အာဃာတနဲ့ဆို ပူလောင်ပါတယ် သားရယ်၊ သားက ရွှန်း
စိုဆိုတဲ့ ကောင်မလေးကို ရည်ရွယ်တာလား''

အင်းဟု တိုးသဲ့စွာပြောရင်း တစ်ဖက်လှည့်တော့ သူ့လက်
အမေဆွဲထား၏။

''မိတွေက တကယ်ဖြစ်သွားရင်ရော ကြည့်ဖြူမှာလား သာ

''တစ်ဦးတည်းသော သမီးပဲ၊ အမွေပြတ်စွန့်လွှတ်လိုက်တာ
တော့ ဖြစ်မယ် မထင်ပါဘူး''

''သား ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသလား''

''ကြိုးစားကြည့်မယ်လို့ ဆုံးဖြတ်ထားတုန်းပါ''

''မေမေကတော့ ရွှန်းရွှန်းစိုနဲ့သာဆို ဝမ်းသာတာပေါ့ သား
သားဘဝ ပြောင်းလဲရင် အမေတို့လည်း ပြောင်းလဲသွားမှာပေါ့၊ မဟု
ဘူးလား သား''

''သား အပြင်သွားလိုက်ဦးမယ် မေမေ''

မေမေ့ကို သေချာသော စကားမပြောနိုင်ဘဲ လွယ်အိတ်
ကောက်လွယ်ကာ ထွက်လာခဲ့သည်။ ဒီနေ့ ရွှန်းရွှန်းစိုက ကန်တော်ကြီး
ဆိုင်တစ်ဆိုင်ကို ချိန်းဆိုထား၏။

လက်ထဲမှာ ငွေလည်းရှင်နေတာမို့ တက္ကစီကားနှင့်သာ
သည်။ ကန်ရေပြင်နှင့်အနီးဆုံးဆိုင်မှာ ရွှန်းရွှန်းစိုက ရောက်နှင့်နေ
သူက ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်ပြီး





''ရောက်နေတာ ကြာပြီလား''

''အခုပဲ ထိုင်တာ၊ သားဦးအရင်ရောက်နှင့်မယ် ထင်လို့''

''ဟုတ်တယ် ကိုယ့်အိမ်က စောထွက်လာမလို့ပါပဲ၊ မေမေနဲ့
ားပြောနေကာနဲ့''

ညက အရက်သောက်ထားသည့်အရှိန်နှင့် အိပ်ရာထ နောက်ကျ
းတာ မပြောတော့ဘဲ စားပွဲထိုးလေးကို ကတ်ကြေးကိုက်တစ်ပွဲနှင့်
ော်ဖီတစ်ခွက် မှာလိုက်၏။ မိုးလင်းကတည်းက သူ့ဗိုက်ထဲကို ဘာအစာ
ထည့်သေးပေ။

''မင်း ဘာမှမစားဘူးလား''

''အိမ်က စားလာခဲ့တယ်၊ ကော်ဖီအေးတစ်ခွက်လောက်ပဲ မှာ
က်ပါ''

စားပွဲထိုးလေးက သေချာမှတ်ပြီး ထွက်သွားသည်။ ကန်ရေပြင်
လွင့်ပါးလာသော လေများက ဂုတ်အောက်မရောက်တရောက်ဆံနွယ်
ကို ငြိမ့်ငြိမ့်လေး လှုပ်ခတ်အောင် ကျီစယ်နေ၏။ ကျောက်စိမ်းရောင်
ဆံလေးက ဖြူဝင်းနုဖတ်နေသော သူမ အသားအရေလေးနှင့် ပေါ့ပါး
လိုက်ဖက်နေသည်။

ပလက်တီနမ်ကြိုးသေးသေးမျှင်မျှင်လေးက လည်တိုင်ကြော့
ကြော့မှာ တိုကပ်ကပ်လေးနှင့် နားမှာတော့ ဖန်စီနားကွင်းက ခပ်ကြီးကြီး။

''စားလေ စားစရာတွေရောက်လာပြီ၊ ဗိုက်ဆာနေတဲ့ပုံပဲ''

''အင်း ကိုယ် ဘာမှစားမလာခဲ့ရသေးဘူး''



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အကြည့်စူးစူးမျက်လုံးများကို သူမ သတိထားမိသွားသည်ထင်သည်။ သူ့ကိုစားဖို့ တိုက်တွန်းရင်း သူမက ကော်ဖီအေးကို ခပ်ဖြည်းဖြည်းအရသာခံသောက်နေ၏။

သူ ဆာလောင်စွာ အငမ်းမရ ခပ်မြန်မြန်စားနေတာကို သူ... အကဲခတ်နေဟန်ဖြင့် တစ်စုံတစ်ခုကို တွေးတောနေဟန်လည်း ရှိသည်...

"ကိုယ့်ကို ဒီနေရာ ဘာလို့ ချိန်းလိုက်တာလဲ"

"ရှင်"

သိချင်နေတာကို မအောင့်အည်းနိုင်စွာ သူ မေးလိုက်သော... ကော်ဖီခွက်လေးကို အောက်ပြန်ချပြီး အငိုက်မိကာ ဟင်ခနဲ ဖြစ်သွား... ပြီးမှ သူမလွယ်လာသော အိတ်ထဲကနေ ဖုန်းတစ်လုံးနှိုက်ယူလိုက်... သူ့ရှေ့တိုးပေး၏။ မော်ဒယ်မြင့် အနီရောင်ဟန်းဆက်လေးက ချစ်စ... ကောင်းလွန်း၏။

"ရှင့်ကို ဒီဖုန်းပေးမလို့"

"ကိုယ့်ကို"

"အင်း လုပ်ငန်းလုပ်နေတာ ဖုန်းတစ်လုံးလောက်ရှိမှ အဆ... ပြေမှာပေါ့၊ အခု မာမီက ရှင့်ကို ဆက်သွယ်ချင်တာတောင် မလွယ်... လို့ ပြောတယ်"

"ဒေါ်မြရောင်ခြယ်က ပေးခိုင်းတာလား"

"မဟုတ်ပါဘူး မာမီ ပြောသံကြားနေလို့ မီး စိတ်ကူး... ဝယ်ပေးတာ"





"ကိုယ် မလိုချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုယ်က မပြည့်စုံတဲ့သူလေ၊ မင်းလိုသူဌေးသမီးဆီက ချူ...ဏ်စားနေတာလို့ အထင်မခံနိုင်ဘူး"

"ဩော် ဘယ်သူက ပြောမှာလဲ ပြောတဲ့သူကိုရော ဂရုစိုက်...ာလိုလို့လား၊ မီးက သားဦးကို ခင်လို့ပေးတာပဲဥစ္စာ"

"ကိုယ်က အဲဒီခင်မင်မှုအတိုင်းအတာဆိုတာကိုပဲ လက်မခံ...ခ်တာ"

"ရှင်"

"ကိုယ့်ဘက်က မရိုးသားတာကို အဟန့်အတားဖြစ်အောင် ...ည်ခြားလိုက်သလိုပဲ"

သူမ နားမလည်သလို မျက်လုံးလေးပြူးလည့်ဝိုင်းစက်သွား၏။ ...က မင်သေသေ ခပ်တည်တည်ဖြင့် အနည်းငယ်ကျန်သေးသော မုန့်...ကန်ကို တိုးရွှေ့လိုက်ကာ သက်ပြင်းတွေပါ မှုတ်ထုတ်လိုက်၏။

"ရှင် ဘာပြောတာလဲဟင်"

"ပွင့်ပွင့်လင်းလင်း ဝန်ခံလို့ရမလား"

"အင်း"

"ကိုယ် မင်းကိုချစ်တယ်"

"ရှင်"

သူမ ခဏခဏ အငိုက်မိနေရတာ သိပ်မဟုတ်တော့ပေသည်



www.burmeseclassic.com

www.burmeseclassic.com



တည်တံ့တံ့ သတ္တိကြောင်သလိုနှင့် ပြောထွက်လိုက်တော့လည်း စိတ်ပြ
လက်မြန်၏ မျက်ဝန်းထဲမှာတော့ သိမ်မွေ့နူးညံ့သော အချစ်ရဲ့စီးမျော
ပျော်ဝင်ခြင်းတွေ ရှိမနေဘူးဟု သံသယဖြစ်မိသော်လည်း သူမမှာတော
ရင်ခုန်သံတွေ တဒိုင်းဒိုင်းဆောင့်မြည်သွားသည်။

"အဲလိုပြောလိုက်ရင် ကိုယ့်ကို မတန်မရာ မှန်းတယ်လို့ မင်
အထင်အမြင်သေးသွားမှာ ကိုယ် သိတယ်၊ ဘာအရည်အချင်း အခွ
အစ ဂုဏ်ဒြပ်မရှိဘဲ အဲလိုပြောထွက်ရဲတာကို မင်း ရွတ်ချချင်နေတယ
မဟုတ်လား"

"ဟင် ဘာကြီးမှန်းလည်း မသိဘူး၊ ရှင်ပြောချင်တာတွေချည်
ပြောနေတာ၊ မီးက ဘာမှမပြောရတော့ဘူးလား"

"မင်းပြောမှာတွေ ကိုယ်သိနေတာပဲ"

"အမလေး သူ့ကိုယ်သူ အကြားအမြင်ရ ဘိုးတော်ကျနေတာ
မီးရင်ထဲ ဘာတွေရှိလဲ ရှင်သိလို့လား"

"မသိဘူး"

သူ တုံးတိပြေကာ ရင်ထဲက တလှပ်လှပ်တော့ဖြစ်သွား
ပြတ်သားစွာ ငြင်းဆန်မှာမဟုတ်တာကို သူ သိနေသည်။ သူမ မျက်
လေးက ပန်းသွေးရောင်ရှပ်ပြေးလျက် နှုတ်ခမ်းဖူးလေးက မပွင့်တ
ပြုံးတုံ့တုံ့။

"ရှင့်ကို လူရည်လည်လှပြီအောက်မေ့တာ၊ ပွဲစားဖြစ်လို့ လူ
လည်း ခတ်တတ်မယ် ထင်တာ"





"ဘာ ကိုယ်က အခုဘာဖြစ်နေလို့လဲ"

"ရှင် အရမ်းပိန်းလွန်းတယ်"

"ကိုယ်က"

"ဟုတ်တယ် မီးရင်ထဲ ရှင်မြင်အောင် မကြည့်တတ်ဘူးလေ၊
ကလေးတစ်ယောက်က စိတ်ဝင်စားမှုမရှိဘဲ ဒီလိုအခွင့်အရေးတွေ
ယကားပေးနေပါ့မလား"

"ဟာ ဒါဆို"

"အင်း"

"ဘာအင်းလဲ ရှင်းရှင်းပြော၊ ချစ်ရင်ချစ်တယ် မချစ်ရင် မချစ်
ဘူး"

"မချစ်ဘူး"

"ဘာ"

သူ ကသိကအောက် အီလည်လည်ဖြစ်သွားရသည်။ ရင်မှာ
နက်မှုတွေမရှိဘဲ သွေးခုန်နှုန်းတွေ ဒီလောက်ထိမမြန်ဆန်သင့်ပါ။

"မျက်နှာကြီးက ဘာဖြစ်သွားတာလဲ"

"မင်းပဲ မချစ်ဘူးဆို"

"ဟင်း ဟင်း"

သူမက သရော်လှောင်ပြောင်နေသလို ရယ်လိုက်တာမို့ သူ
ထဲ ကျလိကျလိပင် ဖြစ်သွားရ၏။ သူ လက်ရဲဇက်ရဲဖြင့် ထိုနှုတ်
ဖူးဖူးလေးကို ဆောင့်ကာနမ်းပစ်လိုက်ချင်၏။

www.burmeseclassic.com

"မင်းအဲလို ရယ်မနေနဲ့ အသည်းယားတယ်"

"ယားရင်ကုတ်ပေါ့"

သူမ ပြောပုံက မယတိမဲ့မြင်ပုံစံ ပေါက်နေ၏။ သူ့ကိုမလေး
ဆက်ဆံတာတော့ မခံနိုင်။

"ဟယ် ရှင်နော်"

သူမရဲ့ အနီးဆုံးခုံမှာ ပြောင်းထိုင်ပြီး သူမပါးပြင်လေး
ရှိုက်ခနဲ နမ်းပစ်လိုက်၏။ ရှက်ကိုးရှက်ကန်း လက်သီးဆုပ်လေးမျာ
သူ့ရင်ဘတ်မှာ မထိတထိ ဖွဖွရွရွ လာကပ်၏။ ထိုလက်သီးဆုပ်လေ
များကို အကြွင်နာကြီးစွာ ခပ်တင်းတင်းပင် ကိုင်ထားလိုက်ပြီး

"ငါ့ရင်ဘတ်မှာ ဒဏ်ရာဟောင်းရှိတယ်၊ ဝေဒနာတွေ
မပေးပါနဲ့"

"ရှင့်ရည်းစားက ပစ်သွားလို့လား"

"ပစ္စည်းမဲ့ လူတန်းစားကို ဘယ်သူက သစ္စာရှိရှိ ချစ်မှာ
မင်းရောကိုယ့်ကို ထားသွားမှာလား"

"ချစ်မိပြီဆိုရင့်တော့ ရိုးမြေကျပါ၊ ရှင် သစ္စာမရှိမှာဘဲ ရို
တယ်"

"မင်း သိမ်းပိုက်မယ်ဆို ကိုယ့်တစ်ဘဝလုံးကို ပုံပေးမှာ
သွန်လိုသွန် မှောက်လိုမှောက် နင်းခြေလို့လည်းရတယ်၊ ဒါပေမဲ့ တ
တော့ ကတိပေးရမယ်"

"ဘာလဲ"





"ကိုယ့်ကို ဘယ်တော့မှ မစွန့်ပစ်ရဘူး"

"သားဦးရယ်"

သိမ်းပိုက်ညှို့ငယ်နိုင်လွန်းသော ရင်ခွင်ကျယ်မှာ သူမမျက်နှာ
...အပ်၍ မွှေးရနံ့ကင်းသော ကိုယ်သင်းရနံ့လေးကို သိမ့်သိမ့်ခွေးခွေး
...ရှုလိုက်၏။

အသက်ရှုသံစည်းချက်များက ပရိယာယ်မှကင်းပါရဲ့လား ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဩော် ဟုတ်ပါတယ်ဆို၊ ငါကမင်းကို ညာပါ့မလား"

"မညာဘူးဆိုတာ သိတယ်၊ မြန်လွန်းတာကို အံ့ဩတာ၊ ရွှ
ရွှန်းစိုက မိန်းကလေးဖြစ်ပြီး မူတောင်မမူဘူးလားကွ၊ စဉ်းစားပါ
ဘာညာ"

"သားဦးလေ"

ဖုန်းနီနီလေးကို စားပွဲပေါ်ပစ်တင်ပြီး လက်မနှင့်ကိုယ့်ကိုယ်
ထိုးကာ သားဦး ဂုဏ်ယူစွာပြော၏။ အာကာအောင်က ဖုန်းကို ကော
ကိုင်ကာ

"ရွှန်းရွှန်းစို ပေးတာလား"

"အင်း"

"ငါ့ကောင် လန်းလှချည်လား၊ ငါ့မှာတော့ အဲလိုပေးတာ
တာတွေယူပြီး မိုးမိုးကို အလေးအနက်ကြွေပြီဆိုမှ ဒုက္ခရောက်နေ





"ဟင် ဘာဖြစ်လို့လဲ"

"အဲဒါတွေကို ငါကပိုင်းလုံးလုပ်ပြီး ယူထားတယ်လို့ သူ့မိဘ
ကြား မညှာမတာ စွပ်စွဲတယ်၊ အယူခံဝင်ခွင့်မပေးဘဲ အပြတ်ဖြတ်ဆို
ဖြတ်ရတယ်၊ အကန်တွေနဲ့ စွတ်တင်နေတာ ဒီမှာယှဲယှဲပဲ ကျန်တော့
ယ်"

အာကာအောင် အသံက ညှောင်နာနာနဲ့ပါ။ တကယ်ကို ခံစား
အားမရှိတော့တဲ့ပုံ။

"မင်းတို့ လမ်းခွဲကြတော့မှာပေါ့"

"မိုးမိုးက စွန့်စားဖို့ သတ္တိမရှိတော့ ငါ ဘာဆက်လုပ်ရမှာလဲ"

"ငါကတော့ ဘာမှမလုပ်တတ်ဘူးဆိုပြီး ထိုင်မှိုင်နေမှာ မဟုတ်
ဒေါ်မြရောင်ခြယ် သဘောမတူမှာက သေချာတယ်၊ ဒါကို ရွှန်းရွှန်းစို
နှန်ဆန်ရဲဘူးဆိုရင် ခိုးပြေးမယ်"

"ဟ ငါ့ကောင် အဲလောက်တောင် အကြံကြီးထားတာလား၊
နာကို မခံချင်စိတ်နဲ့"

"အဲဒီတစ်ခုတည်းကြောင့်တော့ မဟုတ်ဘူး"

"ရွှန်းရွှန်းစိုတို့ရဲ့ ပိုင်ဆိုင်မှုတွေ"

သူငြိမ်သက်သွားခြင်းကို ဝန်ခံလိုက်တာဟု အာကာအောင်
သွားနိုင်သလား။ လက်ဖက်ရည်တွေက အပြစ်မဲ့စွာ သူ့လည်ချောင်း
ဆောင့်အောင့်ကာ အသွင်းခံလိုက်ရ၏။ လမ်းမဘက်ကို မျက်လုံး
ကြာ အကျင့်ပါစွာ မျှော်ငေးမိပြီး



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

"ဘာဖြစ်ပြန်တာလဲ"

သူမျက်လုံးတွေရဲ့ တည်နေရာဂို အာကာအောင် ရွေ့လျာ… လိုက် ကြည့်ပြီး ယောကျ်ားတစ်ယောက်မောင်းသော ကားပေါ်မှာ အ… ယှဉ်တွဲလျက် ရယ်မောပျော်ရွှင်နေသည့် မမမိုနာကို မြင်တွေ့သွား…

"ပျော်ချင်ဟန် ဆောင်နေတာလား တကယ်ပျော်နေတာလ… မသိဘူးနော်၊ မင်းရော ရွှန်းရွှန်းစိုနဲ့ အဲလိုနေနိုင်ပါ့မလား"

"အရာရာ ပြည့်စုံနေမယ်ဆိုရင် ငါလည်း သူလိုပဲ ပျော်နိုင်မ… ထင်ပါတယ်"

"မမမိုနာလူရဲ့ မိဘတွေလိုမျိုး ရွှန်းရွှန်းစို အမေကလက်… မှကိုး၊ ဒေါ်မြရောင်ခြယ်က စီးပွားရေးသမားနော် ပြီးတော့ ဂုဏ်သိက္ခာ… ကို ထိန်းသိမ်းတဲ့သူ၊ အမြတ်အစွန်းမကျန်ရင်တောင် ဂုဏ်သိက္ခာအတွ… ဆို အရှုံးခံရဲတဲ့ သတ္တိရှိတယ်"

"ငွေအတွက် ဘဝကိုရင်းလိုက်တာ၊ ငါလည်း တန်ရာတန်… ပြန်ရမှ ဖြစ်မှာ၊ နစ်နာစရာအကြောင်း မရှိဘူးလို့ မင်းပဲပြောခဲ့တာ…

"မင်းကို အဆင်ပြေစေချင်တယ်၊ ရွှန်းရွှန်းစိုနဲ့ ချစ်သူဖြ… နေမှာတောင် မင်းမျက်နှာပေါ် အပျော်တွေ မမြင်ရတာ စိတ်မကော… ဘူး"

"လွမ်းနာကျနေတာလားလို့ စွပ်စွဲချင်တာလား၊ ဒဏ်ရာ… ကို ကုစားဖို့ ငါဆေးဖော်နေတယ်၊ သောက်ဖြစ်ရင် သက်သာသွားမှာ…





"ခုန ဟိုလူက မမမိုနာကို ရုံးတက်ရုံးဆင်း သူ့ကားနဲ့အကြို… …ပို့လုပ်နေတာ ထင်တယ်"

"မင်္ဂလာပွဲအတွက် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားဖြစ်ဖို့ …စီစဉ်ခွဲနေတယ်လို့ မေမေတို့ပြောနေကြတာပဲ၊ ဟား အရှက်နည်းတယ် …ဒီ ပြောရမှာတော့ အားနာပါတယ်"

အံကြိတ်သံနှင့် မချိမဆံ့ တိုးထွက်လာသော နာကျင်မှုများက …က်ခေါက်ရုံနဲ့ ပြေပျောက်မသွား။

"ဟာ ဘယ်သွားမလို့လဲ"

"အလုပ်ကိစ္စတစ်ခုအတွက် ကိုစိုးကြီးနဲ့ ချိန်းထားတယ်လေ …း မလိုက်ဘူးလား"

"ဩော် အေး ဟုတ်သားပဲ မေ့နေတာ၊ ငါလည်းအခု တစ်လော …ည်စရာတွေ များလွန်းတယ်၊ အဲလိုမှန်းသိရင် မိန်းမတစ်ယောက် … တကယ်မချစ်မိအောင် ကြိုးစားခဲ့ပါတယ်"

ပေါ့ပေါ့တန်တန် နေခဲ့သော အာကာအောင် အချစ်အတွက် …လေးအနက် ခံစားတတ်နေပါရောလားလို့ အံ့သြရသေး၏။ သူ့အလှည့် …ရင်ရော ရွှန်းရွှန်းစိုကို တကယ်ချစ်မိသွားနိုင်သလား။ ရာသီစက်ဝန်း …ာ မရပ်မနား လည်ပတ်နေသလို အချိန်နာရီတွေကလည်း ရပ်တန့် …တ်ကူးမဲ့စွာနှင့် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"သားဦး"

"ဟင်"

တိုးဘိတ်သော်လည်း ရင်းနှီးကျွမ်းဝင်နေသော အသံမို့ နော လှည့်မကြည့်ဖြစ်သော်လည်း ခြေလှမ်းကိုတော့ စုံရပ်လျက် ရှေ့မ ဖြစ်ဘဲ ဖြစ်သွား၏။

"မမ မနက်ဖြန် လက်ထပ်တော့မယ်"

ဒီလောက်အုတ်အော် သောင်းတင်းဖြစ်နေတာ သိပြီးပါပြီ မပြောဖြစ်။ သူလို ကလေကချေကောင်နဲ့လွဲပြီး ပကာသနဂုဏ်ခြိ ပြ သော သူဌေးသားနဲ့ရတာ ကံကောင်းသည်ဟု တစ်ရပ်ကွက်လုံး ပြော ကြတာပဲ။





"မမ စိတ်မကောင်းပါဘူး"

"ဒီတစ်ခွန်းပဲ ပြောစရာရှိသလား"

"တောင်းပန်ပါတယ်"

အံကြိတ်ကာ မေးမိတော့ မျက်ရည်ရစ်ဝိုင်းလျက် တိုးသဲ့စွာ တောင်းပန်၏။ သူ မမမျက်နှာကို မကြည့်ဘဲ အံကြိတ်မိသည်။

"သားလည်း လက်ထပ်မှာပါ"

"ဟင်"

မခံချင်စွာ လက်သီးဆုပ်ပြီး ပြောမိတော့ မမအံ့သြသွား၏။ ပြီးတော့ ယဲ့ယဲ့ပြုံးသည်။

"ဟို သူဌေးသမီးနဲ့ မဟုတ်လား၊ ချစ်သူတွေဖြစ်သွားတာ ကြားတယ်၊ မင်း ကံကောင်းပါစေ"

"အဲဒီကံဆိုတာ လူတွေကလုပ်ယူ ဖန်တီးတယ်ဆိုတာ တယ်မှန် တာပဲ၊ ငွေမရှိရင် ကံလည်းမကောင်းနိုင်ဘူးဆိုတာ သား သိသွားပြီ၊ သားက မမကို အဲလိုဆုတောင်း မပေးနိုင်တာ ခွင့်လွှတ်ပါ"

"မင်း နာကြည်းဖို့လုံလောက်နေတာပဲ မမအပြစ်မပြောရက် ဘူး၊ ခွဲရမယ်မှန်း ကြိုသိရင် အစကတည်းက မင်းကို မချစ်ဘဲနေခဲ့ မှာ"

"အချစ်မှာ အပြစ်မရှိပါဘူး လူတွေရဲ့ ဖောက်ပြန်မှုကြောင့်၊ ငွေကြေးတရားဆိုတာလည်း ကွယ်ပျောက်သွားတာ ဒါပေမဲ့ ဥစ္စာမဲ့လို့ ကျန် ခဲ့ရတာ၊ အဲဒါကို သားမဖြေနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဥါရင်တွေလည်း အကောင်းအတိုင်း မကျန်ရစ်ပါဘူး။ ဒဏ်ရာ
တွေကိုပါ သယ်ဆောင်သွားရတာ မင်း သိစေချင်တယ်"

လှောင်ပြောင်သလို သူ ဟက်ခနဲရယ်မျှလိုက်၏။ ကျန်ရစ်ခဲ့
တာ သူမဟုတ်ဘူးလား။ မျှော်လင့်ချက်တွေ ပျောက်ဆုံးပြီး အာဃာတ
တွေရဲ့ လောင်းရိပ်မိခံနေရတာ ယုတ်ညံ့သူတစ်ယောက်လို့တောင် ကိုယ့်
ကိုယ်ကို ရှက်မိသည်။

"ဒီဘဝမှာ ဒီလောက်နဲ့ အဆုံးသတ်သွားတယ်လို့ ဖြေသိမ့်
နိုင်အောင် သား ကြိုးစားပါမယ်၊ ကျန်ရစ်ခဲ့တာထက် ချန်ထားခံရတာ
ပိုပြီး ရင်နာတယ်"

"မမလည်း မပျော်ပါဘူး"

"တောက်တောက်ပြောင်ပြောင် ပျော်နေတာကို မြင်လျက်နဲ့
ကိုယ်ချင်းစာသလို ပြောနေတာ သားကို လှောင်ပြောင်သလို ဖြစ်မနေ
ဘူးလား"

"မင်းလောက်နီးနီး ငါလည်းလွမ်းခဲ့ပါတယ်၊ အမေ့ရဲ့နောက်ဆုံး
ဆန္ဒကို ဖြည့်ဆည်းပေးနိုင်အောင်"

"နားထောင်ကောင်းအောင်ပြောတဲ့ ဆင်ခြေတွေက သားရင်ထဲ
မတိုးတော့ပါဘူး။ ဘယ်သူ့ကြောင်းပဲဖြစ်ဖြစ် ဒဏ်ရာရတာက သား
မုန်းထိုက်လို့ မုန်းခဲ့ရင်တောင် ဖြေသာဦးမယ် ထင်တယ် အခုက"

"သားဦး"

ဗလုံးဗထွေး ပင့်သက်ရှိုက်မိတာကို ငိုကြွေးနေတာဟု ထင်





သွားစေချင်။ ဝမ်းသာအောင်လည်း မျက်ရည်ကျမပြချင်ပါ။ အသည်းကွဲ
သမိုင်းမှာ သားဦးမှတ်တမ်း ဝင်မခံနိုင်လို့။

"မမ မင်္ဂလာပွဲကို သားကို မဖိတ်ပါနဲ့၊ သားရဲ့မင်္ဂလာပွဲကိုလည်း
မကို မလာစေချင်ဘူး။ သားတို့နှစ်ယောက်က ဆန္ဒတစ်ခုတည်းအတွက်
တစ်လမ်းစီရွေးချယ်ခဲ့ကြတာပဲ၊ မမုန်းပေမယ့် ပြုံးပြုံးချင်စိတ်မရှိတာ
ညည်းခြားတာ တစ်ခုတည်းကြောင့် မဟုတ်ဘူး၊ ကိုယ် ကျင်လည်ရတဲ့
ဘဝကို ရင်နာလို့"

မျက်ရည်စက်တွေက မှတ်ကျောက်အတင်မခံရဘဲ သားဦးရဲ့
အကြည်းမှုတွေအောက်မှာ ပျောက်ဆုံးသွားခဲ့ရသည်။

ရွှေ့လျားနေသော ခြေလှမ်းအစုံကို ရပ်တန့်အောင် ရှေ့က
တ်ရပ်လိုက်၏။

"မမရဲ့ မင်္ဂလာပွဲကို မင်းမလာချင်နေပါ နိုင်မြဲခဲ့တဲ့ သံယောဇဉ်
တွေကိုထောက်ထားပြီး မင်းမင်္ဂလာဆောင်ရင်တော့ မမ ရောက်အောင်
လာမယ်၊ မင်းရဲ့ဘဝ အပြောင်းအလဲကို ဂုဏ်ပြုတဲ့သဘောပါ"

သူ စိတ်မပါစွာ ဟွန့်ခနဲ ရယ်လိုက်မိသည်။ ရင်ထဲတစ်နေရာမှာ
ဆစ်ဆစ် နာကျင်အောင့်မျက်နေ၏။

မွတ်သိမ့်စွာ ငေးမောခဲ့ဖူးသော မျက်နှာလှလှလေးကို သူ
အကြည့်လွှဲလိုက်သည်။

နောက်ဆုံးနှုတ်ဆက်ခြင်းပါ မမမိုနာ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဒေါ်မြရောင်ခြယ်က မင်းကိုတွေ့ချင်လို့တဲ့"

"ဘာ"

အကြောင်းရင်း မသိပေမယ့် သူ့ရဲ့ဖုန်းကိုမဆက်ဘဲ တစ်ဆ...
စကားကြောင့် နားလည်ရခက်သွားတာ အမှန်ပင်။

"မင်းကို ဒေါ်မြရောင်ခြယ် ပြောခိုင်းတာလား"

"ကိုစိုးကြီးဖုန်းလှမ်းဆက်တာ၊ မင်းဖုန်းကို ခေါ်လို့မရလို့တဲ့"

"ဩော် အေး ငါ့ဖုန်းဘတ္တရီကုန်နေတာ အားသွင်းဖို့မေ့...
တယ်၊ ဘယ်ကိုလာရမှာတဲ့လဲ"

"ရုံးခန်းကို သိမှာပေါ့ ဒါနဲ့တစ်နေ့က အလုပ်ဖြစ်သေးတယ်...
ငါလည်း မသိလိုက်ရပါလား"

"ငါတို့ဘာမှ မလုပ်လိုက်ရပါဘူး၊ ကိုစိုးကြီးဝင် ငါ့ကိုနား...
ကောင်းရအောင် တည်ပေးတာ၊ ရွှန်းရွှန်းစိုနဲ့ ပိုပြီးနီးစပ်စေချင်လို့တဲ့"





"ကိုစိုးကြီးက မင်းအပေါ် တကယ်ကောင်းပါတယ်"

"မင်းရော မိုးမိုးနဲ့ကိစ္စ"

"သူ မစွန့်စားရဲသရွေ့ ငါဘာမှလုပ်လို့မရဘူး မင်းရေ ရွှန်း...
...စိုနဲ့ အဆင်ပြေပါ့မလား"

"ကြိုးစားနေတာပဲ သူက ဘာကိုမှ သိပ်ဂရုစိုက်တတ် ကြောက်...
...တတ်တဲ့ မိန်းကလေးတော့ မဟုတ်ဘူး၊ ဒါပေမဲ့ မမက မနက်ဖြန်
...လာဆောင်တော့မယ်တဲ့ ရွှန်းရွှန်းစိုနဲ့ ငါနဲ့က ဘာအစီအစဉ်မှ မရှိသေး
...ဘူး"

"ခိုးပြေးပါလား"

အာကာအောင်က အတည်ပေါက်တိုက်တွန်း၏။ သူ့ဘက်က
...စားဖို့ဆိုတာလည်း ဒီတစ်နည်းပဲ ရှိတော့သည်ထင်သည်။ သမားရိုးကျ
...အတိုင်းဆို ရွှန်းရွှန်းစိုကို ဘာနဲ့မှ တင်တောင်းစရာမရှိ။

ပစ္စည်းဥစ္စာ ဂုဏ်ဓနအဆင့်အတန်း အလွှာတွေ ကွာခြားလွန်း
...ဘမို့ ဒေါ်မြရောင်ခြယ်ဘယ်လိုမှ နားလည်လက်ခံပေးမှာ မဟုတ်တာမို့
...အတိုင်းပြီးဆုံးလျှင် သူ့ရဲ့ကြွေးကြော်မှုတွေ အချိုးနှီး ဖြစ်ပေရော့မည်။

"ဒေါ်မြရောင်ခြယ်ဆီ ငါသွားလိုက်ဦးမယ် မင်းလိုက်ဦးမလား"

"မင်းကို သီးသန့်ခေါ်တာ ငါတို့က ဘာလိုက်လုပ်ရမှာလဲ၊
...လာမှ အကျိုးအကြောင်း ဖုန်းဆက်လိုက်"

"အေးပါ ဒါဆို ငါသွားမယ်"

အာကာအောင် ပခုံးကိုပုတ်ကာ သူထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြရောင်ခြယ် ကုမ္ပဏီက ရုံးခန်းကိုရောက်တော့ မန်နေဂျာ
က တစ်ဆင့်တွေ့ခွင့်တောင်းရ၏။

"ဝင်သွားပါခင်ဗျ ဒေါ်မြရောင်ခြယ် စောင့်နေပါတယ်"

မန်နေဂျာက ရှိကျိုးစွာပင် ရုံးခန်းတံခါးဖွင့်ပေး၏။ သူအခ
ဝင်လာခဲ့တော့ ဒေါ်မြရောင်ခြယ်က ဆုံလည်ထိုင်ခုံမှာ ထိုင်နေရာ
ဧည့်သည်ဖျော့အတွက် သီးသန့်ထားသော ဆိုဖာခုံကို မေးငေါ့ပြီး ထလ
ကာ

"ထိုင် မောင်သားဦး"

"ဟုတ်ကဲ့ အန်တီ ခေါ်တယ်ဆိုလို့"

"အေး မင်းစိတ်ဝင်စားမလားလို့ အလုပ်ကိစ္စလေး ပြောချ
လို့ပါ"

"ဟုတ်ကဲ့ ပြောကြည့်ပါ အန်တီ၊ အလုပ်နဲ့ပတ်သက်ရင် ကျွ
တော်စိတ်ဝင်စားပါတယ်"

သူတို့ပြောနေချိန်မှာ အလိုက်သိသော ဝန်ထမ်းလေးက ကော်
နှစ်ခွက် လာချပေးပြီး ပြန်ထွက်သွား၏။

"သောက်ပါ"

"ဟုတ်ကဲ့"

"အင်း အန်တီက မင်းကိုတာဝန်ကြီးတစ်ခု ပေးချင်တာ
မင်း အခုတစ်လလုံး ကြိုးစားပမ်းစား အလုပ်လုပ်ရင် ဝင်ငွေဘယ်လော
လောက်ရှိလဲ"





"ဗျာ"

"မင်းကို အဲဒီထက်မက ပေးပြီးခိုင်းချင်လို့ မေးကြည့်တာပါ"

"ဪ တစ်လလုံး တစ်သိန်းနှစ်သိန်း၊ တစ်ခါတလေလည်း
လေးသိန်းပေါ့ အန်တီ၊ ပုံမှန်တော့မဟုတ်ဘူး ကိုယ်ပိုင်အရင်းအနှီး
တော့ ဝင်ငွေမရှိတဲ့အခါမျိုးလည်း ကြုံရတာပဲ၊ ဟို အန်တီ့ဆီက
ကိစ္စအတွက် ငွေတွေအများကြီး ရလိုက်တာလည်း ကျွန်တော်က
မ်းကောင်းလို့ပါ"

ဒေါ်မြရောင်ခြယ် နှုတ်ခမ်းထောင့်စွန်းလေး မဲ့ခနဲဖြစ်သွား
ောင် ပြုံးသည်။ ဘယ်လိုအတွေးနှင့် အဓိပ္ပာယ်လည်းဆိုတာ သူမသိ။

ဒေါ်မြရောင်ခြယ်က ခြေချင်းချိတ်ထိုင်ကာ ဆိုဖာခုံကို ကျော
မှီလိုက်ပြီး

"အန်တီ ပုဂံမှာ ဟိုတယ်ဆောက်တော့မယ်"

"ဟုတ်ကဲ့ သူများတွေထက် အရင်ဦးအောင် လုပ်နိုင်တာ
ကောင်းဆုံးပါပဲ"

"အကျိုးအမြတ်ရဖို့ ရင်းနှီးမြှုပ်နှံရတာ အန်တီမကြောက်ပါဘူး၊
အတွက် ယုံကြည်ရမယ့်သူ သစ္စာရှိမယ့်သူတွေကိုလည်း ငွေပုံပေး
လက်သပ်မွေးထားတယ်"

ဘာဆက်ပြောမှာလည်း သူစိတ်ဝင်တစား နားထောင်နေလိုက်
ဒေါ်မြရောင်ခြယ်က ကော်ဖီခွက်လေးကို အနည်းငယ်သောက်ပြီး
ပြန်ချကာ



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုလည်း လူယုံတစ်ယောက်လို့ သဘောထားပြီး ပုံ
တာဝန်ပေးချင်တယ်၊ မန်နေဂျာလက်ထောက်ပေါ့"

"ဗျာ"

"စားစရိတ်ငြိမ်း တစ်လကို ငါးသိန်းပေးမယ်၊ ခြောက်
အတွင်းမှာ ယုံကြည်စိတ်ချရပြီဆိုရင် မန်နေဂျာရာထူး တိုးပေးမ
အဲလိုဖြစ်ပြီဆိုရင်တော့ တစ်လ ဆယ်သိန်းပေါ့"

မှက်လောက်စရာပဲလို့ ရင်မှာ ဝမ်းသာမသွား။ သူ့ကို အ
ရောက်အောင် နှင်ထုတ်ချင်နေတာဟု ခံစားနေရသည်။

"မင်း ဘယ်လိုသဘောရလဲ"

"ဟုတ်ကဲ့ ကျွန်တော် စဉ်းစားပါဦးမယ်"

"ဘာကို စဉ်းစားမှာလဲ မင်းအတွက် နောက်ဆံတင်းရ
သူတွေရှိနေလို့လား၊ အမေရော ကျန်းမာရေး မကောင်းဘူးလား"

"ကောင်းပါတယ်"

"လက်လွှတ်လို့မရတဲ့ ကလေးအရွယ် ညီငယ် ညီမငယ်
ရှိနေလို့လား"

"အဲလိုတွေကြောင့် မဟုတ်ပါဘူး"

"ဒါဆိုမင်းက ဟိုမှာပင်ပင်ပန်းပန်း လုပ်ရမယ်ထင်လို့
ကွန်ပျူတာလေးတစ်လုံးလောက် ကိုင်ရုံပဲ တာဝန်ပေးမှာပါ၊ စားဖို့
နာမည်ကြီးဟိုတယ်တစ်ခုမှာ စီစဉ်ထားတယ်"

ဒေါ်မြရောင်ခြယ်က သူ့မျက်လုံးတွေကို မလွှဲတမ်းစိုက်ကြ





ပြောသည်။ သူ့အလွယ်တကူ ခေါင်းညိတ်ဖို့ ဝန်လေးနေသည်။ ရွှန်းရွှန်းကို
ခွဲ ခေါသွားနိုင်သည် မဟုတ်လား။

"မင်းအတွက် အစစအရာရာ ဒီလောက်အဆင်ပြေနေတာကို
ငြင်းဝေနေတာ တခြားအကြောင်းရှိနေလို့လား"

"ဗျာ မ မရှိပါဘူး အန်တီ"

"ဒါဆို သုံးရက်အတွင်း မင်းသွားနိုင်အောင် ပြင်ဆင်ထားလိုက်
။ လစာသုံးလစာ ကြိုထုတ်ပေးထားမယ်၊ မင်းမှာ မှတ်ပုံတင်ပါတယ်
ဆိုရင် လေယာဉ်လက်မှတ် ဝယ်ဖို့ထားခဲ့လိုက်"

"ဟင် အိမ် အိမ်မှာထားခဲ့တယ်၊ လမ်းထွက်ရင် ကျွန်တော်
ယူလာတတ်ဘူး အန်တီ"

သူ့ အကြောက်အကန် ငြင်းပစ်လိုက်၏။ ဒီကိစ္စ ရွှန်းရွှန်းစိုနှင့်
တိုင်ပင်ကြည့်ဖို့ အရေးကြီးနေသည်။ ဒေါ်မြရောင်ခြယ် မျက်နှာက
တင်းစက် တင်းမာသွားကာ

"မင်းလို အဆင့်အတန်းမျိုးက ဒီလိုအခွင့်အရေးမျိုးကို လက်
လွှတ်ခံချင်နေတာ ဒီထက်ကောင်းတဲ့ မျှော်လင့်ချက်ရှိနေလို့လား"

"ဗျာ အန်တီဘယ်လို ပုံစံမျိုးနဲ့ မေးလိုက်တာလဲ"

"ငါ့မေးခွန်းက နားမလည်လောက်အောင် ရှုပ်ထွေးသွားလို့
ငါပေးတဲ့ အခွင့်အရေးက မင်းတို့တစ်မိသားစုံလုံးအတွက် လုံ
လောက်ရုံမကဘဲ ပိုလျှံနေမှာပါ မင်းမှာ ပညာမရှိဘူး၊ သမ္မာပဲရှိတာ၊
လောက်အရည်အချင်းကို ဘယ်နေရာက သွားကောက်ပြီး သုံးမလဲ



www.burmeseclassic.com

www.burmeseclassic.com



ဋ္ဌ်အတွက်ပေါတယ်ဆိုတာ မင်းသိပြီးသား ဖြစ်မှာပါ၊ မင်းတခြား မျှော်လ
ထားတာမရှိဘူးဆိုရင် သွားကို သွားရမှာ''

ဘာတွေ သိထားလို့လဲဟု ဒွဲတိုးသာ မေးပစ်လိုက်ချင်သည်
ဒါပေမဲ့ ဒီအချိန်မှာ ရင်ဆိုင်လို့မဖြစ်သေး။ တိုက်ရိုက်စော်ကားနေတ
သိပါရဲ့နဲ့ ခေါင်းငုံ့အရှုံးပေးလိုက်ရတာ ဒါ ပထမဆုံးအကြိမ်။

''ကျွန်တော် မေမေ့ကို တိုင်ပင်ပြီး အန်တီလေယာဉ်လက်မှ
စီစဉ်လို့ရအောင် မနက်ဖြန် မှတ်ပုံတင်လာပေးလိုက်ပါ့မယ် အန်
အန်တီပေးတဲ့ အခွင့်အရေးက ကျွန်တော့်လို ပစ္စည်းမဲ့ ပညာမဲ့ လူတ
စားအတွက် မက်လောက်စရာ အခွင့်အရေးပဲ၊ ကျွန်တော် ဘယ်လ
လွှတ်ခံလို့ ဖြစ်ပါ့မလဲ၊ ကျွန်တော် သွားဖြစ်အောင် သွားပါ့မယ်အန်တီ

''အေး အစတည်းက သဘောပေါက်လိုက်ရင် ဒီလောက်
ပြောနေစရာလိုမှာ မဟုတ်ဘူး၊ လစာကြိုတင်ထုတ်ပေးလိုက်ရမလာ

''အဲဒါ အဆင်ပြေတာပေါ့ အန်တီ၊ အိမ်အတွက်လိုအပ်တ
စီစဉ်ပေးလို့ရတာပေါ့၊ အရင်လိုနေ့စဉ် လိုအပ်တာလည်း ဖြေရှင်းပေ
နိုင်မှာ မဟုတ်တော့ တစ်ခါတည်း ပြည့်စုံအောင် လုပ်ပေးသွားချင်တယ်

''ကောင်းပြီ မိသားစုအပေါ် အဲလိုသိတတ်နားလည်တာ မင်း
ကောင်းမှာပါ''

ဒေါ်မြရောင်ခြယ် ငွေတစ်ထပ်ကြီး ချပေးချိန်မှာ သူဆုံးဖြတ်ရ
အခိုင်အမာချလိုက်၏။

အပြောင်းအလဲတစ်ခုဟာ ဒေါ်မြရောင်ခြယ် ကံဆိုးမှာလာ





ကံကောင်းမှာလား။ ရွှန်းရွှန်းစိုရဲ့ ရွေးချယ်မှုက အဓိကဖြစ်နေ
တာ့ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



နေ့ကပဲ မီးကို မသက်သာမေးခွန်းတွေနဲ့ ချုပ်တယ်၊ ဒီကိစ္စက ကြာရှည် ယ်ထားလို့လည်း ရမှာမဟုတ်တာ ကိုကိုနဲ့ ချစ်သူတွေ ဖြစ်နေပါ လို့ အမှန်အတိုင်းပဲ ဝန်ခံလိုက်တာပေါ့"

"အဲဒီတော့"

"အဆင့်အတန်း မတူဘူး၊ ဘာညာ ရင့်သီးကြမ်းတမ်းတဲ့ ားလုံးတွေ ပေါက်ထွက်လာမှာတော့ ကိုကိုကြိုသိနေပြီးသား မဟုတ် ား"

"ခံနိုင်ရည်ရှိအောင် ပြင်ဆင်ပြီးမှ မင်းကိုချစ်ခွင့်ပန်ခဲ့တာပါ၊ ယ်က မျက်နှာမွဲဆိုတော့ အနိမ့်ခံဘာဝပဲ"

သူ့မအရှိုက်ကို ထိစေနိုင်သော စကားလုံးများဖြင့် ပစ်ခွင်းပြီး က်နှာကို ငုံ့လျှိုးညှိုးငယ်ထားလိုက်၏။ ရွှန်းရွှန်းစိုရဲ့ သနားကြင်နာမှုကို ဖြစ်မည်။

ရွှန်းရွှန်းစိုက သူ့လက်ကို ဖျတ်ခနဲဆုပ်ကိုင်ကာ

"စိတ်မကောင်း မဖြစ်ပါနဲ့ကိုကို၊ မာမီဘယ်လိုပဲဖြစ်နေနေ မီးက ဆင့်အတန်း မခွဲတာ ကိုကို့အချစ်ကို လက်ခံခဲ့တဲ့ မီးရဲ့အချစ်သက် ပဲ"

"အခု ဘယ်လိုလုပ်မှာလဲ မင်းမာမီလွှတ်တဲ့နေရာကို ကိုယ် ရမှာလား၊ သူ့မှာ ကိုယ့်ကိုအဝေးရောက်အောင် နှင်လွှတ်ပြီး မင်းကို က်ျားပေးစားတာတွေ လုပ်မယ့် အစီစဉ်လည်း ရှိချင်ရှိနေမှာ၊ မင်းနဲ့ ယ့်ကို ခွဲပစ်မယ့် အကြံအစည်တွေနဲ့"



## အခန်း (၂၂)

"ဘာ မာမီက ကိုကို့ကို ပုဂံလွှတ်နေတယ် ဟုတ်လား"

"ဟုတ်တယ် ကိုယ့်ကို ဒီမှာလုံးဝ မရှိစေချင်တဲ့ အထာ ကိုယ်သိတာပေါ့ ကိုယ့်ကို မက်လုံးပေးပြီး ယဉ်ယဉ်လေးနဲ့ နှင်ထုတ် ကိုယ်နဲ့မင်းအကြောင်းကို တစ်စွန်းတစ်စ သိသွားလို့များလား"

"တစ်စွန်းတစ်စ မဟုတ်ဘူး၊ တိတိကျကျကို သိသွားတာ"

"ဘာ"

သူ ဆတ်ခနဲ တုန်လှုပ်သွားရသည်။ ဒါကြောင့် ဒီလောက် မာနေတာပဲဟုလည်း သဘောပေါက်လိုက်၏။

"ဘယ်လိုလုပ် သိသွားတာလဲ"

"မာမီက အမြင်ကျယ်တယ်၊ ခြေတံလက်တံရှည်တယ်၊ စိုက် စုံစမ်းစရာမလိုဘဲ အတွင်းကျကျ သိနိုင်တဲ့ အစွမ်းအစရှိတ



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မီး အဲလို အဖြစ်မခံဘူး ကိုကို့ကို မီးချစ်တ

"ဒါဆို ကိုယ်နဲ့ နိုးရာလိုက်နိုင်လား"

"ဟင်"

"ဒီအတိုင်းဆို ပေးရမှာ သေချာနေတာပဲ ဒီလိုမှ မစွန့်စာ
မင်းနဲ့ကိုယ်နဲ့ ဘယ်တော့မှပေါင်းဖက်ရမှာ မဟုတ်ဘူး"

"အဲဒါကို မီးသိပါတယ်၊ မာမီ မရမက ခွဲမှာ"

"တရားရုံးမှာ နှစ်ဦးသဘောတူ လက်ထပ်ထားရင် သူ
လုပ်လို့မရတော့ပါဘူး။ မင်းက အသက်ပြည့်ပြီးသား မိန်းကလေး
သွေးဆောင် ဖြားယောင်းပြီးခေါ်တဲ့နောက်ကို အယုံလွယ်ပြီး လိုက်
သူ့ငယ်နုပ်စားကလေးမှ မဟုတ်တဲ၊ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ဆုံးဖြတ်
ချပိုင်ခွင့်ရှိတယ်"

"မာမီ အရမ်းစိတ်ဆိုးမှာ စိတ်မကောင်းဖြစ်မှာ"

"စိတ်ပြေတဲ့အခါလည်း ရှိမှာပါ၊ တစ်ဦးတည်းသော သမီး
ကို ပစ်စလက်ခတ် စွန့်ပစ်ပါ့မလား၊ မင်းဆင်းရဲမှာကြောက်နေ
ရွှန်းရွှန်းစို"

သူ ခပ်တည်တည်မေးတော့ သူမခေါင်းယမ်းသည်။

"မီးလည်း ကိုကို့လိုပဲ မပြည့်စုံတဲ့ဘဝ ဆင်းရဲတဲ့ဘဝကို
ရည်ရှိပါ့မလား။ ကိုယ့်ကိုယ်ကို အကြိမ်ကြိမ် ပြန်မေးပြီးမှ ကိုကို့အချ
လက်ခံခဲ့တာပါ"

"ဒါဆို အခုကိုယ့်နောက်လိုက်ခဲ့ မင်းလိုက်ရဲတယ် မဟုတ်





"အခုချက်ချင်းကြီးလား ကိုကို"

နောက်ဆံတင်းနေ သလိုရှိသော ရွှန်းရွှန်းစိုလက်ကလေးကို
ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။ မျက်ဝန်းတွေထဲ ညှို့ငယ်စွာ
နစ်နစ်ကြည့်ပြီး

"ဒီနေ့မှ မင်းကိုယ့်နောက်မလိုက်ရင် မနက်ဖြန်ဆို ပေးရပြီ
ရွှန်းစို ကိုယ်အရမ်းကြီး မတိုက်တွန်းပါဘူး မင်းဆုံးဖြတ်ပါ"

"ကိုကို"

"ပြော ရွှန်းရွှန်းစို ကိုယ်နားထောင်နေတယ်၊ ကိုယ့်ကို အားမနာ
နော်၊ မင်းရင်ထဲရှိသလိုပဲ"

"မီး လိုက်မယ် ကိုကို၊ မီး ကိုကိုနဲ့ မခွဲနိုင်ဘူး"

ရင်ထွင်မှာ တိုးကပ်ကာ ပြောလာတော့ သူလှိုက်ခနဲ ကြည်နူး
ကာ အားတွေပြည့်သွားသည်။

ရွှန်းရွှန်းစို ဆုံးဖြတ်ချက်ချပြီးပြီဆိုလျှင် သူလုပ်ရမှာက . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ကိုကိုက ရွှန်းရွှန်းစိုကို ခိုးပြေးသွားပြီ. ဟား လန်းတယ်
သားတို့ သူဌေးမျိုးနွယ်ဝင် ဖြစ်ပြီပေါ့။ ကိုကိုက လုပ်ငန်းရှင် သူဌေး
ရဲ့သမက်၊ မေမေက သူဌေးချွေးမလေးရဲ့ ယောက္ခမ ကျွန်တော်
မောင်နှမနှစ်ယောက်လည်း"

"ကဲ တော်ပါဟယ်၊ သားကြီးက ဘယ်ကိုများ ခိုးပြေးသွား
မသိဘူး။ ရွှန်းရွှန်းစို အမေက မကျေနပ်လို့ရဲ့တွေ ဘာတွေတိုင်နေ
ဒုက္ခ"

"မေမေကလည်း မမရွှန်းရွှန်းစိုက အသက်ပြည့်နေပြီ
ကိုကို သွေးဆောင် ဖြားယောင်းတာလည်း မဟုတ်ဘူး။ သူ့သဘော
ဆုံးဖြတ်ချက်နဲ့ လိုက်သွားတာ၊ ရွှေငွေ လက်ဝတ်လက်စားတွေ ပါသွား





ဘိုင်မှာတောမှာ စိုးလို့ဘာမှလည်း ယူမသွားဘူးတဲ့၊ အဝတ်တစ်ထည်
ကိုယ်တစ်ခုနဲ့လိုက်တာ"

"အေး အဲလိုဆိုရင်တော့ တော်ပါသေးရဲ့"

ရင်ဘတ်ဖိပြီး သက်ပြင်းချလိုက်သော်လည်း ဒေါ်မြသီ စိတ်
အေးနိုင်သေးပေ။ ညက မိမိတရားပွဲသွားနေချိန်မှာ သားကြီး ရောက်
လာပြီး အိမ်အတွက်လိုအပ်တာတွေ ဝယ်ခြမ်းပေး၊ အသုံးစရိတ်ပေး
ပြီးဟာဒီဟာမှာနှင့် လုပ်သည်။

နောက်ပြီး အထုတ်အပိုးဆွဲကာ မိန်းမခိုးသွားသည်ဟု အ
ကြောင်းကြားခဲ့၏။ ရွှန်းရွှန်းစိုကို ခိုးရာခေါ်သွားရပြီ ဆိုကတည်းက
ကောင်မလေးဘက်က သဘောမတူတာ အသိသာကြီး။ လက်ခံပေးရ
အောင်လည်း အဆင့်အတန်းမှ မတူဘဲ။ ဥစ္စာပစ္စည်းချမ်းသာကြွယ်ဝ
သော သူဌေးသမီးကို ချွေးမတော်ရတာတော့ ဝမ်းသာပါသည်။ ဒါပေမဲ့

"မေမေက ဘာတွေစိတ်ပူနေတာလဲ ကိုကိုက ပညာသာ
ဆုံးခန်းတိုင်အောင် မသင်ရတာ စျေးကွက်စီးပွားရေးကို ကျင်လည်နေတဲ့
လုပ်ငန်းပျူတာဦးနောက်ရှိတယ်၊ အဲဒါကြောင့် သူဌေးသမီးကို ရအောင်ကြံ
တာ"

"ဟုတ်တယ် ကိုကို အဲလိုလုပ်သွားတာ သမီးတို့မျက်နှာပန်းလှ
ပြီ သူငယ်ချင်းတွေကို သူဌေးယောင်းမလေး ရတာလို့ ကြွားရမယ်၊
ကလာဆောင်ကို ဟိုတယ်ကြီးတွေမှာ လေးငါးရက် လေးငါးနေရာ ကျင်း
ပနိုင်မယ်၊ ဟား သမီးကတော့လေ သူဌေးယောင်းမလေးရဲ့ အရိပ်ဝါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးကို စိန်စီပစ်လိုက်မှာ''

''ငါလည်း ငါ့သူငယ်ချင်းတွေကို ဘီယာအဝတိုက်ပြီး ကိုကို ဂုဏ်ပြုရမယ်''

''တော်ကြစမ်းပါဟယ်၊ သူ့အမေက လက်ခံလား မခံ မသိဘူး၊ နင်တို့က အစီအစဉ်ဆွဲပြီး အူမြူးနေကြတယ်''

''မေမေကလည်း ဟိုက တစ်ဦးတည်းသောသမီး အမွေဆ ခံဖို့ ဒီတစ်ယောက်ပဲ ရှိတာ၊ စိတ်ဆိုးလည်းခဏပေါ့၊ ပြီးရင် ကိုကို သားလေး၊ သားလေးနဲ့တောင် ဖြစ်သွားမယ်''

''နင်တို့ပြောသလို ဖြစ်ရင်ကောင်းတာပေါ့၊ နင်တို့အတွက် ကန်ရတာ ငါ့သားကြီးပင်ပန်းလှပြီ သူဌေးသမီးကိုရ ကုမ္ပဏီကြီး ပိုင်ပြီး သက်တောင့်သက်သာ မော်မော်ကြွားကြွား နေစေချင်တ တိုက်နဲ့ကားနဲ့ ဘယ်လောက်များ စိတ်ချမ်းသာစရာ ကောင်းလိုက်မ

မျှော်လင့်ချက်တွေဖြင့် သားအမိသုံးယောက်လုံး ဝမ်းသာအ ပျော်နေကြသည်။ မပြည့်မစုံ ချို့တဲ့သောဘဝထဲမှာပဲ နစ်မြှောနေခဲ့ရ ဘဝအပြောင်းအလဲကို မျှော်လင့်မိတာ မဆန်းပေ။

သားအမိသုံးယောက် စကားကောင်းနေဆဲမှာ အာကာအေ ရေးကြီးသုတ်ပျာ ရောက်လာသည်။

''သားဦး ရှိလား သားဦး''

''ဪ မောင်အာကာအောင် လာလေကွယ်၊ သားဦးကတေ မရှိဘူး''





''ဘယ်သွားလဲအန်တီ၊ ဒီကောင်ကို ညကတည်းက ဖုန်းအ ဆက်အသွယ်မရလို့ စက်ပိတ်ထားတယ်ဆိုတာချည်းပဲ''

''အဲလိုလုပ်ထားမှာပေါ့ကွယ် မင်းသူငယ်ချင်းက မိန်းမနိုးပြေး ပြီအွာ''

''ဗျာ ရွှန်းရွှန်းစိုနဲ့လား''

''ဟုတ်တယ်''

''ဟာ ဒီကောင် မမိုက်နှာ မင်္ဂလာဆောင်တဲ့နေ့မှာ ကွက်တိကို သုပ်ချသွားတာပဲ၊ မနေ့က ဒေါ်မြရောင်ခြယ်ကို သွားတွေ့ပြီး ကျွန်တော် တို့သိတာမှလာမပြောလို့ စိတ်ပူနေတာ ဖုန်းမဆက်ဘာမဆက်နဲ့ ဒီကောင် ညီရွှယ်ချက်ရှိတာ သိပေမယ့် ဒီလောက်မြန်မယ် ထင်မထားဘူး''

အာကာအောင် အရမ်းကြီး မအံ့ဩပေမယ့် ဒေါ်မြရောင်ခြယ် နှင့် ပြဿနာတက်တော့မှာတော့ သေချာသိနေသည်။ ခုလောက်ဆို သူ့သမီး သားဦးနှင့် လိုက်ပြေးသွားတာ သိနေမှာ ဖြစ်ပေမယ့် သူတို့ကို ဆက်သွယ်မေးမြန်းမှု မရှိသေးတာလည်း ထူးဆန်းနေသည်။

တကြိတ်တည်း တစ်ဉာဏ်တည်း ပေါင်းကြံသည်ဟု ထင်နေ ပဲလား။

''ဟို သားဦး ဘယ်ကိုနိုးပြေးမယ်လို့ ပြောလဲအန်တီ''

''အဲဒါတော့ မသိဘူးကွဲ့၊ သူမိန်းမ နိုးမယ်လို့ပဲ ပြောသွားတာ၊ မင်းတို့ကရော တကယ်မသိတာလား''

''ကိုစိုးကြီးကတော့ မပြောတတ်ဘူး၊ ကျွန်တော်ကတော့ တ



www.burmeseclassic.com

www.burmeseclassic.com



ကယ်မသိတာပါ''

''အေးကွယ် ရွှန်းရွှန်းစို အမေဒေါ်မြရောင်ခြယ် အခြေအ
လည်း စုံစမ်းပေးကြည့်ပါဦး သူတို့ပြန်လာရင် မင်္ဂလာပွဲလုပ်ပေးဖို့
တိုင်ပင်ဆွေးနွေးရဦးမယ်၊ လုပ်သင့်တာလုပ်ရဦးမယ်လေ''

''ဟုတ်ကဲ့ ကျွန်တော် စုံစမ်းကြည့်ပါမယ်၊ ဒါပေမဲ့ ဒေါ်မြ
ခြယ်ကို သွားတွေ့ဖို့တော့ လွယ်မှာမဟုတ်ဘူး ကျွန်တော်တို့ကိုပါ
ရောင်ခြယ် ရောဃောင် ပေါက်ကွဲမှာသေချာတယ်''

''အေးလေ ရွှေပေါ်မြတင် မွေးထားတဲ့သမီးဆိုတော့
အတန်းအစားနဲ့ ဘယ်လွယ်လွယ်သဘောတူပါ့မလဲ ဒါပေမဲ့ သူတို့
အပျိုပြန်ဖြစ်တော့မှာ မဟုတ်တာ၊ သဘောမတူလို့ မပေးစားလ
သူတို့ဘက်ပဲ နစ်နာမှာ၊ အန်တီတို့က ယောက်ျားလေးရှင်ဆိုတော့
ကပဲ ကိစ္စမရှိပါဘူး''

ကိုယ့်ကိုယ်ကို ပြန်အားပေးနေမိသော်လည်း ရင်ထဲမှာ
လေးလံနေဆဲပင်။ သားတို့လက်မှတ်ရော ထိုးပြီးကြရဲ့လား။

အဆင်ရောပြေကြရဲ့လား။

မတန်မရာ မှန်းမိလို့ သားကြီးစိတ်သောက ရောက်နေ
ဖြင့် . . . ။

■ ■ ■



## အခန်း (၂၄)

''စိတ်ညစ်နေပြီလား စို''

''ဟင့်အင်း အခုလို စွန့်စားပြီး ထွက်လာရတာကို မိးရင်တွေ
နေတာ''

''ကိုယ်နဲ့အတူနေရမှာကို ရင်ခုန်တာ မဟုတ်ဘူးလား''

''အတူတူပဲပေါ့ မိး အိပ်မက်မက်နေသလိုပဲလား၊ ဒီလိုရွာလေး
အိမ်လေးမှာ ကိုယ်ချစ်တဲ့သူနဲ့ အတူလာပြီး လမင်းကြီးကို
ကြည့်ခွင့်ရလိမ့်မယ်လို့ တစ်ခါမှ မတွေးမိဘူး''

''ကိုယ့်ကို လျောင်နေတာတော့ မဟုတ်ပါဘူးနော်''

''ဟင် မလျောင်ပါဘူး၊ ဘာကိုလျောင်ရမှာလဲ''

ရင်ခွင်မှာခွာကာ ရွှန်းရွှန်းစို ပျာပျာသလဲပြော၏။ လမင်း
ရောင်က ဝါးရုံပင်တွေကြားကနေ သူ့မျက်နှာလေးကို အရိပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဆင့်အောင် ပွံ့ဖိုးပေးလျက် သူ့ရင်ကို ညှင်းသွဲ့သွဲ့ ရိုက်ခတ်နေစေသည် မမမိုနာက ယဉ်စစနှင့် ရင့်ကျွတ္တာ လှသွေးကြွယ်ပြီး ရွှန်းရွှန်းစို တောက်ပလင်းလက်သော ကြယ်တစ်ပွင့်နှင့် အလားသဏ္ဍာန် တူ သည်။

မမရော ဒီအချိန်မှာ ဟိုလူ့ရင်ခွင်ကို ခိုဝင်နေလေသလား ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးကို ကျင်းပပြီး ပြုံးပျော်နေမှာ မြင်ယောင်ကြည့်မိသည်။

သူလည်း မမယောကျ်ားထက် ထမ်းချမ်းသာသော ရွှန်းရွှ နှင့် ထိုထက်ခမ်းနာ ထည့်ဝါပြည့်စုံသည့် မင်္ဂလာပွဲကြီး မြိုမြိုင် ကျင်းပရမည်။

"ကိုကို ဘာတွေစဉ်းစားနေတာလဲ"

"ဟင် ဪ ကိုယ်တို့နှစ်ဦးသဘောတူ လက်မှတ်ထိုးပြီးသွား စိုမာမီ သဘောမတူလည်း ကိုယ်တို့ကို ခွဲလို့မရတော့ဘူး ဆိုပြီး၊ ကို ကြည်နူးနေတာ၊ စိုလိုပဲ ကိုယ်လည်း အိပ်မက်တစ်ခုလို ခံစားမိတယ်"

"အိပ်မက်က လန့်နိုးပြီး ကယောင်ကတမ်း လျှောက်ထွက် သွားရဘူးနော်၊ မီးက ကိုကို့မျက်နှာတစ်ရှာထင်ပြီး လိုက်လာခဲ့တာ ဟိုလေ မီးကို ကိုကို တကယ်ရော ချစ်ရဲ့လားဟင်"

"ဟောဗျာ အကြင်လင်မယားဘဝတောင် ရောက်ပြီးမှ ဒီစကာ မေးရလား။ ကိုယ်ကသာ စို မာမီက သဘောမတူဘူး။ အခုပြန်လိုက် ခေါ်လို့ စို ပြန်လိုက်သွားပြီး ကိုယ့်ကို ထားခဲ့မှာစိုးရိမ်နေတာ"





"အဲလို စိတ်ပျော့ညံ့ရင် ကိုကို့နောက်ကို မီးလိုက်ခဲ့ပါ့မလား၊ ...ဆို နှစ်ရက်တောင်ရှိသွားပြီ ဖုန်းတွေပိတ်ထားလို့ ဟိုမှာ ဘာတွေ ...နေပြီလဲဆိုတာလည်း မသိရဘူး၊ ကိုစိုးကြီးဆီ ဖုန်းဆက်မေးကြည့် ...လားဟင်"

"သူဒီနေ့ ဒီကိုလိုက်လာမှာပါ၊ ကိုယ်တို့အတွက် အသုံးဆောင် ...စရာတွေ လာပို့လိမ့်မယ်၊ အာကာအောင်ကိုတောင် အကျိုးအ ...ကြောင်းပြောပြီး ခေါ်လာခဲ့မလား မသိဘူး၊ ဒီကောင်ကိုယ့်ကို အားကျနေ ... မိုးမိုးက မင်းလိုသတ္တိမရှိ မစွန့်စားရဲဘူးတဲ့၊ မိုးမိုးက တကယ်မချစ် ...စ်မယ်"

"ဟုတ်လား မိုးမိုးနဲ့မတွေ့ရတော့ အဲဒီအကြောင်းတွေလည်း ...မသိရဘူး။ အစပိုင်း သူတို့ချစ်သူဖြစ်ခါစက မီးတို့ဆုံဖြစ်သေးတယ်၊ ...နောက်ပိုင်း မိုးမိုးမိဘတွေက သင်တန်းက ထုတ်လိုက်တော့ မတွေ့ရ ...တာလေ၊ အဲဒီတုန်းကတော့ မိုးမိုးက ကိုအာကာကို အသည်းအသန် ...ာ် ချစ်လိုက်တာမှ ဟိုဟာဝယ်ပေးရ ဒီဟာဝယ်ပေးရ သည်းသည်းလှုပ်

သူကိုယ်ကြီး မတ်လျက် ထိတ်ခနဲပင် ဖြစ်သွားရ၏။ မိုးမိုး ...ာ ရသမျှယူခဲ့သော အာကာအောင်ကို ရွှန်းရွှန်းစိုရော ဘယ်လိုထင် ...သလဲ။ အဲဒီအချိန်က အာကာအောင်က မိုးမိုးကို အလေးအနက် ...ခဲ့သေးပေမယ့် အခုတကယ် တန်ဖိုးထားပြီး ချစ်နေပြီဆိုတာရော ...ွှန်းစို မသိသေးဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



"အာကာအောင်နဲ့ ပတ်သက်ပြီး စိုရော ဘာတွေသိထား လဲဟင်၊ မိုးမိုးကရော ဘာတွေပြောဖူးလဲ"

"အင်း မိုးမိုးက အာကာအောင်ကို ချစ်လို့ဖြည့်ဆည်းနေ တာကို ကျေနပ်နေတဲ့ပုံပါ၊ မိုးမိုး မိဘတွေကတော့ ယောကျ်ားပိုင်း ချမြိုက်စား၊ မိန်းမထဘီနား ခိုစားတဲ့ အညံ့စား ယောကျ်ားဆို နစ်နစ်နာနာ ဝေဖန်ပြစ်တင်တယ်၊ မိုးမိုးကိုလည်း အဲဒီအကြောင်း အပ်ကြောင်းထပ်အောင် ပြောပြီး နားရိုက်သွင်းတယ်၊ ဆုံးမတယ် အဲဒါကြောင့် အာကာအောင်နဲ့ စွန့်စားဖို့ သတ္တိမရှိတော့ဘာ ထင်တာ"

"စို မာမီက စိုကို အဲလိုပဲပြောခဲ့မှာပေါ့၊ ကိုယ်တို့ အဆင့်အတ က ပိုက်ဆံချမ်းသာတဲ့ မိန်းကလေးနဲ့တောင် ချစ်သူဖြစ်ခွင့် မရှိ ဘူးလား၊ ဆင်းရဲတဲ့ မိန်းကလေးက ပိုက်ဆံချမ်းသာတဲ့ ယောကျ်ား ယောက်နဲ့ ပဏ်သက်မိတတော့လည်း စပွန်ဆာရှာတာတဲ့၊ ချို့တဲ့ဆင်း ရဲတာ ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် အဲလို သတ်မှတ်သုံးနှုန်းခံရ ရင်နာဖို့ကောင်းတယ်"

"ကိုကို"

ရင်ခွင်မှာ ခေါင်းလေးမှီခွဲ့ကာ သူ့လက်ကို နှစ်သိမ့်သလို တင်းတင်းလေး ဆုပ်ကိုင်ထားပြီး

"မီးကတော့ ကိုကို့ကို အဲလိုမထင်ပါဘူး၊ ကိုကိုက ယောကျ် ကောင်းပီသတယ်၊ အိမ်ထောင်ဦးစီး အိမ်ဦးနတ်ပီသပြီး ဇနီးမယ အပေါ် သစ္စာရှိမယ့် ချစ်နိုင်မယ့်သူလို့ ယုံကြည်ပါတယ်၊ မာမီကလည်





ဆတုန်းက ကိုကို့အရည်အချင်းကို အသိအမှတ်ပြုထားတာရှိလို့ ကြာ ည် စိတ်ဆိုမယ်မထင်ပါဘူး။ မီးတို့ကို လက်ခံပေးလာမှာပါ၊ မာမီကို ောင်းဖျဖို့ ဒယ်ဒီကိုလည်း လှမ်းပြီး အကူအညီတောင်းကြည့်ရမှာပဲ၊ ဒီကားဆို မာမီက လွန်ဆန်တယ်ဆိုတာ သိပ်မရှိဘူး။ ဒယ်ဒီကလည်း ဘာပဲလုပ်လုပ် ခွင့်ပြုနားလည်ပေးတယ်၊ ဒယ်ဒီနဲ့ မာမီက အရမ်း ကြတာ"

သူကျေနပ် ကြည်နူးစွာ ပြုံးလိုက်မိသည်။ အဟန့်အတားတွေက သိပ်အားစိုက်စရာ မလိုဘဲ အလိုလိုပြေလည်သွားနိုင်တာမို့ အရာအား ကို သူ ပိုင်ဆိုင်ရပေတော့မည်။

မမှိုနာ ခင်ပျားထက်သာတဲ့ နေရာကနေ ခေါင်းမော့ရင်ကော့ ဃမ်းလျှောက်ပြမယ် ကြည့်နေ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"အဲဒီသတင်းစာကို သေချာဖတ်ကြည့် ငါတော့ တော်တော်
အံ့သြသွားတယ်"

"ဟင်"

အထုတ်တွေ ဆွဲဝင်လာသော ကိုစိုးကြီးက သူ့လက်ထဲ
သတင်းစာတစ်စောင် ထိုးပေးတာမို့ သူ ကမူးကယာယင် ယူဖတ်ကြည့်
လိုက်သည်။ သူလှန်လှောကြည့်မိသော စာမျက်နှာတွေမှာ ဘာမှ ထူးခြ
တာလည်း မတွေ့။

"ပေး ကိုကို မီးဖတ်ကြည့်မယ်"

ရွှန်းရွှန်းစိုက သူ့လက်ထဲက ဆွဲယူပြီး နောက်ဆုံးစာမျက်နှာ
တစ်ခါတည်း ဖတ်ကြည့်၏။

"သမီးအဖြစ်က စွန့်လွှတ်ခြင်း။ ဟင် မာ မာမီဘယ်
လုပ်တာလဲ၊ မီး မီးကို မာမီသမီးအဖြစ်က တရားဝင် စွန့်လွှတ်လိုက်တ





ကို စုံစမ်းမေးမြန်းခြင်း သည်းခံပါတဲ့"

"ဟင် ဘာ"

သူ ဟန်မဆောင်နိုင်လောက်အောင် တုန်လှုပ်ချောက်ချား
ရသည်။ ရွှန်းရွှန်းစို လက်ထဲက သတင်းစာကို ပြန်ဆွဲယူကာ သေချာ
င် ဖတ်ပြီးမှ အံကိုကြိတ်၍ လုံးချေလွှင့်ပစ်လိုက်၏။ မျှော်လင့်
သမျှ အရာအားလုံး မီးလောင်တိုက်သွင်းခံရသလို ပြာကျ ပျက်စီး
ခဲ့ပြီပဲ။

"ရွှန်းရွှန်းစိုကို တစ်ဦးတည်းသော သမီးမို့ အဲလိုမျိုး ပစ်စ
ခတ် စွန့်ပစ်လိုက်မယ် ထင်မထားဘူး ဒေါ်မြရောင်ခြယ် တော်တော်
တာပဲ"

"မာ မာမီအဲလောက် ရက်စက်ရလား၊ ဒယ်ဒီကတော့ အဲလို
ရက်မှာ မဟုတ်ဘူး၊ ဒယ်ဒီကို ဖုန်းဆက်ပြီး မာမီကို ဖျောင်းဖျခိုင်း"

"မလုပ်နဲ့ ရမှာမဟုတ်ဘူး ရွှန်းရွှန်းစို၊ အိမ်မှာ မင်းအဖေ
ရောက်နေပြီ"

"ဟင် ဒယ် ဒယ်ဒီပြန်ရောက်နေပြီ ဟုတ်လား၊ ကိုစိုးကြီး"

မျက်ရည်လည်ရွဲနှင့် ဝမ်းနည်းတုန်ယင်နေသော ရွှန်းရွှန်းစို
ကိုစိုးကြီး ခေါင်းညိတ်ပြ၏။

"နှစ်ဦးသဘောတူ သေချာဆုံးဖြတ်ပြီးမှ ဒီသတင်းကို ထည့်
တာဖြစ်မယ်၊ ကျွန်တော်နဲ့ အာကာအောင်ကိုလည်း လုံးဝ အလုပ်ထဲ
ပေးတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် အဲလိုတောင် ပြတ်ပြတ်သားသား လုပ်ချလိုက်ပြီလား"

"အေး ဟုတ်တယ်၊ တခြားကို ပြန်လုပ်ဖို့ကလည်း တန်း
အဆင်ပြေဖို့ မလွယ်ဘူး၊ ငါတို့ပါ အရမ်းဒုက္ခရောက်ပြီကွာ"

ကိုစိုးကြီး မျက်နှာညှိုးညှိုးနှင့် ညည်းညူသလို သားဦးလည်
မျှော်လင့်ချက်တွေ ပျက်သုဉ်းသွားသည့်မို့ ဝါးထရံလေးကို ကျောက်မှီ
လက်မှိုင်ကျသွား၏။

ရွှန်းရွှန်းစိုက မခမ်းခြောက်သေးသော မျက်ရည်တွေကို ဘ
ညာပွတ်သုတ်ပြီး

"မီးတို့ ဘယ်လိုလုပ်ကြမလဲ ကိုကို"

"ဘယ်လိုလုပ်ရမလဲ ဒီမှာ ပုန်းအောင်နေလို့လည်း ထူးမှ
မဟုတ်တာ၊ အိမ်ပြန်ရုံပဲ ရှိတော့တာပေါ့၊ အမွှေမှုဖြတ်ပြီးရင် မင်း
သူတို့လာခေါ်ဖို့လည်း ဆန္ဒရှိတော့မှာ မဟုတ်ဘူး"

"ရက်စက်တယ်၊ မာမီတို့ ရက်စက်တယ်၊ သွေးသားရင်း
ဆိုလို့ မီးတစ်ယောက်တည်းရှိတာ ဒီလိုကြီး လုပ်ရက်မယ်လို့ ထင်မထာ
ဘူး"

"တော်ပါတော့ကွာ ငိုမနေနဲ့ မင်းငိုနေ ခံစားနေလည်း မင်း
တွေမြင်မှာ သိမှာ မဟုတ်ဘူး"

"ကိုကိုပဲ စိတ်ဆင်းရဲရတယ်လို့ ပြောချင်တာလား။ မာမီ
လက်မခံလို့ မီးကို စိတ်ကုန်သွားပြီလား ကိုကို၊ မီးဘာမှ ရပိုင်
မရှိတော့လို့"





"ရွှန်းရွှန်းစို"

"မီးကိုချစ်တာ ဘာမျှော်လင့်ချက်မှ မရှိဘူးဆိုရင် ဒီအချိန်မှာ
တို့ ကိုကိုအားပေးသင့်တာပေါ့ အခုက"

"ကျွတ် ရွှန်းရွှန်းစို မင်းအခုပြောနေတာ ငါ့ကိုတိုက်ရိုက်
ာ်ကားသလို ဖြစ်နေတယ်"

"မရည်ရွယ်ပါဘူး ကိုကို၊ ကိုကို့ကို ထိခိုက်စေလိုတဲ့ ဆန္ဒလည်း
ပါဘူး၊ ဒါပေမဲ့ ဒီအချိန်မှာ"

"ခဏလေး ရွှန်းရွှန်းစို မင်းဘာမှ မပြောပါနဲ့ ငါဘာလုပ်ရမလဲ
တာ စဉ်းစားဦးမယ်"

"ဘာရပိုင်ခွင့်မှ မျှော်လင့်စရာ မရှိတော့လို့ မီးကိုစွန့်လွှတ်
ယ်ဆိုလည်း"

"တောက်"

သူ ရုတ်ခနဲ တဲအိမ်လေးရှေ့ ထွက်လာခဲ့သည်။ မျက်နှာ
စ်ခုလုံး နီမြန်းထူပူကာ ဆောက်တည်ရာမရ ကသောင်းကနင်း ဖြစ်
နေ၏။

ကိုစိုးကြီးက နောက်က လိုက်လာကာ သူ့ပခုံးကိုပုတ်ပြီး

"ဒီကိစ္စက အခုချက်ချင်းကြီး ရုပ်ပျက်ဆင်းပျက် ပေါက်ကွဲလို့
ယ်ကောင်းပါ့မလဲကွာ၊ နည်းနည်း ဟန်ဆောင်ထိန်းထားစမ်းပါဦး"

"ကျွန်တော် ဘယ်လောင်တောင် ဣန္ဒြေပျက်နေလို့လဲ သူပြော
ာတွေ မခံနိုင်တာ၊ ကျွန်တော့်ကို ပိုင်းလုံးလို့ စွပ်စွဲနေတာနဲ့ အတ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကရော သူ့ကိုနှစ်သိပ့်လား အားပေးလို့လား ဒီအချိန်
မင်းထက် သူက ဝမ်းနည်းကြေကွဲနေမှာ၊ စည်းစိမ်ဥစ္စာအပြည့်နဲ့သူ
ထည်ထည်ဝါဝါ ပြည့်ပြည့်စုံစုံ နေလာခဲ့ဝ့်သူ၊ ဒီလိုမျိုး မင်းနဲ့ပတ်သ
မိလို့ စွန့်လွှတ်ခဲ့လိုက်ရတဲ့အတွက် နေ့ချင်းညချင်း သူ့ဘဝပျက်ပြိုေ
အဲဒါကို အားပေးပြီး မင်းတာဝန်ယူသင့်တာ"

"ကိုစိုးကြီး"

"ပြော"

"မမိုနာက သူဌေးတစ်ယောက်နဲ့ လက်ထပ်ပြီး ပြည့်ပြည့်
နဲ့ပျော်နေပြီ"

"အဲဒါဘာဖြစ်လဲ သူကံနဲ့သူလေ၊ ရွှန်းရွှန်းစိုကို မင်းရအေ
ယူတာ မျှော်လင့်ချက်ကြောင့်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ချမ်းသာ
ကံမပါသေးဘူးလို့ အောက်မေ့ပြီး ရွှန်းရွှန်းစိုကို ယောကျ်ားပီပီသ
ကောင်းကောင်းမွန်မွန် ဆက်ဆံသင့်ပါတယ်"

"ကျွန်တော်"

"မင်း ရွှန်းရွှန်းစိုကို စွန့်လွှတ်မှာလား ကွာရှင်းမှာလား"

သူမဖြေနိုင်။ ဖြေဖို့ မလိုတာလား၊ ဖြေစရာမရှိဘားလား။ ပ
ဖျားမှ ဖြေစရာအဆင်သင့် မရှိသလို သူငြိမ်သက်နေတော့ ကိုစိုး
မျက်မှောင်ကြုတ်သွားကာ

"မျှော်လင့်စရာ မရှိတော့လို့ ရွှန်းရွှန်းစိုကို မင်းစွန့်ပစ်လိုက်
သူစွပ်စွဲတဲ့ ပိုင်းလုံးဆိုတဲ့ နာမ်စားကို မင်းမနာနဲ့"





"ဘာ"

"မှန်တာကိုပြောတာ နာစရာမှ မဟုတ်ဘဲ"

"ကိုစိုးကြီး ခင်ဗျားလည်း ကျွန်တော့်ကို အဲလိုထင်နေတာလား"

မဟုတ်လို့လားဟု ထေ့ငေါ့မေးမနေဘဲ ပို၍ ခံရခက်အောင်
ကိုစိုးကြီး နာခေါင်းရှုံ့၏။ သူ တဖျဉ်းဖျဉ်း သွေးဆူကာ ရှက်သွားသည်။
ယောကျ်ားချင်း အဲလို အထင်သေးရှုတ်ချခံရတာလောက် စက်ဆုပ်ရွံရှာ
စရာကောင်းတာမရှိ။

"ကျွန်တော် ရွှန်းရွှန်းစိုကို တကယ်ချစ်မိနေပြီ"

"ဘာ"

"သူ့ကိုခိုးပြေးလာပြီး လက်မှတ်ထိုးပြီးမှ ငါ့ရဲ့ဇနီးမယားဖြစ်ပါ
ပြီလားလို့ သေချာသွားခဲ့တာပါ၊ အကြင်လင်မယားအရာပေါင် မြောက်
ပြီးပဲ ကျွန်တော်သူ့ကို မစွန့်ပစ်ပါဘူး၊ မကွာရှင်းပါဘူး၊ လင်ယောကျ်ား
ကောင်းဝတ္တရားတွေနဲ့ သူ့အပေါ် တာဝန်ကျေအောင်ကြိုးစားမှာပါ"

"ဟာ မင်းကွာ အစကပြောတာမဟုတ်ဘူး၊ မင်းကို အထင်လွဲ
တာ ဆောရီးကွာ၊ ဒါနဲ့ မိုနာနဲ့ပတ်သက်ပြီး ကြုံးဝါးထားမိတဲ့အတွက်
တော့ မင်း ကသိကအောက် မတွေးနိုင်မအံ့နိုင် ခံစားနေရမှာပေါ့"

"ဆိုပါတော့၊ တကယ်ကို မချိမဆံ့ မခံသာဖြစ်နေတာ၊ မပြည့်စုံ
တဲ့ ကျွန်တော့်ကို အသုံးမကျတဲ့ယောကျ်ားတစ်ယောက်ပုံစံမျိုး အချိုးခံ
ရတာ၊ ယောကျ်ားမာနနဲ့ ဘယ်လိုမှ မခံစားနိုင်ဘူး၊ သူ့ထက်သာတာနဲ့
ပြန်မယ်ဆိုတဲ့ စိတ်ရိုင်းက ရွှန်းရွှန်းစိုကိုချစ်မိတာတောင် ဖုံးလွှမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တယ်ထင်တယ်၊ ကျွန်တော် အခု ကိုယ့်တာဝကိုယ် ကျေနပ်လိုက်ပြီ''

''အေးကွာ ရွှန်းရွှန်းစိုကို ချော့လိုက်ပါဦး၊ သူ တော်တော် စိတ်မကောင်းဖြစ်သွားတာ''

''ဟုတ်ကဲ့ သူ စိတ်သက်သာအောင် ကြိုးစားမှာပါ''

''အေးပါ ဒီဘက်မှာ အဆင်မပြေလည်း အားမလျှော့နဲ့ ကြမှာ တစ်ကြိမ်တစ်ခါတော့ ကိုယ့်ကိုမျက်နှာသာပေးလာဦးမှာပါ ပြန်မယ်နော်၊ အဆင်ပြေအောင် ညှိနှိုင်းကြဦး''

''ကျွန်တော်တို့ မနက်ကျရင် အိမ်ပြန်လိုက်တော့မယ်၊ ဆုံ မှာ အာကာအောင်ကိုလည်း ခေါ်ထားလိုက်ပါ၊ ကျွန်တော် ထွက်လာ မယ်''

''အိုကေ သားကြီး''

ကိုစိုးကြီး ပြန်သွားပြီးချိန်မှာ တဲအိမ်လေးထဲက ရွှန်းရွှန်းစို ငဲ့စောင်းလှမ်းမျှော်ကြည့်လိုက်သည်။

ပါးပြင်ဖွေးဖွေးလေးပေါ်မှာ ခုချိန်ထိ မျက်ရည်စက်တွေ စို စီးဆင်းနေဆဲပါလား။ ထိုမျက်ရည်တွေ ခမ်းခြောက်အောင် အနမ်း နွေးဖြင့် နှစ်သိမ့်လိုက်ရင်တော့ . . . ။

■ ■ ■



အခန်း (၂၆)

''စို''

ပခုံးလေးနှစ်ဖက်ကို ဖွဖွလေး ထွေးပွေ့၍ ညင်သာတိုးတိတ်စွာ ခေါ်လိုက်တော့ သူမ တအံ့တဩဖြင့် မျက်လုံးလေးဝိုင်းစက်ကာ မော့ ကြည့်၏။ ဝင်းဝါဝါ နဖူးပြင်လေးကို ရှိုက်ခနဲ နမ်းမွှေးလိုက်ပြီး

''စိုကို ကိုကို အရမ်းချစ်တယ်''

''ရှင်''

''အလေးအနက်စကားပါ၊ ရင်ထဲက တကယ်တန်ဖိုးထားပြီး ပြောတာ၊ မင်းဘဝတစ်ခုလုံးကို ကိုယ်တာဝန်ယူမှာပါ စို၊ အရင်ချိန်က မင်းဆီက ကိုယ်မျှော်လင့်ချက်တွေ ထားမိသလား မသိပေမယ့် အခုချိန် တစပြီး မင်းတို့ရဲ့ပိုင်ဆိုင်မှုတွေကို ကိုယ် ဘာမှမမျှော်လင့် မတောင့်တ တော့ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရယ်"

"လင်ယောက်ျားကောင်းပီသအောင် တာဝန်ကျေအောင် ကို
ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ်၊ စိုသာ ကိုယ့်ကို စိတ်ပျက်မသွား
နဲ့နော်၊ မပြည့်စုံတဲ့ဘဝက လောကဓံကို ရင်ဆိုင်ရတာ ပင်ပန်းတယ်
ကြမ်းတမ်းတဲ့အခြေအနေတစ်ခုကို မင်း ခံနိုင်ရည်မရှိမှာတော့ စိုး
တယ်"

"ကိုကို့ကို ချစ်မိတဲ့အတွက် မီး ရင်ဆိုင်နိုင်မှာပါ ကို
ကြောက်ပါပြီလို့ မညည်းညူမိအောင် မီး ကြိုးစားပါ့မယ်၊ ကိုကို့ဆီ
ဒီလိုစကား တွေကြားရတာနဲ့တင် မီး အားရှိသွားပါပြီ"

"စိုရယ်"

တင်းကျပ်စွာ ထွေးဖက်ရင်း မျက်နှာလည်တိုင်လေးအနံ့ အနမ်း
မိုးရွာပစ်လိုက်သည်။ ဒီအနမ်းတွေက မာယာတွေမပါ ဟန်ဆောင်မှုကင်း
စွာဖြင့် သိမ့်သိမ့်နွေးနွေး။

"လွှတ်ပါဦးကွာ၊ ဒီမှာအသက်ရှူကျပ်နေပြီ၊ သူများသားသမီး
ကိုနော်၊ မညှာမတာ"

"လွှတ်ထွက်သွားမှာစိုးလို့ပါ စိုရယ်၊ ကိုကို စို့ကို မခွဲနိုင်ဘူး
အခုမှ သေချာသိတာ၊ ချစ်တယ် စို"

"ဟွန်း ပိုတယ် အရင်ရည်းစားကိုလည်း အဲလို ချွဲခဲ့တာပဲလား"

"နည်းနည်းပါ"

"ဘာ"





"လန့်လိုက်တာ စိုရယ်၊ ဘာလို့အော်လိုက်တာလဲ"

"ဘာလို့ အဲလိုပြောလဲ၊ ဟုတ်ခဲ့ရင်တောင် ညာပြောပေါ့၊ မီး
သဝန်တိုတယ်"

"ဟာ စို တကယ် သဝန်တိုတယ်"

"အင်း"

"ချစ်ဖို့ကောင်းလိုက်တာ စိုရယ်၊ ရည်းစားလည်းမထားဘူး၊
ယောက်ျားလေးတွေနဲ့ အရှုပ်အရှင်းလည်းမရှိတဲ့ စိုကို ကိုယ် တန်ဖိုးထား
ပြီးချစ်ပါတယ်၊ ကိုယ်ကတော့လေ မမမိုနာတစ်ယောက်ကို စွဲစွဲမြဲမြဲ ချစ်ခဲ့
ဖူးတယ်"

"အခုရော"

"သူ လက်ထပ်သွားပြီ၊ သူဌေးတစ်ယောက်နဲ့"

"ဟင်"

"မိဘစကား နားထောင်သွားတာလို့ အပြစ်တွေကို လျှော့ပေါ့
ပေးချင်ဘူး၊ ချစ်သူလက်ကိုတွဲပြီး လောကဓံကို အတူရင်မဆိုင်ချင်တာ
ချစ်တယ်လို့ ယုံရမှာလား။ အမှန်အတိုင်း ဝန်ခံတာပါ၊ မမကို ကိုယ့်ရင်ထဲ
က ထုတ်လိုက်ပြီ"

"ကျေးဇူးတင်ပါတယ် ကိုကို၊ မီးလည်း ကိုကို့ဆီက အများကြီး
မျှော်လင့်ပါဘူး။ မီး တစ်ယောက်ကိုပဲ ချစ်ပြီး သစ္စာရှိပေးရင် တော်ပါ
ပြီ"

"တစ်သက်စာပါ စိုရယ်၊ ကိုယ် ကတိပေးပါတယ်၊ ကဲ ကိုယ်တို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရအောင် စို''

''ဟုတ်ကဲ့ ကိုကို''

သယ်ပိုးစရာ ဘာမှလည်း များများစားစား မပါပါ။ ရွှန်းရွှန်း
က အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဆင်းလာတာမို့ ဒီရောက်မှ ဝ
ပေးလိုက်ရသည့် အဝတ်အစားနှစ်စုံခန့်သာရှိသည်။ သူ့မှာပါလာတာ
လည်း သစ်လွင်သည်ဟု ထင်ရသော အဝတ်အစား သုံးလေးစုံသာ

ကျန်တာက ကိုစိုးကြီး ဝယ်ပေးထားသည့် တိုတိုထွာထွာ
တွေ။ ဒါတွေလည်း ယူမသွားချင်။ ဒီအိမ်က ကိုစိုးကြီးနှင့် ဆွေမျိုးမျိုး
မကောင်းသည့်လူရဲ့အိမ်မို့ ဒီအိမ်မှာပဲ ထားခဲ့လိုက်သည်။

''လိုင်းကားတိုးစီးလို့ ဖြစ်ပါ့မလား စို''

''မီးမှာ ပိုက်ဆံနည်းနည်းပါးပါး ကျန်ပါသေးတယ်၊ တက္က
ငှားသွားရအောင်နော်၊ ဖြစ်တယ်မဟုတ်လား ကိုကို''

''အင်း ဖြစ်ပါတယ် စိုရဲ့''

နှစ်ယောက်သား ပဲခူးကနေ ကားငှား၍ ပြန်လာခဲ့ကြသည်
အိမ်ကိုရောက်တော့ ရွှန်းရွှန်းစို ခြေလှမ်းတွေ တွန့်ဆုတ်နေသည်
အားပေးသလို လက်ကလေးကို ဆုပ်ကိုင်၍ အိမ်ထဲဝင်ခဲ့ရသည်။

''လာပါ စိုရယ်၊ ဘာဖြစ်နေတာလဲ''

''အိမ်သားတွေကို မျက်နှာပူလို့''

''ဘာပူစရာလိုလဲ၊ ဒါ ကိုယ့်အိမ်ပဲဥစ္စာ၊ ညီလေးနဲ့ညီမလေး





ျောင်းသွားချိန်မို့ အိမ်မှာရှိမှာမဟုတ်ဘူး၊ မေမေကတော့ ရှိနေမှာ
ာ စို''

အိမ်ထဲဝင်လိုက်ချိန်မှာ ဆက်တီခုံလေးမှာ ထိုင်နေသော မေမေ
ာ အသံတွေကြားလို့ မျက်လုံးလှန်ကြည့်၏။

''မေမေ''

''ဪ သားတို့ရောက်လာကြပြီလား''

မေမေ့အသံက မသာမယာနှင့် မျက်နှာလည်းမကောင်း။
ွန်းစိုကိုလည်း တစ်ချက်မျှ အကဲခတ်ကြည့်ပြီး မျက်နှာလွှဲသွားသည်။
ူက ရွှန်းရွှန်းစိုလက်ကလေးကို ဆွဲကာ ဝင်ထိုင်လိုက်ပြီး

''သားတို့ တရားရုံးမှာ လက်ထပ်ခဲ့ပြီးပြီ မေမေ''

''ပြီးရောပေါ့၊ ဟိုဘက်က လက်မခံလည်း ဒါတော့ လုပ်ထား
မှာ''

''မေမေ သိပြီးပြီလား''

''မနေ့က သတင်းစာ ဖတ်လိုက်ရတယ်၊ သားလတ်နဲ့အငယ်မ
ည်း ပေါက်ကွဲနေလေရဲ့၊ သူတို့က သူဌေးသမီးကို ရတယ်လို့ အထင်
ြီးပြီး အကြွားလွန်ထားကြတာ၊ အခုတော့''

''မေမေ''

ရွှန်းရွှန်းစို အထင်မလွဲအောင် ပျာပျာသလဲ အလန့်တကြား
ဆာ်လိုက်ရသည်၊ မိသားစုရဲ့ပြဿနာကြောင့် စိုကို အနေရမခက်စေ



www.burmeseclassic.com

www.burmeseclassic.com



မေမေက ကျေနပ်ပုံမရဘဲ

"သူတို့ပေါက်ကွဲမယ်ဆိုလည်း ပေါက်ကွဲစရာပဲလေ၊ တစ်ဦးတည်းသောသမီးက အမွှေဖြုတ်ခံရတာ အံ့ဩစရာပဲ"

"သားတို့လို အဆင့်အတန်းကို ဘယ်လိုလုပ်သဘောတူမှာလဲ မေမေ၊ မေမေလည်း စို မိဘလိုနေရာမျိုးမှာရောက်နေရင် ညီမလေးကို အောက်တန်းစား ငမွဲတစ်ယောက်နဲ့ သဘောတူနိုင်မှာလား၊ မိဘချင်း ကိုယ်ချင်းစာပြီး စို စိတ်မကောင်းအောင် ဘာမှမပြောပါနဲ့၊ စိုကို အားပေးရအောင်ပါ နော် မေမေ"

"အေးလေ ဝန်ထုပ်ဝန်ပိုး ထပ်တိုးလာတာ မင်း ထမ်းနိုင်တယ်ဆို မိုခိုနေရတဲ့ ငါတို့က ဘာပြောနိုင်မှာလဲ၊ အဆင်ပြေအောင်ပဲ ကြည့်နေရမှာပေ့ါ"

ပြောပြီး မလိုလားစွာ ထထွက်သွားသော မေမေ့ကြောင့် ရွှန်းရွှန်းစိုကို အားတုံ့အားနာ ဖြစ်သွားရသည်။ မေမေ ဘာကြောင့် သဘောထားမကြီးနိုင်တာလဲ။ သူ ပြောခဲ့သည့် ရည်မှန်းချက်တွေ ထင်သလိုမဖြစ်မအောင်မြင်လို့လား။။

ဒါပေမဲ့ သူ့အတွက်တော့ ဒါတွေက ဒီအချိန်မှာ ရွှန်းရွှန်းစို လောက် အရေးမကြီးတော့။ အချစ်ကို ပိုပြီးလိုအပ်နေပြီဟု မေမေ နားလည်အောင် ပြောပြချင်လှသည်။

ညီလတ်နှင့် အငယ်မကလည်း ပေါက်ကွဲနေကြသည်တဲ့။ ရွှန်း





န်းစိုရှေ့မှာ မတော်တရော် အမှားမဖြစ်ပါစေနဲ့ဟုသာ ဆုတောင်းမိသည်။

ရွှန်းရွှန်းစို စိတ်ထိခိုက်ရမှာမျိုး အဖြစ်မခံနိုင်လို့ပါ..။

■ ■ ■



www.burmeseclassic.com

## အခန်း (၂၇)

"ကျွန်တော်ကတော့ လုံးဝလက်မခံနိုင်ဘူး ကိုကို၊ ဘာခံစား
ခွင့်မှမရှိဘဲ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု အိမ်ပေါ်ရောက်လာတာပဲ"

"ဟုတ်တယ် ကိုကို၊ ညီမလေးတို့က သူဌေးယောင်းမလေး
ရတယ်၊ လူချမ်းသာအသိုက်အဝန်းနဲ့ ခွေမျိုးတော်ရမှာဆိုပြီး ကြွားထား
ကြတာ၊ အခုက ဘာကြီးလဲ၊ စွန့်ပစ်ခံရပြီး ဘာမှသုံးစားမရတဲ့ အမှိုက်
အိမ်ပေါ်ရောက်လာတာ၊ ဒီမိသားစုကိုတောင် အပြည့်အဝ တာဝန်ယူ
နိုင်လို့လား၊ ကိုကိုပဲ ပိုပင်ပန်းမှာ"

"တော်တော့ တော်ပါတော့"

တစ်ယောက်တစ်ပေါက် တစ်ဖက်သတ် ပြောဆိုနေသမျှ
သူ နားမခံသာတော့။ ဖြုန်းခနဲ ထရပ်ရင်း သူ အော်လိုက်သည့်အခါ
မှာ ညီလတ်က သူ့နည်းတူ ထရပ်လိုက်ပြီး

"အခုကိစ္စက တော်လိုက်တော့ဆိုတဲ့ စကားနဲ့ ပြီးပြတ်မသွား

ဘူး ကိုကို၊ တစ်သက်လုံး အိမ်ပေါ်ခေါ်တင်ကျွေးပြီး တာဝန်ယူရမှာ၊
ကျွန်တော်တို့က ပညာရေးဆုံးခန်းတိုင်သေးတာ မဟုတ်ဘူး၊ ဒါကို လူပို
တစ်ယောက်"

"မင်း တာဝန်ယူရမှာမဟုတ်ဘူး သားလတ်၊ မင်း ရုန်းကန်
ရှာဖွေကျွေးရမှာမှ မဟုတ်တာ၊ ဒါ ငါ ယူလာတဲ့ မိန်းမ၊ ဘာတွေဖြစ်နေ
နေ ငါ တာဝန်ယူစောင့်ရှောက်ရမှာ"

"ကိုကိုက ဖင်မနိုင်ဘဲ ပဲကြီးဟင်းသောက်သလို ဖြစ်နေပြီ၊
မိသားစုအတွက်တောင် လုံလောက်အောင် ရှာမပေးနိုင်ဘဲနဲ့ ကျွန်တော်
တို့က ကျောင်းထွက်ပြီး အလုပ်လုပ်ရမှာလား"

"ဒါဆို ငါက သူ့ကိုဟင်းရွက်ကန်စွန်းရွက်လို စွန့်ပစ်လိုက်ရမှာ
လား လက်ထပ်ပြီးမှ တာဝန်မဲ့ ဥပေက္ခာပြုလိုက်ရမှာလား"

"အဲလို လုပ်သင့်ရင်လည်း လုပ်ရမှာပဲ ကိုကို၊ အစက ကိုကို
ပြောခဲ့လဲ၊ မမမိုနာထက် ချမ်းသာပြည့်စုံတဲ့မိန်းမကို ရအောင်ယူမှာ
ဆို အခု ကိုကို ယူလာတာ အခွံကြီးလေ၊ ကိုယ့်အတွက် အကျိုးအမြတ်
ရှိတဲ့အပြင် နွားလိုရုန်းပြီး အညွန့်ချိုးခံမလို့လား၊ မျှော်လင့်ထားသလို
မဖြစ်လာရင် ဘာလို့ ကိုယ့်ဘဝကို အညွန့်ချိုးခံမှာလဲ"

"သားလတ် မင်းပြောတာတွေက မိန်းမဆန်ပြီး တရားမဲ့လွန်း
တယ်၊ မိန်းမတစ်ယောက်ကို တရားဝင် လက်ထပ်ပြီး ပစ်စလက်ခတ်
ဥပေက္ခာပြုလို့ မရဘူးကွ၊ ပြီးတော့ သူ့ကို ငါချစ်တယ်"

"ဘာပြောတယ် ကိုကို အချစ်ဆိုတာက ဘယ်ကပါလာတာလဲ"

www.burmeseclassic.com



"အဲဒါ ငါ့ကိုယ်ရေးကိုယ်တာ ငါခံစားချက်ပါ၊ အဲဒီအတွ
သူ့အပေါ်မှာ လင်ယောကျ်ားကောင်းပီသအောင် ကြိုးစားမယ်၊ သူ့ဘ
က ဘာကိုမှ မမျှော်လင့်ဘဲ တတ်နိုင်သလောက် ဖြည့်ဆည်းပေးဆ
မယ်"

"ဟာ ဒါဆို ကျွန်တော်တို့က"

"မင်းတို့အပေါ်လည်း ငါ တာဝန်ကျေစေရပါမယ်၊ ဖေဖေ
ကတိပေးခဲ့သလို မင်းတို့တွေ ပညာရေးဆုံးခန်းတိုင်တဲ့အထိ ငါ စော
ရှောက်မှာပါ"

"လိုအပ်ချက်တွေနဲ့ မပြည့်မစုံ ချို့ချို့တဲ့တဲ့ အနေအထား
လား ကိုကို"

ညီလတ် စကားကြောင့် သားဦးမျက်လုံးတွေ စူးခနဲ တင်း
သွား၏။ ဒေါသအလျောက် သားလတ် အင်္ကျီရင်ဘတ်စကိုလည်း ဆေ
ခနဲ ဆွဲထားမိကာ

"ဘာလဲ မင်းတို့က ငါ့ကို မိန်းမတွေဆီက ချူမြိုက်ပြီး ပိုင်
လုပ်နိုင်းချင်တာလား၊ မင်းတို့အေးအေးသက်သာ နေနိုင်စားနိုင် ပည
သင်နိုင်အောင် ငါ ပင်ပင်ပန်းပန်း ရုန်းကန်ကြိုးစားလာခဲ့တဲ့ကောင်ပါ
အကြီးမို့ တာဝန်ရှိတယ်ဆိုလည်း မင်းတို့ ဒီပုံစံမျိုး ခိုင်းမစားသင့်ပါဘူ

"ကျွန်တော်တို့က အဲလိုလုပ်ပါလို့ တိုက်တွန်းခဲ့တာမဟုတ်
ကိုကို၊ ငါ့အမေနဲ့ညီနဲ့ညီမ ဒီလိုနေရအောင်ဆိုပြီး ရွှန်းရွှန်းစိုကို ကို
ချည်းကပ်ခဲ့တာ မဟုတ်ဘူးလား၊ မမမိုနာ ယူတဲ့ယောကျ်ားထက် ချ





တဲ့မိန်းမကို လက်ထပ်မယ်ဆိုပြီး ကိုကို ကြုံးဝါးခဲ့တာ"

"ဟုတ်တယ် မှန်တယ်၊ အဲဒီအချိန်က ငါ ပြောခဲ့ဖူးတယ်၊
ပေမဲ့ ဖြစ်မလာတာ ငါ ဘာတတ်နိုင်မှာလဲ၊ ပြီးတော့ မျှော်လင့်သလို
ဖြစ်မလာဘူးဆိုပြီး သူ့ကိုမစွန့်လွှတ်နိုင်တာ ငါ သိပ်ချစ်နေလို့ကွ၊ မင်းတို့
ငါ ကျွေးမွေးထောက်ပံ့လာတာကို ကျေးဇူးမတင်ရင်နေကြပါ၊ ငါ့အပေါ်
ထေန်မတိုက်ခိုက်ကြပါနဲ့၊ ငါ့နှလုံးသားအတွက် စီမံဆုံးဖြတ်ခွင့်ပေးကြပါ
"

"သဘောပဲ သဘောပဲ ကိုကို ကြိုက်သလိုသာလုပ်၊ ကျွန်တော်
တို့ကိုတော့ လူတစ်ယောက်တိုးလာတယ်ဆိုပြီး မြိုးခြိမ်းခြောက်တာ ခိုင်းဖို့ မစဉ်း
းနဲ့"

"ဟုတ်တယ် ဒီလိုဖြစ်နေလို့ကတော့ လူမွေးသူမွေးတောင်
မြှင်မှာမဟုတ်ဘူး၊ အထင်ကြီးပြီး သူဌေးသမီး ယူလိုက်တာ ခွက်ဆွဲ
တောင်းမစားရရင် ကံကောင်း"

"တောက်"

ပြောဆိုပြီး သူတို့တွေ အဝေးရောက်သွားမှ မကျေမချမ်း အံ
ကြိတ်တက်ခေါက်ပစ်လိုက်၏။ သူ့အပေါ် ဘယ်သူမှ ငဲ့ညှာစာနာမှု မရှိ
လား။ သွေးသားရင်းချာဖြစ်ကြပေမယ့် အခွင့်အရေးသာ ရသလို
သုံးချယူချင်နေကြသည်။

မေမေသာမရှိလျှင် ရွှန်းရွှန်းစို လက်ကိုဆွဲကာ နှစ်ယောက်တ
ထွေထောင်ပြီး ကိုယ်လွတ်ရုန်းထွက်မိမှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com

"သားကြီး"

မေမေ အနားရောက်လာတာတောင် လှည့်မကြည့်မိ။ မေမေ သူ့အနားမှာ ညင်ညင်သာသာ ထိုင်ချသည်။

"သား အရမ်းစိတ်ပင်ပန်းနေပြီလား"

"ညီလတ်နဲ့အငယ်မ သားအပေါ် လုံးဝ အလိုက်မသိ နားလည်မပေးကြဘူးဗျာ၊ ကိုယ့်အတွက်ကိုယ် မစဉ်းစားဘဲ သူတို့ တွေ မျက်နှာမငယ် လူ့အောက်မကျအောင် သား ခွန်အားနဲ့ တတ် သရွေ့ ပေးဆပ်နေတာပါ"

"မေမေ သိပါတယ် သားရယ်၊ သူတို့လည်း ရွှန်းရွှန်း သား လက်ထပ်မယ်ပြောတော့ အရမ်းကိုမျှော်လင့်ပြီး မျော်နေကြတာ အခု ဖြစ်မလာတော့ အမှားအမှန် မခွဲခြားနိုင်ဘဲ စိတ်လွတ်ကိုယ်လွ ပေါက်ကွဲမိကြတဲ့သဘောပါ။ သားက အသိဉာဏ်ရှိတဲ့သူပဲ နားလည် လိုက်ပါကွယ်"

"အသိဉာဏ်ရှိတဲ့ အစ်ကိုကြီးဆိုပြီး အခုက နားလည်ပေး ရတဲ့ကိစ္စမဟုတ်ဘူး မေမေ၊ သူတို့က သူတို့ကို အနစ်နာခံပေးဆပ် တဲ့ တာဝန်ယူနေတဲ့သားကို မခန့်လေးစား စော်ကားနေကြတာ၊ မေ ကိုယ်တိုင်လည်း ဘက်လိုက်ပြီး မမြှောက်စားသင့်ဘူး၊ သူတို့က အ တလူလူနဲ့ ငယ်ရွယ်တက်ကြွတဲ့အရွယ်လေးတွေမို့ ဦးစားပေးချင်တာလ သားက ပညာမဲ့အလုပ်ကြမ်းသမားမို့ နှိမ်ချပစ်ပယ်ချင်တာလား မေ

"မဟုတ်ပါဘူး သားရယ်၊ မေမေ့ကို ဘယ်လိုကြီးပြောနေတာ





မေက သားကို မိသားစုအပေါ် တာဝန်ကျေသိတတ်နားလည်လွန်းလို့ နှုးတွေတင်နေတာပါ၊ သားကြီးက ပြောဆိုဆုံးမစရာမလိုဘူး၊ အငယ် အတွက် စိုးရိမ်ပူပန်နေရတယ်၊ သူတို့လေးတွေ လမ်းမှားရောက်သွား ဆိုးလို့"

မေမေ ပြောတာတွေ သူ လက်မခံနိုင်။ ခေါင်းကို ဆတ်ခနဲ မ်းကာ မျက်နှာလွှဲပြီးမှ မေမေ့ဘက်ပြန်လှည့်လိုက်၏။

"မိဘတွေက သားသမီးတွေကို ခွဲခြားချစ်တာ မဟုတ်ဘူး၊ တူတူ ချစ်တာပဲလို့ ပြောနေကြပြီး ဆိုးတဲ့သားသမီးအပေါ် အစိုးရိမ် ပိုနေကြရင်းနဲ့ ကျန်တဲ့လူ ခံစားရတာ မတွေးမိဘူးမဟုတ်လား၊ ား ပေးဆပ်ရတာ နားလည်တာတွေ ကျေးဇူးတင်တယ်လို့ မေမေ ပြာတယ်၊ ဒါဆို ဒီလိုမျိုးအချိန်မှာ မင်းတို့အစ်ကိုအပေါ် နားလည်သိတတ် းလိုက်ကြပါ၊ ငါတို့တွေအတွက် သူ ရုန်းကန်ခဲ့ရတာ ကြာပါပြီ၊ အခု ဆုံးဖြတ်ချက်နဲ့လုပ်နေတာလေးကို အားပေးလိုက်ကြပါလို့ မေမေ ပြာဆိုဆုံးမပေးပါလား၊ ဖျောင်းဖျပေးပါလား"

"မေမေလည်း အဲလိုပြောဖို့ စဉ်းစားထားပါတယ်၊ အခုလော ာဆယ်က သူတို့သွေးဆူနေကြတယ်၊ အပြောင်းအလဲကို သူတို့ မကျေ ပ်ဖြစ်နေကြသေးတယ်"

"ဒါဆို ရွှန်းရွှန်းစိုကိုခေါ်ပြီး ကိုယ်လွတ်ရုန်းထွက်သွားတော့ ယ် မေမေ၊ မိသားစုသုံးယောက်ကို ပြည့်စုံပိုလျှံအောင် တာဝန်မယူနိုင် မယ့် မိန်းမတစ်ယောက်ကို ထမင်းဝဝကျွေးဖို့တော့ သား ကြိုးစားနိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာပါ''

''သား''

''သူတို့တွေ သားအပေါ် နားလည်မှုရှိလာတဲ့နေ့မှပဲ သား
ပြန်လာခဲ့တော့မယ် မေမေ''

''မ မဖြစ်ပါဘူး၊ သား ဘာတွေပြောနေတာလဲ၊ အဲလိုလုပ်
ဘယ်ဖြစ်မှာလဲ သားရယ်၊ မေမေတို့ ဒုက္ခရောက်မှာပေါ့''

ဒေါ်မြသီ ထိတ်လန့်ပြူးပျာကာ ကယောင်ကတမ်း ဖြစ်
၏။ ရွှန်းရွှန်းစိုကို လက်ထပ်ပြီးချိန်မှာ သူ ပျော်ညှံ့နေလို့မဖြစ်တော့
မိဘနှင့်ညီအစ်ကိုမောင်နှမကို ဆန့်ကျင်သင့်ရင်လည်း ဆန့်ကျင်ရမည်
ဥပေက္ခာပြုသင့်ရင်လည်း ပြုပြင်ရမည်။

''သား''

''သိတတ်တဲ့အရွယ်တည်းက မိသားစုအပေါ် သား တာဝန်
ခဲ့တယ်ဆိုတာ တစ်ခါမှမရှိပါဘူး။ ဘာလို့ သားအပေါ် မငဲ့ညှာကြတာ
နားမလည်ကြဘာလဲ''

''နား နားလည်ပါတယ်၊ မေမေ သူတို့ကို ကောင်းကောင်း
သွန်သင်ပါ့မယ် သားရယ်၊ သား အဲလိုလုပ်သွားရင် မေမေတို့ ဘယ်သူ့
အားကိုးရမှာလဲ၊ ဘယ်သူ့ကိုမှီခိုရမှာလဲ သား''

''သားကြောင့် မေမေတို့ကို စိတ်မဆင်းရဲစေချင်ပါဘူး။ မိန်း
ပြီး မိသားစုကို ဥပေက္ခာပြုဖို့လည်း စိတ်ကူးမရှိပါဘူး။ ဒါပေမဲ့ အခေ
ကားတော့ မခံနိုင်တော့ဘူး မေမေ၊ သားရင်ဘတ်ကြီး နာနေပြီ၊ သာ





နောက်တွေ တစ်စစ်ပဲ့ကြွေတော့မတတ် ခြစားခံနေရပြီ၊ သား မိန်းမ
ယူတာ ဘာမှားလို့လဲ၊ ဖြစ်ချင်တာ မဖြစ်တော့ရော ရောင့်ရဲလို့ မရဘူး
သား''

ရောင့်ရဲလို့ရတယ်၊ မိန်းမယူတာလည်း မမှားဘူး။

ဒါပေမဲ့ ဆင်းရဲသား မပြည့်မစုံတဲ့ လူတန်းစားတွေအတွက်
လင့်စရာ တစ်ခုလေးရှိတာ ဖြစ်မလာတော့ ယူကျုံးမရ မဖြေနိုင်
သွားတာဟု ရှင်းပြမနေချင်တော့။

အငယ်တွေဘက်က နားလည်မှုလွဲတာ အပြစ်မဆိုသာသလို
အကြီးပေါက်ကွဲတာလည်း ဖြစ်သင့်တာပဲဟု ဖြေသိမ့်ကာ ဒေါ်မြသီ
သက်နေလိုက်ရသည်။

ရင်ထဲမှာတော့ ဘာရယ်လို့ အမည်ဖော်လို့မရအောင် တနုံ့နုံ့
မြေမြေ့နဲ့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ကြားနေရသမျှ အရာအားလုံးက သူမနှင့်သက်ဆိုင်နေသည် မလိုလားသည့် ပြောဆိုမှုများကြောင့် မိသားစုကို သားဦး အတိုက်အ
လုပ်ကာ ရင်ဆိုင်နေရသည်ပဲ။

အရင်က သားဦးဆန္ဒတွေကို သိခွင့်ရသလို စေတနာအပြည့်
ဖြင့် ပြောင်းလဲလာတာကို သိရပြန်တော့လည်း အပြစ်မမြင်ရက်ပြ
သူမကိုခေါ်ပြီး ကိုယ်လွတ်ရုန်းထွက်သွားမည့်လို့တောင် ခြိမ်းခြောက်
နေပြီမို့ သားဦးကို သူမ မယုံကြည်နိုင်စရာအကြောင်းတော့ မရှိတော့

ဒါပေမဲ့ မိသားစုရဲ့ဆက်ဆံရေးကိုတော့ ခံနိုင်ရည်ရှိပါ့မလား
မသိပေ။ အရေးတယူ ဆက်ဆံမခံရရင်တောင် အသိအမှတ်ပြုပေးသ
သည် ထင်သည်။

နိုးမိုးစာပေ



"စို"

"ဟင် ကိုကို"

ခန်းဆီးအကွယ်လေးမှာရပ်နေမိသော သူမရဲ့ပခုံးလေးကို ပုတ်
ဘာ ကိုကိုခေါ်တော့ သူမ လန့်မိသွားသလို တုန်တက်သွားရ၏။

"မီး မီးချောင်းနားထောင်နေတာ မဟုတ်ပါဘူး"

"မင်းရှိမှန်းသိလို့ တမင်ရည်ရွယ်ပြီး ပြဿနာဖြစ်နေကြတာ
မဟုတ်ဘူးဆိုတာလည်း မင်းသိတယ် မဟုတ်လား။ မင်း စိတ်ဆင်းရဲပြီး
ထွက်ပြေးအောင်"

"မီး သိပါတယ်၊ မီးကြောင့် မိသားစုတွေနဲ့ မပြေမလည်
ပြဿနာတက်နေရတာကို မီး စိတ်မကောင်းဖြစ်တာ"

"ဒီလို ပဋိပက္ခတွေနဲ့ စိုကို မကြုံစေချင်ပါဘူး၊ သူတို့အတွက်
ပြည့်စုံအောင် ရှာပေးနိုင် အဆင်ပြေသွားမှာပါ၊ စို စိတ်မကောင်းမဖြစ်ပါ
နဲ့ ကိုယ့်ကိုချစ်တယ်ဆိုရင် စို မကြားချင်ယောင် မသိချင်ယောင်ဆောင်
ပြီး ခဏလောက် သည်းခံပေးပါနော်"

"ကိုကို ဘာတွေလုပ်မှာလဲ"

"စိုနဲ့ ကိုယ့်မိသားစုတွေ အဆင်ပြေအောင် ကိုယ် ကြိုးစားရ
မှာပေါ့ စိုရယ်၊ အရင်ထက် အလုပ်တွေပိုလုပ်ရမှာပေါ့"

"ကိုကိုရယ်"

"ဟင့်အင်း စိတ်မကောင်းဖြစ်တဲ့စကား နောက်ထပ်မပြောပါနဲ့
ကိုယ်ယောက်ျားပါ၊ ကိုယ့်ရဲ့ဇနီးမယား စိတ်ချမ်းသာအောင် ကိုယ့်မှာ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိပါတယ်၊ မပြည့်စုံတဲ့ဒဏ် မိသားစုတွေရဲ့မကြည်ဖြူတဲ့ဒဏ်
ကို မခံနိုင်တော့လို့ စို ထွက်ပြေးရင် ကိုယ် ရင်ကျိုးရမှာ စို၊
တကယ်လို့ သည်းမခံနိုင်တော့တဲ့နေ့ကျရင် ကိုယ့်ကိုပွင့်ပွင့်လင်းလင်း
ပြောပါနော်''

''ဟင် ဘာဖြစ်လို့လဲ''

''စိုနဲ့ နှစ်ယောက်တစ်ဘဝ တည်ဆောက်လို့ရမယ့်နေရာ
ကို ထွက်သွားကြတာပေါ့၊ ကိုယ်ချစ်တဲ့စိုကို ကိုယ် မိသားစုတွေကြောင့်
စိတ်မဆင်းရဲစေချင်ဘူး''

''ကိုကိုရယ်''

အားကိုးယုံကြည်စိတ်တွေနှင့် ကိုကို့ကို ဖက်တွယ်ထားလိုက်
သည်။ ကိုကိုက သူမပခုံးလေးကို ပြန်ပြီး ဖက်တွယ်ကာ

''နေ့လယ်စာ စားရအောင် စို၊ ပြီးရင် အလုပ်လုပ်ဖို့ ကိုစိုးကြီး
တို့နဲ့ သွားတွေ့ရမယ်''

''အခုချက်ချင်းကြီး အလုပ်လုပ်တော့မလို့လား''

''အင်း လုပ်ရမှာပေါ့၊ စို မာမီ အရင်တစ်ခါပေးထားတဲ့ သိန်း
သုံးဆယ်ထဲက ဆယ်သိန်းကို အိမ်အသုံးစရိတ်ပေးထားပြီး ကျန်တဲ့
သိန်းနှစ်ဆယ်ကို ကိုစိုးကြီး အရင်သူဌေးကားပါမစ်ရတဲ့အထဲမှာ ရှယ်ယာ
ထည့်ထားတယ်''

''အဆင်ပြေလို့လား''

''ပြေမှာပါ အမြတ်အစွန်းတော့ များများကျန်မှာမဟုတ်ဘူး





ကိုယ်က စဉ်းစားနေတာ၊ အဲဒါကို ငွေပြန်ထုတ်ပြီး စိုကို တင့်တောင်း
တင့်တယ်လေးဖြစ်သွားအောင် မင်္ဂလာဆောင်ရမလားလို့''

''ဟင့်အင်း အဲလိုငွေတွေ အလဟဿကုန်သွားအောင် မလုပ်
ပါနဲ့ ကိုကို၊ တရားရုံးမှာ လက်ထပ်ထားတာလည်း တရားဝင် အသိအမှတ်
ပြုပြီးပြီပဲ၊ ငွေတွေ အလဟဿကုန်သွားလို့ ကိုကို့မိသားစုတွေနဲ့ ပြဿနာ
ဖြစ်ရင် မီးကိုပိုပြီး မုန်းသွားကြမှာပေါ့''

''အားနာပါတယ် စိုရယ်၊ မပြည့်စုံ ချို့တဲ့တဲ့သူတွေဆိုတော့
သူတို့မှာ မျှော်လင့်ချက်တွေ လောဘတွေရှိနေကြတယ်၊ နားလည်ပေး
ပါလို့ စိုကို မတောင်းဆိုရက်ပါဘူး၊ စိတ်နာချင်လည်းနာပါ၊ ဒါပေမဲ့
အထင်သေး စက်ဆုပ်ရွံရှာသွားတာမျိုးတော့ မဖြစ်ပါနဲ့စိုရယ် နော်၊ ကိုယ့်
မိသားစုတွေ ကိုယ်စား ကိုယ် အားလည်းနာ၊ တောင်းလည်းတောင်းပန်
ပါတယ်''

''ဟင့်အင်း ကိုကို့မိသားစုတွေအပေါ် မီး ဘယ်တော့မှ အဲလို
စိတ်မျိုး မထားပါဘူး၊ ကိုကို့ကိုချစ်လို့ ကိုကို့မိသားစုတွေက မီး မိသားစု
ဝင်တွေပါပဲ''

''ကျေးဇူးတင်ပါတယ် စိုရယ်၊ ကျေးဇူးပါပဲ၊ လာ စို မေမေ
ထမင်းပွဲပြင်ထားတယ်''

စို လက်ကလေးကို ဆွဲ၍ ထမင်းစားခန်းလေးထဲ ဝင်လာခဲ့
သည်။ ထမင်းစားခန်းဆိုလို့ ကြီးကျယ်ခမ်းနားခြင်းမျိုး မဟုတ်ပါ။ ဆိုလည်



www.burmeseclassic.com

www.burmeseclassic.com



စားပွဲတွေ မတ်တပ်ထိုင်ခုံတွေနှင့်လည်း မဟုတ်ပါ။

စားပွဲဝိုင်းလေးမှာ ဒီအတိုင်း သင်ဖြူးဖျာပေါ် ထိုင်ချပြီး ဖွယ်ဖွယ်ရာရာ မရှိသော ဟင်းခွက်များကြောင့် စိုကို အားနာရပြန်၏။

"ထိုင် စို၊ ဖွန်းခက်ရင်းနဲ့စားမလားဟင်၊ ကိုယ်တို့အိမ်မှာ တစ်စုံတော့ ရှိတယ်"

"နေပါစေ ကိုကို၊ မီးလက်နဲ့ စားတတ်ပါတယ်"

"ဒီဟင်းတွေနဲ့ရော အဆင်ပြေပါ့မလား။ ကိုယ် လမ်းထိပ်မှာ ဟင်းသွားဝယ်ပေးရမလားဟင်"

"ရပါတယ် ကိုကိုရဲ့၊ နောက်လည်း အလေ့အကျင့်ရအောင် ဒီအတိုင်းပဲ စားပါ့မယ်၊ မီးအတွက် ဘာမှတွေးပူမနေနဲ့၊ မီး စားတတ်တယ်"

သူတို့ချင်း ပြောနေတာကို ညီလတ်က နားကြားပြင်းကတ်သလို မျက်မှောင်ကြီးကျုံ့ကာ ဖြုန်းခနဲ ထမင်းဝိုင်းက ထထွက်သွားသည်။ အငယ်မက မျက်စောင်းထိုးကာ ညီလတ်နောက်က ထလိုက်သွား၏။

"သမီး စားလေ"

"ဟုတ်ကဲ့"

မေမေက သူ့မျက်နှာကို အကဲခတ်ပြီး စိုကို အားနာစကားဆို၏။ သူ စိတ်ဒေါသတွေ ထောင်းခနဲဖြစ်သွားသော်လည်း စိုမျက်နှာ





ကိုင်ကာ ဒေါသတွေ အလုံးလိုက် မျိုချလိုက်ရ၏။ ဒီပုံစံ ဒီအချိုးတွေ ကြိုက်လို့ ဒီနေရာမှာ ပေါက်ကွဲလိုက်လျှင် စို ပိုပြီး အနေအစား ကျပ်သွားပေလိမ့်မည်။

ဒီထက်ပိုဆိုးလာလျှင်တော့ သူ ဆုံးဖြတ်ရမှာ တစ်ခုတည်း။

■ ■ ■



www.burmeseclassic.com

## အခန်း (၂၉)

"ဒါဆို မင်းအိမ်မှာ အခြေအတင် ပဋိပက္ခတွေနဲ့ တိုက်ပွဲဝင် နေတာပေါ့"

"ဒီလိုတွေဖြစ်မယ်ဆိုတာ ကြိုသိတယ်၊ ဒီလောက်အထိ အချ အနေတင်းမာနေကြတာကို အံ့သြနေတာ၊ ပညာတွေသင်ထားပြီး ဘာ ကြောင့်များ အဆင့်အတန်းမဲ့ စိတ်ဓာတ်တွေ နိမ့်ကျနေကြလဲ မသိဘူး"

"သူတို့က စာပဲသင်နေကြတာလေ၊ အဲဒါ ပညာတတ်၊ ပညာ ရှိမဟုတ်ဘူး၊ တကယ် ပညာတတ်တဲ့သူက အသိတရားလည်း ရှိတယ် လူ့ကျင့်ဝတ်လည်းနားလည်တယ်၊ အခုခေတ် လူငယ်တွေ ဘွဲ့နှစ်ခု သုံးဘွဲ့ယူပြီး ပညာမတတ်ကြဘူး၊ ကုန်ကျသွားတဲ့ငွေတွေအတွက် နှမြ စရာပဲ၊ ဘဝင်မြင့်ပြီး လမ်းလွဲလိုက်ဖို့ အဆိပ်ပင်ရေလောင်း ပေါင်းသင် သလို ဖြစ်နေကြတယ်"





ဟုတ်တယ်ဟု ကသောကမျော ထောက်ခံလိုက်ဖို့ သူ ဝန်လေး နေသည်။ သွေးသားသံယောဇဉ်ကြောင့် ဝါးလုံးရှည်နှင့် သိမ်းရမ်း ပလို ...်စလက်ခတ် မပြောရက်။

ဒါပေမဲ့ သူ့ရင်ထဲမှာ စိုနဲ့ပတ်သက်ပြီး ညီလတ်နှင့် အငယ်မကို ...ကြည်းမိတော့မလို ဖြစ်လာ၏။

"မင်း စိတ်ကုန်နေပြီလား"

"ဘယ်သူ့ကိုလဲ"

"မသိဘူးလေ ရွှန်းရွှန်းစိုကြောင့် အိမ်နဲ့အဆင်မပြေ ဖြစ်လာ ...ာ ရွှန်းရွှန်းစိုကို စိတ်ကုန်နေသလားလို့"

"စိုကို စိတ်ကုန်တာမျိုးမဟုတ်ပါဘူး၊ ကျွန်တော့်မိသားစုက ကျွန်တော့်အပေါ် နားမလည်တာ စိုကို လက်ခံမပေးတာကို စိတ်ပျက်တာ၊ စိုကို အားနာတယ်၊ အဲဒါကြောင့် စိုနဲ့ တခြားနေရာ ပြောင်းနေရမလား လို့ စဉ်းစားနေတာ"

"ဟ အဲလောက်စွန့်စားဖို့တောင် ဆုံးဖြတ်နေပြီလား၊ ရွှန်းရွှန်းစို ကို မင်းတကယ်ချစ်နေပြီလား သားဦး"

"တကယ်ပါ ကိုစိုးကြီးရာ၊ စိုက အရမ်းကိုစိတ်ထားလေးဖြူစင် ...ီး ချစ်စရာကောင်းတယ်၊ မမိုနာက မပြည့်စုံမှုတွေများလို့ လောဘတွေ ...ဲ့ ပြောင်းလဲသွားတယ်၊ စိုက ပြည့်စုံတဲ့နေရာက လာခဲ့ပေမယ့် ကျွန်တော် ...ို့ရဲ့ ချို့တဲ့မှုကို နှာခေါင်းမရှုံ့ဘူး၊ မငြိုငြင်ဘူး၊ ဒါဟာ အနိမ့်အမြင့် ...ခြားချက်ဆိုရင်တောင် စိုရဲ့စိတ်ကလေးက လေးစားစရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



မနေဘူးလား''

''အဟင်း မင်းရဲ့အချစ်ကို ငါ ယုံသွားပြီ သားဦး၊ ရွှန်းရွှန်းစို
မင်း တကယ်ချစ်သွားပြီပဲ''

''အဲဒါကြောင့် စို စိတ်ချမ်းသာအောင် ကျွန်တော် အလု
တွေကြိုးစားလုပ်ချင်တယ်၊ ကျွန်တော့်ကို ကူညီပါဦး၊ ဟို ကျွန်တော်
ကားပါမစ်ကိစ္စ ရှယ်ယာထည့်ထားတာရော''

''ဖြစ်မယ် ကြာမယ်၊ ငါတို့ထည့်ထားတာ
အသေးအမွှားလေး ကွာ၊ သူတို့အတွက် လက်ဖက်ရည်ဖိုးလောက် ရှိ
သွားလောလို့ ဖြုပ်မလား''

''ဒါဆို ကျွန်တော် ပြန်ထုတ်ပြီး စိုကို မင်္ဂလာဆောင်ပေးလိုက်
ရင် ကောင်းမလား''

''ဟင် ဘာကွ''

ကိုစိုးကြီး တအံ့တသြပင် ဖြစ်သွားဟန်တူ၏။ စိုကို ဒီလော
ထိ အလေးအနက် ထားလိမ့်မည် မထင်တာကြောင့် ဖြစ်မည်။

''စိုကို ကျွန်တော် ဇနီးမယားအဖြစ် လူသိရှင်ကြား ဖြစ်သွား
ချင်လို့ပါ၊ သူဌေးသမီးဖြစ်ပြီး လူမသိသူမသိ လက်ထပ်ထားရတာ
ဘယ်လောက်ဝမ်းနည်းအားငယ်နေမလဲ''

''ဒီအတိုင်း လက်မှတ်ထိုး လက်ထပ်ထားတာလည်း တရား
နေတာပဲ၊ ငွေအပိုကုန်အောင် ဘာလုပ်မှာလဲ၊ ပြီးတော့ ဒီငွေလေး
မရှိတော့ရင် မင်းအတွက် တော်တော်အခက်အခဲဖြစ်သွားမှာ''





''ကျွန်တော် အလုပ်ကြိုးစားလုပ်မှာပေါ့ ကိုစိုးကြီးရာ၊ ဒေါ်မြ
ချင်ခြယ် ပုဂံသွားအလုပ်လုပ်ဖို့ဆိုပြီး ကျွန်တော့်ကို ငွေ ခြောက်သိန်း
ပေးထားတဲ့အထဲက ကျွန်တော့်လက်ထဲမှာ သုံးသိန်းလောက် ကျန်သေး
တယ်၊ အဲဒါကို တက္ကစီကား စပေါ်တင်ပြီး မောင်းမယ်ဗျာ၊ တစ်ဖက်
တစ်လမ်းက ကိုစိုးကြီးတို့နဲ့ အလုပ်ရှိရင်လည်း တွဲလုပ်မယ်၊ ပြီးတော့
ညဘက် အပိုဝင်ငွေရအောင် ဆိုက်ကားထွက်နင်းလို့လည်း ရတာပဲ''

''ဟကောင် မိန်းမတစ်ယောက်ရတာ အလုပ်သုံးလေးခုလုပ်ဖို့
သာဘကြီးနေပါလား''

''စိုက သူဌေးသမီးလေ၊ လူတန်းစေ့နေနိုင်အောင်တော့
ကျွန်တော် ကြိုးစားပေးရမှာပေါ့၊ မိဘတွေ အမွေဖြတ် စွန့်ပစ်ခံရတာ
မနည်း အားမငယ်ဘဲ ကျွန်တော်နဲ့ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ အတူ
နေပေးနေတာ ကျွန်တော် ဒီလောက်တော့ ပေးဆပ်သင့်တာပေါ့၊
ကျွန်တော့်မိသားစုကလည်း ကျွန်တော် ပြည့်ပြည့်စုံစုံ ရှာပေးနိုင်မှ စိုကို
ငြင်ကြမှာ''

''သားဦး''

ကိုစိုးကြီး တလေးတစားပင် သားဦးပခုံးတစ်ဖက်ကို အားနှင့်
ဆုပ်ညှစ်လိုက်၏။

''မင်းကိုငါ လေးစားပါတယ် သားဦး၊ အမှန်အတိုင်း ပြောရရင်
က ရွှန်းရွှန်းစိုနဲ့ပတ်သက်ပြီး မင်းကိုအားပေးနေခဲ့ပေမယ့် ယောကျ်ား
င်းလုံးလုပ်ဖို့ ကြိုးစားနေတာ၊ အထင်သေးရွှတ်ချမိတာ အမှန်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကလည်း မင်းကိုတိုးတက်ပြောင်းလဲသွားစေချင်တဲ့စေတနာ
ကူညီပေးမိတာ၊ တကယ်လို့သာ ဒေါ်မြရောင်ခြယ် အမှေ့ဖြတ်လို့ ရှုံး
စိုကို စွန့်လွှတ်လိုက်ရင် မင်းကို ထိုးဖို့ကြိတ်ဖို့အထိ စဉ်းစားထားတာ

"ကိုစိုးကြီး ထိုးလည်း ကျွန်တော်က ခံမယ့်ကောင်ပါ"

"ငါ သိပါတယ်၊ အခုတော့ မင်းကိုငါ တကယ်လေးစားသွ
ပါပြီ၊ ဒါပဲကွ ယောကျ်ားစိတ်ဓာတ်ဆိုတာ၊ မယုတ်မာရဘူး၊ မကောက်ကျ
ရဘူး၊ မှားတယ်ထင်ရင် ဝန်ခံရဲရတယ်၊ ပြုပြင်ပြောင်းလဲနိုင်ရမယ်
တာဝန်ယူရဲတဲ့စိတ် အပြည့်ရှိရတယ်၊ စိတ်လိုက်မာန်ပါ ဆုံးဖြတ်ပြီး
အလျင်မီအောင် ချုပ်တည်း စောင့်စည်းနိုင်တာလည်း ယောကျ်ားကောင်း
တစ်ယောက်ရဲ့သတ္တိပဲ"

"အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ် ကိုစိုးကြီး
နောက်တစ်ခါ ကျွန်တော် မှားခဲ့ရင်လည်း တည့်မတ်ပေးပါ၊ ဒါနဲ့ အာကာ
အောင်လည်း မလာသေးပါလား"

"နည်းနည်းနောက်ကျမယ်လို့ ပြောတယ်ကွ၊ ဒီကောင်လည်း
မိုးမိုးနဲ့ပတ်သက်ပြီး တော်တော်ခံစားနေရတယ်၊ ယောကျ်ားတွေက မိန်း
တစ်ယောက်ကို ချစ်မိပြီဆိုရင် ရှုံးတော့တာပဲ၊ မိုးမိုးက အာကာအော
ပြောင်းလဲတာကို လက်မခံတော့တာ၊ မိဘတွေရဲ့သွေးထိုးစကားကြော
ကြောင့် မကြည့်ချင်လောက်အောင် မုန်းနေပြီလား မပြောတတ်ပါဘူး
အတွေ့မခံဘူး၊ ဖြေရှင်းမခံဘူးတဲ့၊ အဲဒါကို ဒီကောင် ဘယ်လိုနည်း
ကြိုးစားနေလဲ မပြောတတ်ပါဘူး"





ကိုစိုးကြီးက လက်ဖက်ရည်ခွက်ကို ကောက်မော့ပြီး စိတ်
ကောင်းသလို လေသံတွေပါ တိမ်ဝင်သွား၏။ စိတ်တူကိုယ်တူ တွဲလာ
ခဲ့တာ ကြာပြီဆိုတော့ သံယောဇဉ်တွေ ထုထည်ကြီးမားခိုင်ခံ့နေခဲ့သည်။

"ဟာ အာကာအောင် ဘယ်လိုဖြစ်လာတာလဲ၊ မျက်နှာက
သည်း ရှုံ့မဲ့နေတာပဲ"

အာကာအောင် ဘာမှမပြောနိုင်သေးဘဲ အအေးဘူး အရင်မှာ
ာ တစ်ဝက်ခန့်မော့သောက်ပြီးမှ သက်ပြင်းတွေနှင့်ရောနှောကာ

"မိုးမိုးက အကန့်တွေချည်းလွှတ်နေတယ်၊ ဒီဘဝ ဒီမျှပဲလို့
ောက်ဆုံးစကားတွေထိ ပြောလာတော့ မခံစားနိုင်ဘူး၊ အေး တစ်ခု
ပြောစရာရှိတယ်၊ မိုးမိုးနဲ့ မိုးမိုးမိဘတွေကို ဘယ်သူနဲ့အတူ တွဲတွေ့ခဲ့
ာယ်ထင်လဲ"

"မင်း တွေ့ခဲ့တာ မင်းပြောမှသိမှာပေါ့"

"စားသောက်ဆိုင်မှာ ဒေါ်မြရောင်ခြယ်နဲ့ စကားတွေပြောနေ
ကြတာ"

"ဘာ"

"အဲဒါဆိုရင်တော့ မင်းလည်းသွားပြီ သားဦး၊ မိုးမိုးနဲ့မိုးမိုးမိဘ
တွေက မင်းကိုလည်း အာကာအောင်လို မယုံကြည်အောင် သွေးထိုးနေ
မှာ အသေအချာပဲ"

"ကျွတ် သူတို့တွေ ပတ်သက်မှုရှိတာ ကျွန်တော် ပိုက်ဆိုးပြီ
ပေါ့၊ ကိုစိုးကြီးရာ ဒါပေမဲ့ စိုက ကျွန်တော့်ဘက်မှာ ရှိနေတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပြောသာပါတယ်၊ တစ်သက်လုံး အမွေဖြတ် စွန့်လွှတ်ခံရပြီး ကျွန်တော် အနားမှာပဲ ထားခွင့်ရရင် ကျွန်တော် ကျေနပ်ပါပြီ''

သူ့ရင်ထဲက ဆန္ဒအမှန်ကို ထုတ်ဖော်ပြောရင် ရွှန်းရွှန်းစိုနှင့် ခွဲရမှာ စိုးရိမ်စိတ်တွေ ဖိစီးလာသည်။ အမွေဖြတ်စွန့်လွှတ်ထားသည် သော်လည်း သူ မသိအောင် ခေါ်တွေပြီး သူ့ကိုမုန်းမေ့နာကြည်းအောင် သိမ်းသွင်းသွားလျှင် ဘယ်လိုလုပ်မလဲ။

''ဟာ ရင်တွေပူလိုက်တာ''

''ဟ အသည်းအသန် ရုပ်ပျက်ဆင်းပျက် ဘယ်လိုဖြစ်သွားတာ လဲ''

''စိုနဲ့ ခွဲရမှာစိုးလို့''

''စစ်မရောက်ခင်က မြားကုန်နေရင် တကယ်ရင်ဆိုင်ရတဲ့အခါ ဘယ်လိုအင်အားနဲ့ မင်းပြန်တိုက်မှာလဲ၊ ရွှန်းရွှန်းစိုကိုသာ စိတ်ကုန်မသွား အောင် မင်းဂရုစိုက် တန်ဖိုးထားနေရင်ရပြီ၊ ရွှန်းရွှန်းစိုက မိုးမိုး မိဘကို မလွန်ဆန်ရဲ စိတ်ပျော့ညံ့တဲ့သူ မဟုတ်ပါဘူး၊ မင်းကို တကယ် ချစ်လို့သာ စွန့်စွန့်စားစား လိုက်လာခဲ့တာပေါ့''

''အဲဒါတော့ ဟုတ်တယ်၊ မင်းက ငါ့ထက်စာရင် အချစ် အများကြီးကောင်းပါတယ်၊ ရွှန်းရွှန်းစိုကို လွတ်ထွက်မသွားအောင် ထိန်း ထားနိုင်ရင် ပွဲပြီးပြီ၊ စိတ်ဆင်းရဲစရာတွေများလာလို့ ရွှန်းရွှန်းစို ခံနိုင်ရည် မရှိ ထွက်ပြေးသွားရင်တော့ မတတ်နိုင်ဘူးပေါ့၊ မင်းမှာ တာဝန်အရှိဆုံး ပဲ''





ထိုစကားက ပေါ့ပေါ့တန်တန် မဟုတ်။ သူ အလေးအနက်ကို တန်ဖိုးထားရမည့်ကိစ္စ။ ခွဲမသွားပါနဲ့။ မင်းရဲ့အချစ်တွေနဲ့ ငါ အားတင်း ထားရတာပါ ရွှန်းရွှန်းစို. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဒီအဝတ်တွေ လျှော်ပေးပါ ရှန်းရှန်းစို"

"ဟင်"

သူမရှေ့ ပုံချလာသော အဝတ်ပုံကြီးကိုကြည့်၍ သူမ အံ့အား သင့်နေရသည်။ ညီလတ်ကမျက်မှောင်ကြုတ် ခါးထောက်ရပ်နေလျက်

"ဒီအိမ်မှာ ကျွန်တော်တို့က ကျောင်းသားတွေ၊ မေမေက ထမင်းဟင်းချက်ခနရတာနဲ့ အားတာမဟုတ်ဘူး။ လူပိုတစ်ယောက်လို ဖြစ်နေတဲ့ ခင်ဗျားက ဒါလောက်တော့ လုပ်သင့်တယ်"

"ကျွန်မ တစ်ခါမှ အဝတ်မလျှော်ဖူးဘူး။ ဖြူဖြူစင်စင် မဖြစ် ရင်"

"ဖြစ်အောင် အားစိုက်ပြီးလုပ်ပေါ့ဗျာ၊ ထမင်းမောင်းတော်အလေ့အကျင့် ရအောင် စားပါ့မယ်လို့ ပြောထားတာပဲ၊ ခင်ဗျား အရင်လို





သူဌေးသမီးမှ မဟုတ်တော့တာ၊ သူများအိမ်မှာနေရင် အလိုက်တော့ သိရမှာပေါ့"

"အေး အေးပါ တို့ကြိုးစားလုပ်ကြည့်ပါမယ်၊ ဒါနဲ့ဆပ်ပြာ ရောဟင်"

"ဒီမှာရော့ ညီမကျောင်းစိမ်းတွေပါ လျှော်ပေးပါဦး၊ အမေက သူကြီးဆိုတော့ မှုန်ဝါးဝါးနဲ့ ဖြူလည်းမဖြူဘူး သေချာလျှော်ပေးနော်"

အငယ်မကပါ အဝတ်အစားတွေ ထပ်ပုံလာပြန်၏။ ဆပ်ပြာ ဘူးလက်ထဲရောက်လာပေမယ့် သူမဘာလုပ်ရမှန်း မသိပေ။ ရင်ထဲမှာ ခမ်းနည်းသလို၊ သိမ်ငယ်သလိုနှင့် လှိုက်လှိုက်ဆူဝေပြီး မျက်ရည်တွေပါ ချစ်ဝိုင်းလာသည်။ ဒါပေမဲ့ သူမချက်ချင်းဆိုသလိုပင် ပြန်အားတင်းလိုက် ၏။

သားဦးက သူမအတွက် အလုပ်တွေပိုလုပ်ပြီး ပင်ပန်းနေရှာတာ။ မိသားစုတွေနှင့် သူမအဆင်မပြေလို့ သူထပ်ပြီး စိတ်ဆင်းရဲရမှာမျိုး တော့ မလိုလားပေ။

အိမ်ထောင်သည်မ ဖြစ်လာလျှင် အိမ်ထောင်တာဝန်ကို သူမလည်း ရုန်းရမှာပဲပေါ့။ အတွေးနဲ့ဆုံးဖြတ်ချက်ချကာ အဝတ်ပုံကြီး ကို ရေစည်ပိုင်းရှိရာ မနိုင်တနိုင် သယ်လာခဲ့သည်။

ရေဇယားထဲ အဝတ်တချို့ကိုစိမ်၍ ရေစည်ပိုင်းထဲ ရေခွဲဖြည့် ထည့်ရသေးသည်။ အဝတ်တစ်ထည် နှစ်ထည်လျှော်ပြီးချိန်မှာ ဆပ်ပြာ ကြမ်းတွေနှင့် မထိတွေ့ဘူးသော သူမလက်ဖဝါးနုနုလေးတွေ သွေးခြေဥမ



www.burmeseclassic.com

www.burmeseclassic.com



တတ် နီရဲဖွားယောင်လာသည်။

ညီလတ်ရဲ့ ဂျင်းဘောင်းဘီတွေ ဂျင်းအင်္ကျီတွေကို ရွေ့စ်မှ အားပင်မရှိတော။ အမိုးအကာမရှိသော နေ့ ဘူမှာ ချွေးတွေက တမြိုက် မြိုက်။

"ဟာ စို ရွှန်းရွှန်းစို မင်းဘာလုပ်နေတာလဲ ဘာလုပ်တာလဲ"

"ဟင် ကိုကို"

ပြုန်းခနဲ ရောက်ချလာသော သားဦးက ရွှန်းရွှန်းစိုလက်ကို ဆောင့်ခနဲ ဆွဲထူ၍ အသားတွေဆတ်ဆတ်တုန်နေသည်။ အိမ်မကြီးနဲ့ အရိပ်ထိဆွဲခေါ်လာကာ ရွှန်းရွှန်းစို မျက်နှာလေးကို ယူကျုံးမရကြည့်ကာ မျက်ရည်တွေလည်း ဝဲနေ၏။

"စို မင်းကိုဒါဘယ်သူခိုင်းတာလဲ၊ ဘယ်သူလုပ်ခိုင်းတာလဲ"

"မဟုတ်ပါဘူး မီးက အိမ်မှာ အလကားမနေချင်တာနဲ့ အဝတ် လျှော်စရာရှိရင် ပေးပါဆိုပြီး"

"မဖြစ်နိုင်ဘူး၊ မင်း အဝတ်လျှော်ဖူးတာ မဟုတ်ဘဲနဲ့ လျှော် ပါရစေလို့ မင်းဘယ်လိုလုပ် ပြောမှာလဲ၊ ကြည့်စမ်းပါဦး မတန်တဆ ဒီဟာကြီးတွေလျှော်ပြီး မင်းလက်တွေ နီရဲပေါက်ပြဲနေပြီ၊ စို ဒါဘယ်သူ ခိုင်းတာလဲ ပြော"

"ကျွန်တော် ခိုင်းတာ ကိုကို၊ ညီမလေးရောပဲ"

"ဘာ"

"ဘာဖြစ်လို့လဲ ဒီအိမ်မှာ လူပိုတစ်ယောက်လို နေလို့ဖြစ်မလား





ကိုကို၊ ဒီလောက်လေးတောင် မခိုင်းရတော့ဘူးလား၊ မေမေဆိုလည်း တစ်အိမ်လုံးစားဖို့ ချက်ပြုတ်နေရတာပဲ၊ ကျွန်တော်တို့လည်း ကျောင်းတက် စာကျက်နဲ့ အားရတယ်ရှိတာ မဟုတ်ဘူး"

"ခြော မင်းတို့တော်တော်လေး အပြောကောင်းတယ်၊ ငါယူ ထားတဲ့မိန်းမကို လူပိုဟုတ်လား။ မင်းတို့ကရော ငါနွားလိုရုန်းကန်ပြီး ရှာဖွေပေးတဲ့ငွေတွေနဲ့ မေမေချက်ပြုတ်ကျွေးခပ်ပေးထားတဲ့ ထမင်းဘူးကို သက်တောင့်သက်သာလေး ဆွဲထွက် ကျောင်းတက်ကြတာ လူပိုတွေ မဟုတ်ဘူးလား"

"ကိုကို"

"တစ်တန်းကို နှစ်နှစ်ဖြေပြီး ငါ့အပေါ်မင့်ညှာတာ ငါမပြော လိုပါဘူး၊ ငါရှာသမျှ အလဟဿ သုံးဖြုန်းနေတာလည်း ငါအပြစ် မပြောခဲ့ဖူးဘူး။ မင်းတို့က အခုအဲဒီကျေးဇူးတွေကို ဆပ်နေတာလား"

"ဟား"

သားလတ်က မခန့်လေးစား ဟားခနဲလုပ်ပစ်လိုက်ပြီး ရှေ့တိုး လာသည်။ ရွှန်းရွှန်းစိုက သားလတ်ကို ထိုးပစ်လိုက်မှာ စိုးရိမ်တာကြောင့် သားဦးလက်ကို ဆွဲထားရ၏။

"ကိုကို ဖြစ်ချင်တာဘာလဲ၊ တစ်သက်လုံး ကောင်းလာပြီး မိန်းမတစ်ယောက် အိမ်ပေါ်ခေါ်လာမှ ကျေးဇူးတင်ခံချင်နေတာလား၊ မိန်းမက ကိုကိုနွားလို ရုန်းကျွေးတာ ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး၊ ဒါပေမဲ့ သူ့ဘက်ကလည်း သိတတ်ဖို့လိုတာ ကိုကို လျစ်လျူရှုမထားသင့်



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''ငါ့မိန်းမကို ငါဘယ်လိုပဲထားထား မင်းဝေဖန်စရာမလိုဘူး ငါ့အဝတ်အစားတောင် မလျှော်နိုင်ရက်တဲ့ မင်းလိုကောင်က ဘာအဆင့်ရှိလို့ ဒီလိုနိုင်းရတာလဲ မင်းကွာ''

''ထိုးချင်လို့လား၊ ထိုးလိုက်စမ်းပါ ကိုကို၊ သူ့စိမ်းမိန်းမတ ယောက်ကြောင့် ညီအစ်ကိုချင်း သွေးကွဲချင်တယ်ဆို လုပ်လိုက်စမ်းပါ''

''ညီလတ် မင်းတော်တော်ရိုင်းတဲ့ကောင် ဆုံးမသွန်သင်မှု မရှိ အဆင့်အတန်းကို မှဲ့လွန်းတယ်၊ တော်ပြီး မင်းတို့နဲ့ ငါမနေနိုင်တော့ဘူး လာ စို ကိုယ်တို့တခြားနေရာသွားနေကြမယ်''

သားဦးက ရွှန်းရွှန်းစိုး လက်ကို ဖတ်ခနဲဆွဲ၍ ခြေလှမ်းပြင်လေ ရွှန်းရွှန်းစိုက သားဦးလက်ကို ခပ်တင်းတင်းလေး ပြန်ဆွဲထားလိုက်သ

''ကိုကို အဲလို တဇွတ်ထိုးမလုပ်နဲ့''

''ဘာဖြစ်လို့လဲ စို''

''ပြဿနာဆိုတာ ရှောင်ပြေးတဲ့နည်းနဲ့ ဖြေရှင်းလို့ မရဘူး ကိုကို၊ အငယ်တွေကို မီးကြောင့်အပြစ်မမြင်ပါနဲ့''

''မဟုတ်ဘူး စို''

''မီးဘာမှ မဖြစ်ဘူး၊ သူတို့ဘက်က အမြင်တွေ မီးစိတ်မကောင်း လည်း မဖြစ်ပါဘူး၊ သူတို့မျှော်လင့်ချက်တွေ ပျက်စီးသွားရတဲ့အတွက် မီးကိုသူတို့ အမြင်မကြည်တာမျိုး ဖြစ်နိုင်တာပဲ''

''စို မင်းသဘောထားကြီးပြလည်း သူတို့နားမလည်ဘူး၊ သူ





မှာ ရောင့်ရဲတင်းတိမ်မှု မရှိဘူး၊ လောဘနဲ့ တပ်မက်မှုပဲရှိတယ်''

''မပြည့်စုံမှုတွေနဲ့ ကြီးပြင်းခဲ့ရတာ နားလည်ပေးရမှာပေါ့ ကိုကို ကိုကိုတောင် ပြောင်းလဲလာနိုင်သေးတာ သူတို့လည်း တစ်နေ့တော့ နားလည်လာမှာပါ''

''စို''

သူ စိုကို တအံ့တဩပင် နာမည်ခေါ်လိုက်မိသည်။ သူက ရှူးရှူးရှားရှား သွေးဆူကာ ဒေါသဖြစ်နေသလောက် ရွှန်းရွှန်းစိုက အေးဆေးတည်ငြိမ်လှသည်။ သားလတ်ပင် ကြောင်ငေးမှင်တက်စွာ ရွှန်းရွှန်းစို ပြောသမျှ နားထောင်နေ၏။

''ကိုကို အိမ်ထဲမှာ အေးအေးဆေးဆေး သွားနားလိုက်နော်''

''မင်း အဲဒီအဝတ်တွေမလျှော်နဲ့၊ စကားပြောစရာရှိတယ်၊ အခု ထိုက်ခဲ့၊ ဟိတ်ကောင်သားလတ် မင်းအဝတ်တွေ မင်းလျှော်၊ တို့လို အဆင့်အတန်းနဲ့ မင်းတို့အရွယ် ကျောင်းသားတွေကိုကြည့်လိုက်၊ အလုပ်လုပ်ရင်း ကျောင်းတက်တဲ့ရသွားကြတာ၊ လူဆိုတာ ကိုယ်ထက်မြင့် တဲ့လူကို မျှော်ကြည့်ပြီး မတန်မရာ မျှော်မှန်းနေလို့ မရဘူး၊ ကိုယ့်လို ဘန်းတူ ကိုယ့်ထက်နိမ့်တဲ့သူတွေကို ကြည့်ပြီး အားယူရတာ နားလည်လား''

''မပြောပါနဲ့ ကိုကိုရယ်''

''ပြောရမှာပဲ သူတို့က သက်တောင့်သက်သာလေး နေရလို့ ချောင့်တက်နေကြတာ၊ သူများတွေဆို အဝေးသင်နဲ့ဘွဲ့ရအောင် ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်နေရာကတာ၊ မိသားစုကိုထောက်ပံ့ ကြည့်ရှုနေကြတာ၊ ဒီမင်

မင်းမှတ်ထား ငါကိုစော်ကားတဲ့အတွက် မရီးကို မခန့်လေးစား လုပ်

အတွက် မင်းအတွက် အသုံးစရိတ် မပေးတော့ဘူး ကျောင်းစရိ

မထောက်ပံ့တော့ဘူး၊ မင်းလုပ်အား မင်းအစွမ်းအစနဲ့ ရှာသုံးကြားလား"

"ကိုကို"

"မင်းတို့ထက် ငါမိုက်တယ်၊ လုပ်ရဲတယ်၊ လုပ်ရက်တယ်

မိန်းမရလို့ မာန်တက်တယ်ပဲထင်ထင်၊ ပြောင်းလဲတယ်ပဲပြော

ငါဂရုမစိုက်ဘူး၊ အေး အငယ်မပါ ပမာမခန့်လုပ်ရင် အဲဒီအတိုင်း

လို့ပြောလိုက်"

ဒေါ်သတကြီး ပြင်းပြင်းထန်ထန် ပြောလိုက်သည့်အခါ

ညီလတ် ခေါင်းကြီးငုံ့၍ ငြိမ်သက်သွားသည်။ ရွှန်းရွှန်းစိုက တွန်းထိုး

ရုန်း၍ သားဦးပါးစပ်ကို လှမ်းပိတ်တော့မတတ် ဟန့်တားနေ၏။ သားဦး

အသားတွေတုန်ကာ ဒေါသဖြစ်နေဆဲပင်။

စိုကို သူတန်ဖိုးထားနေချိန်မှာ ဘယ်သူတစ်ဦးတစ်ယော

နှိမ့်ချမှုကိုမှ မခံနိုင်။ ဒီကိစ္စ ဒီအတိုင်းမပြီးသေး ...။

■ ■ ■



## အခန်း (၃၁)

"အဲလိုလုပ်နိုင်းတာ မေမေတကယ်မသိပါဘူး သားရယ်၊ မေမေ

းရေးသတင်းသွားမေးနေတာပါ၊ သားအခုပြောမှ"

"သားလတ်တို့ ဆိုးသမျှ နေရာတကာ မေမေမသိချင်ယောင်

ဆောင်မနေနဲ့မေမေ၊ ဒီကောင်တွေ အစ်ကိုမိန်းမကို လေးစားရမှန်းမသိ

က်ရိုင်းနေတာ၊ သားခွင့်လွှတ်မပေးနိုင်ဘူး၊ အငယ်မကလည်း ကလေးပဲ

ရှိသေးတယ်၊ သားလက်ကို အတုယူပြီး လူပါးဝနေတယ်"

ဒေါ်မြသီ အပြင်ကပြန်ရောက်လာပြီး အမောမပြေရသေး

ခင်မှာပင် သားဦး မကျေမချမ်း လာပြောပြနေသည်။ ဒီလိုအဝတ်လျှော်

ခိုင်းတာတော့ သားလတ် လွန်သွားတာ ဒေါ်မြသီ သိသည်၊ မိမိရှိနေလည်း

ဒီလိုမလုပ်မိအောင် ဆုံးမဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"သားကြီး နောက်ဒါမျိုးမဖြစ်စေရဘူးလို့ မေမေကတိပေးတယ် ရွှန်းရွှန်းစို ကိုလည်း မေမေတောင်းပန်ပါ့မယ်"

"စို က တောင်းပန်စရာမလိုဘူး စိတ်လည်းမဆိုးဘူး၊ သူ… တောင်သားကို ဖျောင်းဖျနေတာ၊ သားက ထွက်သွားအောင်လို့ ခေါ်… ကို သူကတားထားတယ် မေမေ"

"ဟင်"

"ဟုတ်တယ် ကလေးတွေကို နားလည်လာအောင် တဖြည်း… ဖြည်း စည်းရုံးရမှာပေါ့တဲ့၊ သူတစ်ယောက်တည်းသာ သားတာဝန်ယူ… မယ်ဆိုရင် သူ့ကို ကျွတ်စ်လုံး သူတစ်လုံး တင့်တောင်းတင့်တယ် ထား… တယ်မေမေ၊ သားက မိသားစုကို ငဲ့ညှာနေတာ၊ စိုသာ သူတို့လို… လောဘရှိရင် သားကထွက်သွားအောင် ပြောလိုက်တာနဲ့ သူ တန်း… လိုက်မှာပဲ"

"သားကရော တစ်ဆိတ်ရှိ ထွက်သွားမယ်ချည်း ပြောနေရ… လဲ၊ ဒီညီနဲ့ညီမကို တစ်သက်လုံး မငြိုမငြင် လုပ်ကျွေးလာခဲ့ပြီးမှ"

"သူတို့ သိတတ်နားလည်မှု မရှိလို့ စိတ်ကုန်သွားတာ မေ… ဒီနေ့ကိစ္စ ပိုပြီးခွင့်မလွှတ်နိုင်ဆုံးပဲ စိုက သူ့ဧည့်သည်။ လက်ဖဝါးနေ… သွေးချွေးအောင် ဘာအလုပ်မှ လုပ်ခဲ့ဖူးတာ မဟုတ်ဘူး၊ သားနဲ့လ… ထပ်မှ ဒါမျိုးတွေလုပ်ရတယ် ဆိုတာကောင်းသလား မေမေ၊ သားက… တို့ စိုကို မငြိုငြင်အောင် အလုပ်တွေ နှစ်ခုသုံးခုမက အပင်ပန်း… ကြီးစားလုပ်နေတာ စို ရောက်လာလို့ မေမေတို့အရင်ထက် ချို့တဲ့သွား…





…နိုသလား"

"မရှိပါဘူး သားအပင်ပန်းခံလို့ကို မေမေစိတ်မကောင်း ဖြစ်နေ… …တာ မိန်းမရခင်က သား အဲလောက် ပင်ပန်းခဲ့တာ မဟုတ်ဘဲနဲ့"

မေမေစကားရဲ့ သက်ရောက်မှုက သူဖြစ်စေချင်သည့် ဆန္ဒတွေ… …ဟုတ်။ ရွှန်းရွှန်းစို ရောက်လာမှဆိုသည့် စိတ်အစွဲကြောင့် စကားပြော… …ရတာအဆင်မပြေ။

သူတကယ်ကို စိတ်တွေကုန်လှနေပြီ။ သူအပြတ်သားဆုံး… …ဆုံးဖြတ်ချက်ချမှ ဖြစ်တော့မည်လား။

"မေမေ ရေသောက်လိုက်ပါဦး"

"ရွှန်းရွှန်းစို က အလိုက်တသိဖြင့် ဒေါ်မြသီကို ဖန်ခွက်လေး… …ဖြင့် ရေလာတိုက်သည်။ ပြီးတော့ သူပြောချင်သည့် စကားတွေ အဟန့်… …အတားဖြစ်အောင် သူ့အနားမှာ ဝင်ထိုင်၏။

"စို အခန်းထဲမှာ ဝင်နားနေလိုက်ပါ၊ ကိုယ်မေမေနဲ့ စကားပြော… …ရာရှိလို့"

"မီးရှေ့မှာ ပြောလည်းရပါတယ်၊ နေ့လယ်ကကိစ္စဆိုရင်တော့… …မေမေ့ကို စိတ်မကောင်းဖြစ်အောင် မပြောပါနဲ့"

"ကိုယ် အဲဒီအကြောင်းပဲ ပြောနေတာ၊ ဒီလိုပြဿနာတွေ… …ဖြစ်အောင် မေမေ့မှာလည်း တာဝန်ရှိတယ်ထင်လို့"

"အဲဒီလို ပြဿနာ အသေးအမွှားလေးကို လူကြီးကို ပုံချပြီး… …တင်ပြပါနဲ့ ကိုကို့ သားလတ်ကို ကိုကိုလည်း ဆုံးမသင့်သလောက် ဆုံးပြီး…



www.burmeseclassic.com

www.burmeseclassic.com



ပြီပဲ၊ မီးတို့တက်က အလိုက်အထိုက် အလျှော့ပေးလိုက်ရင် ကလေးတွေ လည်း နားလည်သဘောပေါက် သွားမှာပါ"

"စို မင်းဘယ်လိုဖြစ်နေတာလဲ၊ ကိုယ့်အိမ်ကလူတွေ အကြောင်း ကိုယ်အသိဆုံး၊ မင်းဘာမှမသိဘဲ"

"ဟုတ်တယ် မီးမသိဘူး အဲဒါကြောင့် သိအောင်လေ့လာရမယ် ဘယ်လိုပုံစံမျိုးနဲ့ ဆက်ဆံပေးမှ နားလည်လာမှာလဲ မီးကြိုးစားကြည့်မယ်၊ ကိုကို မီးအပေါ် အဲလိုတွေ ဦးစားပေးစိုးရိမ်နေရင် သူတို့အနေနဲ့ အထင်အမြင် လွဲမှားစရာတွေပဲ ဖြစ်နေမှာကိုကို၊ မီးမွန်းကျပ်နေရတာ ကိုကိုကြောင့် သူတို့ကြောင့် မဟုတ်ဘူး"

"စို"

စို စကားတွေကြောင့် နားလည်ရခက်စွာ ထိတ်လန့်လာသည်။ စိုက ကျန်သည့်လူတွေကို အပြစ်မမြင်ဘဲ သူ့ကိုတိုက်ခိုက်နေတာ ဘာကြောင့်လဲ။ မိသားစုတွေနှင့် အဆင်ပြေချင်လို့ စို ဖွတ်အတင်ကြီး လိုက်လျောနေတာများလား။

စိုကိုကြည့်သော မေမေ့မျက်လုံးတွေက နူးညံ့ခြင်း အရိပ်အရောင်တို့ ပြောင်းလဲလာတာ သတိထားမိသည်။

စို လက်ကလေးကို မေမေဆုပ်ကိုင်လိုက်တာ မြင့်တော့ သူ့ရင်ထဲမှာ လှိုက်ခနဲတောင် ဖြစ်သွား၏။

"ရွှန်းရွှန်းစို အခု သမီးပြောနေတာ ရင်ထဲကစကားတွေလား"

"ဘာကိုလဲ မေမေ"





"အငယ်တွေကို မပြစ်မမြင်ဘဲ နားလည်အောင် ကြိုးစားချင်တယ်ဆိုတာ"

"မီး ဟန်မဆောင်တတ်ပါဘူး မေမေ၊ ရင်ထဲက မပါဘဲလည်း အိမ်ညာမပြောတတ်ပါဘူး၊ တကယ်တော့ မီးမှာ သွေးသားရင်းချာ မောင်နှမသားချင်း မရှိလို့ ဒီလိုတစ်စုတစ်လုံး သိုက်သိုက်ဝန်းဝန်း နေရတာကို မီးပျော်ပါတယ်၊ ကိုကို့ရဲ့ ဂရုစိုက်ကြင်နာမှုတွေ ခံစားရလို့ စိတ်လည်းချမ်းသာတယ်၊ မိသားစုထဲမှာနေရင် တစ်ယောက်တစ်ပေါက် သွားတယ် ကိုယ်မှန်တယ်ဆိုတဲ့ ပဋိပက္ခတွေတော့ ရှိနေမှာပဲလေ၊ ဒါကို အာဃာတထား အမုန်းပွားနေလို့ ဖြစ်ပါ့မလား"

"ကျေးဇူးတင်လိုက်တာ သမီးရယ်၊ ကလေးဆိုတာ ကိုယ့်ထက်ငယ်၊ အငယ်ဆိုတာလည်း မရင့်ကျက်သေးတဲ့သဘော၊ မရင့်ကျက်တော့ လိုတာမရ မျှော်လင့်သလို ဖြစ်မလာရင် ရွဲ့တတ်ကောက်တတ်၊ ညစ်ပတ်တတ်တဲ့ သဘောလေးတွေ ရှိကြတာပေ့ါ၊ ဒါကို အပြစ်မြင်ပြီး ပြဿနာတစ်ခုလို သဘောထားနေရင် ဘယ်မှာလာပြီး ငြိမ်းချမ်းရေးရတော့မှာလဲကွယ်၊ သားကြီးက သမီးကိုချစ်တဲ့စိတ်၊ သမီးဒဏ်မခံနိုင်လို့ တွက်ပြေးသွားမှာ ကြောက်တဲ့စိတ်တွေနဲ့ အငယ်တွေကို သည်းမခံနိုင်တော့ သဟဇာတ မဖြစ်တော့တာပေါ့ကွယ်"

"ဟား"

သူ ဟားခနဲတောင် အော်ချလိုက်မိသည်။ စိုနဲ့ မေမေ သူ့ကို ရှေ့မှာထားပြီး ပေါ်တင်ကြီး အတိုင်အဖောက်ညီညီ ဖွဲ့နေကြတာပဲ၊ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လူညစ်ပတ်၊ လူ့ခွစာကြီး ဖြစ်နေသလိုလို။ ယောကျ်ားအငေ မသိတတ်သော သူ့အချစ်ကို နားမလည်သော ဒီကောင်မလေးကို သူ တိုးတိုး ဆဲရေးလိုက်မိသည်။

"နို"

"ကိုကိုဘာမှ မပြောနဲ့၊ နောက်နေ့ကစပြီး ကိုကိုက မိသား မိအတွက် လုံလုံလောက်လောက် ငွေရှာတဲ့အလုပ်ပဲ ကြိုးကြိုးစား လုပ်၊ မိ အိမ်ထောင်ရှင်မ ဒီအိမ်ရဲ့မိသားစုကိစ္စကို မိဘာသာ အဆင် အောင်လုပ်မယ်၊ အဆင်ပြေအောင်မနေနိုင်ရင် မိက အိမ်ထောင်ရှ ဘယ်ပီသပါတော့မလဲ"

"ကောင်းတယ် သိပ်ကောင်းတယ် မင်းအဲလို နေနိုင်တယ်ဆို တာပဲ ပြီးတော့မှ ဆလံသပါပြီဆိုပြီး ငါ့ကိုထားခဲ့ရင် မင်းကိုငါ လို သတ်မယ် သိလား"

ဒေါ်ကြီးမောကြီး ကြိမ်းမောင်းကာ ထွက်သွားသော သာ ကျောပြင်ကို ကြည့်၍ ရွှန်းရွှန်းစို သိမ့်သိမ့်နွေးနွေး ရယ်နေလိုက်မိသည် သူမ တကယ်ပျော်နေတာပါ . . . ။

■ ■ ■



## အခန်း (၃၂)

"ဘာ ပျော်နေတာ၊ သမီးက အဲဒီဆင်းရဲသားငမွဲအိမ်မှာ နေသားကျပြီး ပျော်နေပြီလို့ ပြောတာလား"

ဒေါ်မြရောင်ခြယ် မယုံသင်္ကာ မျာမျာသလဲ ပြန်မေးတော့ ခဲ့ထွန်း ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်သည်။

"ဟုတ်တယ် ခြယ်၊ မင်းသမီးက ကိုယ်တို့မိဘတွေကိုတောင် သတိမရတော့ဘူး။ မင်းပြောတော့ သမီးနေနိုင်မှာမဟုတ်ဘူး၊ မျက်ရည် တ်လက်နဲ့ ဒူးတုပ်ခယပြီး ပြန်ဝင်လာလိမ့်မယ်ဆို၊ ဟိုကောင်က ပိုင်းလုံး မြိုက်စားတဲ့ကောင်မို့ သမီးကို အမွေသာဖြတ်လိုက်ရင် ချက်ချင်း ရှင်းစွန့်လွှတ်လိုက်မှာပါဆို၊ အခု ဘယ်လိုလဲ၊ မင်း ဘယ်လိုလုပ်မှာ ဲ ခြယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီး သူငယ်ချင်း မိုးမိုးတို့ကလည်း အဲသလို ပြောတာပဲသေ

သားဦးရဲ့သူငယ်ချင်း အာကာအောင်က မိုးမိုးရဲ့ချစ်သူ၊ မိုးမိုးအမေ

ခင်ထိပ်ထားက အဲလို ပိုင်းလုံးကို သဘောမတူလို့ ခွဲခဲ့တာပဲ"

"မင်းလည်း အဲလို ခွဲဖို့ရည်ရွယ်ချက်တွေနဲ့ သားဦးကို ပုံသို

အစီအစဉ်တွေ ဆွဲခဲ့တာပဲမဟုတ်လား၊ သူတို့ချင်း မခွဲနိုင်လို့ လိုက်ပြေ

တယ်၊ လက်ထပ်လိုက်ကြတယ်၊ ဒါကို အမွေဖြတ်လိုက်ရင် သမီး တ

နည်းနည်းနဲ့ ပြန်ရောက်မှာပဲလို့ မင်းယုံကြည်နေတယ်၊ သူများစကား

ပြီး မင်း ဒီလိုလုပ်စရာလား ခြယ်"

"အို အဲလိုမလုပ်လို့ ခြယ်က သဘောတူကြည်ဖြူပါတယ်

ပြီး မင်္ဂလာပွဲကြီး ဆင်နွှဲပေးရမှာလား၊ ဒီကောင် ဘယ်လိုအတန်းအစာ

ဆိုတာ"

"အခု သမီးကို ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကို

ကျွေးနေတယ်လေ၊ အမွေဖြတ်ခံရတာကို အားမငယ်အောင် ဂရုစိ

စောင့်ရှောက်နေတယ်၊ မိသားစုဝင်တွေနဲ့လည်း အဆင်ပြေသလော

ရှိနေပြီတဲ့၊ သူ စုထားတဲ့ငွေနဲ့ သမီးကို လူသိရှင်ကြား တင့်တောင်းတ

တယ် မင်္ဂလာဆောင်မယ်လို့လည်း ပြောတယ်"

ဦးရဲထွန်းက မငြေမနပ်ပြောနေတာလား၊ ကျေကျေနပ်န

ဝမ်းသာအားရ ပြောနေတာလား မသိနိုင်အောင် တက်တက်ကြ

ရှိလှသည်။ သမီးအကြောင်း သူပဲ အရေးတယူ စုံစမ်းနေတာ။ သ





သတင်း အကြောင်းကြားလိုက်သည်နှင့် ခွင့်ရက်ရှည်ယူပြီး ပြန်လာတာက သမီးရဲ့မင်္ဂလာပွဲမှာ ရှိနေချင်လို့တဲ့။

လင်နောက်လိုက်ပြေးသော သမီးကို အပြစ်တင်ရကောင်းမှန်း သိဘဲ စိတ်ချလက်ချ နောက်ဆံမတင်းဘဲ အလုပ်လုပ်နိုင်တော့မည်ဆိုပြီး ပျော်နေသေးသည်။

"ခြယ်ကတော့ လုံးဝ သဘောမတူဘူး၊ ပြန်မခေါ်နိုင်ဘူး ကိုရဲ၊ ခေါ်လိုက်ရင် ဟိုပိုင်းလုံးကောင်က သူဌေးသမက်ဖြစ်ပြီဆိုပြီး အပျော်လွန်ဘဝင်မြင့်နေမှာ၊ ကိုယ့်ရဲ့အောက်လက်ငယ်သား အခိုင်းအစေကို ခြယ် အသိအမှတ်မပြုဘူး၊ မိသားစုပတ်ဝန်းကျင် စိတ်ဓာတ်အရမ်းအောက်တန်းကျတယ်၊ သမီးကိုသာ အမွေဖြတ်လိုက်ရင် သူတို့ရဲ့ယုတ်မာကောက်ကျစ် အောက်တန်းကျတဲ့စိတ်တွေ ဘူးပေါ်သလို ပေါ်လာမှာ စောင့်ကြည့်၊ အဲဒီတော့မှ သမီး ပြန်ရောက်လာရင် ရွှေပုံပေါ်ပြန်ကောက်တင်ထားလိုက်မယ် ကိုရဲ"

အတိုက်အခံ ပြဿနာဖြစ်ထားရတာ ဘယ်လောက်ကြာသေးလို့လဲ။ မိမိရဲ့စီမံမှုကို လက်မခံချင်ပေမယ့် ကိုရဲက

"မင်း အဲလိုလုပ်ကြည့်ချင်တယ်ဆိုလည်း သဘောပဲ၊ တစ်ဖက်ကို စမ်းသပ်ချင်တာ ငါလက်ခံပါတယ်၊ ဒါပေမဲ့ သမီးက ဘယ်လိုပုံစံမျိုးနဲ့ ပြန်ရောက်လာလာ၊ အပျိုပြန်မဖြစ်တော့ဘူးနော်၊ ဘယ်လိုပဲစဉ်းစား စဉ်းစား ကိုယ့်သမီးနစ်နာမယ့်ကိစ္စတွေချည်းပဲ၊ ကိုယ် တစ်ခုပြောထားမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကတော့ သမီးဘယ်လိုအခြေအနေရှိတယ်ဆိုတာ စုံစမ်းနေမှာ ဟိုဘက်က ကောင်လေးက မင်းတို့ထင်သလို ဖြစ်နေတယ်ဆိုရင် အဲဒီကောင်ကို ငါကိုယ်တိုင် သတ်မယ်''

ကြိမ်းမောင်းခဲ့စဉ်က တကယ် သမီးဖောနှင့် လူသတ်မှု ကျူးလွန်မှာတောင် စိုးရိမ်ခဲ့သည်။ အခုတော့ ဟိုဘက်ကို ချီးမွမ်းနေတာလား။ သမီးကို အဖမ္ဖြတ်စွန့်လွှတ်ခဲ့သည့် မိမိကိုအပြစ်တင်ချင်တာလား။ ပိုင်လုံးလို့ပြောခဲ့သော မိမိကပဲ တစ်ဖက်သတ် နိမ့်ချစွပ်စွဲမိတာလိုလို။

''ဒီမယ် ကိုရဲ၊ တင့်တယ်တင့်တယ် မင်္ဂလာဆောင်မယ်ဆိုတာ ခြယ်လို့မိဘတွေမပါဘဲ ကြီးကြီးခမ်းခမ်းနားနား ဖြစ်မှာလား။ ခြယ်တို့ဘက်က ဘာတွေကို မျှော်လင့်ပြီး လုပ်သလဲမှ မသိတာ''

''မင်း အဲဒါတွေခက်တာပဲ နိုင်၊ စီးပွားရေးလုပ်ငန်းရှင်တင်ဖောက်ဖြစ်ပြီး လူတွေရဲ့စိတ်ကိုတောင် မခန့်မှန်းတတ်ဘူးလား၊ အဲဒီကောင်လေးက မင်းနဲ့အလုပ်တွဲလုပ်တုန်းက အရည်အချင်းရှိတယ် မိုးသားတယ်ဆို''

''အဲဒီအချိန်တုန်းက ဟုတ်တယ်''

''အခုလည်း သမီးကို နှိပ်စက်ညှင်းပန်းခိုင်းနေတာ မဟုတ်ပါဘူး။ နေ့ဆိုတာ္ကျောင်းမောင်းတယ်၊ ပွဲစားလုပ်တယ်၊ ညဘက်ဆို ဆိုက်ကားနင်းတယ်၊ သမီးကို သူ့အတိုင်းအတာနဲ့သူ၊ အညေ့အချင်းရှိသလောက် ပြည့်စုံအောင် ထားပေးနေတာ၊ လူရိုးလူကောင်းပဲကွ''

''အဲပေါ်ယံအဲလွှာကိုကြည့်ပြီး ဆုံးဖြတ်မစောပါနဲ့ ကိုရဲ၊ ဆင်းရဲ





ရဲတွဲတွဲဒဏ်ကို သမီးဘယ်လောက်ထိ ခံနိုင်ရည်ရှိမှာလဲ၊ လက်မြှောက်အရှုံးပေးပြီး ခြယ်တို့ဆီကို သမီးရောက်ကို ရောက်လာစေရမယ်''

''မင်း ထင်တယ်ပေါ့၊ အဲဒီအတိုင်း ယုံကြည်နေတယ်ပေါ့၊ အခု သမီးက ပျော်ရာမှာမနေဘဲ တော်ရာမှာ သွားနေနေတာ မဟုတ်ဘူး။ တော်တဲ့ကောင်းတဲ့နေရာမှာ မနေချင်လို့ သူ ပျော်မွေ့တဲ့နေရာမှာ စိတ်ချမ်းသာသာရှိနေတာ၊ ဟိုကောင်လေးက ကိုယ်တို့ပိုင်ဆိုင်မှုတွေ ဘာကယ်မက်တယ်ဆိုရင် သမီးကိုအသုံးချပြီး ပြန်လွှတ်လိုက်လို့ရတယ်၊ အခုက သမီးပြန်သွားမှာ ထွက်သွားမှာကြောက်လို့ သူ့ကိုယ်သူ နွားတစ်ကောင်လို ရုန်းကန်ပြီး ကြိုးစားနေတာ''

''ကြားစကားတွေနဲ့ အထင်ကြီးပြမနေနဲ့ ကိုရဲ၊ သမီးကို ရှင့်ချစ်သလို ခြယ်လည်း ချစ်တာပဲ၊ ဒါပေမဲ့ ဟိုကောင်လေးက ခြယ်တို့ပိုင်ဆိုင်မှုတွေ မက်မောလို့ သမီးကိုချည်းကပ်ခဲ့တာ''

''သမီး ဟိုမှာပဲပျော်မွေ့ပြီး တစ်သက်လုံး ပြန်မလာတော့ဘူးဆိုရင် မင်း ဘယ်လိုလုပ်မှာလဲ''

''ရှင်''

ဒေါ်မြရောင်ခြယ် မဖြေနိုင်။ တစ်ဦးတည်းသော သမီးလေး။ ချစ်လိုက်ရတာ မျိုးထားမတတ်။ သူလေး တစ်ယောက်အတွက်ပဲ လင်မယားနှစ်ယောက်လုံး ကြိုးစားပမ်းစား ငွေတွေရှာခဲ့ကြသည်။

သူတစ်ပါးစံစားသွားမှာစိုးလို့ အဏ္ဏတွေကြီးနေမိတာ မှားလေသလား။ အဆင့်အတန်းတူ ဂုဏ်ဒြပ်တူဆို တော်သေးသည်။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကငွေပေးခိုင်းရသည့် လူတန်းစားကိုမှ။

"မင်းစိတ်တွေ လျှော့ပါတော့ ခြယ်၊ ကိုယ်တို့ပိုင်ဆိုင်သမျှတွေ ကိုယ့်သမီးကိုယ့်မြေးအတွက်ပဲ၊ တကယ်လို့ သမီးမှာ ရင်သွေးလေး လွယ်ထားရပြီဆိုရင်ရော မင်း အခုလို ဥပေက္ခာပြုနေဦးမှာပဲလား"

"ဘာ သမီးမှာ ကိုယ်ဝန်ရှိနေပြီတဲ့လား"

"အဲဒါတော့ ကိုယ် သေချာမသိပါဘူး၊ သဘောကိုပြောတာ ပြီးတော့ ကိုယ့်ဘဝကိုယ် မမေ့သင့်ဘူး"

"ဘာကို မမေ့ခိုင်းတာလဲ"

"မင်း လက်ထပ်ခဲ့တဲ့ကိုယ်က ဘယ်လိုလူတန်းစားလဲ မင်း အသိဆုံးပါ၊ ဆိုးပေမိုက်မဲပြီး လမ်းသရဲလိုနေခဲ့တဲ့ ကိုယ့်လိုအောက်တန်း စားကို မင်းမိဘတွေသဘောမတူခဲ့ဘူးလေ၊ နောက်ဆုံး ကိုယ်တို့ခိုးပြေး ကြတယ်၊ နှိမ့်ချချင်တဲ့ မင်းတို့မိဘတွေကို မခံချင်စိတ်နဲ့ ဒီနေ့ထိ ကိုယ် ကြိုးစားပမ်းစား ငွေတွေရှာနေခဲ့တာ အခုမင်းက မင်းမိဘတွေနေရာ ရောက်သွားပြီး သမီးနဲ့လက်ထပ်ထားတဲ့ကောင်လေးကို ခါးခါးသီးသီး သဘောမတူနိုင်ဖြစ်နေတာလား၊ ကိုယ့်တုန်းကအဖြစ်နဲ့ နှိုင်းယှဉ်ပြီး ကိုယ် စိတ်ဆင်းရဲခဲ့ရသလို သမီးလေး စိတ်မဆင်းရဲပါစေနဲ့ကွာ၊ တကယ့် အချစ် စစ်က ဘာနဲ့ဖြတ်ဖြတ် မပြတ်ဘူး"

ဒေါ်မြရောင်ခြယ် သက်ပြင်းတွေ လေးလံသွားသည်၊ အတိတ် က ဝေးဝေးလံလံ မဟုတ်။ နီးနီးနှင့်ရေးရေးမှာ ဘဝအမောတွေ တန်း





တပိုးတွေပါသည်။ အဲဒီအချိန်က မိမိစိတ်သောကတွေနှင့် ပူလောင်ခဲ့ရ သလိုမျိုး သမီးလေး အခုပူလောင်နေရလေသလား။

ဆုံးဖြတ်ချက်တွေက တစ်နေရာတည်း စုစည်းမရစွာဖြင့်. . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"အဲလိုကြားတာ အမှန်ပဲလား"

သတင်းသယ်ဆောင်လာသူ ကိုစိုးကြီးက သူ့မေးခွန်းကို ကိုစိုးကြီးက ဝမ်းသာအားရ ခေါင်းညိတ်ပြ၏။ အာကာအောင်က ဘေးနားက နေ အားကျသည့်အရိပ်အရောင်များဖြင့်

"ဘိုးတော် လာလာမေးနေတာ ငါတောင် အံ့ဩနေတာကွ၊ လိုက်လျောမှုရှိတယ်၊ နွေးထွေးမှုရှိတယ်၊ သူ့သမီး ဘယ်လိုနေ ဘယ်လိုစားတယ်ဆိုတာကအစ အသေးစိတ် မေးတာ၊ မင်းတို့အခြေအနေရော သူ့သမီး မင်းတို့အိမ်မှာနေရတာ အဆင်ပြေလားဆိုတာကအစပေါ့ကွာ"

"အဲဒီတော့ ဘာပြောလိုက်ကြလဲ"

"သာသာထိုးထိုးလေး တင်ပေးလိုက်တာပေါ့ကွာ၊ ကိုယ့်သူငယ်





ချင်းကောင်းစားရင် ငါတို့လည်း ဆင်ဖြူတော်မှီပြီး ကြံစုတ်ရမလားလို့"

"ဘဉ်ဦကမပျောက်သေးဘူး၊ ငါကတော့ ဝမ်းမသာဘူး၊ အချိုသတ်စည်းရုန်းပြီး စိုကိုပြန်ခေါ်သွားရင် ဘယ်လိုလုပ်မလဲ၊ အခု မိုနဲ့ ဒို့အိမ်က မိသားစုတွေ တော်တော်လေးကို အဆင်ပြေလာပြီ"

"ဟုတ်လား"

"အင်း သားလတ်တောင် အချိုးတွေပြောင်းလာတယ်၊ စိုရဲ့ သိုက်လျော နားလည်မှုတွေကို အားနာလာတယ်ထင်ပါတယ်၊ ငါနဲ့ထိပ်တိုက်ပြဿနာ အဖြစ်မခံဘဲ စိုကပဲ ဒိုင်ခံဖြေရှင်းနေတော့ ငါ့ဘက်ကလည်း ဖိအားမများတော့ဘူးပေါ့၊ စို စည်းရုံးသိမ်းသွင်းတာ အောင်မြင်တယ် ပြောရမယ်"

ပြောနေသော သားလတ်မျက်နှာမှာ ကျေနပ်အားရနေတာ သိသာသည်။ ရှေ့မှာရှိသော လက်ဖက်ရည်ခွက်ကို သောက်ဖို့မေ့လျော့နေတာမို့ အေးစက်ကာ အပေါ်ရည်တင်နေသည်။

ကိုစိုးကြီးနှင့်အာကာအောင်လည်း မသောက်ဖြစ်သေးပါ။ သားဦးရဲ့အပျော်တွေကို မျှဝေခံစားဖို့ ဆန္ဒပြင်းပြနေသည်။

"ပြောပါဦးကွ"

"အေးလေ မင်းကိုကြည့်ရတာ တကယ် စိတ်ချမ်းသာနေသလိုပဲ"

"စိုက အရမ်းကို စိတ်ထားမြင့်မြတ်ပြီး မိန်းမကောင်းပီသတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပါ၊ သူဌေးသမီးရယ်လို့ ဘဝင်မမြင့်ဘူး၊ မာနမရှိဘူး၊ အိမ်
ထောင်ရှင်မကောင်းပီသအောင် ကြိုးစားနေတာ၊ အရမ်းလေးစား
ကောင်းတယ်''

''မိသားစုနဲ့အဆင်ပြေအောင် နေတတ်တာလည်း ချီးကျူးစ
ပဲ၊ တကယ်ဆို အလှာတွေ တူတာမဟုတ်ဘူး။ မင်းကလည်း ခွဲရမှာ
သည်းသည်းလှုပ်နေတာ သူ မာန်တက်ပြီး မတူမတန်တောင် ဆက်
လို့ရတယ်''

''ဟုတ်တယ် ကျွန်တော်က အဲဒါကို အံ့ဩတာ၊ မေတ္တာ
ပြုပြင်ရင်း လူမိုက်တွေတောင် ပျော့ပျောင်းလာတယ်ဆိုတာ အမှန်
မေမေကဆို စိုကို ချွေးမလို့ မသတ်မှတ်တော့ဘဲ သမီး သမီးနဲ့ဖြစ်နေပြီ
စိုကို သူဌေးသမီးမို့ လက်ကြောမတင်းဘူးထင်ထားပေမယ့် မေမေ့ဆီက
အကုန်သင်ယူပြီး မညည်းမညူလုပ်ကိုင်နေတာ မြင်ရတော့ ငါ မိန်းမ
ကံကောင်းတာပေါ့''

''ဟား သားဦး မင်းဘဝ လန်းနေပြီကွ၊ မပိုလျှံပေမယ့် စိတ်
ချမ်းသာနေတယ်၊ ပင်ပန်းပေမယ့် ပျော်နေရပြီမဟုတ်လား''

''ဟင့်အင်း စုမိဆောင်းမိဖြစ်နေပြီ''

''ဘာကွ''

''အဟင်း ညီနဲ့ညီမက အသုံးအဖြုန်း မကြီးတော့ဘူး။ ငါ
မုန့်ဖိုးပေးတာကို၊ ပိုသမျှစုပြီး စိုဆီကိုအပ်တယ်၊ စို ကလေးမွေးရင်





ဆုလေးဖြစ်ဖြစ် တူမလေး မျက်နှာမငယ်ရအောင်လို့တဲ့''

''ဟား ရွှန်းရွှန်းစို ကိုယ်ဝန်ရှိနေပြီပေါ့၊ မင်းတို့လက်ထပ်ထား
တာ နှစ်လတောင် မရှိသေးဘူး''

''အေးကွာ ဒီကောင် ကျန်းမာရေးတော်တော်ကောင်းတာပဲ''

''မသေချာသေးဘူးလို့ ပြောရမလား၊ သေချာပြီလို့ပြောရမလား
ဘဲ၊ စို သရိုးသရီဖြစ်နေတာကို မေမေ တိုးတိုးတိတ်တိတ် မေးနေတာ၊
ငါ ကြားတာ၊ အဲဒါကြောင့် စိုကို ဘယ်လိုနည်းနဲ့မှ ငါ မစွန့်လွှတ်နိုင်တော့
တာပေါ့၊ ပြီးတော့ စို ဗိုက်ထွက်မလာခင် မင်္ဂလာဆောင်ဖို့စဉ်းစားထား
တယ်''

''ရွှန်းရွှန်းစိုက လက်မခံဘူးဆို''

''ဟုတ်တယ် ငါ ပြောလိုက်တိုင်း ပိုက်ဆံတွေကုန်မှာစိုးလို့ဆို
ပြီး အမျိုးမျိုးကန့်ကွက်နေတယ်၊ ကလေးမျက်နှာမငယ်အောင် မိသားစု
စားဝတ်နေရေး အဆင်ပြေအောင် လုပ်ငန်းလုပ်ဖို့ပဲ အားပေးနေတယ်''

''သူပြောတာလည်း ဟုတ်တာပဲကွ၊ လက်ထပ်ပြီးလို့ ကလေး
တောင်ရတော့မယ်၊ ငွေကုန်ခံပြီး မင်္ဂလာဆောင်နေစရာ မလိုတော့ပါဘူး''

ငါ့ကိုကြီး ပြောတာကို သားဦး ခေါင်းရမ်းကာ ကန့်ကွက်လိုက်
သည်။ သူ့ရင်ထဲမှာ ဖြစ်နေတာက စိုကို အလေးအနက် ထားချင်နေတာ
တစ်ခုတည်း။

''ဘယ်သူ ဘာပြောပြော စိုကို တင့်တင့်တယ်တယ် သိက္ခာရှိ



www.burmeseclassic.com

www.burmeseclassic.com



ရှိ မင်္ဂလာဆောင်ချင်သေးတယ်ဗျာ၊ ကျွန်တော့်ကို ယူရလို့ မင်္ဂလာဆောင် မဆောင်ရဘူးဆိုတာက သူ့အတွက်သိက္ခာကျလွန်းပါတယ်''

''မင်းက ထင်နေတာလေ၊ သူက ရှေ့ရေးအဆင်ပြေဖို့ စဉ်းစား နေတာ''

''အဲဒါကြောင့် ပိုပြီးတန်ဖိုးထားမိတာ၊ အစက စိုကို သူ့ဌေး သမီး အသုံးအဖြုန်းကြီးမယ်၊ ပေါ့ပေါ့တန်တန် အလေးအနက် မရှိဘူး လို့ ထင်ခဲ့သမျှတွေ အားလုံးကပြောင်းကပြန်ပဲ''

''ဒါနဲ့ ဟိတ်ကောင် မင်းမမမိုနာ အကြောင်းရော ကြားလား''

''ငါ စိတ်ဝင်ဘစား ဘာမှနားမထောင်တော့ဘူး''

''စိတ်မဝင်စားလို့တော့ မရဘူး။ သတင်းက မကောင်းဘူးကွ''

''ဘာ''

သူ့ အလန့်တကြားတော့ ဖြစ်သွားသည်။ အချစ်လက်ကျန် မရှိတော့ပေမယ့် သံယောဇဉ်တစ်စွန်းတစ်စကြောင့်။ လက်ဖက်ရည်ခွက် ကိုတောင် ကယောင်ကတမ်း ကောက်မော့လိုက်မိ၏။

ပြီးမှ ပြန်ချကာ အာကာအောင်ပြောမှာကို နားစွင့်ရသည်။

''အခု မမမိုနာ သူ့အမေကို တစ်ယောက်တည်းထားပစ်ခဲ့ပြီး ယောကျ်ားရဲ့မိဘအိမ်ကို လိုက်သွားရတယ်၊ ကိန်းကြီးခမ်းကြီး ယောက္ခမ တွေ့က ရောဂါသည်အမေကို ခေါ်မလာရဘူး။ သွားပြုစုခွင့်လည်း မပေး ဘူး''

''အလုပ်က''





''ထွက်လိုက်ရတယ်၊ ယောက္ခမတွေကို အလုပ်အကျွေး ဆေး ပေးမီးယူ ပြုစုနေရတာပေါ့။ မအေကိုတော့ အိမ်အကူတစ်ယောက်ပို့ထား တယ်၊ စားဖို့သောက်ဖို့ ပေးတယ်၊ အနီးကပ်ပြုစုခွင့်မရ၊ ယောကျ်ားနဲ့ လွတ်လွတ်လပ်လပ်လည်း မနေရ၊ အခုမှ ပေးစာကမ်းစာကို မျှော်စားနေ ရတာ''

''စိတ်မကောင်းလိုက်တာကွာ''

''ဘာလဲ အချစ်တွေ နှလုံးထလာတာလား၊ သံယောဇဉ်မပြတ် တာလား''

''မဟုတ်ပါဘူးကွာ''

''ဟုတ်ိလို့လည်း မရဘူးလေ၊ မင်းယူထားတဲ့မိန်းမက ဗိုက်ကြီး နေပြီ၊ ရွှန်းရွှန်းစိုက ဒီကိစ္စမျိုးတော့ ခွင့်လွှတ်နားလည်ပေးပြီး သဘော ထားကြီးမှာမဟုတ်ဘူး''

''မင်းပြောတာကြီးကလည်း ငါက ဖောက်ပြန်နေတာ ကျနေ တာပဲ၊ လူတွေက ဘာလို့ဆန္ဒနဲ့ဘဝ တစ်ထပ်တည်း မကျကြတာလဲ၊ မျှော်လင့်တာတွေ ဖြစ်မလာဘဲ ဖြစ်ချင်သလို ဖြစ်လာတာတွေကရော ဘာလို့ အကောင်းအဆိုး မညီမျှတာလဲ''

''တိုင်းတာမနေနဲ့၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မှာပဲ၊ လိုချင်လောဘများရင် အလိုကြီးအရနည်း ဖြစ်တတ်တယ်၊ မင်းလည်း လိုချင်တာတွေမများတော့လို့ ရွှန်းရွှန်းစိုဆီက အချစ်တွေ နားလည်မှု



www.burmeseclassic.com

www.burmeseclassic.com



တွေ ပိုင်ဆိုင်ခွင့်ရတာ”

ဟုတ်တယ်ဟု ထောက်ခံလိုက်ရင်း သူ့ ကျေနပ်ပီတိတွေဖြင့် ပြုံးနေလိုက်မိသည်။ အသက်ရှူရတာတောင် အမိပ္ပါယ်တွေရှိလို့ ...။

■ ■ ■



## အခန်း (၃၄)

“အဓိပ္ပါယ်မရှိဘူး ကိုကို၊ လူတွေဖိတ်ပြီး မင်္ဂလာပွဲမလုပ်ရ တော့ ဘာဖြစ်လဲ၊ မင်္ဂလာဆောင်လို့ ကုန်မယ့်ငွေဆယ့်လေးငါးသိန်းကို ...ရဲ့စီးပွားရေးအတွက် အသုံးချရမှာပေါ့”

“ကိုယ့်ဘက်က မင်းကို တန်ဖိုးထားပြီး အသိအမှတ်ပြုချင်တာ ...မင်း ဘာလို့နားမလည်တာလဲ စို၊ ငွေဆိုတာ နောက်ပြန်ရှာလို့ရတယ် ...လည်း အလုပ်တွေ ကိုယ် ကြိုးစားလုပ်နေတာပဲ”

“သိတယ် ကိုကို ပင်ပန်းတာသိလို့လည်း ဒီငွေတွေ ပျောက် ...သွားမှာစိုးရိမ်တာ၊ ဒီငွေတွေနဲ့ ကလေးတွေကို ပညာကောင်းကောင်း ...ပေးလိုက်ရင်ရော အနာဂတ်မှာ ဒီထက်ပိုကောင်းမလာနိုင်ဘူးလား”

“မသိဘူးကွာ ကိုယ်ကတော့ စို ဗိုက်ထွက်လာတာ မသိသာခင်



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲကို မဖြစ်ဖြစ်အောင် လုပ်မှာပဲ''

ဖွတ်တရွတ် ခေါင်းမာနေသော သားဦးကို သူမ စိတ်

တော့။ သူမအပေါ် တန်ဖိုးထားတာကို သူမ သိပါသည်။ အိပ်လို

အောင်ကို ကြည့်နူးနေမိတာလည်း အမှန်ပင်။ ဒယ်ဒီနှင့်မာမီကို

ပေမယ့် ဒီမိသားစုလေးနှင့်နေရတာလည်း သူမ ပျော်မွေ့နှစ်သက်နေ

တခြားဘာကိုမှ မက်မောတောင့်တချင်စိတ် မရှိတော့

ဒါကို သားဦးက မင်္ဂလာပွဲကို ဖွတ်အတင်း လုပ်ချင်နေသည်။

''ကိုကို ညီမလေးဖို့ ကျူရှင်လခနဲ့မုန့်ဖိုး''

''ကျွန်တော့်ကိုလည်း စာအုပ်ဝယ်ဖို့နဲ့မုန့်ဖိုး။ ဒီနေ့ပေးမယ်

ကိုကို ပြောထားတယ်လေ''

''ဩော် အေး ငါ မမေ့ပါဘူး''

သားလတ်နှင့်အငယ်မ ရောက်လာတော့ သူမတို့စကားစ

သွားသည်။ သားဦးက အိတ်ကပ်ထဲက ပိုက်ဆံတွေ ထုတ်ရေတွက်

''အငယ်မ ညည်းက ဘယ်လောက်လဲ''

''ကျူရှင်လခက သုံးသောင်း။ မုန့်ဖိုးက နှစ်သောင်း''

''ရော့ငါးသောင်း''

အငယ်မ ပြီးတော့ သားလတ်အတွက် ထပ်ထုတ်ရပြန်

''မင်းကရော''

''စာအုပ်ဖိုးက တစ်သောင်း။ မုန့်ဖိုးက ကိုကိုတစ်ပတ်စာ

သောင်းပေးမှာမဟုတ်လား''





''အေးပါ မင်းက သုံးသောင်းပေါ့''

အစီအရီ ပေးပြီးတာနှင့် ကျန်သောငွေကို ရွှန်းရွှန်းစိုလက်ထဲ ထည့်ပေးလိုက်သည်။ ဒီနေ့ မြေကွက်အရောင်းအဝယ်တစ်ခုက နှစ်သိန်း လောက်ရလိုက်သလို တက္ကစီကားလည်း ဆွဲလို့ကောင်းခဲ့သည်။

ညဘက် ဆိုက်ကားထွက်နင်းလိုက်လျှင် မနက်ပြန်ရေးဖို့ ထပ် ရနိုင်၏။

''မမ ဟိုလေ ညီမလေးမုန့်ဖိုးရတဲ့ထဲက တစ်သောင်းခွဲ ယူ ထားလိုက်၊ ငါးထောင်လောက်ဆို ညီမလေး သုံးလို့လောက်တယ်''

''ဩော် ညီမလေးရယ် ကျောင်းသားက အဲလောက်လေးသုံး ရင် မျက်နှာငယ်ရတာပေါ့ကွယ်၊ သုံးပါ မမကိုလည်း ကိုကိုက လုံလုံ လောက်လောက် ပေးနေတာပဲ''

''မဟုတ်တာ ယူထားပါ မမရဲ့၊ မမကလေးမွေးရင် အခက် အခဲဖြစ်မှာစိုးလို့ တူလေးသာမွေးပေးနော်၊ နောက်ဆို မုန့်ဖိုး လုံးဝမသုံး ဘဲ စုထားမယ်''

''အောင်မာ ကျွန်တော်ကတော့ တူမလေးပဲ ချစ်မယ်၊ ရော့ ကျွန်တော် လုံးဝမသုံးဘူး၊ နှစ်သောင်းလုံး ယူထားလိုက်''

''ဟဲ့ မင်း ဘာနဲ့သုံးမှာလဲ၊ အကုန်လုံး ပြန်ပေးတော့''

''အာ ရတယ်၊ ကျွန်တော် ပေးကျွေးထားတဲ့သူငယ်ချင်းတွေဆီ က ပြန်ကပ်သုံးလို့ရတယ်၊ တူမချောချောလေး မွေးပေးရင် အလှမ်း



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ခက်တာပဲဟယ်၊ မင်းတို့ကလည်း ငါက ဘယ်လိုမွေးပေးရမှာလဲ"

ဆူပူညည်းညူသလို ပြောနေပေမယ့် အစ်မကြီးတစ်ယောက်ပို ရွှန်းရွှန်းစို ပီတိတွေဖြင့် ပြုံးလို့ပါ။ အငယ်နှစ်ယောက် အခန်းတွင်းဝင်သွားကြတော့ ရွှန်းရွှန်းစိုအနား သားဦး တိုးကပ်ထိုင်လိုက်သည်။

"မေတ္တာရှင်မကြီး ကိုယ့်အတတ် ကိုယ်စူးပြီမဟုတ်လား။ သားတစ်ယောက် သမီးတစ်ယောက် အမြွှာပူးမွေးပေးလိုက်တော့"

"အမလေး လူကို မညှာမတာ"

"ဟာ ကိုယ်က အကောင်းပြောတာ၊ မျှတမှုမရှိရင် မင်းကို သူတို့ ဂျီကျနေကြဦးမယ်၊ အခုတော့ အသုံးအဖြုန်းတွေလျှော့ပြီး မင်းကို ပိုက်ဆံတွေဘာတွေ အပ်နေကြတယ်"

"ကိုကို မပျော်ဘူးလား"

"ပျော်တယ် မင်းကိုကျေးဇူးတင်တယ် စို၊ ကိုယ် တကယ်ပြောတာပါ၊ မိသားစုနဲ့နွေးထွေးမှုရတာလည်း မင်းကြောင့်ပဲ၊ အဲဒါကြောင့် ကိုယ်က"

"ဟင့်အင်း မပြောနဲ့တော့ ကိုကို၊ မီးကို ကိုကို ဘယ်လောက်ချစ်တယ် တန်ဖိုးထားတယ်ဆိုတာ မီးသိတယ်၊ မီး ဒီလိုနေရတာကို ကျေနပ်ပြီး ပျော်နေတာပဲ၊ အခု မီးဗိုက်ထဲမှာ ရင်သွေးလေးရှိတာလည်း ဆီးစစ်ကြည့်လို့ သေချာသိရပြီ၊ မီးဘဝ ပြည့်စုံသွားပြီ ကိုကို၊ မိသားစု





မွေးချင်းမောင်နှမ၊ ချစ်တဲ့လင်ယောကျ်ား ပြီးတော့ ရင်သွေးလေး"

"စို ဒယ်ဒီနဲ့မာမီကိုလည်း သတိရနေမှာပေါ့"

စို ဒယ်ဒီ ကိုယ်တို့သတင်းကို စုံစမ်းနေတယ်ဟု မပြောဖြစ်ဘဲ သွေးကိုးစမ်းကာ မေးလိုက်သည်။ စိုက မျက်နှာလေးညှိုးကျသွားကာ

"သတိရတယ် လွမ်းတယ်၊ ဒါပေမဲ့ ဦးချကန်တော့ အိမ်ပြီးပဲ ဖြေသိမ့်လိုက်ပါတယ်၊ မီးကို အမွေဖြတ်စွန့်လွှတ်ရက်တာ မနာကြည်းပေမယ့် ဝမ်းနည်းမိတယ် ကိုကို"

"သူတို့ မမှားဘူး၊ ကိုယ့်လိုလူကို သူတို့ ဘယ်သဘောတူနိုင်ပါ့မလဲ၊ အခု စိုလည်း ရင်သွေးလေး လွယ်ထားရပြီ၊ မိဘမေတ္တာကို ပိုပြီး နားလည်ရမယ်နော် စို၊ စိတ်မဆိုးနဲ့ စိတ်မနာနဲ့၊ ကိုယ့်အလှည့်ကျရင် သားသမီးကို ဘယ်လိုနားလည်မှုပေးနိုင်မလဲ၊ အဲဒါပဲစဉ်းစားထား"

"အမလေး လူတတ်ကြီးလုပ်နေတယ်၊ ဟုတ်ကဲ့ပါရှင် ဟုတ်ကဲ့ပါ၊ သူ့ကိုမကြည်ဖြူတဲ့ ယောက္ခမဘက်က ကာကွယ်ပြောနေတယ်"

"ဟင်း ဟင်း ဘာပဲဖြစ်ဖြစ် စိုနဲ့ပတ်သက်တော့ ကိုယ့်ရဲ့မိဘပဲပေါ့ မိန်းမရဲ့"

"အယ် ကြည့်စမ်း အခန်းထဲမှာ ကလေးတွေရှိတယ်၊ မတော်တရော် လျှောက်ခေါ်နေရလား၊ မခန့်လေးစားနဲ့နော်"

"မိန်းမကလည်း"

"ကြည့်"

လက်ညှိုးလေးထိုးကာ မျက်စောင်းခဲ့နေသော စိုကို သူ ချစ်



www.burmeseclassic.com

www.burmeseclassic.com



အငိုက်ဖမ်း၍ ပွေ့ဖက်ပစ်လိုက်ပြီး မြတ်နိုးစွာ နမ်းမွှေးလိုက်သည်။ ရှုန်းရှုန်းဆိုက ရှက်ရွံ့ရွံ့လေး၊ ရုန်းနေသော်လည်း သူ့ရင်ခွင်ထဲ တိုးဝင်နေသလို ဖြစ်နေသည်။

ချစ်လိုက်ရတာ စိုရယ်. . ။

■ ■ ■

## အခန်း (၃၅)

"အဲဒီ ချစ်တယ်ဆိုတဲ့စကားကို ပါးစပ်ကပဲ ပြောမနေနဲ့၊ မင်းက မင်းအတ္တကိုပဲ ကိုးကွယ်နေတာ ခြယ်၊ အဲဒီဘက်က မိသားစုကို ဆောင့်ကြည့်ဦးမယ်ဆိုပြီး မင်းအချိန်ဆွဲနေတာ ဘယ်လောက်ကြာပြီလဲ"

"လူတစ်ယောက်ရဲ့အကြောင်းကို ခဏလေးနဲ့ ဘယ်လိုလုပ်သိမှာလဲ၊ သူတို့က ဆင်းရဲသားလူတန်းစား၊ ငွေမြင်ရင် ငမ်းငမ်းတက်သို့ သူ့ဈေးသမီးကို အပိုင်ကြံသွားတာ"

"အခု မင်းဆီက သူတို့ဘယ်လောက်တောင်းလို့လဲ၊ ဘယ်လောက်ပေးရမယ်လို့ရော ပြောဖူးသလား၊ ဟိုမှာ သူတို့ဘဝနဲ့သူတို့ပျော်နေတာ၊ သမီးရင်သွေးလေး လွယ်ထားလို့ အားလုံးဝိုင်းချစ်ပြီး ချစ်နေကြတယ်"

"ဟင်"

ရင်မှာ မြေးဆိုသောအသံကြောင့် ဒိန်းခနဲ ဆောင့်ခုန်သွားသည်

www.burmeseclassic.com

www.burmeseclassic.com



သမီးကိုပစ်ပယ်ထားမိတာ ဘယ်လောက်တောင် ကြာသွားပြီလဲ၊ ရင်ခွေ
လွယ်ထားရသည့်အချိန်မှာ မိဘတွေကို သမီး၊ သတိမရဘူးလား။

ခေါင်းတိုးလျှိုဝင်ဖို့ စိတ်မကူးခဲ့တာ မိဘတွေကို စိတ်အနာပြ
နာသွားတာကြောင့် ဖြစ်နိုင်သည်။

"ကိုရဲက ဘယ်လိုလုပ်ချင်လို့လဲ"

"သမီးကို သွားပြန်ခေါ်ရမှာပေါ့"

"အို အဲလိုသွားခေါ်တာမျိုး လုပ်စရာမလိုပါဘူး၊ သူတို့
အမှားလုပ်ထားတာ၊ လာတောင်းပန်သင့်တယ်"

"မင်းက အမွေဖြတ် စွန့်လွှတ်ပါတယ်လို့ သတင်းစာထဲ
ကြေညာထားတာလေ၊ လိုချင်မက်မောလို့ လာတယ် ထင်မှာစိုး
ဘယ်သူက လာတောင်းပန်မှာလဲ၊ ဟိုက မင်းထက် မာနရှိတယ်၊ စဉ်းစ
စားစားပြော"

အဲဒါလည်း ဟုတ်သည်။ သားဦး အလုပ်တွေ ပင်ပင်ပန်းပန်း
လုပ်နေသည်ဆိုသော သတင်းကိုကြားရပေမယ့် မိမိတို့ပတ်ဝန်းကျင်
အရိပ်အရောင်တောင် မြင်ရတာမဟုတ်။

အမွေဖြတ်ခံရလို့ သမီးကို နှိပ်စက်ညှဉ်းပန်းသံလည်း မကြား
ကွာရှင်းလွှတ်လိုက်မလားလို့ မျှော်လင့်နေတာလည်း ဝေလာဝေး။

"ဒါဆိုသတင်းစာထဲကနေ အမွေဖြတ်စွန့်လွှတ်တာ သမီးအပြ
က စွန့်လွှတ်တာကို ပြန်ရုပ်သိမ်းတယ်လို့ ထည့်လိုက်ရင် သူတို့ရော
လာလိမ့်မယ်"





"အဲလိုလုပ်လည်း လွယ်လွယ်နဲ့ ရောက်လာမှာမဟုတ်ဘူး ခြယ်၊
သမီးကိုလက်ခံပြီး သားဦးကို အသိအမှတ်မပြုရင် သမီးက ကိုယ်တို့ကို
မိဘတွေလို့တောင် သတ်မှတ်မှာမဟုတ်ဘူး"

"ခြယ်တို့က ဘာအပြစ်တွေလုပ်ထားလို့လဲ၊ မိဘနေရာရောက်
တော့မှာတောင် မိဘမေတ္တာကို နားမလည်ဘူးလား"

"မင်းရော နားလည်ခဲ့လို့လား ခြယ်၊ မိဘတွေဆိုတာ အသက်နဲ့
ရင်းပြီး မွေးထုတ်ထားတာ၊ ကိုးလလွယ် ဆယ်လဖွား ဒုက္ခခံထားရတာ၊
အပင်ပန်းခံ ကျွေးမွေးစောင့်ရှောက် ပညာသင်ပေးလာရတာဆိုတဲ့ မာန်
မာနတွေနဲ့ သားသမီးတွေကို ချုပ်ကိုင်လွှမ်းမိုးချင်ကြတယ်၊ တကယ်တမ်း
က မေတ္တာဆိုတာ ပေးဆပ်ခြင်းအဖြူရောင်သက်သက်၊ ဘာကိုမှ အခိုး
အကောင်း ပြန်မမျှော်လင့်မှ မေတ္တာစစ် မေတ္တာမှန်လို့ ခေါ်တယ်၊ ငါ
ကောင်းသလို မကောင်းဘူးလို့ တွေးလိုက်ရင် ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့
အတ္တဖြစ်သွားပြီ"

"ခြယ်ကို တရားဟောနေတာလား၊ ခြယ် ဘာလုပ်ရမလဲ၊
ဘာလုပ်သင့်တယ်ဆိုတာပဲ ကိုရဲ ပြောပါတော့၊ သားဦးဆိုတဲ့ကောင်လေး
ကိုပါ ခြယ် အိမ်ပေါ်ခေါ်တင်ထားရမှာလား"

"အဲဒါနဲ့တင် မလုံလောက်သေးဘူး"

"ဟင် ဘာတွေကျန်သေးလို့လဲ"

ဒေါ်မြရောင်ခြယ် တအံ့တဩပင်မေးတော့။ ဦးရဲတွန်း အလိုမ
လွန်းတာကို မကျေနပ်ချင်ပါ။ နေ့စဉ် ဒီလိုစကားတွေဖြင့် လင်မယားချင်း



www.burmeseclassic.com

www.burmeseclassic.com

ပြေလည်မှုမရှိ။ အခြေအတင်ဖြစ်နေရတာလည်း မှန်းကျပ်လှသည်။

"ခြယ် ကိုယ်ပြောတာကို သေချာနားထောင်၊ သမီးက ဟိုတက်က မိသားစုရဲ့ခွေးတွေ့မှုတွေကြောင့် ကိုယ်တို့ကို မုန်းမေ့ပြီး ဟိုတက်ကိုခင်တွယ်သွားမှာ မင်း မစိုးရိမ်ဘူးလား"

"စိုးရိမ်တာပေါ့၊ သမီးက ခြယ်တို့သမီးပဲ"

"အေး မွေးလာမယ့် မြေးလေးကိုရော ဆင်းရဲသားလူ့ပတ်ဝန်းကျင်မှာ ကြီးပြင်းစေချင်သလား"

"အို ဘာလို့ အဲလို အဖြစ်ခံရမှာလဲ"

"ဟုတ်ပြီ ဒါဆို ခွေမျိုးတော်စပ်လာတဲ့ သားဦးတို့မိသားစုတာဝတွေကိုပါ မင်းမြှင့်တင်ပေးမှဖြစ်မယ်"

"ဘာပြောတယ် ကိုရဲ"

"မခေါ်ချင်လို့ရတယ်၊ မတော်ချင်လို့ မရတော့ဘူး။ ကိုယ်တို့ရဲ့ဂုဏ်သိက္ခာ၊ သမီးရဲ့ဂုဏ်သိက္ခာအတွက် မဖြစ်မနေ ပြောင်းလဲပစ်ရမယ့်အရာပဲ၊ သူတို့က သမီးကို ဒုက္ခမရောက်အောင် ပျော်မွေ့အောင် စောင့်ရှောက်ပေးနေတဲ့အတွက် ကိုယ်တို့ကပြန်ပြီး ကျေးဇူးသိတတ်ရမယ်"

ဦးရဲထွန်း ပြောလည်းပြောတတ်ပါသည်။ မိမိစိတ်တစ်ခုလုံးကို ချုပ်ပြီး လိုရာဆွဲပြီး ပုံသွင်းနေလိုက်တာ။

သမီး မုန်းတီးနာကြည်းခံရမည့် မိခင်မဖြစ်ချင်တာကြောင့် အရာအားလုံးကို လိုက်လျောလိုက်ရတော့မည်လား။

ဒီထက် တွေဝေနေလျှင် အချိန်တွေနောက်ကျပြီး နောင်တတွေ





မြင့် အဆုံးသတ်သွားနိုင်သည်။

မာနနှင့်အတ္တတွေက သမီးနှင့်မြေးဆိုသည့် အသိစိတ်ကြောင့် မှိန်ဝါးလွင့်ပါးလို့ . . .။

■ ■ ■



www.burmeseclassic.com

## အခန်း (၃၆)

"ကိုကို မမ အိမ်ရှေ့မှာ ညှိသည်ရောက်နေတယ်၊ ကား အကောင်းစားကြီးနဲ့၊ မမမိဘတွေလား မသိဘူး"

သားဦးကို အလုပ်သွားခါနီး အဝတ်အစား ထုတ်ပေးနေချိန် မှာ အငယ်မအသံကြောင့် လင်မယားနှစ်ယောက်လုံး မျက်လုံးမျက်နှာ ပျက်သွားကြသည်။ အိမ်ရှေ့ကိုလည်း တိုင်ပင်ထားသလို ပြိုင်တူပဲ ထွက် လာဖြစ်ကြကာ

"ဟင် ဒယ်ဒီနဲ့မာမီ"

"ထိုင်ပါဦး သမီး၊ ဘယ်ပြေးပုန်းဖို့ စဉ်းစားနေတာလဲ"

သားဦးနောက်မှာ ကွယ်ရပ်ထား၍ မမြင်အောင် ပုန်းနေသည် ဖြစ်တာကြောင့် ဦးရဲထွန်းက လှမ်းခေါ်လိုက်သည်။ သားဦးက ရှုန်းရှုန်း လက်ကလေးကို ဆွဲပြီး ရိုကျိုးစွာ ဝင်ထိုင်လိုက်ပြီး





"စိုကို လာခေါ်ကြတာလား ခင်ဗျာ"

"အေး ဆိုပါတော့၊ ဒီနေ့သတင်းစာထဲမှာ သမီးကို သမီးအဖြစ်က စွန့်လွှတ်အမွေဖြတ်တာ ပြန်ရုပ်သိမ်းတဲ့အကြောင်း ပါလာလိမ့်မယ်"

"ဟုတ်တယ် သမီးကို ငါတို့ ပြန်ခေါ်သွားမယ်"

"ဟင့်အင်း သမီး ပြန်မလိုက်ဘူး မာမီ၊ သမီးမှာ ကိုကို့ရင်သွေး လေးကို လွယ်ထားရပြီ၊ ဒီမိသားစုကိုလည်း သံယောဇဉ်ဖြစ် ခင်တွယ် နေပါပြီ"

"စို စိုကို ပြန်ခေါ်မသွားကြပါနဲ့ခင်ဗျာ၊ စိုကို တင့်တောင်းတင့် တယ် ထားနိုင်အောင် ကြိုးစားမှာပါ၊ အန်ကယ်နဲ့အန်တီတို့ကို ကျွန်တော် တောင်းပန်ပါတယ်"

"အန်ကယ်တို့က သမီးတစ်ယောက်တည်းကို ပြန်ခေါ်သွားမှာ မဟုတ်ပါဘူး"

"ဗျာ"

"ရှင်"

"သမီးကို ပြန်လက်ခံလိုက်တာက မင်းကိုပါ အသိအမှတ်ပြု လိုက်တဲ့သဘောပါ၊ သမီးနဲ့မင်းကို အန်ကယ်တို့ ခမ်းခမ်းနားနား မင်္ဂလာ ဆောင်ပေးမယ်"

"ဒယ် ဒယ်ဒီ တကယ်ပြောတာလားဟင်"

ကပျာကယာ မေးခွန်းထုတ်လိုက်ရသည်မှာ ရှုန်းရှုန်းစို အသံ တွေ တုန်ယှာလှုပ်ရှားနေသည်။ သားဦးကတော့ မယုံမရဲ မျက်လုံးတွေ

www.burmeseclassic.com



ပြုံးနေကာ

"စိုကို ပြန်ခေါ်သိမ်းသွားချင်လို့ ဒီလိုနည်းလမ်းသုံးလိုက်တာ ဆိုရင်တော့ ကျွန်တော်တို့ လက်မခံနိုင်ပါဘူး အန်ကယ်၊ အန်ကယ်တို့ ဆီက ကျွန်တော်တို့ ဘာမှမမျှော်လင့်ပါဘူး၊ စို ဂုဏ်သိက္ခာအတွက် မင်္ဂလာဆောင်ပေးဖို့လည်း ကျွန်တော် ကြိုးစားနေတာပါ။ စိုက အကြောင်း အကန် လက်မခံသေးလို့ အချိန်တွေကြန့်ကြာနေတာ"

"သိတယ် မင်းတို့အခြေအနေကို အန်ကယ် စုံစမ်းနေတာပဲ အဲဒါကြောင့် မင်းတို့ ရိုးသားမှုကို အန်ကယ်တို့ အသိအမှတ်ပြုလိုက်တာ မင်းတို့ဘက်ကသာ မတော်လောဘတွေရှိနေရင် အန်ကယ်တို့သမီးကို ချက်ချင်းခေါ်ထုတ်သွားလို့ရတာပဲကွ"

"ဟုတ်တယ် မောင်သားဦး၊ မင်းတို့အခြေအနေကို အန်တီတို့ စောင့်ကြည့်နေတာပါ၊ အန်တီလူတွေကို လွယ်လွယ်မယုံတတ်တာ အထင် မကြီးတတ်တာ ဆုံးဖြတ်ပြီးလုပ်လိုက်ပြီဆိုရင်လည်း အန်တီ မှားမှား မှန်မှန် ရှေ့တိုးဖို့ပဲ စဉ်းစားတာ မင်းသိတယ် မဟုတ်လား"

ဒေါ်မြရောင်ခြယ် စကားကိုတော့ အလေးအနက် နားထောင် ခေါင်းညိတ်ပြရသည်။ ဘယ်လောက် ပြတ်သား မာနကြီးတယ်ဆိုတာ သူ အသိဆုံး။

ဒါဆို အခုကိစ္စက တကယ်ပဲပေါ့။ သူ ဝမ်းသာရမလား၊ စိတ် ပူရမလား မသဲမကွဲ ဒွိဟဖြစ်နေဆဲပင်။





"မင်း မယုံကြည်သေးဘူးလား သားဦး၊ ဒါဆို မင်းတို့မိသားစု ကိုပါ ငါ့အိမ်ခေါ်လာခဲ့၊ ငါ စောင့်ရှောက်မယ်"

"ဗျာ အဲ အဲလိုလုပ်ပေးစရာ မလိုပါဘူး၊ ကျွန်တော်က"

"ကဲ ဘာမှမပြောနဲ့တော့၊ ငါတို့က ရွှေငွေပစ္စည်းဥစ္စာ အဆင့် အတန်း မလိုပါဘူး၊ ရိုးသားမှုကိုပဲ ငါတို့အတွက် အရေးကြီးတယ်၊ အန်တီ တကယ်ကို ကတိပေးပါတယ်၊ မင်းတို့ကို ခမ်းခမ်းနားနား မင်္ဂလာ ဆောင်ပေးမယ်၊ သိပ်မှုမနေနဲ့နော်၊ ငါ့သမီး ဗိုက်ပူလာရင် မင်္ဂလာဆောင် ဖို့ မသင့်တော်တော့ဘူး"

"ဟုတ်ပါ့ကွာ မိန်းမက ဒါမလုပ်ဘူးဆိုတာနဲ့ ဒီအတိုင်းပဲ နေလိုက်ရလား၊ မိန်းမကိုကြောက်တဲ့နေရာမှာ ငါ့ကိုတောင် စံချိန်ချိုး သွားမလားမသိဘူး"

ဦးရဲထွန်း စနောက်လိုက်တာကြောင့် အားလုံး ရင်းနှီးနွေးထွေး ကာ ပျော်ရွှင်ရယ်မောမိကြသည်။ ရွှန်းရွှန်းစို အပါအဝင် မိသားစုအား လုံး မျှော်လင့်ချက်အသစ်တွေနဲ့ ကြည်နူးနေကြ၏။

ယောင်ဝါးဝါး ဖြစ်နေခဲ့သော ဆန္ဒများက အချိန်တိုအတွင်းမှာ မယုံနိုင်လောက်အောင် ပြောင်းလဲသွားခဲ့သည်။

သူ ဟန်မဆောင်နိုင်အောင် လူကြီးတွေရှေ့မှာပင် စို ပခုံးလေး ကို ထွေးဖက်ထားလိုက်၏။

ဦးရဲထွန်းနှင့်ဒေါ်မြရောင်ခြယ်က ကတိပေးထားသည့်အတိုင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူတို့မင်္ဂလာပွဲကို ဂုဏ်ထည်ဝါစွာ ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေး ပြီးမှ ရွှန်းရွှန်းစို ပါးပြင်လေးပေါ် အနမ်းများ ကြဲဖြန့်ဖို့ ချစ်သူဘဝမှ သခင်အဖြစ် မြင်ခွင့်ရဖို့ ညတ်ရန်များက မွေးပျံ့နေလေသည်။

ပရိသတ်အတွက်
အမြတ်တမ်း
ပျူး

ဝိုးမိုးဝ၁ေပ

BURMESE CLASSIC .com

www.burmeseclassic.com